
www.burmeseclassic.com

# မင်းစိုးရှူး ဖန်တီးရေးဖွဲ့သော မင်းစိုးကြူး

### မိန်းမတောမြို့နှင့်တောတွအပျိုစင်



www.burmeseclassic.com

www.burmeseclassic.com




...သော ... မိန်းမတောမြို့ဟောင်းလေးတစ်မြို့။

ငှင်းမိန်းမတောမြို့ဟောင်းသို့ဝင်သွားသူတိုင်း ... သေရင်သေ ... မသေရင်

ကျားကိုက်ခံရသည်မှာအဘယ်ကြောင့်လဲ ...။

မိန်းမတောမြို့ဟောင်းတွင်းရှိတောင်ကုန်းလေးပေါ်တွင် ... အိမ်အိုဟောင်း

ကြီးတစ်လုံး ... ယနေ့ထက်တိုင်ရှိသည်ဟု ... မြင်ဖူးသူတိုင်းပြောနေသည်မှာ ...

ငှင်းအိမ်အိုဟောင်းတွင် နောက်ဆုံး စတုတ္ထအပျိုစင်နေထိုင်ခဲ့သည်ဟု

ယနေ့ထက်တိုင်ရှိနေသည် ...။

ငှင်းအိမ်အိုသည် ကျိန်စာတိုက်ထားသော "အိမ်ကြီး" ဟုနာမည်ကြီးနေသည်မှာ

အဘယ်ကြောင့်လည်း ...။

ငှင်းအပျိုစင်၏ သက်တမ်းမှန်စပေါင်း ... ရှိသည်ဟုခန့်မှန်းကြသည်။

ငှင်းစတုတ္ထအပျိုစင်သည် ဝိညာဉ်လား ...? နာနာဘာဝလား ...?။

မိန်းမတောမြို့ဟောင်းမှ စတုတ္ထအပျိုစင်သည် ဘယ်လိုပျောက်သွားခဲ့သလဲ ...

...သည့်စသည့်တို့ဖြင့်

**"မိန်းမတောမြို့ဟောင်းမှစတုတ္ထအပျိုစင်" သည်**

**...အဖြေမရှိသေးသည်များကို နက်နဲသောအတွေးပေါင်းများစွာဖြင့်**

**...လှုပ်ရှားဖွယ်ရာ သည်းထိတ်ရင်ဖိုဖွယ်ရာ အဖြစ်အပျက်များနှင့်အ...**

**...အစမှသည် အဆုံးအထိခေါ်ဆောင်သွားပါလိမ့်မည်။**

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

# မင်းစကြာ

# မိန်းမတော်မြို့နှင့် စတုတ္ထအပျိုစင်

www.burmeseclassic.com

www.burmeseclassic.com

ပဉ္စ ဂုဏံ အပယံ ဝန္ဒာမိ

**မင်းစကြာ**- မိန်းမတောမြို့နှင့် စတုတ္ထအပျိုစင်

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၆၇၁၂၀၀ |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၉၇၁၀၁၀ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၁ခုနှစ်၊ မတ်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၃၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ် | - | မြူစင်ပုံနှိပ်တိုက် (ဦးဌေးအောင်) ၀၈၃၂၅ အမှတ်(၂၀၄)၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့ |
| ထုတ်ဝေသူ | - | ဦးလှနိုင် (မြိတ်စာပေ) အမှတ်(၆၆)၊ ဗိုလ်ဥက္ကာမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်၊ |
| ဖြန့်ချိရေး | - | မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀) ၂၂၁၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်၊ |
| စီစဉ်သူ | - | ကိုလှနိုင် (မြိတ်) |
| အထက်မြန်မာပြည် | - | နဂါးစာပေ (မန္တလေး) |
| ဖြန့်ချိရေး | - | ထွန်းဦးစာပေ (မန္တလေး) |

၈၉၅.၈၃

မင်းစကြာ

မိန်းမတောမြို့နှင့်စတုတ္ထအပျိုစင် / မင်းစကြာ၊ ရန်ကုန်၊

မြိတ်စာပေ၊ ၂၀၁၀၊

၂၂၄ - စာ၊ ၁၃ × ၂၀.၅ စင်တီ၊

(၁) မိန်းမတောမြို့နှင့်စတုတ္ထအပျိုစင်

## အခန်း ( ၁ )

မွန်ပြည်နယ် ကမ်းရိုးတန်းဒေသတွင် ယခုထက်တိုင် ရှေးဟောင်း သမိုင်းသုတေသီများ စနစ်တကျ တူးဖော်လေ့လာခြင်း မပြုရသေးသော ခေတ်မြို့ဟောင်း နေရာဒေသများ အမြောက်အမြား ရှိသည့်အနက် မွန်ဘုရင်များလက်ထက်က တည်ရှိခဲ့သော မိန်းမတော မြို့သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါ၏။

မိန်းမတောမြို့၏ ရာဇဝင်သည် တစ်ကြိမ်က မွန်မင်းသမီး တစ်ပါး အုပ်ချုပ်ကာ မိန်းမများသာနေထိုင်ခဲ့ပြီး ယောကျ်ားများ ကျူးကျော်ဝင်ရောက်လာပါက ခေါင်းဖြတ်ပြီး သတ်ပစ်လေ့ရှိသည်ဆိုသော မိန်းမမြို့သမိုင်းနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်ယှက်နွယ်ကြောင်း ယုတ်



www.burmeseclassic.com

www.burmeseclassic.com



နှယ်ပါလိမ့်မည်။

ဤပြဿနာများသည် ရှေးဟောင်းသမိုင်းပညာရှင်များက သုတေသန ပြုပြီးသောအခါကျမှသာ အမှန်အတိုင်း ရှင်းလင်းသွားပါလိမ့်မည်။ ပစ္စုပ္ပန်ကာလတွင်မူ စိတ်ဝင်စားဖွယ်ရာသော ဒဏ္ဍာရီများအဖြစ်နှင့်သာ ဆက်လက်တည်ရှိနေပါသေးသည်။

မွန်မင်းသမီးတစ်ပါး၏ မိန်းမတောမြို့သမိုင်းသည် ဒဏ္ဍာရီသဖွယ် စိတ်ဝင်စားဖွယ်ရာ ကောင်းသည်နှင့်အမျှ ဆွတ်ပျံ့ကြေကွဲလွမ်းမောဖွယ်ရာ ရှိနေ၏။

ရှေးခေတ်အခါက ဤဒေသသည် သားရဲတိရစ္ဆာန်တို့ ပေါများသော တောကြီးမျက်မည်းတစ်ခုသာ ဖြစ်ပါ၏။ အထူးသဖြင့် ကြမ်းတမ်းခက်ထန်သော ကျားများနှင့် သစ်ဆင်ကြီးများ စိုးစံပျော်ရာ ကျားရဲတောဟု အမည်တွင်ခဲ့၏။

သစ်ခုတ်သမားများ၊ သစ္စာဖုတ်ဖော်သူများနှင့် တောမုဆိုးများသည် ဤတောအုပ်အတွင်းသို့ ဝင်ရောက်သွားပါက ကျားနှင့် သစ်ဆင်ကြီးများ ကိုက်၍သေလျှင်သေ၊ မသေလျှင် အနည်းဆုံး ကျား၊ သစ်ဆင် ကုတ်ရာ၊ ပုတ်ရာရရှိပြီးမှ ပြန်ထွက်နိုင်၏။

တောအတွင်း ကျားဆိုး၊ ကျားရဲ၊ သစ်ဆင်၊ သစ်ကြုတ်တို့ ပေါများသည်ဟု ကျော်ကြားသည်နှင့်အမျှ ဆင်ကောင်းဆင်လှများပါနေထိုင်ရာ ဒေသအဖြစ်လည်း ထင်ရှားကျော်ကြားခဲ့၏။ ထို့ကြောင့် ရှေးမင်းများသည် ဤကျားရဲတောအတွင်း၌ အသံညှင်းညှင်း အော်မြည်တတ်သော အာဠာသကဆင်၊ ဝါပျော့ပျော့အဆင်းရှိသော ပဏ္ဍာရဆင်၊





ကြေးနီရောင်အဆင်းရှိသော တမ္ဗဆင်၊ ကြောင်အဆင်းရှိသည့် ပိင်္ဂလဆင်၊ အနံ့မွှေးသော ဂန္ဓဆင်၊ တင့်တယ်စွာ သွားတတ်သော မင်္ဂလဆင်၊ ရွှေရောင်အဆင်းရှိသော ဟေမဆင်၊ ဖြူသောအဆင်းရှိပြီး ကောင်းကင်၌ ကျက်စားတတ်သော ဥပေါသထဆင်၊ ဘော်ငွေအဆင်းရှိပြီး ညီညွတ်သော အစွယ်နှစ်ချောင်းမှ ရောင်ခြည်ခြောက်မျိုးထွက်သော ဆဒ္ဒန်ဆင်တို့ရှိသည်ဟု မွန်မင်းဆက်များနှင့် မြန်မာမင်းအဆက်ဆက်တို့ အယုံအစွဲရှိသဖြင့် မင်းခမ်းမင်းနားနှင့် ဆင်ကျော့ဆင်ဖမ်း ထွက်တော်မူလာတတ်ကြ၏။ ကျားရဲတောတွင် သစ်အုန်း၊ တဲနန်း၊ ဂူနန်း၊ ယာယီအုတ်နန်းတို့ဖြင့် တဆောင်းတစ်ကွ စံမြန်းနေထိုင်ခဲ့သည့် အထောက်အထားများ ယနေ့တိုင် ကျားရဲတောတွင် မြင်နိုင်တွေ့နိုင်ပါသေးသည်။

ကျားရဲတောမှ မိန်းမတောအမည်သို့ ပြောင်းလွဲသွားရသည့် အကြောင်းအရင်းမှာ မွန်မင်းဆက်ကို စတင်တည်ထောင်သော ဝညားဦးမင်းသည် မူလက မုတ္တမတွင် ထီးနန်းစိုက်တော်မူရာမှ ဟံသာဝတီသို့ ပြောင်းရွှေ့တော်မူသောအခါ မွန်မင်းသမီး ညီအစ်မသုံးပါးသည် ဝညားဦးမင်းနှင့်အတူ လိုက်ပါသွားခြင်းမရှိဘဲ နောက်ပါအခြွေအရံ အပို့တော်များနှင့်အတူ ကျားရဲတောအတွင်း ဝင်ရောက်၍ မြို့တည်၍နေတော်မူလေသည်။

တစ်နေ့သောအခါတွင် အိမ်ရှေ့မင်းသားတစ်ပါးသည် ကျားရဲတောအတွင်း ဆင်ဖမ်း တောကစားထွက်တော်မူရာမှ တောတွင်း၌ မြို့တည်၍နေသော မွန်မင်းသမီး ညီအစ်မသုံးဖော်ကို တွေ့မြင်သဖြင့် စိတ်တိမ်းမူးကာ မိဖုရားအဖြစ်တော်ကောက်ရန် ကြံစည်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မွန်မင်းသမီးသုံးဖော်သည် ထိုအိမ်ရှေ့မင်းသား၏ မိဖုရားများ မဖြစ်လိုသဖြင့် တောနက်ကြီးအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားကြတော့၏။ ထိုအကြောင်းကို အိမ်ရှေ့မင်းသား သိတော်မူသောအခါ ချက်ချင်းပင် သူ၏နောက်လိုက်ပါ ရဲမက်ဗိုလ်ပါများနှင့် မွန်မင်းသမီးသုံးဖော် နောက်သို့ တောနင်းပြီး လိုက်တော့၏။

မွန်မင်းသမီးသုံးပါးသည် ယခုမြို့စားမင်းအိမ်တော် တည်ရှိရာ တောင်ကုန်းဘက်သို့ ရောက်သောအခါ ရဲမက်ဗိုလ်ပါတို့၏ လက်မှ ထွက်ပြေးလွတ်မြောက်ရန် မစွမ်းနိုင်တော့ပေ။ သို့နှင့်ပင် မွန်မင်းသမီးသုံးပါးသည် မိမိတို့စောင့်တည်ပြုလုပ်ခဲ့သော သီလ၊ လှူဒါန်းခဲ့သော ကုသိုလ်၊ ပွားများအားထုတ်ခဲ့သော တရားဘာဝနာများကို အောက်မေ့ဆင်ခြင်ကြပြီးနောက် မွန်မြတ်သော အပျိုစင်ဘဝကို ထိန်းသိမ်းရန်အတွက် သာသနာစောင့် နတ်မင်းကြီးလေးပါးတို့အား အမှူးထား၍ တော၊ တောင်၊ ရေ၊ မြေစောင့်ကြသော နတ်အပေါင်းတို့အား တိုင်တည်သစ္စပြု၍ လူသားစင်စစ်မှ ကျောက်ရုပ်များအသွင်ဖြစ်ရန် သစ္စာပြု ဆုပန်ကြတော့၏။

ထိုအခါ အချိန်မဟုတ်ပါဘဲလျက် လေကြီး မိုးကြီးကျပြီး အိမ်ရှေ့မင်းနှင့်တကွ ရဲမက်ဗိုလ်ပါများ မိုးကြိုးထိမှန်သူမှန်၊ သစ်ပင်ဝိသူပိ၊ ကျောက်တုံးကျောက်ခွယ်များ ပြိုကျထိမှန်ပြီး သေဆုံးကုန်ကြသလို မွန်မင်းသမီးသုံးပါးလုံးလည်း သူတို့သစ္စာဆို ဆုတောင်းသည့်အတိုင်း ကျောက်ရုပ်များဖြစ်သွားကြသည်ဟု ယနေ့တိုင်အောင် ပြောစမှတ်ပြုကြ၏။





ထိုတောင်ကုန်းကိုလည်း မင်းသမီးတောင်ကုန်းဟု လည်းကောင်း၊ အပျိုစင်တောင်ကုန်းဟုလည်းကောင်း ခေါ်ကြလေ၏။

ယခုမှ မိန်းမမြို့တည်ရာ နေရာတွင် ရွာကြီးတစ်ရွာ ဖြစ်နေသော်လည်း ဒေသခံများကမူ မိန်းမတောမြို့ဟုပင် ခေါ်ဝေါ်သုံးစွဲလျက်ရှိနေကြဆဲ ဖြစ်ပါ၏။ အနောက်ဘက်တွင်ရှိသော သစ်တောကြီးကိုမူ ကျားရဲတောဟုပင် ခေါ်ဆိုကြ၏။ ကျားရဲတောအစပ်တွင်ရှိသော ရွာကလေးကိုမူ ဆင်ကျုံးရွာဟု ခေါ်ကြ၏။

မနှင်းပွင့်သည် ယင်းဆင်ကျုံးရွာမှပင် ဖြစ်ပါ၏။

မိန်းမတောမြို့ သို့မဟုတ် အပျိုစင်ရွာကြီး၏ အနောက်ဘက်အစွန်ရှိ မွန်မင်းသမီးသုံးဖော် တောင်ကုန်းထက်တွင် ဆောက်လုပ်ထားသော ကိုးဆောင်ပြိုင် ရှေးဟောင်းအိမ်ကြီးကိုကား မြို့စားမင်းအိမ်တော်ဟုသာ ခေါ်ဆိုကြ၏။ အကြောင်းမှာ ယင်းအိမ်ကြီးကို မုတ္တမမြို့စားမင်း၏ အနွယ်တော်တစ်ဦး ဆောက်လုပ်ခဲ့ပြီး ယနေ့ထက်တိုင်အောင်ပင် မုတ္တမမြို့စားမင်း အဆက်အနွယ်များသာ နေထိုင်လျက်ရှိသောကြောင့်ပင် ဖြစ်၏။

အိမ်ကြီးမှာ ကြီးကျယ်ခမ်းနားခြင်း၊ ရှေးခေတ် မွန်ဗိသုကာလက်ရာ ပြောင်မြောက်ခြင်းများကြောင့်လည်း ထင်ရှားကျော်ကြားခဲ့လေသည်။ ထို့ပြင် မြို့စားမင်းအိမ်တော်သည် တစ်ချိန်က ယင်း တောင်ကုန်းဝန်းကျင်မှာပင် မုတ္တမပိုင်းဟူသောအမည်ဖြင့် သတ္တုတူးဖော်ခြင်း ပြုလုပ်ခဲ့သဖြင့် ထင်ရှားကျော်ကြားခြင်း ဖြစ်ခဲ့ရသေး၏။ ယခုအခါတွင်မူ သတ္တုတွင်းကို ပိတ်ထားခဲ့ပြီးဖြစ်သော်လည်း နက်ရှိုင်းသော တွင်း



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကြီးတစ်ခုနှင့် လုပ်ငန်းပစ္စည်းနှင့် ရေရဟတ် အဆောက်အဦ အစအနများ ရှိနေဆဲပင်ဖြစ်၏။

ထို့ထက်ပိုလွန်၍ မြို့စားမင်းအိမ်တော်ဟု ထင်ရှားရခြင်း အကြောင်းရင်းတစ်ရပ်ကား စတုတ္ထအပျိုစင်ပြဿနာပင် ဖြစ်၏။

မွန်မင်းအဆက်အနွယ် မင်းသမီးသုံးဖော်သည် မိမိတို့၏ အပျိုစင်ဘဝကို ထိန်းသိမ်းရန်အတွက် လူသားစင်စစ်မှ ကျောက်သား အဖြစ်သို့ ပြောင်းလဲခဲ့သည့်နည်းတူ အခြားသော မိန်းမပျိုကလေးတစ်ဦး သည်လည်း သူမ၏ အပျိုစင်ဘဝကို ထိန်းသိမ်းရန်အတွက် မြို့စား မင်းအိမ်တော်ကို တည်ဆောက်စဉ်ကာလက အုတ်နံရံတစ်ခုအတွင်း တွင် အရှင်လတ်လတ်စတေးခံခဲ့သည်ဟု ဆိုကြ၏။

မြို့စားမင်းအိမ်တော်ကို ဦးစီးဆောက်လုပ်နေသော မွန် ဗိသုကာပညာရှင်ကြီးတွင် လွန်စွာမှ ချောမောလှပသော သမီးငယ် တစ်ယောက် ရှိသည်ဟုဆိုပါသည်။ မြို့စားကြီးသည် ယင်း သမီး ကညာကို သိမ်းပိုက်ရန် ကြိုးစားသောအခါ ဖခင် ဗိသုကာပညာရှင် ကြီးသည် သမီးငယ်၏ တောင်းပန်ချက်အရ သမီးငယ်ကို အုတ်နံရံ အတွင်း၌ အရှင်လတ်လတ် ဂူသွင်းစတေးခဲ့သည်ဟုဆိုကြ၏။ ဗိသုကာ ပညာရှင်ကြီးလည်း မြို့စားမင်း၏ ကွပ်မျက်ခြင်းကိုခံခဲ့ရ၏။

စတေးခံရသော မွန်အမျိုးသမီးငယ်ကို စတုတ္ထအပျိုစင်ဟု ဒေသခံများက တင်စားပြောဆိုကြ၏။

လွန်ခဲ့သည့်နေ့ကမူ မြို့စားမင်းအိမ်တော်ကို မွမ်းမံပြင်ဆင် နေကြစဉ်အတွင်း အုတ်နံရံတစ်ခု ရုတ်တရက်ပြိုကျသွား၏။ ဤသို့





ပြိုကျစဉ်တွင် အနီး၌ နန္ဒ အမည်ရှိသော ပန်းရံဆရာတစ်ဦး ရှိနေ၏။

ပန်းရံဆရာ နန္ဒ၏ အဆိုအရ အုတ်နံရံကြီးသည် သူကြည့် နေစဉ်အတွင်းမှာပင် ရုတ်စိတ် ရုတ်မွှာကွဲအက်ပြီး ပြိုကျသွား၏။ အပြင် ဘက်အင်္ဂတေသားများ ကွာကျသွားသောအခါ နံရံအတွင်းဘက်တွင် ချောမောလှပသော မိန်းမပျိုတစ်ဦး ရပ်နေသည်ကို သူ တွေ့မြင် လိုက်ရ၏။

ထိုနံရံအတွင်းမှ မိန်းမပျိုသည် သူ့မျက်စိရှေ့မှောက်မှာပင် အခိုးအငွေ့များ ဖြစ်သွားပြီး လွင့်စင်သွားကာ အရိုးစုများသာ ကျန်ရစ် တော့သည်။ အရိုးစုများမှာလည်း တဒင်္ဂအတွင်းမှာပင် ရေ့သို့ပုံကျ လာ၏။

နန္ဒသည် ထိတ်လန့်တကြား အော်ဟစ်ပြီး နေရာမှာပင် ပုံလဲကျသွား၏။ သတိလစ်မေ့မြော့သွား၏။ ရွာဦးကျောင်းဆရာတော် ကြီးမှ ရေမန်းများ ပက်ဖျန်းပေးမှပင် ပြန်လည်သတိရလာ၏။

နန္ဒ ပြန်လည်ပြောဆိုသော စတုတ္ထအပျိုစင်၏ဇာတ်လမ်းကို ရှေးလူကြီးအချို့က ယုံကြည်ကြသော်လည်း ခေတ်လူငယ်အများကမူ မယုံကြည်ကြပါချေ။

မည်သို့ပင်ဆိုစေကာမူ အုတ်နံရံအတွင်း၌ လူတစ်ကိုယ်လုံး သာ ဆန့်သော လိုဏ်ခေါင်းတစ်ခု ရှိနေသည်ကား အမှန်ပင်ဖြစ်၏။ ပြိုကျနေသော အုတ်နံရံအကျိုးအပဲ့များကြားတွင် အရိုးစုတစ်ခု ရှိနေ ခြင်းမှာလည်း အမှန်ပင်ဖြစ်၏။ ယင်းအရိုးစုသည် အမျိုးသမီးတစ်ဦး၏ အရိုးစုဖြစ်ကြောင်းကိုလည်း တတ်ကျွမ်းသူ ဆေးပညာရှင်များက



www.burmeseclassic.com

www.burmeseclassic.com



အတည်ပြုကြ၏။

ရှေးခေတ် မွန်မင်းဆက်များက မြို့များ၊ ခံတပ်များ၊ နန်းတော်များ၊ အဆောက်အဦကြီးများ တည်ဆောက်ကြသောအခါ လူစတေးသည့် အလေ့အထရှိသဖြင့် မြို့စားမင်းအိမ်တော်တွင် အမျိုးသမီးတစ်ယောက်ကို စတေးခဲ့သည်မှာ ဖြစ်နိုင်သည်ဟု မော်လမြိုင်တက္ကသိုလ်မှ သမိုင်းပညာရှင်တစ်ဦးက ဆိုပြု၏။ သို့သော် စတုဩအပျိုစင်၏ဇာတ်လမ်း မှန်မမှန်ကိုကား မည်သူမျှ အတည်မပြုနိုင်ခဲ့ပေ။

အုတ်နံရံပြိုကျပြီး အရိုးစုတစ်စုကို တွေ့ရှိသည်ဆိုသောအခါ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လူကြီးများ သွားရောက်ကြည့်ရှုကြ၏။ ထိုစဉ်ကတည်းကပင် မိနှင်းပွင့်သည် စတုဩအပျိုစင်ကို သွားရောက်ကြည့်ရှုလို၏။ သို့သော် မြို့စားရိပ်သာ၏ အရှင်သခင်ဖြစ်သော ဦးမင်းညီဂေါင်သည် သူ၏ ပိုင်နက်နယ်မြေအတွင်းသို့ လူဖြောက်သောက်လာသည်ကို နှစ်သက်ခွင့်ပြုခြင်း မရှိသည်ကတစ်ကြောင်း၊ အဘွား ဖြစ်သူက သူတို့မောင်နှမကို သွားရောက်ကြည့်ရှုခြင်းမပြုရန် တားမြစ်ထားသောကြောင့်လည်း မိနှင်းပွင့် မသွားရောက်ခဲ့ရပေ။

သို့သော် ယနေ့အဖို့ မိနှင်းပွင့်သည် ကျားရဲတော၏တစ်ဖက်၊ မွန်မင်းသမီး အပျိုစင်တောင်ကုန်းဘက်ရှိ မြို့စားမင်းရိပ်သာသို့ မသွားမဖြစ်သည့်အကြောင်းတစ်ရပ် ပေါ်လာရ၏။

ယင်းမှာ သူမ၏မောင်ငယ် မင်းသန်းမောင် ပျောက်ဆုံးနေခြင်းပင် ဖြစ်၏။ မင်းသန်းမောင်သည် နံနက်ထမင်းစားချိန် လွန်သည်အထိ အိမ်သို့ပြန်ရောက်ရှိလာခြင်း မရှိသည့်အတွက် မိနှင်းပွင့်သည် မောင်





အတွက် စိုးရိမ်ပူပန်စိတ်များ ဖြစ်ရ၏။

မင်းသန်းမောင်သည် အဘွားဖြစ်သူ တားမြစ်ထားသည့်ကြားကပင် မြို့စားမင်းရိပ်သာသို့ တိတ်တဆိတ် သွားရောက်ပြီး ထိုမှာပင် တစ်စုံတစ်ခု ဖြစ်နေပြီလောဟု တွေးတောစိတ်မောကာ နောက်ဆုံးတွင် မိနှင်းပွင့်သည် မြို့စားမင်းရိပ်သာသို့ အဘွား မသိအောင် အရဲစွန့်ကာ နိုး၍သွားတော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ရှိန်းရှိန်းငြီးငြီး နွေရက်များ ဖြစ်၏။

လမ်းပေါ်တွင် နေရောင်ချစ်ချစ်တောက်ပူနေ၏။ မိနှင်းပွင့် မိုးပေါ်သို့မော့ကြည့်လိုက်၏။ မျက်လုံးများ ပြာဝေ ကျိန်းစပ်သွား၏။ နေဝန်းဝါဝါသည် ခေါင်းပေါ်တည့်တည့်တွင် အိမ်ဖွဲ့နေ၏။

မိနှင်းပွင့်သည် လူသူလေးပါး အခြေအနေကိုကြည့်ပြီး သွက်သွက်ကလေး လျှောက်ရင်း အပျိုစင်တောင်ကုန်းဆီသို့ လာခဲ့၏။ အပျိုစင်တောင်ကုန်းသည် မြင့်မားခြင်း မရှိလှပါ။ မတ်စောက်ခြင်းလည်း မရှိပါ။ ပတ်ဝန်းကျင်နယ်မြေနှင့် တစ်သီးတခြား အဆက်ပြတ်နေခြင်းလည်း မရှိပါ။ တစ်သားတည်း ရောစပ်လျက် ရှိနေ၏။ ကျားရဲ





တော၏ အထက်တွင် အနည်းငယ် မြင့်တက်နေခြင်းသာ ဖြစ်၏။

မိနှင်းပွင့်သည် မြို့စားမင်းရိပ်သာမှ လူများ မြင်တွေ့သွားမည်စိုးသဖြင့် ချုံနွယ်များအကြား ကုန်းငုံ့ကွေ့ကောက်၍ ပြေးတက်ခဲ့၏။ မြို့စားမင်းအိမ်တော်အတွင်း ခြံစည်းရိုး မလွယ်ပေါက်သို့ ရောက်သောအခါမှ ကြက်ပေါင်ပင်ကြီးကိုကွယ်ပြီး ရပ်လိုက်၏။

မောလည်းမောနေ၏။ ရင်လည်း ခုန်နေ၏။

မြက်ခင်းပြင်ပေါ်တွင် အစီအရီ ရပ်နေကြသော မွန်မင်းသမီး ညီအစ်မသုံးဖော်ကို တွေ့မြင်ရ၏။ ခပ်လှမ်းလှမ်းမှ အမြင်တွင်မူ ကျောက်တုံးဖြူဖြူများသည် အမှန်တကယ်ပင် မင်းသမီးသုံးပါးနှင့် တူပါ၏။ အရွယ်၊ အကြီး၊ အသေးသာ ကွာခြား၏။ အရပ်အနိမ့်အမြင့် ကွာ၏။ အငယ်ဆုံး မင်းသမီးက ၁၆ နှစ်အရွယ်၊ အကြီးဆုံးမင်းသမီးက အသက်အစိတ်ကျော်ခန့် ရှိပေလိမ့်မည်။ သွယ်သွယ်လျလျ တင် အနေအထား၊ ရင်အနေအထား ဖွံ့ဖြိုးပြေပြစ်၏။

သူတို့သည် တစ်ကြိမ်က အမှန်တကယ်ပင် လူသားစင်စစ်များ ဖြစ်ခဲ့ကြသည်လားဟု မိနှင်းပွင့် အံ့ဩနေမိ၏။ ပြီးတော့ ရင်ထဲတွင် တလှပ်လှပ် ခံစားနေရ၏။ အဘွားပြောပြသော လွမ်းဆွတ်ကြေကွဲဖွယ်ရာ ဒဏ္ဍာရီပုံပြင်လေးကို တမ်းမတနေမိ၏။ ကြည့်နေရင်းမှာပင် ကျောက်ရုပ်ဖြူဖြူများသည် လှုပ်လာသည်ဟု ထင်ရ၏။ အမှန်တော့ စိတ်တွင် ထင်မှတ်ခြင်းသာ ဖြစ်ပါသည်။

မွန်မင်းသမီးသုံးဖော်၏ တစ်ဖက်သို့ ကြည့်လိုက်၏။ မုတ္တမ သတ္တုတွင်းဟောင်းကို တွေ့ရ၏။ အပျက်အယွင်းတို့သည် နေရောင်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝိုက်မြည်းလျက် ရှိနေ၏။ ဤသတ္တုတွင်းသည် တစ်ချိန်က အလျှံပယ်ဖွံ့ဖြိုးခဲ့၏။ မြို့စားမင်းရိပ်သာမိသားစုကို ချမ်းသာ ကြွယ်ဝစေခဲ့၏။ ယခုမူ အကျဉ်းတန်သော မြင်ကွင်းတစ်ခုမျှသာ။ တစ်ချိန်က ဤသတ္တုတွင်းတွင် အလုပ်သမားများ သပိတ်မှောက်ခဲ့ကြသည်။ မိနင်းပွင့်၏ အဘိုးသည် သပိတ်ခေါင်းဆောင်တစ်ယောက် ဖြစ်သည်ဟု အဘွားက ဂုဏ်ယူစွာပြောဆိုလေ့ရှိ၏။

အချို့ကမူ ဤသတ္တုတွင်းသည် မြို့စားမင်းအိမ်တော်မိသားစု၏ ကျိန်စာဆိုးတစ်ခုပင် ဖြစ်သည်ဟု ဆိုကြ၏။ သတ္တုတွင်းပိုင်ရှင် မင်းသိဒ္ဓိဆိုသော လူကြီးသည် မကောင်းဆိုးဝါးကြီးတစ်ယောက် ဖြစ်သည်ဟု ပြောကြ၏။

ဦးမင်းသိဒ္ဓိကို မိနင်းပွင့် မတွေ့မြင်ဘူးပါ။ သူ ကွယ်လွန်သည်မှာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပြီ ဖြစ်၏။

သို့သော် မြို့စားမင်းအိမ်တော်၏ လက်ရှိ အရှင်သခင်ဖြစ်သော ဦးမင်းညီဂေါင်ကိုကား မိနင်းပွင့် အဝေးမှ လေးငါးကြိမ်မျှ မြင်တွေ့ဖူးပါ၏။ ကြောက်မက်ဖွယ်ရာကောင်းသော လူကြီးတစ်ယောက်ပင် ဖြစ်ပါ၏။

အလုံးအထည် ကြီးမား၏။ အရပ်အမောင်း မြင့်၏။ စကားပြောလျှင် ကျယ်လောင်၏။ ကြမ်းတမ်းမာကြော၏။ နှုတ်ခမ်းမွေးများ ကော့ထောင်နေ၏။ လမ်းသွားလျှင် လက်နှစ်ဖက်ကို ကားထား၏။ လက်သီးများကို ဆုပ်ထား၏။ လူဘီလူးကြီးဟု ပြောကြ၏။

သူ့ကို လူတွေကကြောက်ကြ၏။ မုန်းတီးကြ၏။ ဝေးဝေး





က ရှောင်ကြ၏။ မိနင်းပွင့်လည်း ဤလူကြီးကို မြင်ရုံ၊ ကြားရုံနှင့်ပင် ကြောက်မိပါ၏။ စိတ်ထဲတွင် အလိုလိုတွန့်နေ၏။ တစ်ယောက်ယောက်က တွေ့ရှိသွားပြီး မေးခဲ့လျှင်လည်း ဘာပြန်ပြောရမှန်းမသိပါ။ သို့သော် မောင်လေးကို သည်မှာမတွေ့လျှင် တခြားမှာရှာရပေဦးမည်။ သို့နှင့် လှေယှဉ်ပေါက်တံခါးကိုဖွင့်ပြီး ခြံဝင်းအတွင်းသို့ မိနင်းပွင့် ဝင်လိုက်၏။ လူရိပ်လူခြေ မတွေ့မြင်ရသော မြို့စားမင်းအိမ်တော်ကို လှမ်းမျှော်ကြည့်လိုက်၏။ စေတုတ္ထအပျိုစင်၏ အရိုးစုကို တွေ့ရှိသည်ဟုဆိုသော အိမ်ကြီး၏ အစိတ်အပိုင်းကို မှန်းဆ၏။

စေတုတ္ထအပျိုစင်ကို တွေ့ရှိသည်မှာ သိုလှောင်ခန်းများရှိသော လက်ဝဲဘက် အုတ်ဆောင်တွင်ဖြစ်ကြောင်း မိနင်းပွင့် ကြားသိထား၏။

မိနင်းပွင့် အနည်းငယ်ချိန်ဆပြီးနောက် အနောက်ဘက် အုတ်နံရံများဆီသို့ တအားကုန်ပြေးသွား၏။ သူမ၏ ရှေ့တွင်မြင်ရသော နီရွေရွေ အုတ်နံရံကြီးသည် တဖြည်းဖြည်းမြင့်တက်လာ၏။နောက်ဆုံးတွင် အုတ်နံရံအတွင်းသို့ မိနင်းပွင့် ရောက်ရှိသွား၏။ အုတ်နံရံကို ကျောဖြင့် ကပ်မှီလိုက်၏။ ကျောပြင်တစ်ခုလုံး အေးစိမ့်သွား၏။ ခြံဝင်းအတွင်းသို့ ကျီးကန်းတောင်းမှောက် ကြည့်၏။ လူသူ တစ်စုံတစ်ယောက်မျှ မတွေ့မြင်ရပါချေ။

မိနင်းပွင့်သည် အုတ်နံရံကို လက်နှစ်ဖက်ဖြင့် အသာစမ်းလိုက်ရင်း အရှေ့ဘက်သို့ တရွေ့ရွေ့လျှောက်သွား၏။ ထောင့်စွန်းသို့ ရောက်သောအခါ မြေကြီးပေါ်တွင် ပြန့်ကျဲနေသော အုတ်ကျိုးအုတ်ပဲ့များကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြိုကျနေသော အုတ်နံရံကို မိနှင်းပွင့် တွေ့ရပြီ ဖြစ်၏။ လူ တစ်ရပ်ခန့်ရှိသော လိုဏ်ခေါင်းငယ်တစ်ခုကို မျက်နှာချင်းဆိုင်မိ၏။ လိုဏ်ခေါင်းမှာ အနက်ကြီးမဟုတ်ပါ။ လူတစ်ကိုယ်စာ မြုပ်ရုံသာသာ ဖြစ်ပါ၏။

မိနှင်းပွင့်သည် အုတ်နံရံကို လိုဏ်ပေါက်ကို အသက် မရှူနိုင်ဘဲ အတန်ကြာ ငေးငိုင်ကြည့်နေမိ၏။

စတုဿအပျိုစင်သည် ဤလိုဏ်ဂူအတွင်းတွင် အရှင်လတ်လတ် စတေးခံခဲ့ရခြင်း ဖြစ်၏။ အလုပ်သမားတစ်ဦးသည် ဤဂူပေါက်အတွင်းတွင် မိန်းမငယ်တစ်ဦး၏ ရုပ်သဏ္ဌာန်ကို ရိပ်ခနဲ မြင်တွေ့လိုက်ရ၏။ ပြီးတော့ ချောက်ချားဖွယ်ရာ ပုံကျလာသော အရိုးစုများ . . . . ။

အတော်ကြီးကြာမှပင် မိနှင်းပွင့်သည် မိမိလာရခြင်းအကြောင်းကို သတိရမိ၏။ အနီးတစ်ဝိုက်တွင် မိနှင်းပွင့် လာရောက်ရှာဖွေသော သူမ၏မောင်ငယ် မင်းသန်းမောင် မရှိပါ။ အခြားမည်သူ တစ်ဦးတစ်ယောက်မျှလည်း မရှိ။

မိနှင်းပွင့်အနေနှင့် ပြန်ရုံပဲ ရှိပါတော့၏။ သို့သော် မိနှင်းပွင့် မပြန်နိုင်ပါ။ နေရာတွင်ပင် သံမှိုစွဲနေ၏။ မလှုပ်နိုင်မရှားနိုင် ဖြစ်နေ၏။ မိမိကိုယ်တိုင် ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားပြီလားဟု ထင်မိ၏။ မိမိကိုယ်တိုင် စတုဿအပျိုစင် ဖြစ်သွားပြီလားဟု တွေးနေမိ၏။

မိနှင်းပွင့် မရဲတရဲဖြင့် အုတ်နံရံအနီးသို့ တိုးကပ်သွား၏။ လိုဏ်ခေါင်းဖြစ်နေသော အုတ်နံရံ အတွင်းသားများကို လက်ဖြင့်စမ်းကြည့်





၏။ လျှပ်စစ်အားစီး ဝင်ခြင်း ခံရသကဲ့သို့ လက်ဖျားထုံကျင်သွား၏။

အုတ်နံရံအပေါက်၏ အမြင့်သည် သူမ၏အရပ်လောက်ပင် ဖြစ်၏။ အကျယ်အဝန်းမှာလည်း သူမတစ်ကိုယ်စာသာသာပင် ဖြစ်၏။ မိနှင်းပွင့်သည် ပြိုကျနေသော အုတ်နံရံအတွင်းသို့ ဝင်ကြည့်ချင်သော စိတ်က တားမရဆီးမရ ဖြစ်လာ၏။ စတုဿအပျိုစင်သည် ဤအုတ်နံရံအတွင်း၌ မြှုပ်နှံခြင်းခံရသောအခါ မည်ကဲ့သို့သော အနေအထားရှိသည်ကို သိလို၏။

မိနှင်းပွင့်သည် ရုတ်ချည်းပင် အုတ်နံရံ လိုဏ်ဂူပေါက်အတွင်းသို့ နောက်ပြန်ဝင်လိုက်၏။ သူမ၏ ကိုယ်လုံးကလေးသည် အုတ်နံရံအတွင်း ချပ်ချပ်ယပ်ယပ်ကလေး မြှုပ်ဝင်သွား၏။ ၇

ယခုနေ့ မိမိကို တစ်စုံတစ်ယောက်က အပြင်မှ ပိတ်ထားလိုက်လျှင် ဒုက္ခပဲဟု မိနှင်းပွင့်ထိတ်လန့်သွား၏။ လိုဏ်ဂူပေါက်အတွင်း ကာယန်းကာကန်း ပြန်ထွက်မည်ပြုစဉ် မလှမ်းမကမ်းမှ စကားပြောသံ ကြားရသဖြင့် တုန့်သွား၏။ အတွင်းဘက်နံရံကို ကျောနှင့်ကပ်ကာ ကိုယ်ကိုကျုံ့ထားလိုက်၏။

စတုဿအပျိုစင်ဆိုတာ ဘာကယ်ပဲ ရှိခဲ့သလားဟင်

မိန်းမငယ်တစ်ယောက်၏ အသံဖြစ်၏။ ခေါင်း ဆောင်၏ ဘက်ဆီမှ ပေါ်ထွက်လာခြင်း ဖြစ်၏။ လူကို မမြင်ရသေးပါ။ သော် ထိုအသံကို မိနှင်းပွင့် သိပါ၏။ ငွေဆည်းလည်းကလေးများ သည်ကဲ့သို့ ကြည်လင်သောအသံမျိုးကား မိန်းမတော်မြသံတွင် တစ်သံတည်းသာ ရှိပါ၏။ ကျောင်းဆရာကြီး ဦးနိုင်ဘော်ရှိ၏သမီး



www.burmeseclassic.com

www.burmeseclassic.com



မိမြတ်နိုးကြင် ဖြစ်ပါ၏။

မိမြတ်နိုးကြင်သည် အသံသာ လှသည် မဟုတ်။ ရုပ်လည်း လှပါ၏။ ရှိုးရိုးယဉ်ယဉ်ကလေး လှနေခြင်း ဖြစ်၏။ သူမ၏မျက်လုံးကလေးသည် အစဉ်အမြဲ ပြုံးချိုနေ၏။ သူမ၏ နှုတ်ခမ်းစုံသည် နှင်းဆီပွင့်ဝတ်လွှာများကဲ့သို့ ရွှန်းရွှန်းစိုနေ၏။ နညက်သောပါးပြင်တွင် လှပသောချိုင့်ဂုမ်းကလေး များရှိ၏။ သူနှင့် ရွယ်တူလောက်ပင် ဖြစ်၏။ တစ်ခုပဲကွာ၏။ မိမြတ်နိုးကြင်က အထက်တန်းကျောင်းတွင် ဆက်လက် ပညာသင်ကြားဆဲ ဖြစ်၏။ မိနှင်းပွင့်က ဘဝအခြေအနေအရ ကျောင်းမှ ထွက်ထားရ၏။

"လူကြီးတွေ ပြောနေကြတာပဲလေ"

အသံသြသြကြီး ဖြစ်၏။ နိုင်မောင်စိုးပဲ ဖြစ်၏။ မြို့စားမင်းအိမ်တော် အရှင်သခင် ဦးမင်းညီဂေါင်၏ သားအငယ်ဖြစ်၏။ သူက လူပုံလူပန်းလည်း သူ့အဖေလိုပဲ ဖြစ်၏။ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံတို့လည်း အဖေနှင့် တစ်ဖြတ်တည်း ဖြစ်၏။ ဦးမင်းညီဂေါင်၏ဘေးတွင် နစ်လုံးပြူးသေနတ်ကြီးကိုလွယ်ပြီး လိုက်ပါလာတတ်သော နိုင်မောင်စိုးကို မိနှင်းပွင့် ကောင်းစွာမြင်ဖူးပါ၏။ သူက ဆယ်တန်းကျောင်းသားကြီး ဖြစ်၏။

"ကိုကိုစိုး မယုံဘူးလား"

"ယုံတာပေါ့"

"တကယ် ပြောတာလား"

သူတို့အသံတွေ နီးလာ၏။ မိနှင်းပွင့်ရှိရာသို့ သူတို့လာနေကြ





ခြင်း ဖြစ်၏။ မိနှင်းပွင့် အုတ်နံရံအတွင်းမှ ထွက်ပြီး တစ်ချိုးတည်း ချောကုန်သုတ်ပြေးရန် ကြိုးစား၏။ သို့သော် ထိုသို့ပြုလုပ်ရန် အချိန်ရတော့မယ် မထင်။ သူတို့အသံတွေက အတော်ကြီးနီးနေပြီ ဖြစ်၏။ ခေါင်းရင်းဆောင်ထောင့်ချိုးသို့ ရောက်နေပြီဖြစ်၏။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာသော အသံတစ်သံကို မိနှင်းပွင့် ကြားလိုက်ရပြန်၏။

"ဟိတ် . . . ဟိုကောင်လေးနဲ့ ကောင်မလေး။ ဘာလုပ်နေကြတာလဲ"

အောင်မြင်ခန့်ငြားသော အသံဖြစ်၏။ စကားလုံး ပီပြင်ကွဲပြား၏။ အဖြတ်အတောက် အနိမ့်အမြင့် မှန်ကန်၏။ ဦးမင်းညီဂေါင်၏ သားကြီး နိုင်ဇမောင်တိုး၏အသံပင် ဖြစ်သည်ဟု မိနှင်းပွင့် တွက်ဆလိုက်၏။

"ကျွန်တော်တို့ စေတုတ္တအပျိုစင်ကို သွားကြည့်ကြမလို့ပါ ကိုကြီးတိုး၊ မိမြတ်နိုးကြင်က ကြည့်ချင်တယ်ဆိုလို့၊ ကျွန်တော် လိုက်ပို့တာပါ"

"အဓိပ္ပာယ် မရှိတာဘဲ။ ဘယ်က စေတုတ္တအပျိုစင် ရှိရမှာလဲ။ အသောတား ယုံတမ်းစကားပုံပြင်တွေ"

နိုင်အောင်တိုးက မာန်မဲသံဖြင့် ပြောလိုက်၏။ သူ လူကြီးဖြစ်၏။ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်၏။ ရန်ကုန်တွင် နေ၏။ ဘွဲ့ဆင်နှစ်ပြီးလျှင် ဘွဲ့ရတော့မည် ဖြစ်၏။ ယခု နွေရာသီကျောင်းပိတ်ရက်အညာပြန်လာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတိုးတို့ စတုတ္ထအပျိုစင်ရဲ့ အရိုးတွေ တွေ့တယ်ဆို၊ အဲဒီအရိုးတွေကို မြတ်နိုး ကြည့်ချင်လို့"

မိမြတ်နိုးကြင်၏အသံသည် နည်းနည်းကလေး နွဲ့၏။ စကား ပြောနေစဉ်တွင် မိမြတ်နိုးကြင်၏မျက်နှာ ပြုံးရိုးနေလိမ့်မည်ဟု မိနှင်းပွင့် ထင်မိ၏။

"အရိုးတွေ ဘယ်ရှိတော့မလဲ။ သူတို့ ယူသွားကြပြီ"

"စတုတ္ထ အပျိုစင်ကို စတေးခဲ့တဲ့နေရာကို မြတ်နိုး ကြည့်ချင် တယ်"

"ဒီကလေးမ တယ်ခက်ပါလား"

"မခက်ပါဘူး . . . လာပါ . . . ကိုကိုတိုး။ မြတ်နိုးကို လိုက်ပြ စမ်းပါ"

သူတို့ စကားပြောသံများနှင့် လှုပ်ရှားသံများ ကြားရ၏။ မိနှင်းပွင့်၏ နဖူးတွင် ချွေးတွေဥလာ၏။ မိနှင်းပွင့်သည် သူမ၏ ကိုယ်ကို အုတ်နံရံအတွင်း မြှုပ်ကွယ်နိုင်သမျှ မြှုပ်ကွယ်ထားလိုက်၏။ သို့သော် သူမကို ပထမဆုံးမြင်တွေ့သူမှာ နိုင်မောင်စိုး ဖြစ်၏။ သူက ရှေ့ဆုံး ဖြစ်၏။

အုတ်နံရံအတွင်း၌ မမျှော်လင့်ဘဲ မိန်းမငယ်တစ်ယောက်ကို တွေ့မြင်လိုက်ရသောအခါ သူ လန့်သွား၏။ သူ၏ ခြေထောက်တစ်ဖက် သည် လှမ်းရင်းတန်းလန်း လေထဲတွင် ရပ်သွား၏။ သူ့ပါးစပ် ပွင့် သွား၏။ သူ၏ မျက်ခုံးများ မြင့်တက်သွား၏။ မျက်လုံးနှစ်လုံးသည် ပုစွန်တစ်ကောင်ကဲ့သို့ ရှေ့သို့ပြူးထွက်လာ၏။





"အမေ့"

မိမြတ်နိုးကြင်၏ နှုတ်မှ လွှတ်ခနဲ ထွက်လာသောအသံ ဖြစ် ၏။ သူမက နိုင်အောင်စိုး၏နောက်မှ ကပ်ပြီးပါလာခြင်း ဖြစ်၏။ မိနှင်း ပွင့်ကို ရုတ်ခြည်းတွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကြောက်လန့် တကြား အော်လိုက်ခြင်းဖြစ်၏။ သူမ၏ လက်တစ်ဖက်သည် ဆွေ့ဆွေ့ ခုန်နေသော ရင်အုံပေါ်တွင် လှုပ်ခါနေ၏။

"ဘာဖြစ်တာလဲ . . . ဘာလဲဟေ့"

နောက်ဘက်တွင် သုံးလေးလှမ်းမျှ ဖြတ်ကျန်ရစ်ခဲ့သော နိုင် မောင်တိုးသည် ရှေ့သို့ ခုန်ထွက်လာ၏။ လက်တစ်ဖက်ဖြင့် တဆတ် ဆတ်တုန်နေသော မိမြတ်နိုးကြင်၏ ပခုံးကို ပွေ့ဖက်ထားလိုက်၏။ မိမြတ်နိုးကြင်ကလည်း နိုင်မောင်တိုး၏ ခါးကို ပြန်ဖက်ထားလိုက်၏။

နိုင်မောင်တိုးနှင့် နိုင်မောင်စိုးအကြားမှ လူတစ်ယောက် တိုးထွက်လာ၏။ ထိုသူမှာ မြို့စားမင်းအိမ်တော်တွင် နေထိုင်လျက်ရှိ သော လွင်အောင်ဟိန်းပင် ဖြစ်၏။ သို့သော် သူသည် မြို့စားမင်းမိသားစု ဝင်တစ်ယောက်ကား မဟုတ်ပါချေ။ မြို့စားမင်းအိမ်တော် အမျိုးအနွယ် များနှင့် ဆွေမျိုးတော်စပ်ခြင်း အလျဉ်းမရှိပေ။ သူ၏ဖခင်သည် နယ်ပိုင် ဝန်ထောက်တစ်ဦး ဖြစ်ခဲ့သည့်အလျောက် ဦးမင်းညီဝေါင်နှင့် လှုပ်ငန်း သဘော ဆက်သွယ်ခဲ့ရာမှ နောင်တွင် မိတ်ဆွေရင်းများ ဖြစ်ခဲ့ကြ၏။

မိဘနှစ်ပါးကွယ်လွန်သောအခါ လွင်အောင်ဟိန်းသည် အခြား ဆွေမျိုးရင်းချာ မရှိသဖြင့် ဖခင်၏မိတ်ဆွေ ဦးမင်းညီဝေါင်ထံတွင် နေထိုင်ခဲ့၏။ သူက နိုင်မောင်တိုးနှင့် သက်တူရွယ်တူ အဆွေခင်ပွန်းတူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လွင်မောင်ဟိန်းသည် ညီအစ်ကိုနှစ်ယောက်ကြားမှ တိုးထွက်ခဲ့ပြီး မိနင်းပွင့်နှင့် တစ်လှမ်းကွာလောက်တွင် ရပ်လိုက်၏။ ထို့နောက် မိနင်းပွင့်ကို စူးစိုက်ပြီးကြည့်နေ၏။ သူ့မျက်နှာပုံပန်းက အံ့သြသည့်အသွင်ထက် စိတ်ဝင်စားသည့်သဏ္ဍာန်က ပိုနေ၏။

မိနင်းပွင့်က မျက်လုံးကလေးများ ကလယ်ကလယ်နှင့် သူတို့ကို ပြန်ကြည့်နေ၏။

“ဟား . . . ဟား . . . ဟား . . . ဘယ်ကလာ စတုတ္ထအပျိုစင်ရမှာလဲ ဆင်ကျုံးရွာက မိနင်းပွင့်ဆိုတဲ့ ကောင်မလေးပဲ”

နိုင်မောင်စိုးက လက်ခုပ်လက်ဝါးတီးပြီး ပြောလိုက်၏။

“မင်း . . . ဒီမှာဘာလုပ်နေတာလဲ”

နိုင်မောင်တိုးက မေးလိုက်၏။

“ကျွန်မမောင်လေးကို လာရှာတာပါ”

မိနင်းပွင့် အသံတုန်နေ၏။

“အခုနေ အပြင်ကပိတ်ထားလိုက်ရင် သူ တကယ်ပဲ စတုတ္ထအပျိုစင် ဖြစ်သွားမယ်”

နိုင်မောင်စိုးက ရယ်မောပြောဆို၏။

မိနင်းပွင့်မျက်နှာတွင် သွေးဆုတ်သွား၏။ တကယ်ပင် သူတို့အပြင်က ပိတ်ထားလိုက်လျှင် အရှင်လတ်လတ် စတေးခံရပေတော့မည်။ သူမက တစ်ခုခုပြောရန် ကြိုးစား၏။ အသံမထွက်ပါ။ နှုတ်ခမ်းတွေသာ တလှုပ်လှုပ်နေ၏။

“သူ သိပ်ကြောက်နေတယ်”





မိမြတ်နိုးကြင်က ခပ်တိုးတိုးပြောလိုက်၏။

“ဒီအုတ်နံရံက ခိုင်တာမဟုတ်ဘူး။ ဟိုတစ်နေ့ကလည်း ပြိုပြီးပြီ။ အခုတစ်ခါ ထပ်ပြီးပြိုရင် ညီမလေး ဘယ်လိုဖြစ်သွားမလဲဆိုတာ မစဉ်းစားမိဘူးလား”

လွင်အောင်ဟိန်းက သတိပေးသလို ဆုံးမသလိုပြောလိုက်၏။ သို့သော် သူ့အသံက မာကြောခက်ထန်ခြင်းမရှိပါ။ အမူအရာလည်း မရှိပါ။

“ကျွန်တော်တို့ သူ့ကို ဘယ်လိုလုပ်ကြမလဲ”

နိုင်အောင်စိုးက အကြီးနှစ်ယောက်ကို မေး၏။ လွင်အောင်ဟိန်းက မသိမသာမျက်မှောင်ကုတ်လိုက်ပြီး . . .

“ညီမလေးရဲ့မောင်လေးကို တွေ့သလား”

မိနင်းပွင့် ခေါင်းခါ၏။

“မတွေ့ရင်လည်း ပြန်တော့လေ။ ဒီထဲမှာ ဘာလုပ်နေတာလဲ”

မိနင်းပွင့် အုတ်နံရံအတွင်းမှ ထွက်၏။ လွင်အောင်ဟိန်းက လမ်းဖယ်ပေး၏။ နိုင်မောင်စိုးက လမ်းပိတ်ဆို့ရန် ကြိုးစား၏။ မိမြတ်နိုးကြင်က နိုင်မောင်စိုး၏ လက်မောင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဆွဲထား၏။

မိနင်းပွင့်က သူမကို ဝိုင်းရံထားသူလေးဦး၏ အရိပ်အကဲကို လျှင်မြန်စွာလှည့်လာကြည့်ရှုပြီးနောက် ထိုနေရာမှ ရုတ်ခနဲ ပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသော အခါ သူမ၏ နောက်ဖက်မှ ရယ်မောသံများ ထွက်ပေါ်လာ၏။ နိုင်မောင်စိုး၏ အသံသည် အကျယ်လောင်ဆုံး ဖြစ်၏။

မိနှင်းပွင့် လှည့်မကြည့်ပါ။ မြို့စားမင်းအိမ်တော် မလှမ်း ပေါက်ကို ကသောကမြော တိုးခွေ့ဖြတ်ကျော်ခဲ့၏။

× × ×

## အခန်း ( ၃ )

မိနှင်းပွင့် ဆင်ကျုံးရွာအိမ်သို့ ပြန်ရောက်လာသောအခါ ဒေါ်မိအိမ်စည်သည် အိမ်ရှေ့သစ်တိုပင်အောက်ရှိ ကွမ်းသီးပင်ခြမ်း ကွပ်ပျစ်ပေါ်တွင် ဆွဲတောင်းတစ်လုံးကို အ[illegible]းကွပ်လျက်ရှိ၏။ ယ[illegible]ပြီး သား တောင်းများကို မှောက်ပြီး ဆင့်ထားသည်မှာ လူတစ်ရပ်စာလုံး ပုံ ရှိ၏။

"မိန်းကလေး . . . မောကြီးပန်းကြီးနဲ့ ဘယ်ကပြန်လာတာလဲ"

မိနှင်းပွင့်က ဒေါ်မိအိမ်စည်၏ အနီးတွင် ဝုန်းခနဲ ပစ်ထိုင် လိုက်ပြီး သူမ၏ ဖွနွဲ့တားခန်းကို ခရီးရောက်မဆိုက်ပင် ပြန်လည်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ဒေါ်မိအိမ်စည်က လက်ထဲမှ ယက်လက်စ တောင်းနှင့် ရှူးချွန်လေးကို ဘေးတွင်ချထားလိုက်ပြီး မိနှင်းပွင့်၏စကားကို စိတ်ပါဝင်စားစွာ နားထောင်နေ၏။ တစ်ကြိမ် တစ်ကြိမ်တွင် သူမ၏မျက်လုံးတွင် ထူးဆန်းသောအရောင်များ လင်းလက်သွားသည်ကို မိနှင်းပွင့် တွေ့ရ၏။

ဒေါ်မိအိမ်စည်ကို ပညာသည်တစ်ယောက်ဟု လူတော်တော်များများက ပြောကြ၏။ သို့သော် ရှေ့တွင် မပြောရဲကြပါ။ ကွယ်ရာမှသာ တိုးတိုးတိတ်တိတ် ပြောကြခြင်းဖြစ်၏။

ဤသို့ပြောဆိုရန်လည်း အကြောင်းနစ်ခုက ရှိနေ၏။ ဒေါ်မိအိမ်စည်သည် ၃၉ နှစ်အရွယ် မိနှင်းပွင့်၏မိခင် ယောကျ်ားနောက်လိုက်သွားပြီး လင်မယားနှစ်ယောက်တည်း ကျန်ရစ်၏။ မကြာမီ ခင်ပွန်းကွယ်လွန်သဖြင့် သူ တစ်ယောက်တည်း ကျန်ရစ်၏။

ဒေါ်မိအိမ်စည်သည် မုဆိုးမဘဝနှင့် ရွာအနောက်ဖျား နေအိမ်မှာပင် တစ်ယောက်တည်း နေထိုင်လျက်ရှိ၏။ အချို့က သူသည် အရွယ်ကောင်းဖြစ်သဖြင့် တစ်ယောက်တည်း မနေသင့်ကြောင်း၊ ရွာထဲရှိ တစ်အိမ်အိမ်တွင် နေသင့်ကြောင်း အကြံပေး၏။ ဒေါ်မိအိမ်စည်သည် လက်မခံ။ ခင်ပွန်းသည် ခေါင်းချသည့်နေရာကို မစွန့်ခွာနိုင်ဟု ဆိုသည်။ အချို့က သူသည် အချိန်ရှိသေးသဖြင့် နောက်အိမ်ထောင်ပြုသင့်ကြောင်း အကြံပေးတိုက်တွန်း၏။ ဒေါ်မိအိမ်စည် ငြင်း၏။ သူမ၏ခင်ပွန်းသည်အပေါ်တွင် သေသည်အထိ သစ္စာရှိသွားမည်ဟု ဆို၏။





ဤသို့ဖြင့် တစ်နေ့တွင် သူ့ကို ကြိုက်နှစ်သက်နေသော မုဆိုးဖိုတစ်ဦးသည် အရက်သောက်စားပြီး သူ့ထံသွား၏။ ပထမတွင် သူနှင့် အိမ်ထောင်တည်ထောင်ရန် အသာတကြည်ပြောဆို၏။ ဒေါ်မိအိမ်စည်က ငြင်းဆန်သောအခါ အကြမ်းဖက်၏။ ထိုအခါ ဒေါ်မိအိမ်စည် ရှန်းကန်အော်ဟစ်ပြီး တောထဲဝင်ပြေး၏။ အရက်သမားအကြမ်းသမားလည်း ဒေါ်မိအိမ်စည် နောက်သို့လိုက်၏။ သို့သော် ဒေါ်မိအိမ်စည်ကို မတွေ့ရဘဲ ကျားရဲတစ်ကောင်ကိုသာ တွေ့ရ၏။

မုဆိုးဖိုသည် ကျားရဲနှင့် လုံးထွေးသတ်ပုတ်ရ၏။ သစ်ခုတ်သမားများ ရောက်ရှိလာပြီး ဝိုင်းဝန်းသောကြောင့်သာ ကျားစားမခံရခြင်းဖြစ်၏။ တစ်ကိုယ်လုံးတွင် ကျားကုတ်ထားသည့် ဒဏ်ရာများ၊ ကျားကိုက်ထားသည့် ဒဏ်ရာများဖြင့် သွေးချင်းချင်းရဲနေတော့၏။ ယင်းဒဏ်ရာဖြင့် တစ်လကျော် အိပ်ရာပေါ်တွင် လဲနေ၏။

နောင်အခါတွင် ထိုမုဆိုးဖိုသည် ဒေါ်မိအိမ်စည်ရှိသော ရွာအနောက်ဖျားသို့ ခြေဦးပင် မလှည့်ရဲတော့ပေ။ ဒေါ်မိအိမ်စည်က သူ့ကို ကျားယောင်ဆောင်ပြီး ကိုက်သည်ဟု ယူဆသောကြောင့် ဖြစ်၏။

သူ့အယူအဆကို လူအတော်များများက လက်ခံကြ၏။ ဒေါ်မိအိမ်စည်သည် တောထဲသို့ဝင်ပြီး ကျားယောင်ဆောင်နိုင်သည်ဟု ယုံကြည်နေကြ၏။ ကြောက်လန့်နေကြ၏။ ထိုနေ့က မုဆိုးဖိုကို ကလဲဖို့တိုက်ခဲသော ကျားသည် သစ်ခုတ်သမားများ ရောက်ရှိလာသောအခါ ပျောက်ခြင်းမလှ ပျောက်သွား၏။ နောက်ရက်များတွင် ဒေသခံ ဝါရင့်မုဆိုးကြီးများနှင့် ရွာသားများတောနင်းပြီး ရှာဖွေကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုကျွားကို အရိပ်အယောင်မျှပင် မတွေ့ရှိကြတော့ပေ။

နောက်တစ်ကြောင်းကမူ ထိုပြဿနာပေါ်ပြီး တစ်နှစ်ခန့် အကြာတွင် ဖြစ်၏။

ရဲဘက်အကျဉ်းစခန်းမှ ထွက်ပြေးလာကြသော ဝရမ်းပြေး သုံးယောက်သည် ဆာလောင်မွတ်သိပ်ကြသဖြင့် ဆင်ကျုံးရွာအစွန် တွင်ရှိသော ဒေါ်မိအိမ်စည် စုဆောင်းထားသော ငွေကြေးအနည်းငယ် နှင့် နားမှ နားကပ်ကိုပါ ချွတ်ယူသွားကြ၏။

နောက်တစ်နေ့တွင် ယင်း ဝရမ်းပြေးသုံးယောက်ကို တောနက်တွင်း၌ လိုက်လံရှာဖွေသူများ တွေ့ရှိကြသည်မှာ သွေးစိမ်း များအန်၍ သေဆုံးနေသည်ကို တွေ့ကြရ၏။ ထိုအခါ လူတွေက ဒေါ် မိအိမ်စည် ပြုစားသဖြင့် ရဲဘက်ပြေးများ သေဆုံးရခြင်း ဖြစ်သည်ဟု ဆိုကြ၏။ ပို၍ကြောက်လန့်လာကြ၏။

လူတွေက ဒေါ်မိအိမ်စည်နှင့် ရောရောနှောနှော မနေကြပါ။ သို့သော် ကင်းကင်းကွာကွာလည်း မနေ့ကြချေ။ ဒေါ်မိအိမ်စည်ခေါ် လျှင် သူတို့ခေါ်ပါ၏။ ဒေါ်မိအိမ်စည် ပြောလျှင် သူတို့ပြော၏။ ဒေါ်မိအိမ် စည် ဘာသိဘာသာနေလျှင် သူတို့လည်း ဘာသိဘာသာ နေကြ၏။

လူတွေက သူမအပေါ်တွင် မည်သို့ယူဆနေကြောင်း ဒေါ်မိ အိမ်စည် မသိ မဟုတ်ချေ။ သို့သော် မည်သို့မျှ ရှင်းလင်းခြင်း၊ တုံ့ပြန် ခြင်း မပြုချေ။

ဤအကြောင်းကို တစ်ကြိမ်တွင် မိနှင်းပွင့်က မေးကြည့်သော အခါ ဒေါ်မိအိမ်စည်က သဲ့သဲ့ကလေးပြုံးလျက် . . .





“လူတွေ ဘာပြောပြောပေါ့ မိန်းကလေးရယ်။ ကိုယ့်ဘဝနဲ့ ကိုယ့်ပြဿနာက အရေးကြီးပါတယ်။ လူတွေက တို့ကိုကြောက်ပြီး တို့ကို မစော်ကားရဲဘူးဆိုရင် တို့အတွက် မကောင်းဘူးလား။ အရေးကြီး တာက တို့ကလည်း သူများတွေကို ဘာတစ်ခုမှ မတရားတာ မလုပ် ဖို့ဘဲ”

ဤသို့ဖြင့် အဘွားသည် လူတွေက သူ့အပေါ် အထင်တစ်မျိုး ပေါက်ကာ ကြောက်ရွံ့ထိတ်လန့်နေခြင်းများကို ဖြေရှင်းခြင်းဖြစ်သည် ဟု မိနှင်းပွင့် သဘောပေါက်မိ၏။

မိနှင်းပွင့် သိသလောက် ပြောရလျှင်မူ သူမ၏အဘွားသည် ပုံပြင်တွေထဲက စုန်းမကြီးနှင့်တူသော အရာတစ်ခုမျှ မရှိပါ။ ရုပ် လက္ခဏာကလည်း ကြောက်လန့်ဖွယ်ရာ မရှိ။ အမူအရာလည်း ကြမ်း တမ်းရိုင်းစိုင်းခြင်း မရှိ။ စိတ်နေစိတ်ထားလည်း ကောက်ကွေ့ ဝေ့ဝိုက် ခြင်း မရှိပါ။

ဒေါ်မိအိမ်စည်သည် ဥပဓိရုပ်ကောင်းမွန်သော မွန်အမျိုးသမီး ကြီးတစ်ယောက် ဖြစ်၏။ တင်မို့စိမ့်ကြည့်လေ ကျက်သရေ ရှိလေ ဖြစ်၏။ အပြောအဆို အနေအထိုင် သိမ်မွေ့နူးညံ့၏။ ချစ်ခင်ကြင်နာ မှုအတိ ဖြစ်၏။

မိနှင်းပွင့်က အဘွားအား အဘိုး၏ အကြောင်းကို မေးလိုက် တိုင်း အဘွားသည်

“ပြောတာပေါ့ . . . မိန်းကလေးရယ်”

ဟုပြောပြီး သူမ၏ မျက်လုံးများသည် အဝေးသို့ ရီဝေစွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်လျက်နှင့်သာ ပြီးသွားတတ်၏။ အဘိုးအဘွားတို့၏ အတိတ်ဘဝကို မသိသော်လည်း အမိအဖနှင့် မိမိတို့မောင်နှမ နှစ်ယောက် အတိတ်ဘဝကား အနည်းငယ်မျှ လှပသာယာခြင်း မရှိခဲ့ပါချေ။ မိုးသက်မုန်တိုင်းအတွင်းက ဘဝခရီးကြမ်းတစ်ခုသာ ဖြစ်ပါ၏။

မိနှင်းပွင့်တို့ မောင်နှမသည် ပင်လယ်ကမ်းခြေအနီးရှိ တံငါရွာကလေးတစ်ရွာတွင် ကြီးပြင်းခဲ့ကြရ၏။ သူတို့၏ဖခင်သည် ပင်လယ်ပြင်ထဲတွင်သာ အနေများပါ၏။ သူတို့၏မိခင်သည် ငါးလုပ်ငန်း၊ ဆားလုပ်ငန်း၊ ငပိလုပ်ငန်းတို့တွင် အဆင်သင့်သလို လှည့်လည်လုပ်ကိုင်၏။

ဤသို့ မိဘနှစ်ပါးမှာ ဝမ်းရေးအတွက် ပင်ပန်းတကြီး ရှာဖွေနေရသည့်ကြားမှပင် သူတို့မောင်နှမကို ပညာသင်ကြားပေးခဲ့ကြပါ၏။ မူလတန်းကို ရွာကျောင်းမှာပင် သင်ရပြီး အလယ်တန်းကိုမူ သူတို့ရွာနှင့် လေးမိုင်ခန့်ဝေးသော အခြားရွာကြီးတစ်ရွာတွင် သွား၍ သင်ကြားရ၏။

သို့သော် သူတို့ပညာရေး တစ်ပိုင်းတစ်စမှာပင် မိဘနှစ်ပါး ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြ၏။ ဆားကျင်းတွင် တစ်နေကုန် အလုပ်လုပ်ပြီးနောက် ရေချိုးလိုက်ရာတွင် အပူရုပ်ပြီး ဖျားသွားရာမှ အခြားရောဂါများ ဝင်ရောက်လာပြီး ကွယ်လွန်သွားရခြင်း ဖြစ်၏။

မိခင်ကွယ်လွန်ပြီး တစ်လအကြာတွင် ကြို့တင်ငွေရယူထားသော အဖေသည် ပင်လယ်သို့ နောက်ဆုံးတစ်ခေါက်လိုက်ဦးမည်ဆိုပြီး လိုက်သွားရာမှ ပြန်မလာတော့ပေ။





ဖခင်ပြောသည့်အတိုင်းပင် ယင်းအခေါက်သည် သူ့အတွက် ...က်ဆုံးအခေါက်ပင် ဖြစ်ပါတော့၏။ ကြမ်းတမ်းရိုင်းစိုင်းသော ...တိုင်းကသာ သူတို့ဖခင် စီးသွားသော ငါးဖမ်းစက်လှေမှ အပိုင်းအစ ...ကို ကမ်းခြေသို့ ပြန်လည်ပို့ဆောင်ပေးခဲ့၏။

ဖခင်ပင်လယ်ထဲမှ ပြန်မလာသည့်နောက်ပိုင်းတွင် ရွာထဲမှ ...ကြီးအချို့က သူတို့မောင်နှမကို မိန်းမတော ဆင်ကျုံးရွာရှိ အဘွား ...သို့ လိုက်ပို့ကြခြင်း ဖြစ်၏။ အဘွားက သူတို့ကို ကောင်းမွန် လက်ခံ ...၏။

အမှန်တော့ အဘွားက သူတို့မိခင်ကို စွန့်ပစ်ခဲ့ခြင်းမဟုတ်ပါ။ ...တို့မိခင်ကသာ အဘွားကို စွန့်ပစ်ခဲ့ခြင်း ဖြစ်ပါ၏။

ဆင်ကျုံးရွာသို့ မိနှင်းပွင့်တို့ မောင်နှမ ရောက်ရှိသည်မှာ ...နှစ်တာကာလမျှသာ ရှိသေးသဖြင့် သူတို့ အကျွမ်းမဝင်သေးသော ...ကြောင်းခြင်းရာများစွာ ကျန်ရှိနေပေသေး၏။ ထိုအထဲတွင် သူတို့ ...အဘွားများနှင့် မြို့စားမင်းအိမ်တော်ကို ဆက်နွယ်ပတ်သက်မှု ...သည်း ပါရှိနေ၏။

ယနေ့မှပင် သူမသည် မြို့စားမင်းအိမ်တော် မိသားစုနှင့် ...ပုံအကြိမ် စတင်ပတ်သက်ခဲ့ရပြီး ဖြစ်၏။

ဒေါ်မိအိမ်စည်က အနီးရှိ ကြွေရည်သုတ်လက်ဖက်ရည်အိုးကို ... ခါကျင်ကျင် ပန်းကန်လုံးထဲသို့ စောင်းငှဲ့ချလိုက်၏။ သို့သော် ...ဖက်ရည် အနည်းငယ်နှင့် လက်ဖက်ခြောက်ဖတ်များသာ ကျ...



www.burmeseclassic.com

www.burmeseclassic.com



"ကုန်ပလား။ ရေနွေး ရှိသေးသလား"

မိနှင်းပွင့်က မေး၏။

"အသွား ရေနွေးတည်ထားတယ် . . . မိန်းကလေး သွားထည့်ပါလား။ သောက်ရတာပေါ့"

မိနှင်းပွင့်သည် ရေနွေးကြမ်းအိုးကိုယူပြီး အိမ်ထဲသို့ ဝင်ခဲ့၏။ ဒေါ်မိအိမ်စည်မှာ ရေနွေးကြမ်းအဆက်မပြတ် သောက်လေ့ရှိ၏။ တစ်နေ့ လေးငါးအိုးမျှ ကုန်၏။ ရေ လုံးဝသောက်လေ့ မရှိပါ။ မိနှင်းပွင့် မီးဖိုတွင်းသို့ ရောက်သွားသောအခါ ထမင်းစားနေသော သူမ၏ မောင်လေး မင်းသန်းမောင်ကို တွေ့ရ၏။

"မောင်လေး . . . စောစောက ဘယ်သွားနေတာလဲ။ မမဖြင့် ရှာလိုက်ရတာ။ ရွာထဲလည်း နှံ့နေတာပဲ။ ဆရာတော်ကျောင်းလည်း ရောက်တယ်။ နောက်ပြီး မြို့စားမင်းအိမ်တော်လည်း ရောက်ခဲ့တယ်"

မင်းသန်းမောင်၏မျက်နှာ ရုတ်တရက် တင်းမာသွား၏။

"မြို့စားမင်းအိမ်တော်ကို မမသွားတယ် ဟုတ်လား။ ဘာလို့ သွားရတာလဲ"

"မောင်လေး ရှိမလားလို့ လိုက်ရှာတာပေါ့။ စတုတ္ထ အပျိုစင်ကို သွားကြည့်သလားဆိုပြီးပေါ့"

"ဘယ်တော့မှ အဲဒီကို မသွားဘူး။ အဲဒီက လူတွေဟာ အကြင်နာတရား မရှိတဲ့လူတွေ၊ အားအားရှိရင် သေနတ်တွေနဲ့ တောထဲလိုက်ပစ်နေကြတာပဲ . . . မမ။ မနက်က သေနတ်သံတွေ မကြားဘူးလား"





မနက်ပိုင်းက သေနတ်သံတွေကို မိနှင်းပွင့် ကြားမိပါ၏။ ...လိုက်အဖွဲ့တစ်ဖွဲ့ တောလယ်ထွက်နေကြောင်း သိပါ၏။ ထိုအခါ ...တွင် သူမ၏မောင်လေးသည် တောထဲသို့ လှည့်လည်ပြီး ဒဏ်ရာ ...တရရပြီး မပျံသန်းနိုင်သော တောတွင်း တိရစ္ဆာန်ငယ်ကလေး ...ကို ရှာဖွေတတ်၏။

"မနက်က တောပစ်တာ မြို့စားမင်းအိမ်တော်က လူတွေလား"

"ဟုတ်တယ်"

မင်းသန်းအောင်၏အသံ မာ၏။ မိနှင်းပွင့် ဘာမျှမပြောတော့။ ...ဖက်ရည်ကြမ်းအိုးထဲသို့ ရေနွေးထပ်ဖြည့်ပြီး အိမ်ရှေ့သို့ ပြန် ...ခဲ့၏။

ဒေါ်မိအိမ်စည်သည် စောစောက တောင်းကို လက်စသတ် ...ပြီဖြစ်၏။ မိနှင်းပွင့်က ရေနွေးအိုးကို ချပြီး ဒေါ်မိအိမ်စည် ...ပေးသော တောင်းကို တောင်းပုံတစ်ခုပေါ်တွင် ဆင့်မှောက်ထား ...၏။

"မောင်လေးကတော့ မြို့စားကြီးအိမ်တော်က လူတွေဟာ ...ကြင်နာတရားမရှိဘူးတဲ့"

ဒေါ်မိအိမ်စည်က ရေနွေးကုန်သွားသော ပန်းကန်လုံးကို ...လိုက်ပြီး . . .

"လူကလေး ပြောတာ မှန်တယ် မိန်းကလေး။ မြို့စားမင်း...တော်က လူတွေဟာ အကြင်နာတရား မရှိကြဘူး"

"မိနှင်းလည်း သူတို့ကို မုန်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ရှိတယ်ပေါ့ မိန်းကလေး။ နောက်ပိုင်းလူတွေ အနေနဲ့တော့ တစ်မျိုးဖြစ်ချင်ဖြစ်မှာပေါ့။ အဘွားတို့ခေတ်တုန်းကတော့ သူတို့ဟာ တကယ်ဆိုးတာပဲ။ တခြားမကြည့်နဲ့ မိန်းကလေး။ သူတို့နဲ့ ဒီရွာက လူတွေနဲ့ပေါင်းပြီး သတ္တုတွင်းတူးကြတယ်။ မုတ္တာမိုင်းဟာ အတွက်သိပ်ကောင်းတယ်။ ရွှေတုံး ရွှေခဲတွေ ထွက်သလား အောက်မေ့ရတယ်။ သူတို့နေချင်းညချင်း ကြီးပွားသွားတယ်။ အရင်ကဆိုရင် သူတို့ဟာ နာမည်သာရှိတယ်။ ပိုက်ဆံမရှိဘူး။ မိုင်းလုပ်မှ ကျိကျိတက် ချမ်းသာသွားတာပဲ။ ဒါပေမဲ့ တို့ရွာထဲက လူတွေကျတော့ မျောက်လောင်း မျောက်လောင်းပဲ။ ဒါနဲ့ အလုပ်သမားတွေက လခတိုးတောင်းကြတယ်။ သူတို့က မပေးရုံတင်မကဘူး အလုပ်ထုတ်ပစ်တယ်။ နှိပ်စက်တယ်။ စော်ကားတယ်။ နောက်ဆုံးမှာ သပိတ်မှောက်ကြတာပဲ။ ဒီတော့ သူတို့က မိုင်းကို ပိတ်ပစ်လိုက်ကြတယ်"

"သတ္တု မထွက်လို့ ပိတ်တာဆို"

"မဟုတ်ဘူး မိန်းကလေး။ သတ္တုက အရင်ကလောက် မထွက်တော့ပေမယ့် ထိုက်သင့်သလောက်တော့ ထွက်ပါသေးတယ်။ နောက်ထပ် အများကြီး ရနိုင်ပါသေးတယ်။ အလုပ်သမားတွေ သပိတ်မှောက်လို့ တမင်ပိတ်ပစ်လိုက်တာပါ။ အဲဒီတုန်းကများ အဘွားတို့ဟာ ခံပြင်းလွန်းလို့ အသားတွေ ဆတ်ဆတ်တုန်နေခဲ့ကြတယ်။ တချို့လူတွေဟာဆိုရင် မိုင်းတစ်ခုလုံး မီးရှို့ပစ်မယ်ဆိုလို့ လူကြီးတွေဟာ မနည်းတားထားကြရတယ်"

"နောက်တော့ ဘယ်လိုဖြစ်သွားကြသလဲ"





"အဲဒီအချိန်မှာ ထားဝယ်က သူဌေးတစ်ယောက်က ဘီလူးမတောင်မှာ မိုင်းသစ်တစ်ခု ဖွင့်တယ်။ လူတွေလည်း အဲဒီမှာ အလုပ်သွားလုပ်ကြတယ်။ မိုင်းက အောင်တော့ လူတွေလည်း အနေအထိုင် ချောင်လည်ပြီး သူတို့အပေါ်မှာ အာရုံပြတ်သွားကြတယ်။ အခုတော့ သူတို့လည်း သူတို့စေတနာနဲ့ သူတို့ အကျိုးပေးတာပဲ။ တဖြည်းဖြည်း သူတို့စီးပွားရေး ကျဆင်းလာတယ်။ တလောက မိုင်းကို ပြန်ဖွင့်ဖို့ လုပ်သေးတယ်။ ဒါပေမဲ့ ရွာကလူတွေကလည်း သူတို့မိုင်းမှာ မလုပ်ကြဘူး။ တခြားက လူတွေကို ခေါ်လို့လဲမဖြစ်လို့ မဖွင့်နိုင်ကြဘူး"

"အခု သူတို့ ဘာလုပ်နေကြသလဲ။ ဘယ်က ဝင်ငွေနဲ့ စားနေကြသလဲ အဘွား"

"မော်လမြိုင်မှာ သူတို့ပိုင်လုပ်ငန်းတွေ ရှိသေးတယ်။ အထုပ်အထည်တွေလည်း ရှိပါသေးတယ်။ ဆင်ပိန်ရင် ကျွဲပေါ့ သမီးရယ်။ ဒါကြောင့်လည်း သူတို့ဟာ အခုထက်ထိ မာန်မကျသေးတာပေါ့"

"ဟုတ်တယ်။ အဲဒီ ဦးမင်းညီဂေါင်ဆိုတဲ့လူကြီးရဲ့ မျက်နှာက ရှေ့ဘီလူးကြီးကျနေတာပဲ။ လူတွေကို အစိမ်းလိုက်ဝါးစားတော့မယ့်ပုံ"

"သူ့အဖေ ဦးမင်းသိဒ္ဓိက ပိုပြီးဆိုးသေးတယ်။ ငွေကလည်းမို့ အာဏာကလည်း ရှိဆိုတော့ ဒီနယ်မှာတော့ သူက ဘုရင်ပဲ။ ယူထားလိုက်တဲ့မယားတွေကလည်း မှိုလိုပေါက်နေတာပဲ။ တစ်ရွာတစ်ယောက်လဲ အထင်အရှားမယူဘဲ ခြေတော်တင်တာတွေကလည်း မနည်းဘူး။ အခု မောင်မင်းညီဂေါင်ကတော့ မိန်းမကို ကြောက်ရလို့ မပွေ့ရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့သားတွေကျရင်တော့ ဘယ်လိုလာကြမလဲ မသိဘူး"

"သားအငယ်ကတော့ သူ့အဖေနဲ့ တစ်ချိုးတည်းပဲ"

မိနှင်းပွင့်က သူမ၏ထင်မြင်ချက်ကို ပြောလိုက်၏။

"ဟုတ်တယ်။ လူတွေကလည်း ဒီလိုပဲ ပြောနေကြတယ် [cut off] ဒီကောင်လေးဟာ ကြီးလာရင် အဖေနဲ့ အဘိုးရဲ့အမွေကို ဆက်ခံ လိ [cut off] မယ်တဲ့"

"အကြီးကတော့ ပျော့ပျော့ပျောင်းပျောင်းပဲ။ သူ့အမေနဲ့တူ [cut off] ထင်တယ်"

"အင်း . . . အမှန်တော့ မပြောနိုင်ဘူး။ လူဆိုတာက အ [cut off] သားပဲ။ အပြင်ကောင်းပေမယ့် အထဲက ဆိုးလျှင် ဆိုးကြတာက [cut off] သူတို့အမေကလည်း ပြတ်စရာရှိရင် တကယ်ပြတ်တဲ့ မိန်းမပဲ။ အ [cut off] ချိုသလောက် အသည်းမာတယ်။ အင်းလေ . . . တစ်ချိန်က တို [cut off] တက် ချမ်းသာခဲ့တဲ့ ရော်ဘာခြံ သူဌေးသမီးတစ်ယောက်ဆို [cut off] မာနက ခေါင်ခိုက်နေတာပေါ့။ အကောင်းဆုံးကတော့ သူတို့တွေ [cut off] ကင်းကင်းရှင်းရှင်းနေနိုင်ဖို့ပဲ မိန်းကလေး။ ပိုက်ဆံရှိတဲ့ လူတွေ [cut off] ပိုက်ဆံမရှိတဲ့လူတွေ အပေါ်မှာ ဘယ်တော့မှ ကောင်းတယ်ရယ် [cut off] မရှိဘူး။ ကျားရဲက သမင်ကို သနားတယ်ဆိုတာမျိုး မရှိသလို [cut off] မိန်းကလေးရယ်"

မိနှင်းပွင့်၏ စိတ်အာရုံမှာ အဝေးသို့ ပျံလွင့်နေ၏။ ယင်းအ [cut off] ကျွန်းရဲတောတစ်နေရာဆီမှ သေနတ်သံတစ်ချက် ထွက် ပေါ်လာ [cut off]

× × ×



## အခန်း ( ၄ )

မှောင်ရီပျိုးစဖြစ်၏။

ညစာ စားချိန်တွင်လည်း မောင်လေး မင်းသန်းအောင် အိမ်တွင်မရှိသဖြင့် မိနှင်းပွင့် စိတ်မောရပြန်၏။

မှောင်လာပြီဖြစ်၏။

အိမ်တွင် မိနှင်းပွင့်တစ်ယောက်တည်း ရှိနေ၏။ ဒေါ်မိအိမ်စည် ရွာထဲသို့ သွား၏။ တောင်းဖိုးများတောင်းရန် ဖြစ်၏။ မိနှင်းပွင့်သည် အိမ်ရှေ့တွင် ရပ်ပြီး ကျွန်းရဲတောဘက်သို့ လှမ်းမျှော်၏။ တောတစ်ခုလုံး ညို့ညို့ဆိုင်းနေ၏။ တိတ်ဆိတ် ငြိမ်သက်နေ၏။ စောစောပိုင်းက ကြား နေရသော သေနတ်သံများ မကြားရတော့။ တောလယ်သမားများ၊



www.burmeseclassic.com

www.burmeseclassic.com



သစ်ခုတ်သမားများ၊ ထင်းကောက်သူများ အားလုံး အိမ်ပြန်သည့် အချိန်ဖြစ်၏။

မင်းသန်းမောင်တစ်ယောက်သာလျှင် ယခုတိုင် အိမ်ပြန် မရောက်ဘဲ ရှိနေ၏။ မိနှင်းပွင့် စိုးရိမ်စိတ်များ ယှက်နွယ်လာ၏။ သူမ၏ မောင်လေး တစ်စုံတစ်ခုဖြစ်နေပြီလားဟု ပူပန်မိ၏။

တောဆိုသည်မှာ တောပင်ဖြစ်၏။ အန္တရာယ်အသွယ်သွယ် ရှိ၏။ မျက်စိလည်နိုင်၏။ လူကြီးတွေကတော့ နတ်ဝှက်သည်ဟု ဆို၏။ တောရိုင်း တိရစ္ဆာန်တွေနှင့် တိုးနိုင်၏။ ယခုတလော ဝက်ဝံအုပ်တစ်အုပ် ကျက်စားနေ၏။ မုဆိုးတို့ ပစ်ခတ်သော သေနတ်ကျည်များလည်း မတော်တဆ ထိမှန်နိုင်၏။

မင်းသန်းအောင် ယခုအချိန်အထိ ပြန်ရောက်မလာသည်မှာ တစ်စုံတစ်ခု ဖြစ်နေ၍ပဲ ဖြစ်ပါလိမ့်မည်။

မိနှင်းပွင့် ဘာလုပ်ရမည်နည်း။ အဘွားဖြစ်သူ ပြန်လာသည် အထိ စောင့်ရချေမည်လား၊ အဘွား ဘယ်အချိန် ပြန်လာမည်ကို မပြောနိုင်။ ဒေါ်မိအိမ်စည်သည် တစ်ခါတစ်ရံတွင် ဆေးဆရာကြီးအိမ် တွင် စကားကောင်းနေတတ်၏။ ဤရွာတွင် အဘွား၏ အဆွေခင်ပွန်း ဟူ၍ ဤဆေးဆရာကြီးတစ်ဦးသာ ရှိ၏။ ဤဆေးဆရာကြီးတစ်ဦးသာ လျှင် အဘွားအပေါ်တွင် နားလည်မှုရှိ၏။

ရွာဘက်သို့ မိနှင်းပွင့် မျှော်ကြည့်၏။ အဘွား၏အရိပ်အခြည် ကိုမှ မမြင်ရသေးပါ။

နေ့၏အလင်းရောင်သည် နည်းပါးသည်ထက် နည်းပါးလာ





နေပြီ ဖြစ်၏။ မကြာမီ ညလုံးလုံးဖြစ်ပေတော့မည်။ ထိုအချိန်ကျမှ မင်းသန်းမောင်ကို လိုက်၍ရှာရလျှင် လွယ်ကူတော့ မည်မဟုတ်။ တောကြီးမျက်မည်းထဲတွင် ဘာကိုမျှ မြင်တွေ့နိုင်မည် မဟုတ်ချေ။

မိနှင်းပွင့်သည် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်ပြီး ကျားရဲတောထဲသို့ သမင်မယဉ်၏ အဟုန်ဖြင့် ပြေးသွား၏။ မြို့စားမင်း အိမ်တော်ရှိသော အပိုင်းတောင်ကုန်းဘက်သို့ မဟုတ်ပေ။ တောလိုက် မုဆိုးများ သားကောင်ချောင်းမြောင်းရာ ကြေညီစမ်းဘက်သို့ ဖြစ်၏။

ကျားရဲတောအတွင်းသို့ ရောက်သောအခါ မိနှင်းပွင့်၏ ပြေး နေသော ခြေလှမ်းများ တုံ့နှေးသွား၏။ အမှောင်ထု၏ ဆီးကြိုမှုကို ခံရသောကြောင့်ဖြစ်၏။ ရုတ်တရက် ဘာတစ်ခုမျှ သဲသဲကွဲကွဲမမြင်ရ ချေ။ အရာရာသည် မည်းမည်းရိပ်ရိပ်များ ဖြစ်နေ၏။ ကောက်ကွေ့ သော မုဆိုးလမ်းအတိုင်း သတိဖြင့် လျှောက်သွား၏။ သူမ၏မျက်လုံး များ၏ ပျပျရေးရေးလေး အမြင်ကို လျင်မြန်စွာ အသုံးချလျက်ရှိ၏။ နားနှစ်ဖက်ကိုလည်း တသမတ်တည်း အာရုံစိုက်ထား၏။

ဗြုန်းခနဲ ချုံပုတ်တစ်ခု လှုပ်ရှားသွား၏။ မိနှင်းပွင့် ထိတ်လန့် တကြားဟစ်အော်လိုက်၏။ သို့သော် သူမ၏အသံသည် လည်ချောင်း ထဲမှာပင် ပျောက်သွား၏။

ချုံပုတ်အတွင်းရှိ ပုန်းဝပ်နေသော တိရစ္ဆာန်တစ်ကောင် ထွက်ပြေးသွားခြင်းသာ ဖြစ်၏။ သို့တိုင် မိနှင်းပွင့် အထိတ်အလန့် မပျယ်သေးဘဲ ရှိနေ၏။

မိနှင်းပွင့် ရှေ့ဆက်သွားရမည်ကို ဝန်လေးလာ၏။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွေ့မည့် တိရစ္ဆာန်သည် ကြောက်လန့်တကြား ထွက်ပြေးသွားမည့် သမင်၊ ဒရယ်၊ ချေ၊ ဆတ် မဟုတ်ဘဲ ကျား၊ ကျားသစ်များ ဖြစ်နေလျှင် မိမိမည်သို့ ရှိချေမည်နည်း။

မိနှင်းပွင့် နေရာတွင်ပင် ရပ်လိုက်၏။

အဝေးဆီမှ ချောက်ချားဖွယ်ရာ အသံတစ်ခု ကြားရ၏။ မြွေဟောက်သံလား၊ ခွေးအသံလား မကွဲပြား။

မိနှင်းပွင့် နောက်ကြောင်းပြန်ရန် ကိုယ်ကို လှည့်လိုက်၏။ ထိုအခိုက်တွင် သူမ၏ခြေသလုံးသားကို နှုတ်သီးတစ်ခုက လာ၍ထိတွေ့၏။

မိနှင်းပွင့် တစ်ကိုယ်လုံးအေးစက်သွား၏။ မရဲတရဲဖြင့် လှည့်ကြည့်လိုက်သောအခါ ခြေလေးချောင်းသတ္တဝါတစ်ကောင်ကို တွေ့မြင်ရ၏။ သို့သော် သူမကို အန္တရာယ်ပြုမည့် တောရိုင်းတိရစ္ဆာန်တစ်ကောင်မဟုတ်ဘဲ အမြီးလှုပ်ခါနေသော အိမ်ခွေးကြီးတစ်ကောင် ဖြစ်၏။

"ငွေတိုး . . . ငွေတိုး"

မိနှင်းပွင့် ခပ်တိုးတိုး ခေါ်လိုက်၏။ ခွေးကြီးရှေ့တိုးလာ၏။ မိနှင်းပွင့်၏ကိုယ်ကို တိုးခွေ့၏။ ကျူးကျူးကျစ်ကျစ်အသံပြု၏။

ငွေတိုးသည် သူမ၏မောင်ငယ် မင်းသန်းမောင်၏ အချစ်တော် အင်းခွေးကြီးပင် ဖြစ်၏။ ငွေတိုးရှိနေလျှင် မင်းသန်းမောင်လည်းရှိနေရမည်ဟု မိနှင်းပွင့် နားလည်လိုက်၏။ သို့သော် မင်းသန်းမောင်ကို မတွေ့ရပေ။ မင်းသန်းမောင် အဘယ်မှာနည်း။

မိနှင်းပွင့်သိုင်းချလိုက်ပြီး ငွေတိုး၏ခေါင်းကိုပွတ်သပ်ကာ. . .

"ငွေတိုး . . . ငွေတိုးရေ နင်တစ်ကောင်တည်းလား။ မောင်





လေးကော မောင်လေး။ မောင်လေး ဘယ်မှာလဲဟင်"

မိနှင်းပွင့် မေးလိုက်၏။ ငွေတိုးသည် မိနှင်းပွင့်၏အနီးမှ ပြေးထွက်သွား၏။ ခပ်လှမ်းလှမ်းသို့ရောက်သောအခါ ရပ်ပြီး မိနှင်းပွင့်ကို လှည့်ကြည့်နေ၏။ မိနှင်းပွင့်ကလည်း ငွေတိုးကို ငေးကြောင်ပြီး ကြည့်နေ၏။

ငွေတိုးက ချက်ချင်းပင် မိနှင်းပွင့်အနီးသို့ ပြန်ပြေးလာ၏။ ထို့နောက်တစ်ဖန် အဝေးသို့ ပြန်ထွက်ပြေးသွား၏။ စောစောက နေရာတွင်ရပ်ပြီး မိနှင်းပွင့်ကိုကြည့်နေ၏။ သည်တော့မှ မိနှင်းပွင့် သဘောပေါက်သွား၏။

ငွေတိုးက သူမကို တစ်နေရာသို့ လိုက်ခဲ့ရန် ခေါ်ဆောင်နေခြင်းပင် ဖြစ်၏။ မင်းသန်းမောင်ရှိသောနေရာသို့ပင် ဖြစ်ပေလိမ့်မည်။

မိနှင်းပွင့် ဖင့်လေးတုံ့ဆိုင်းနေခြင်း မရှိတော့ဘဲ ငွေတိုးရှိရာ သို့ ခပ်သွက်သွက် လျှောက်သွား၏။ ငွေတိုးက သူ့အနီးသို့ မိနှင်းပွင့် ရောက်ရှိလာသောအခါ တစ်နေရာသို့ ပြေးသွားပြန်၏။ ဤသို့ဖြင့် မိနှင်းပွင့်သည် စမ်းချောင်းငယ်တစ်ခုအနီးသို့ ရောက်ရှိသွား၏။

တောကောင်များ ရေသောက်ဆင်းသည့် လမ်းအတိုင်း လိုက်သွားစဉ် ခြေထောက်တစ်ဖက်သည် အနိမ့်ထဲသို့ကျသွားသဖြင့် ကိုယ်ကို မနည်းပင်ထိန်းပြီး နောက်သို့ တစ်လှမ်းပြန်ဆုတ်လိုက်ရ၏။

ငွေတိုးသည် ရှေ့ဆက်မသွားတော့ဘဲ ထိုနေရာမှာပင် ရပ်ဝဲနေ၏။ သို့နှင့် အခြေအနေကို အသေအချာ စေ့စေ့ကြည့်သော အခါ မိမိ၏ရှေ့တွင် ကျင်းနက်ကြီးကပ်ခုရှိနေကြောင်း မိနှင်းပွင့် တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တောကောင်များကို ထောင်ထားသော ထောင်ချောက်ကျင်း တစ်ခုဖြစ်ကြောင်း မိနှင်းပွင့် သိလိုက်၏။ သူမ၏မောင်လေးသည် ဤထောင်ချောက်ကျင်းအတွင်း ကျနေခြင်းဖြစ်ရမည်ဟု တွက်မိ လိုက်၏။ သို့နှင့် သတိကြီးစွာနှင့် ထောင်ချောက်ကျင်းအရှယ်သို့ သွားကြည့်၏။

လက်သန်းခန့် ကြိုးလုံးများဖြင့် ယက်ထားသော ပိုက်တစ်ခု ...မိသဖြင့် ဤထောင်ချောက်ကျင်းသည် တောကောင်များကို ...မ်းရန် ညှောင့်ချွန်များစိုက်ထားသော ထောင်ချောက်မဟုတ် ဘဲ တောကောင်များကို အရှင်ရအောင် ပိုက်ခံထားသော ကျင်းနက် တစ်ခုမှန်း သိလိုက်ရတော့၏။

သစ်ရွက်ခြောက်များ ဖုံးကွယ်ရပ်ဖျက်ထားသော ကျင်းအတွင်းသို့ သားကောင်ကျသွားလျှင် အောက်ဘက်တွင် ဖြန့်ထားသောပိုက်အတွင်း ကျဆင်းပြီး လုံးထွေးကာ အောက်သို့ ရောက်ရှိသွားမည် ဖြစ်၏။ ကျင်းကလည်း နက်သည်ကတစ်ကြောင်း၊ ပိုက်ဖြင့် လုံးထွေးနေ၍တစ်ကြောင်း သားကောင်သည် ကျင်းအပြင်သို့ ခုန်ထွက်နိုင်စွမ်း မရှိပေ။

"မောင်လေးရေ . . . မင်းသန်းမောင်"

မိနှင်းပွင့် တိုးတိုးဖွဖွခေါ်ကြည့်၏။ ထူးသံ မကြားရပါ။ ဆိတ်ငြိမ်နေ၏။ ကျင်းထဲတွင် မည်သည့်လှုပ်ရှားမှုမျှ ရှိသည်မတွေ့ရပါ။

မိနှင်းပွင့် အနည်းငယ် စဉ်းစားချိန်ဆပြီးနောက် ပိုက်ကြိုးစကို ထိန်းနိုင်းကာ ကျင်းထဲသို့ အရဲစွန့်ပြီး ဆင်းသွား၏။ ကျင်းမှာ လက်ခုပ်တစ်ဖောင်ကျော်နက်၏။ ကျင်းအောက်ဘက်သို့ရောက်သော





အခါ ပျော့အိသောအသားကို ထိတွေ့ရ၏။လက်ဖြင့်စမ်းကြည့်သောအခါ လူတစ်ယောက်ဖြစ်နေ၏။ မင်းသန်းမောင်ပင် ဖြစ်၏။ ပိုက်ထဲ တွင် လုံးထွေးငြိမ်သက်လျက် ရှိ၏။

"မောင်လေး . . . မင်းသန်းမောင်"

မိနှင်းပွင့်က မင်းသန်းမောင်၏ကိုယ်ကို လှုပ်ခါပြီးခေါ်၏။ သို့သော် တုံ့ပြန်ခြင်းမရှိပါ။ မင်းသန်းမောင်၏ အသားတွေ အေးစက်နေ၏။ မိနှင်းပွင့် စိုးရိမ်သွား၏။ သို့နှင့် လက်ကောက်ဝတ်ကိုဖိပြီး သွေးကိုစမ်းကြည့်၏။ သွေးတိုးလျက်ရှိနေသေး၍ မသေသေးပေ။ သို့သော် တိုးရုံကလေးသာ။

ကျင်းထဲသို့ကျသွားစဉ် ထိတ်လန့်သော်လည်းကောင်း၊ သတိလစ်သွားဟန်ရှိ၏။ နံနက်လင်းမှဆိုလျှင် သွေးခဲ၍သေဆုံးမည် မှာ အမှန်ပင်ဖြစ်၏။ အိမ်သို့ အမြန်ဆုံးခေါ်ဆောင်သွားပြီး နွေးနွေးထွေးထွေးပြုစုစောင့် ရှောက်ဖို့လို၏။

မိနှင်းပွင့်သည် မင်းသန်းမောင်ကို ပိုက်ထဲမှထုတ်ရန် ကြိုးစား၏။ မရချေ။ လုံးထွေးရစ်ပတ်လျက် ရှိနေ၏။ ပိုက်ရောလူရော ကျင်းပေါ်သို့တင်ရန် ကြိုးစား၏။ မဖြစ်နိုင်။ သည်မျှအမြင့်ကို သူမ တစ်ယောက်တည်းအားနှင့် မည်သို့မျှ မ,တင်၍ မဖြစ်ပေ။

အိမ်သို့ အမြန်ဆုံးပြန်ပြီး အဘွားကို ပြောရမည်။ ရွာထဲ လူစုခေါ်ပြီး ပြန်လာရမည်။ မိနှင်းပွင့် ချက်ချင်းပင် ကျင်းပေါ်ပြန် တက်၏။ သူမတစ်ယောက်တည်းပင် မနည်းတက်ရ၏။ ကျင်းပေါ်သို့ ရောက်သောအခါ အသင့်စောင့်ဆိုင်းနေသော ငွေတိုးကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးက အခြေအနေစူးစမ်း၏။

"ငွေတိုးရေ ... နင် ဒီမှာစောင့်နေရစ်။ ငါအိမ်ကိုပြန်ပြီး အဘွားကို ခေါ်ရဦးမယ်"

မိနင်းပွင့်က ထိုသို့ပြောပြီး ထိုနေရာမှ သုတ်ခြေတင်၏။ ငွေတိုးက ကျင်းထိပ်တွင် ခြသေ့်ထိုင်.ထိုင်ပြီး ကင်းစောင့်ကျန်ရစ်၏။

ထိုစဉ်မှာပင် ...

"ဟော့ ... ဘယ်သူလဲ၊ ရပ်စမ်း"

သစ်ပင်ကြီးတစ်ပင်၏ နောက်ကွယ်မှ အမိန့်ပေးသံတစ်ခု ထွက်လာ၏။ ယောကျ်ားသံပင် ဖြစ်၏။ မိနင်းပွင့်သည် မိုးကြိုးပစ်သံကြားရသည့်ကဲ့သို့ တုန်လှုပ်ချောက်ချားသွား၏။ သို့သော် မိနင်းပွင့် ရပ်တန့်ခြင်းမပြုပါ။ ပို၍အားပြုပြီး ပြေး၏။ ထိုအခါ အသံရှင်သည် ပုန်းကွယ်နေရာမှထွက်ပြီး မိနင်းပွင့်အား ကျားတစ်ကောင်ကဲ့သို့ ပုန်အုပ်လိုက်၏။ နှစ်ယောက်စလုံး မြေကြီးပေါ်သို့ လဲကျသွား၏။ နှစ်ပတ် သုံးပတ် လိမ့်သွားပြီး မိနင်းပွင့်က တစ်ဖက်လူ၏ထိန်းချုပ်မှုမှ လွတ်မြောက်ရန် ရုန်းကြည့်၏။ သူ၏လက်များသည် သံမဏိကဲ့သို့ မာကြော၏။ ဘဝဲတစ်ကောင်၏ ရည်နှောင်ခြင်း ခံရသလိုမျိုးနေ၏။

မိမိကို ချုပ်နှောင်ထားသူသည် သန်မာထွားကြိုင်းသော ယောကျ်ားပျိုတစ်ဦးဖြစ်မှန်း မိနင်းပွင့် ခံစားသိရှိ၏။

"ရှင် ... ရှင် ... ဘယ်သူလဲ၊ ကျွန်မကို လွှတ်ပါ"

မိနင်းပွင့်သည် မရုန်းနိုင်တော့သည့်အဆုံးတွင် မောကြီးပန်းကြီး မေးမိ၏။





"ညီမလေးက ဆင်ကျုံးရွာက မိနင်းပွင့်လား"

ထိုသူက သူမ၏မေးခွန်းကို မဖြေဘဲ မေးခွန်းဖြင့် တုံ့ပြန်လိုက်၏။ ထိုအသံကို မိနင်းပွင့် ကြားဖူးသည်ဟု ထင်မိ၏။ ထိုစဉ်မှာပင် သူမ၏မျက်နှာပေါ်သို့ စူးရှသောအလင်းရောင်တန်း ကျလာ၏။ မိနင်းပွင့်မျက်လုံးများကို မှိတ်လိုက်၏။ လက်ဝါးတစ်ဖက်ဖြင့် ကာလိုက်၏။ မျက်နှာတစ်ဖက်သို့ လွှဲလိုက်၏။

ထိုသူက သူမ၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ခြင်းဖြစ်၏။ ထို့နောက် ချက်ချင်းပင် မီးပိတ်လိုက်၏။ ပြီးလျှင်သူမ၏ ကိုယ်ကို ရစ်ပတ်ထားသော သူ၏လက်တစ်ဖက်ကို ဖြေလျှော့လိုက်၏။ မိနင်းပွင့်လည်း လျင်မြန်စွာ ရုန်းထွက်၏။ သို့သော် ထွက်ပြေးခြင်းကား မပြုပါ။ မိမိအား ဖမ်းဆီးသူကို ငေးငေးလေး ကြည့်နေ၏။

ထိုသူက လက်နှိပ်ဓာတ်မီးကို မြေကြီးပေါ်သို့စိုက်ပြီး ထိုး၏။ ပတ်ဝန်းကျင်ကို ဝေ့ယမ်း၏။ ထိုအခါ သူ့မျက်နှာနှင့် ပုံပန်းသဏ္ဌာန်ကို မိနင်းပွင့် ကွဲကွဲပြားပြား မြင်တွေ့ရ၏။

နေ့လယ်က မြို့စားမင်းအိမ်တော်တွင် တွေ့ရှိခဲ့သော လွင်မောင်ဟိန်း ဖြစ်၏။

"အစ်ကို ... အစ်ကိုက ကိုလွင်မောင် ..."

မိနင်းပွင့် စကားထစ်နေ၏။

"ဟုတ်ပါတယ်။ အစ်ကိုလွင်မောင်ဟိန်းပါ ညီမလေး။ အစ်ကို့ကို ကြောက်စရာမလိုပါဘူး"

"ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ပင် မိနှင်းပွင့် အကြောက်ပြယ်သွား၏။ သို့သော် ရင်ဖိုနေဆဲပင်။ ရင်ထဲမှာ တလှပ်လှပ် ခံစားနေရ၏။

"ညီမလေး . . . ဘာဖြစ်လာတာလဲ။ ညအချိန်မတော်ကြီး ဘယ်ကပြန်လာတာလဲ။ ဘာဖြစ်လို့ ပြေးလာတာလဲ"

"ဟို . . . ဟို . . . မောင်လေး"

"ညီမလေးရဲ့မောင်လေးကို နေ့လယ်ကတည်းက ရှာနေတာ အခုထက်ထိ မတွေ့သေးဘူးလား"

"တွေ့ပြီးပါပြီ။ နေ့လယ်တုန်းကလည်း သူ တောထဲသွားပြီး ဒဏ်ရာရတဲ့သားကောင်ငယ်လေးတွေ လိုက်ရှာနေတယ်"

"ဘာလုပ်ဖို့လဲ။ သူ စားဖို့လား"

"အို . . . မဟုတ်ပါဘူး။ သူ ဘယ်တော့မှ မစားဘူး။ သူက ဒဏ်ရာရတဲ့တိရစ္ဆာန်ငယ်လေးတွေကို ဖမ်းလာပြီး ဆေးကုပေးတယ်လေ"

"ဩော်"

မိနှင်းပွင့်သည် တောင်ချောက်အတွင်းကျလျက် သတိမေ့နေသော မင်းသန်းမောင်ကို သတိရသဖြင့် ထိုနေရာမှ ထွက်ခွာရန်ပြင်လိုက်၏။ လွင်မောင်ဟိန်းက သူမ၏လက်ကိုဆွဲရင်းက . . .

"ဘယ်ကိုသွားမလို့လဲ . . . ညီမ"

"အို . . . မိနှင်းလက်ကို လွှတ်ပါ။ မိနှင်းအရေးကြီးလို့ ရွာကို အမြန်ရောက်မှ ဖြစ်မှာပါ"

"နေပါဦး . . . ညီမရယ်။ ဘာဖြစ်တယ်ဆိုတာ အစ်ကို့ကို ပြောပါဦး။ အစ်ကို ကူညီနိုင်ရင် ကူညီမှာပေါ့။ ရွာကိုသွားမယ်ဆိုရင်လည်း





အစ်ကို လိုက်ပို့ပေးပါ့မယ်"

"အစ်ကို . . . တကယ်ကူညီမှာလား"

"တကယ်ပေါ့ . . . ညီမလေးရယ်။ ကဲ . . . ဘာဖြစ်တယ်ဆိုတာသာ ပြောပါ။ ဘယ်သူက စော်ကားလိုက်လို့လဲ"

"အို . . . မိနှင်း ဘာမှမဖြစ်ပါဘူး။ ဖြစ်တာက မောင်လေးပါ"

"ညီမ . . . မောင်လေး ဘာဖြစ်လို့လဲ"

"မသွားပါနဲ့လို့ ပြောထားရက်နဲ့ ညနေဘက်မှာ လယ်ထဲကို တစ်ခေါက်ပြန်သွားတယ်။ ဒဏ်ရာရပြီး မပြေးနိုင်၊ မပျံနိုင်ဖြစ်နေတဲ့ တိရစ္ဆာန်ကလေးတွေကို သွားရှာတာ။ ခုချိန်ထိပြန်ရောက်မလာသေးလို့ မိနှင်း သူ့ကို ရှာရအောင် တောထဲကိုထွက်လာတာပါ"

"ဒီအချိန်ကြီးမှာ တစ်ယောက်တည်း ထွက်လာရသလား ညီမရယ်၊ အဖော်လေး ဘာလေးနဲ့ လာရောပေါ့"

"မိနှင်းတို့မှာ အဖော်မရှိပါဘူး။ မိနှင်းတို့မြေးအဘွားသုံးယောက်ပဲ ရှိပါတယ်။ အဘွားက ရွာထဲနေတယ်။ ဒါနဲ့ မိနှင်းတစ်ယောက်တည်း ထွက်ခဲ့တာပဲ"

"ဒါဖြင့် အခု ညီမလေး သူ့ကို လိုက်ရှာနေတာပေါ့ ဟုတ်လား။ အစ်ကိုပါ လိုက်ရှာပေးရမလား"

"ဟင့်အင်း . . . မိနှင်း သူ့ကို တွေ့ခဲ့ပြီ"

"ဟင် . . . ဘယ်မှာလဲ"

"သူ တောင်ချောက်ကျင်းထဲ ကျနေတယ်။ တစ်ခုခုနဲ့ ရိုက်မိပုံရတယ်၊ သူ သတိမေ့နေတယ်။ ပိုက်ကြီးထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတော့ မဖြစ်ဘူး မဟုတ်လား"

"မဖြစ်ဘူးထင်တာပဲ။ မပြောတတ်ဘူး။ ကောင်းကောင်း မမြင်ရဘဲ။ မိနှင်း သူ့ကို ကျင်းပေါ်မ,ပြီး မတင်နိုင်ဘူး။ ဒါကြောင့် ရှာ ပြန်ပြီး လူခေါ်မလို့"

"သူ ဘယ်မှာလဲ"

"စမ်းချောင်းနားမှာ"

"လာ . . . သွားကြည့်ရအောင်။ အစ်ကိုတို့နှစ်ယောက်ဆိုရင် သူ့ကို မ,တင်နိုင်မှာပေါ့။ အစ်ကို့မှာ လက်နှိပ်ဓာတ်မီးလည်း ပါသားပဲ"

မိနှင်းပွင့် အနည်းငယ်စဉ်းစားချိန်ဆပြီးနောက် လွင်မောင်ဟိန်း မင်းသန်းမောင် ကျနေသောတောင်ချောက်ကျင်းရှိရာသို့ ခေါ်ဆောင်သွား၏။

လမ်းတွင် မိနှင်းပွင့် မျက်စိလည်နေသဖြင့် အချိန်ဖင့်သွား သေး၏။ လွင်မောင်ဟိန်းက ခြေရာကောက်ပြီး လမ်းစရှာပေးရ၏။ ထောင်ချောက်ကျင်းသို့ ရောက်သောအခါ သစ္စာရှိစွာစောင့်နေသော ခွေး တိုးကို တွေ့ရ၏။ ခွေတိုးက လူစိမ်းဖြစ်သော လွင်မောင်ဟိန်းကို အလျှ လိုက်တိုးလာပြီး ဟောင်သေး၏။ မိနှင်းပွင့်က သူတို့နှစ်ယောက်ကို မိတ် ဖွဲ့ပေးလိုက်ရ၏။

မိနှင်းပွင့်က ကျင်းနှုတ်ခမ်းထက်မှနေ၍ မီးထိုးပြရ၏။ လွင် မောင်ဟိန်း ကျင်းထဲသို့ဆင်း၏။ မင်းသန်းမောင်၏ အခြေအနေကို ကြည့်၏။ ကျင်းပေါ်ပြန်တက်ပြီး သစ်တုံးတစ်တုံးကို ကျင်းထဲသို့ချ၏။ လှေကားထစ်အဖြစ် အသုံးပြုပြီး မင်းသန်းမောင်ကို ကျင်းပေါ်သို့ထမ်း တင်၏။ အပေါ်ရောက်မှ ဗိုက်ထဲက ဖြည်ယူရ၏။





"သေသေချာချာ ကြည့်ပါဦး . . . အစ်ကို။ မောင်လေး ဘာ ဖြစ်သွားသေးသလဲဟင်"

"ဘာမှမဖြစ်ပါဘူး။ ဖြုံးခနဲ ကျင်းထဲကိုကျသွားတော့ လန့်ပြီး သတိလစ်သွားတာပါ။ ကဲ . . . ညီမလေး။ သူ့ကို အိမ်ခေါ်သွားကြရအောင် အိမ်ကျမှ သူ့ကို နွေးနွေးထွေးထွေးလေး ထားလိုက်ရင် နေကောင်းသွား မှာပါ။ ဒါမှမဟုတ် သူ့ကို မုတ္တမဆေးရုံ ပို့မလား"

"ဟင့်အင်း . . . သူ့ကို မိနှင်းတို့အိမ်ကိုသာ ပို့ပေးပါ"

လွင်မောင်ဟိန်းသည် သူ့ကိုယ်မှ အပေါ်ရုံကင်အင်္ကျီကိုချွတ် ပြီး မင်းသန်းမောင်ကို ဝတ်ပေးလိုက်၏။ ထို့နောက် သူ့ပုခုံးပေါ်သို့မှောက် တင်လိုက်၏။

"ကဲ . . . သွားကြစို့"

မိနှင်းပွင့်က ရှေ့မှ လက်နှိပ်ဓာတ်မီးဖြင့် သွား၏။ လွင်မောင် ဟိန်းက မင်းသန်းမောင်ကိုထမ်းပြီး လိုက်၏။ နောက်မှ အစောင့်အရှောက် အဖြစ်နှင့် ခွေတိုးလိုက်ပါ၏။ တစ်လမ်းလုံး သူတို့စကားမပြောကြပါ။ အိမ်သို့ရောက်သောအခါ စိုးရိမ်ကြောင့်ကြသောမျက်နှာဖြင့် သူတို့ကို စောင့်ကြိုနေသော ဒေါ်မိအိမ်စည်ကို တွေ့ရ၏။

"မိန်းကလေးရေ . . . ဘယ်လိုဖြစ်လာကြတာလဲ။ လူလေး ဘာဖြစ်လို့လဲ"

မိနှင်းပွင့် မဖြေမီ လွင်မောင်ဟိန်းက ဖြတ်ပြီး . . .

"သူ့ကို အရင်အိပ်ရာထဲသို့မှာ သိပ်ကြဦးစို့"

သို့ဖြင့် အိမ်ရှေ့အနီးရှိ မင်းသန်းအောင်၏အိပ်ရာကို မိနှင်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



တ ဖြစ်၏။ လွင်မောင်ဟိန်းက အိမ်ရာပေါ်တွင် အလိုက်သင့်ချလိုက်၏။ မိနှင်းပွင့်တ သူမ၏မောင်လေးကို စောင်များထပ်ခြုံပေးလိုက်၏။

ဒေါ်မိအိမ်စည်က မင်းသန်းမောင်၏နဖူးကို စမ်းကြည့်၏။

"ဟင် . . . လူလေးက ဖျားနေပါကလား။ ဘာဖြစ်လို့လဲ"

လွင်မောင်ဟိန်းနှင့် မိနှင်းပွင့်တို့၏ မျက်နှာများကို တစ်လှည့်စီကြည့်ရင်း မေး၏။ မိနှင်းပွင့်က အဖြစ်အပျက်ကို အကျဉ်းချုံးပြီး ပြောပြလိုက်၏။

"မောင်ရင်လေးက နယ်ပိုင်ကြီး ဦးနိုင်ကျော်မြင့်ရဲ့သားလား"

"ဟုတ်ပါတယ် . . . ကျွန်တော့်နာမည် လွင်မောင်ဟိန်းပါ"

"မောင်က အခုမြို့စားကြီးအိမ်တော်မှာ နေသလား"

"ဟုတ်ကဲ့ခင်ဗျာ"

"မောင်က ဘယ်လိုလုပ်ပြီး ကျားရဲတောကို ရောက်လာရတာလဲ"

"ကျွန်မတော် ရွာထဲကပြန်လာတာပါ"

ဒေါ်မိအိမ်စည် ခေါင်းတဆတ်ဆတ်ညိတ်ပြီး . . .

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ကွယ်"

"ကိစ္စမရှိပါဘူး။ အကြောင်းကိစ္စရှိတဲ့အခါ ဒီလိုပဲ ကူညီကြရတာပေါ့"

"သာဓုကွယ် . . . သာဓု"

လွင်မောင်ဟိန်းက မိနှင်းပွင့်ကို တစ်ချက်ကြည့်ပြီး ဒေါ်မိအိမ်စည်ကို ပြန်ကြည့်ကာ . . .

"ကျွန်တော် ဘာလုပ်ပေးခဲ့ရမလဲ ခင်ဗျာ။ ဆရာဝန်ခေါ်ပေးခဲ့ရမလား"





"နေပါစေကွယ်။ သူ နိုးလာရင် မြန်မာဆေးပဲ တိုက်ပါ့မယ်"

"ဒါဖြင့် ကျွန်တော် ပြန်ပါဦးမယ်"

"အေးကွယ် . . . သာဓု . . . သာဓု"

မိနှင်းပွင့်က လွင်မောင်ဟိန်းကို အိမ်ရှေ့ကွပ်ပျစ်လွန်သည်ထိ လိုက်ပို့၏။

"အစ်ကို ပြန်မယ် . . . ညီမလေး"

မိနှင်းပွင့် ခေါင်းညိတ်၏။ အမှောင်ထဲတွင်မို့ သူမြင်သည် မမြင်သည်ကို မသိပါ။

× ×



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

နောက်တစ်နေ့ နံနက်တွင် မိနှင်းပွင့်သည် တောင်းရက်ရန် အတွက် ဝါးခြမ်းများကို လှီးသင်ရင်း ယမန်နေ့က အဖြစ်အပျက်များကို ပြန်လည်စဉ်းစားနေမိ၏။

သူမ၏စိတ်အစဉ်တွင် လွင်မောင်ဟိန်း၏မျက်နှာကြီးသည် တရစ်ဝဲဝဲ ရှိနေ၏။ ယမန်နေ့ နေ့လယ်ခင်းက မြို့စားမင်းအိမ်တော်တွင် လူရေးဦးနှင့် တွေ့ဆုံခဲ့ရသည့်အနက် လွင်မောင်ဟိန်းကို စိတ်ထဲတွင် စွဲထင်လျက် ရှိ၏။ သူက အခြားသူများနှင့်မတူဟု မိနှင်းပွင့် ထင်မိ၏။

နောက် ညဘက်မှာ သူနှင့်နောက်တစ်ကြိမ် ပြန်ဆုံရ၏။ မိနှင်းပွင့်၏ ဆင်မြင်ချက်တို့ကို ပို၍ခိုင်မာစေခဲ့၏။ သူက မြို့စားမင်းအိမ်တော်





အားစုများကဲ့သို့ စော်ကားကြမ်းရမ်းသည့်အစားထဲက မဟုတ်။ သူက ပြောအဆိုလည်း သိမ်မွေ့၏။ စိတ်သဘောထားလည်း နူးညံ့၏။ ကာလညအခါငွေ့ တောကြီးမျက်မည်းထဲတွင် သူတို့နှစ်ယောက်တည်း လားတွေးလား ဖြစ်ခဲ့ကြသော်လည်း သူက နှစ်မချင်းမစာနာသည့် များ မတွေးခဲ့ပေ။ ညက အထိအတွေ့ အလုံးအထွေးတို့ကို စဉ်းစား သောအခါ မိနှင်းပွင့် ယခုပင် အသားတွေ ပူလာ၏။ ရက်သွေးများ ရှိန်း ခဲ့လာ၏။

ညက သူပြန်ကာနီး နှုတ်ဆက်တော့ မိမိခေါင်းညိတ်ရုံ ညိတ် ခဲ့မိသည့်အတွက် မိနှင်းပွင့် မကျေမချမ်းဖြစ်နေမိ၏။ မိမိက နှုတ်မှ ပြောလိုက်ဖို့ကောင်း၏။

"ဟုတ်ကဲ့ . . . ညီမတို့ကို အခုလို ကူညီတာ ကျေးဇူးတင်ပါ တယ်။ ပြီးတော့ နောက်လည်း လာလည်ပါ . . . အစ်ကို"

လို့ တစ်ခါတည်း ဖိတ်ကြားလိုက်ဖို့ ကောင်း၏။

ခုတော့ သူမက အမှောင်ထဲမှာ ခေါင်းညိတ်လိုက်၏။ သူ မြင် ချင်မှ မြင်ပါ။ သည်တော့ သူ ဘယ်လိုထင်မည် မသိ။ မိမိကို ကျေးဇူး မသိသောသူတစ်ဦး၊ ဧည့်ဝတ်မကျေသူအဖြစ် ထင်သွားချေမည်လား။

သူနှင့် နောက်တစ်ကြိမ်တွေ့သောအခါတွင် သည်အကြောင်း ပြောပြီး တောင်းပန်ရမည်လား။ မိမိတို့နှစ်ယောက် နောက်တစ်ကြိမ် ဆုံ တွေ့ကြပါဦးမည်လား။ ဘယ်မှာတွေ့ကြမည်နည်း။ လမ်းတွင် တော်တဆ တွေ့ကြမည်လား။ သူက မိမိထံ လာဦးမည်လား။ ဒါမှ မဟုတ် မိမိက တကူးတကန့် သွားရောက်ပြီး တောင်းပန်စကားပြောရ



www.burmeseclassic.com

www.burmeseclassic.com



မည်လား။

မိနှင်းပွင့် အတွေးဝင်္ကာပါတွင်လှည့်လည်နေသည်မှာအဘယ်မျှ ကြာသွားသည်မသိ၊ မိမိအနီးတွင် လူတစ်ယောက် တိတ်ဆိတ်ငြိမ်သက်စွာရပ်နေကြောင်း ရုတ်တရက် သိရှိလိုက်ရ၏။

ထိုသူလာသည့်အသံကို မိနှင်းပွင့် မကြားလိုက်။ မိမိအနီးတွင် ထိုသူ အဘယ်မျှကြာအောင် ရပ်နေခဲ့သည်ကို မမှန်းဆနိုင်။

မိနှင်းပွင့် ဖျတ်ခနဲ မော့ကြည့်လိုက်၏။ မမျှော်လင့်သော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသဖြင့် အလွန်အံ့ဩသွားမိ၏။

သူမ၏အနီးတွင် သိမ်မွေ့ငြိမ်သက်စွာ ရပ်နေသူသည် ယမန်နေ့ နေ့လယ်က မြို့စားမင်းအိမ်တော်တွင် တွေ့ခဲ့ရသော မိမြတ်နိုးကြင်ပါတည်း။

မိမြတ်နိုးကြင်သည် မိနှင်းပွင့်ကို တွေတွေကလေး ငုံ့ကြည့်နေရာမှ မိနှင်းပွင့်မျက်နှာကလေး မော့လာသည်ကို မြင်သောအခါ နှစ်လိုဖွယ်ရာသော အပြုံးကို ထုတ်ဖော်လိုက်၏။

မိနှင်းပွင့် ကမန်းကတန်း ထ,ရပ်၏။

"အို . . . လုပ်စရာရှိတာ လုပ်ပါ။ မြတ်နိုးအတွက် ဒုက္ခမရှာပါနဲ့"

မိမြတ်နိုးကြင်က လက်တစ်ဖက်ကို လှုပ်ခါပြီး ပြော၏။

"အို . . . ကိစ္စမရှိပါဘူး။ ထိုင်ပါဦး။ ဘာကိစ္စရှိလို့ပါလဲ"

မိနှင်းပွင့်က တစ်ယောက်ထိုင်ဖျာဝိုင်းကလေးကို ကွပ်ပျစ်ပေါ်တွင် နေရာပြင်ကာခင်းပေးရင်း ပြောလိုက်၏။

"အနှင်းရဲ့မောင်လေး ဘယ်နှယ့်နေသေးလဲ"





မိမြတ်နိုးကြင်က ကွပ်ပျစ်ပေါ်တွင် ခြေတွဲလောင်းချပြီး တင်တစောင်းလေးထိုင်ရင်း မေးလိုက်၏။

မိနှင်းပွင့်က အဖြေကို မည်သို့မျှ ပြန်လည်ဖြေကြားနိုင်ခြင်း မရှိဘဲ အံ့အားသင့်သောမျက်နှာဖြင့် ငေးစိုက်ကြည့်နေမိ၏။

မိမိနှင့်တစ်ကြိမ်တစ်ခါမျှ စကားပြောဆိုဖူးခြင်းမရှိသော သက်တူရွယ်တူ မိန်းကလေးတစ်ဦးက မြတ်နိုးရယ်၊ အနှင်းရယ်နှင့် ရင်းနှီးဖော်ရွေစွာ မောင်လေးအကြောင်းကို ပြောလာသောအခါ မိနှင်းပွင့် အဘယ်မှာမအံ့ဩဘဲ နေနိုင်ပါမည်နည်း။

မိမြတ်နိုးကြင်က မိနှင်းပွင့် အံ့ဩနေသည်ကို သိဟန်ဖြင့် . .

"အနှင်းရဲ့မောင်လေး မနေ့ညက ထောင်ချောက်ကျင်းထဲကျပြီး နေမကောင်းဖြစ်နေတယ်လို့ အစ်ကိုလွင်က ပြောတယ်"

"ဪ . . . ဟုတ်ကဲ့။ မနေ့ညက မောင်လေးကို အစ်ကိုလွင်တယ်ခဲ့တာပဲ။ မိနှင်းက ကျေးဇူးတင်ပါတယ်လို့ မြတ်နိုးရဲ့အစ်ကိုလွင်ကို ပြောပေးပါ"

"အို . . . ကျေးဇူးတင်စရာ မလိုပါဘူး။ အစ်ကိုလွင်က လူတစ်ဖက်သားကို အင်မတန်မှ ကူညီရိုင်းပင်းတတ်ပါတယ်။ ပြီးတော့ အနှင်းက အနှင်းမောင်လေးအတွက် အင်မတန် စိုးရိမ်ပူပန်တတ်တယ်တဲ့"

"ဒါကတော့ မောင်နမပဲ မြတ်နိုးရယ်"

"ညီအစ်ကို မောင်နမတိုင်း ဒီလိုမဟုတ်ကြပါဘူး။ အနှင်းအရွယ်ငယ်ပေမယ့် အစ်မကြီးအမိရာဆိုတဲ့ဂုဏ်ပုဒ်နဲ့ ညီညွတ်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အနေက မြို့ဘောင်အိမ်တော်ကို အနင်းလာတာ အနင်းမောင်လေး အတွက်ပဲ မဟုတ်လား"

မိနင်းပွင့် ခေါင်းညိတ်၏။

"မနေ့က အနင်းကို မြတ်နိုး ဘာမှမကူညီနိုင်တဲ့အတွက် မြတ်နိုး စိတ်မကောင်းပါဘူး"

"အို . . . ကိစ္စမရှိပါဘူး"

"မနေ့က အကူအညီလိုနေတဲ့ သူစိမ်းမိန်းကလေးတစ်ယောက် ကို အစ်ကိုစိုးပြောတာတွေကို မြတ်နိုး သဘောမကျဘူး"

မိနင်းပွင့် ဘာမျှပြန်မပြော။ မြတ်နိုးကြင်ကို အကဲခတ်နေ၏။

"နင်းမောင်လေး နေမကောင်းဘူးလို့ ပြောတယ်"

မိမြတ်နိုးကြင်က ယခုမှ သူမ၏လက်တစ်ဖက်ဖြင့် ယူလာ သောပစ္စည်းများကို ဖျာပေါ်သို့ ချလိုက်၏။ မုန့်ဘူးတစ်ဘူး၊ ဟောလစ် ပုလင်းတစ်ပုလင်း၊ စက္ကူဖြူနှင့်ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်။

"ဟုတ်တယ်။ သူ ဖျားနေတယ်။ လန့်လည်းလန့်သွားပုံရတယ်။ မြေကျင်းထဲမှာဆိုတော့ အအေးလည်း နည်းနည်းပတ်သွားတယ်နဲ့ တူ ပါတယ်"

"နင်းတို့ သူ့ကို ဘာဆေးတိုက်ထားလဲ"

"မနက်က အဘွား သူ့ကို ငန်းဆေးတစ်ခွက် တိုက်ထားတယ်။ အခု သူချွေးတွေထွက်နေတယ်။ နေကောင်းသွားမှာပါ"

"အစ်ကိုလွင်ဆေးပြားကလေးတွေ ပေးလိုက်တယ်။ ဆေးညွှန်း လည်း စာရွက်ပေါ်မှာ ရေးပေးလိုက်တယ်။ နောက်ပြီး နင်းမောင်လေးဖို့





ဟောလစ်နဲ့ မုန့်ဘူးလည်း ပေးလိုက်တယ်"

"အားနာစရာကောင်းနေပြီ။ မနေ့ညက မောင်လေးကိုအိမ် သယ်ပို့ပေးတာပဲ ကျေးဇူးတင်လှပါပြီ။ သူက ခုတစ်ခါ မြတ်နိုးကို လွှတ် လိုက်ပြန်တယ်ဆိုတော့ ပိုပြီး အားနာစရာဖြစ်နေပြီပေါ့"

မိနင်းပွင့်က မြတ်နိုးကြင် ရောက်လာခြင်းနှင့် လွင်မောင်ဟိန်း ကိုယ်တိုင်မရောက်ခြင်းကို ကောင်းစွာသဘောပေါက်သဖြင့် စကား ထောက်လိုက်ခြင်း ဖြစ်၏။ မြတ်နိုးကြင်ကလည်း အကင်းပါးစွာဖြင့် မိနင်းပွင့် အလိုရှိသောအဖြေကို ပေး၏။

"အစ်ကိုလွင်က မြတ်နိုးကို တမင်လွှတ်လိုက်တာတော့ မဟုတ် ပါဘူး။ မနေ့ညက သူ မြတ်နိုးတို့အိမ်ကို ရောက်လာတယ်၊ နင်းတို့ အကြောင်းကို ပြောပြတယ်။ မနက်ဈေးသွားရင် ဟောလစ်တစ်ပုလင်းနဲ့ မုန့်တစ်ဘူး ဝယ်ခဲ့စမ်းပါဆိုပြီး ကြီးမေကို မှာတယ်။ ကြီးမေဆိုတာက အစ်ကိုရဲ့အစ်မဝမ်းကွဲတော်တယ်။ မြတ်နိုးတို့နဲ့အတူနေတယ်။ အဲ . . . မနက်ကျတော့ အစ်ကိုလွင် ကမန်းကတန်း ရောက်လာပြီး သူ အရေး တကြီးကိစ္စတစ်ခုနဲ့ မော်လမြိုင်သွားစရာရှိလို့တဲ့။ မနက်ဖြန် သူ ပြန်လာ ခဲ့ သွားပေးရတော့မယ်တဲ့။ ဒါနဲ့ မြတ်နိုးက အစ်ကိုလွင်ကို မြတ်နိုးသွား ပေးမယ်လို့ ပြောရတယ်။ သူကလည်း မြတ်နိုးသွားပို့မယ်ဆိုတော့ ပြောသွားတယ်။ သူ မော်လမြိုင်က ပြန်လာလာချင်း နင်းတို့ဆီလာခဲ့ မယ်လို့လည်း မြတ်နိုးကို မှာလိုက်တယ်"

မိနင်းပွင့် အတန်ကြာငြိမ်နေပြီးမှ . . .

"မြတ်နိုးကို ကျေးဇူးတင်ပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နိုးကို ကျေးဇူးတင်ဖို့ မလိုပါဘူး နှင်း။ ကိုယ်ကူညီနိုင်တာ ကူညီတာပါ။ ဘာမှအားနာပါနဲ့။ ဒါနဲ့ နှင်းမောင်လေးကို မြတ်နိုးမကြည့်ရဘူးလား"

"အို . . . ကြည့်ရပါတယ်။ လာ . . . လာ . . . အိမ်ထဲကို သွားကြရအောင်"

မိနှင်းပွင့်က မြတ်နိုးကြင်ကို အိမ်ထဲသို့ခေါ်သွား၏။ မင်းသန်းမောင် အိပ်ပျော်နေ၏။ မြတ်နိုးကြင်က မင်းသန်းမောင်၏နဖူးကို ဖွဖွကလေး စမ်းကြည့်ပြီး . . .

"ဟုတ်တယ်။ ချွေးတွေထွက်နေတယ်။ ကိုယ်ပူအတော်ကလေးကျသွားပြီ။ တစ်ရက် နှစ်ရက်ဆိုရင် သူထနိုင်မှာပါ"

"အင်း . . . သူအဖျားပျောက်သွားပေမယ့် ထနိုင်ဦးမှာတော့ မဟုတ်ဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ"

"သူ ကျင်းထဲကိုကျတုန်းက ခြေထောက်တစ်ဖက် နာသွားတယ်"

"အို . . . ဖြစ်မှဖြစ်ရလေ၊ ကျိုးတော့မကျိုးဘူး မဟုတ်လား"

"မကျိုးပါဘူး။ အကြောတင်ပြီး အဆစ်ရောင်သွားတာပါ။ မနက်က ရွာထဲက ဆေးဆရာကြီးဘကြီးမှုံ လာသွားတယ်။ သူက မောင်လေးကို သိပ်ချစ်တယ်။ အဆစ်လွဲတာ အရိုးကျိုးတာတွေလည်း ကုနိုင်တယ်၊ မောင်လေး အကြောတင်တာကို နှိပ်ပေးသွားတယ်။ နောက်ပြီး လိမ်းဆေးလည်း ပေးသွားတယ်။ တစ်ပတ်လောက်ဆိုရင်





လမ်းလျှောက်နိုင်မယ်တဲ့"

"ဘကြီးမှုံဆိုရင် ကောင်းပါတယ်။ ဘကြီးမှုံတော်တဲ့အကြောင်း မြတ်နိုးကို့ဖေဖေ ခဏခဏ ပြောပါတယ်။ ဆေးရုံတို့၊ ဆေးတိုက်တို့များ ပို့ချင်ရင် မြတ်နိုးတို့ကို ပြောလေ၊ မနက်ဖြန်ကျရင်လည်း အစ်ကိုလွင် လာဦးမှာပါ။ သူနဲ့လည်း တိုင်ပင်ဦးပေါ့။ မြတ်နိုးလည်း လာခဲ့ပါဦးမယ်"

ထို့နောက် မိမြတ်နိုးကြင် နှုတ်ဆက်ပြီး ပြန်သွား၏။

သည်တော့လည်း မိနှင်းပွင့် အားတက်ရ၏။ မိမိတို့၏ ဘဝသည် အထီးကျန်မဟုတ်ဘဲ မိမိတို့ကို ကူညီမည့် အဆွေခင်ပွန်းကောင်းများ ရှိလာသည့်အတွက် ဝမ်းသာရ၏။ လွင်အောင်ဟိန်းကိုလည်း မိနှင်းပွင့်သဘောကျမိ၏။ မိမြတ်နိုးကြင်ကိုလည်း သဘောကျမိ၏။ သို့သော် လွင်အောင်ဟိန်းနှင့် မိမြတ်နိုးကြင် ဤသို့ ဆက်နွယ်ပတ်သက်နေသည်ကိုတော့ သဘောမကျချင်လှပါ။ စိတ်ခံစားမှုမျက်တက်တက် ရှုတတကလေး ဖြစ်နေမိပါ၏။

မိမြတ်နိုးကြင် ရောက်လာသည့်အကြောင်း သူမ၏အဘွားကို ပြောပြသောအခါ . . .

"ကျောင်းအုပ်ဆရာကြီး ဦးနိုင်တင်ရဲ့ဟာ အင်မတန်စိတ်သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ပဲ မိန်းကလေး။ သူ့ကို တစ်နယ်လုံးက ခင်မင်ကြတယ်။ ကြည်ညိုလေးစားကြတယ်။ သူ့မိန်းမကလည်း စိတ်ကောင်းနှလုံးကောင်း ရှိတာပဲ။ ငယ်ငယ်တုန်းက အင်မတန်လှတဲ့ မိန်းကလေးတစ်ယောက်ပေါ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရှာတာ နှမြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ သေတာကြာပြီလား"

"ကြာပြီပေါ့ . . . မိန်းကလေး။ ဆယ့်ငါးနှစ်လောက်တော့ ရှိရောပေါ့"

"ဆရာကြီးက နောက်အိမ်ထောင်မပြုဘူးပေါ့"

"မပြုဘူး။ မိန်းကလေးရှင်တွေက လာပြီး စေ့စပ်ကြပေမယ့် သူ လက်မခံဘူး။ သူ့သမီးကလေး မျက်နှာငယ်မှာစိုးလို့တဲ့။ သူ့သမီးလေးကို သူ သိပ်ချစ်တယ်။ ကလေးမလေးကလည်း သူ့အမေ ငယ်ငယ်တုန်းက အတိုင်းပဲ"

"ဟုတ်တယ် . . . မြတ်နိုးက သိပ်လှတာပဲ။ စိတ်သဘောထားလည်း ကောင်းတယ်"

"မောင်လွင်အောင်ဟိန်းတို့၊ မိမြတ်နိုးကြင်တို့ဟာ ပေါင်းသင်းအပ်တဲ့မိတ်ဆွေတွေပဲ မိန်းကလေး။ တစ်ခုပဲရှိတယ်။ ကိုယ့်အပေါ်မှာ မိတ်ဆွေကောင်းပီသခဲ့တဲ့သူတွေရဲ့ ကျေးဇူးတရားကို ဘယ်တော့မှ မမေ့ပါနဲ့ မိန်းကလေး"

"အစ်ကိုလွင် မနက်ဖြန်ကျရင် မောင်လေးကို လာကြည့်ဦးမယ်လို့ ပြောတယ်"

မိနှင်းပွင့်က လွင်အောင်ဟိန်းလာမည့်အကြောင်းကို ဒုတိယအကြိမ် ပြောမိပြန်၏။ သူ၏အဘွားက ဘာမှမပြောဘဲ မင်းသန်းမောင်ကို ဆေးတိုက်ရန် ပြင်ဆင်နေ၏။

မိနှင်းပွင့်က လွင်အောင်ဟိန်းလာမည်ဆိုသော မနက်ဖြန်ကိုသာ စိတ်အားထက်သန်စွာနှင့် စောင့်မျှော်နေမိ၏။





သို့စေကာမူ . . .

နောက်တစ်နေ့တွင် လွင်အောင်ဟိန်း မလာပါ။ မိနှင်းပွင့် ရင်ထဲ လှိုက်ဟာရ၏။ နောက်တစ်နေ့၏ နောက်နေ့မှာလည်း မလာပါ။ မိနှင်းပွင့် အားလျော့ရ၏။ ထို့အတူ မိမြတ်နိုးကြင်လည်း မလာပါချေ။ စိတ်ထဲတွင် သံသယဝင်ရ၏။ သည့်နောက်တွင်မူ မိနှင်းပွင့်သည် သူတို့ကို မေ့ပျောက်နိုင်ရန် ကြိုးစားရတော့၏။ သူတို့အကြောင်း စိတ်ထဲမှာ ပေါ်လာသည်နှင့်တစ်ပြိုင်နက် အခြားသို့အာရုံလွှဲပြောင်းလိုက်ရ၏။ ရွာထဲသို့လည်း မသွားပါ။ မင်းသန်းမောင်ကို ပြုစုရင်း အိမ်မှာပင် နေခဲ့၏။ အကယ်၍ လွင်အောင်ဟိန်း လာခဲ့လျှင် အဆင်သင့်တွေ့ရန်လည်း ဖြစ်ပါလိမ့်မည်။

သို့သော် တစ်ပတ်ပြည့်သောနေ့တွင်ကား မိန်းမတောရေးသို့ သွားရန် အကြောင်းပေါ်ခဲ့၏။ ဒေါ်မိအိမ်စည် နေမကောင်းသဖြင့် ဆိုင်ပို့သွင်းရန်သော တောင်းများကို မိနှင်းပွင့် ပို့ရ၏။ ဤတွင် လွင်အောင်ဟိန်း ရန်ကုန်ပြန်သွားသည့်သတင်းကို မိနှင်းပွင့် ကြားသိခဲ့ရ၏။

ထိုသတင်းကို ပြောကြားသူမှာကား မိမြတ်နိုးကြင်ပင် ဖြစ်ပါ၏။

မိနှင်းပွင့်သည် ကိစ္စဝိစ္စများ ပြီးစီးပြီဖြစ်သဖြင့် ရွာသို့ပြန်ရန် ဈေးထဲမှထွက်လာသည်တွင် သူမ၏အမည်ကို နောက်ဘက်မှခေါ်သံ ကြားရ၏။

"နှင်းရေ . . . နှင်း"

လှည့်ကြည့်လိုက်သောအခါ ဝမ်းသာရွှင်လန်းသောမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူမထံသို့ ခပ်သွက်သွက်ကလေး လာနေသော မိမြတ်နိုးကြင်ကို တွေ့ရ၏။

"ဩော် . . . မြတ်နိုးပါလား"

မိနှင်းပွင့်က တည်ငြိမ်ဟန်ဖြင့် ပြောလိုက်၏။

"မြတ်နိုးလည်း နှင်းဆီကို လာမလို့ပဲ။ တစ်နေ့လာမယ် လာမယ်နဲ့ မလာဖြစ်ဘူး။ ဒေါ်ကြီး နေမကောင်းနေလို့ အိမ်မှာရှိတဲ့အလုပ်မှန်သမျှ မြတ်နိုးတစ်ယောက်တည်း လုပ်နေရတယ်"

သည်တော့လည်း မိနှင်းပွင့် စိတ်မကောင်းပါ။ မြတ်နိုးကြင်ကို ခွင့်လွှတ်ရန် ဖြစ်နေ၏။

"နှင်းလည်း မောင်လေး နေမကောင်းသေးတာနဲ့ ဘယ်ကိုမှ မထွက်ဖြစ်ဘူး။ ကနေ့မှပဲ အဘွားနေမကောင်းတာနဲ့ ဈေးကို နှင်း လာခဲ့ရတာ"

"နှင်းမောင်လေး နေကောင်းသွားပြီလား"

"ကောင်းသွားပါပြီ"

"နှင်းအဘွား နေမကောင်းတာကော"

"လူကြီးဆိုတော့ သရိုးသရီဖြစ်တာပါ"

"အစ်ကိုလွင့်အကြောင်း ပြောမလိုပါ။ အစ်ကိုလွင် နောက်တစ်နေ့ ပြန်လာမယ်ဆိုပြီး ပြန်မလာဘူး။ နောက်နေ့တွေလည်း ပြန်မလာဘူး။ နောက်သုံးရက်ကြာမှ စာရောက်လာတယ်။ သူ ရန်ကုန်မှာ ကိစ္စရှိလို့ ဆက်သွားတယ်တဲ့။ ကျောင်းတွေဖွင့်တော့မှာမို့ ပြန်မလာတော့ဘူးတဲ့။ တစ်ခါတည်းပဲ ကျောင်းဆက်တက်တော့မယ်တဲ့။ အစ်ကိုတို့လည်း





မနေ့ကပဲ ရန်ကုန်ပြန်သွားပြီ"

မိနှင်းပွင့် ခေါင်းတစ်ဆတ်ဆတ်ညိတ်၏။ လွင်အောင်ဟိန်း မိန်းမတောတွင် မရှိပြီ။ ရန်ကုန်တွင် ကျောင်းတက်နေပြီဖြစ်၏။ ကျောင်းပိတ်မှပင် သူတို့ ပြန်လာပေတော့မည်။

"အစ်ကိုလွင်က သူ့စာထဲမှာ နှင်းကို တောင်းပန်လိုက်တယ်။ သူ လာမယ်ဆိုပြီး မလာနိုင်တဲ့အတွက် ခွင့်လွှတ်ပါတဲ့"

"ဘယ်တတ်နိုင်မလဲ မြတ်နိုးရယ်။ ကိုယ့်ကိစ္စနဲ့ ကိုယ်ပဲ"

မိနှင်းပွင့်က တိုးတိုးကလေး ပြန်ပြော၏။

ထိုစဉ်မှာပင် သူတို့အနီးသို့ အသက်ငါးဆယ်အရွယ်လူကြီး တစ်ယောက် ရောက်ရှိလာ၏။

"ဟော . . . ဖေဖေပါလား။ သမီး အခုပဲ ဖေဖေ့ဆီကို လာမလို့ပါ။ နှင်းနဲ့တွေ့လို့ ခဏရပ်ပြီး စကားပြောနေတာ။ သူက သမီးနဲ့ အစ်ကိုလွင်ပြောတဲ့ မိနှင်းပွင့်ဆိုတာလေ။ ဖေဖေတို့ပြောနေတဲ့ ဒေါ်မြ[illegible]ညီရဲ့ မြေးပေါ့"

မိမြတ်နိုးကြင်၏ဖခင်က မိနှင်းပွင့်ကို အကဲခတ်ကြည့်ပြီး နောက် . . .

"အင်း . . . မိန်းကလေးက မိန်းကလေးအမေ မြတ်လေးငုံနဲ့ တူတယ်ပါပဲလား။ အဘွားရော၊ အမေရော အားလုံးမိန်းမချောတွေချည်းပဲ"

မိနှင်းပွင့် ခေါင်းငုံ့ထား၏။

"အေး . . . အေး . . . ကောင်းပါတယ်ကွယ်။ သမီးတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ခုလို ခင်ခင်မင်မင် ရှိကြတော့ ညီအစ်မအရင်းတွေလို့ ချစ်ချစ်ခင်ခင်နေသွားကြ သိလား"

"ဟုတ်ကဲ့"

မိနှင်းပွင့်နှင့် မိမြတ်နိုးကြင် ပြိုင်တူကတိပြုလိုက်ကြ၏။

"ဒါနဲ့ သမီးဘယ်နှစ်တန်းရောက်ပြီလဲ"

"ကျွန်မဖေဖေနဲ့ မေမေ ဆုံးသွားလို့ ခုနစ်တန်းဖြေပြီးကတည်းက ကျောင်းထွက်ခဲ့ရပါတယ်"

"ဖြစ်မှဖြစ်ရလေကွယ်။ အခုကျောင်းဆက်မနေဘူးလား"

"အဘွားက ရှေ့နှစ်တော့ ကျောင်းပြန်ထားမယ် ပြောပါတယ်။ ခုတော့ မောင်လေးတစ်ယောက်ပဲ ကျောင်းဆက်တက်ရပါသေးတယ်"

"နေပါဦးကွယ်။ ဒီလိုဆိုရင် သမီးအဘွားနဲ့ ဦး ပြောပါဦးမယ်။ ဘာပဲဖြစ်ဖြစ် ဆယ်တန်းလောက် အောင်အောင်နေဖို့ ကောင်းပါတယ်။ ဒါမှ ကိုယ် အလုပ်ကလေး ဘာလေး လုပ်ချင်လည်း လုပ်နိုင်မယ် မဟုတ်လား။ ဒါနဲ့ သမီးကကော ကျောင်းနေချင်တယ် မဟုတ်လား"

"ကျွန်မနေချင်ပါတယ်၊ ဖေဖေမဆုံးခင်တုန်းက ကျွန်မတို့ မောင်နှမကို တက္ကသိုလ်ရောက်အောင် ပို့မယ်လို့ ပြောပါတယ်"

"အေးကွယ် . . . ကြိုးစားပေါ့။ ဦးလည်း တတ်နိုင်သလောက် အကူအညီပေးပါ့မယ်"

ဦးနိုင်တင်ချိုသည် တကယ်ပင် မိနှင်းပွင့်ကို အကူအညီ ပေးပါ၏။ နောက်တစ်နေ့တွင် မိနှင်းပွင့်တို့အိမ်သို့ ဦးနိုင်တင်ချို ရောက်လာ၏။ ဒေါ်မိအိမ်စည်နှင့် တစ်နာရီခန့် စကားပြောကြ၏။ မိနှင်းပွင့်





အကြောင်းလည်း ပါ၏။ ရှေးဟောင်းနှောင်းဖြစ်တွေလည်း ပါ၏။ မိနှင်းပွင့်၏အကြောင်းက အဓိကဖြစ်၏။

နောက်သုံးရက်အကြာတွင် မိနှင်းပွင့် ကျောင်းတက်ရ၏။ ကိစ္စအဝဝကို ဦးနိုင်တင်ချိုက တာဝန်ယူ၏။

သို့ဖြင့် မိနှင်းပွင့်နှင့်မိမြတ်နိုးကြင် ကျောင်းတွင် နေ့စဉ်တွေ့ကြရ၏။ သို့သော် အတန်းတူကား မဟုတ်ပေ။ မိနှင်းပွင့်က ရှစ်တန်း၊ မိမြတ်နိုးကြင်က ၉ တန်း တစ်တန်းကွာ၏။

ဤသို့ဖြင့် မိနှင်းပွင့် ကျောင်းတက်ပြီး တစ်လခန့်အကြာတွင် အဘွားဖြစ်သူ ဒေါ်မိအိမ်စည် အပြင်းဖျားပြီး သုံးလေးရက်အတွင်း ကွယ်လွန်သွား၏။

ဒေါ်မိအိမ်စည်၏ အသုဘကိစ္စရပ်များကို ဆေးဆရာကြီးဦးဘမှုံနှင့် ကျောင်းဆရာကြီးဦးနိုင်တင်ချိုတို့ ကမကထပြုပြီး ဆောင်ရွက်ပေးကြ၏။ ထို့မှုမက လောကကြီးအလယ်တွင် မျက်နှာငယ်ကလေးများဖြင့် ကျန်ရစ်ခဲ့ကြသော မိနှင်းပွင့်တို့မောင်နှမကိစ္စကိုလည်း ဆရာကြီးနှစ်ဦး ညှိနှိုင်းတိုင်ပင်ပြီး ခွဲဝေတာဝန်ယူလိုက်ကြ၏။

ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့တွင် မိနှင်းပွင့်က ဦးနိုင်တင်ချို၏အိမ်တွင် လိုက်နေရ၏။ မောင်မင်းသန်းမောင်က ဆေးဆရာကြီးဦးဘမှုံအိမ်တွင် အမွေစားအမွေခံကိတ္တိမ သားအဖြစ်သွားနေရ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

သည်မှရှေ့တွင် မိနင်းပွင့်၏ဘဝသည် မိမြတ်နိုးကြင်၏ဘဝနှင့် ယှက်နွယ်လျက် ရှိတော့၏။ သူတို့နှစ်ဦးသည် အုံသြဖွယ်ရာကောင်း လောက်အောင်ပင် တစ်ဦးနှင့်တစ်ဦး ငြိတွယ်နေကြ၏။

မိနင်းပွင့်တွင် အဝတ်အစား ပြည့်ပြည့်စုံစုံ မရှိပါ။ မိမြတ်နိုးကြင် က ဖခင်၏ သဘောတူညီချက်ဖြင့် အသစ်ချုပ်ပေးသည်လည်း ရှိ၏။ သူမ၏ အဝတ်အထည်များကိုလည်း ခွဲပေး၏။

မိနင်းပွင့်သည် ကျောင်းစာများနှင့် တစ်နစ်ပြတ်နေသဖြင့် အတော်ကလေး ပြန်နွေးယူရ၏။ အထူးသဖြင့် အင်္ဂလိပ်စာနှင့်သင်္ချာ တွင် အခက်အခဲ ဖြစ်နေသည်များ ရှိ၏။ ထိုအခါ မိမြတ်နိုးကြင်က ကူညီ





ရ၏။ ပြပေးရ၏။ တွက်ပေးရ၏။ သို့သော် ခက်ခက်ခဲခဲ မပြုရပါ။ အရိပ် အမြွက်လောက်ပြောလျှင် ရ၏။ မိနင်းပွင့် ဉာဏ်ထက်၏။

သူတို့နှစ်ယောက် အိမ်မှုကိစ္စများတွင် ဒေါ်ကြီးကို ကူ၍လုပ် ကြ၏။ ဈေးသွား၏။ ချက်ပြုတ်၏။ လျှော်ဖွတ်၏။ အိမ်ကိုမွမ်းမံပြင်ဆင်၏။

ကျောင်းချိန် စာကြည့်ချိန်နှင့် အိမ်မှုကိစ္စချိန်တို့နှင့် လွတ်သည့် အချိန်များတွင် သူတို့နှစ်ယောက် ပန်းခြံထဲတွင် စကားပြောကြ၏။ လမ်း လျှောက်ကြ၏။ စက်ဘီးစီးကြ၏။

ကျောင်းပိတ်ရက်တစ်မနက်တွင် သူတို့နှစ်ယောက် စက်ဘီးစီး ထွက်ခဲ့ကြ၏။ ယခုတစ်ကြိမ်တွင်မူ သူတို့နှစ်ယောက်သည် မြို့ကိုလွန်ပြီး မိန်းမတောနယ်နိမိတ်အစပ်သို့ ရောက်အောင်သွားကြ၏။ မိနင်းပွင့်အဖို့ တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခဲ့ခြင်းမရှိပါ။ ယခု ပထမဆုံးအကြိမ် ရောက် ခြင်းပင် ဖြစ်၏။

မိနင်းပွင့်သည် မိမြတ်နိုးကြင်နှင့် ဘေးချင်းယှဉ်ပြီး စက်ဘီးကို နင်းမှန်နင်းသွားနေရာမှ သူမ၏ ရှေ့ဘက်တွင် တစ်စုံတစ်ခု တွေ့မြင် လိုက်ရသဖြင့် စက်ဘီးကို တုံ့ခနဲ ဘရိတ်အုပ်လိုက်၏။

“ဘာဖြစ်လို့လဲ . . . နင်း”

မိမြတ်နိုးကြင်က စိုးရိမ်စွာမေးလိုက်၏။ သူမ၏စက်ဘီးကို မိနင်းပွင့်၏ ရှေ့အနည်းငယ်လွန်သွားပြီးမှ ရပ်လိုက်၏။

မိနင်းပွင့်က နှုတ်မှမပြောဘဲ တစ်နေရာသို့ လက်ညှိုးထိုးပြ လိုက်၏။ မိမြတ်နိုးကြင်က ကြည့်၏။ သို့သော် ထူးခြားချက်တစ်ခုတစ်ခု မျှ တွေ့ရှိခြင်းမရှိသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှလဲ မတွေ့ပါလား . . . နှင်းရဲ့"

"မြတ်နိုး မမြင်ဘူးလား။ ဟိုတောင်ကုန်းပေါ်က အိမ်ကြီးလေ"

"ဪ . . . ဒါလား။ နှင်းက ဒီဘက်ကိုမှ မရောက်ဘူးပဲကိုး။ သံလွင်အိမ်ကြီးကို အရင်က ဘယ်မြင်ဘူးပါ့မလဲ"

"သံလွင်အိမ်ကြီးတဲ့လား"

မိနှင်းပွင့် အံ့ဩစွာ ရေရွတ်လိုက်၏။

"ဟုတ်တယ် . . . သံလွင်အိမ်ကြီးပဲ။ ဒီနယ်တစ်ဝိုက်မှာတော့ အကြီးဆုံးအိမ်ကြီးပဲ"

"မြို့စားမင်းအိမ်တော်ထက်တောင် ကြီးသေးသလား"

"ကြီးတာပေါ့။ ဘယ်လောက်ကြီးသလဲဆိုရင် ပြတင်းပေါက်တွေကို လူတစ်ယောက်တည်း လိုက်ပိတ်ရင် သုံးနာရီကြာတယ်လို့ အဆိုရှိတယ်"

"အားပါး . . . ဟုတ်မဟုတ် တစ်ခါလောက် လိုက်ကြည့်ရအောင်"

"မလုပ်နဲ့ . . . အနှင်း။ အဲဒီအိမ်ကြီးက ကျိန်စာသင့်နေတဲ့ အိမ်ကြီး။ တစ်ခါတုန်းက အဲဒီအိမ်ကြီးကို ရောက်သွားတဲ့သတို့သမီး တစ်ယောက်ဟာ မင်္ဂလာဦးညမှာ ပြတင်းပေါက်တွေကို လိုက်ပိတ်ရင်း အန္တရာယ်ဆိုးတစ်ခုနဲ့ ကြုံတွေ့ခဲ့ရတယ်တဲ့"

"ဟင် . . . ဟုတ်လား။ ကိုယ် တစ်ခါမှ မကြားဘူးပါလား မြတ်နိုးရဲ့။ ကိုယ့်ကို ပြောပြပါစမ်းပါ"

သူတို့နှစ်ယောက် စက်ဘီးကိုမစီးဘဲ သံလွင်အိမ်ကြီးဘက်သို့





တွန်းခဲ့ကြ၏။ သေသေချာချာကြည့်သောအခါ သံလွင်အိမ်ကြီးသည် မြတ်နိုးကြင် ပြောသည့်အတိုင်း မြို့စားမင်းအိမ်တော်ထက် ကြီးမားကြောင်း မိနှင်းပွင့် တွေ့ရ၏။ ပထမတွင် မိနှင်းပွင့်သည် သံလွင်အိမ်ကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရသောအခါ သူမသည် အရှေ့ပိုင်းကို သွားနေပါလျက်၏နှင့် အဘယ်ကြောင့် အနောက်ပိုင်းတွင်ရှိသော မြို့စားမင်းအိမ်တော်ကြီးကို မြင်တွေ့ရသနည်းဟု အံ့ဩတုန်လှုပ်သွားရခြင်း ဖြစ်၏။

"သံလွင်အိမ်ကြီးဟာ ဒီနယ်မှာ အကြီးဆုံးဖြစ်သလို သံလွင်မိသားစုဟာ ဒီနယ်မှာ အချမ်းသာဆုံးပဲ"

"ဟုတ်လား . . . အဲဒါလည်း နှင်း မသိဘူး။ နှင်းကတော့ မြို့စားမင်းအိမ်တော်မိသားစုဟာ အချမ်းသာဆုံးလို့ ထင်နေတာ"

"ဟိုတုန်းကတော့ အတူတူလောက် ချမ်းသာကြတာပါပဲ။ မြို့စားမင်းအဆက်အနွယ်တွေက သတ္တုတွင်း ရှိတယ်။ သံလွင်အိမ်ကြီး မိသားစုက စက်လှေတွေ ရှိတယ်။ နောက်တော့အခြေအနေတွေ ပြောင်းလာတယ်။ မြို့စားအဆက်အနွယ်တွေက စီးပွားရေး ကျလာတယ်။ သတ္တုတွင်းကိုလည်း ပိတ်လိုက်ရတယ်။ အစ်ကိုတိုးတို့အဖေကလည်း အလောင်းအစား များတယ်။ အခုမှ အခြေအနေမကောင်းလို့ ခြေငြိမ်သွားတာ။ သံလွင်မိသားစုကတော့ စီးပွားဖြစ်သထက် ဖြစ်လာတယ်။ စက်လှေတွေတစ်စင်းပြီးတစ်စင်း တိုးလာတယ်။ ဒါပေမဲ့ သူတို့စီးပွားဖြစ်တာ အလကားပဲ၊ ဘာပြုလို့လဲဆိုတော့ သူတို့မိသားစုက ကျိန်စာသင့်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကျိန်စာမျိုးလည်း မြတ်နိုးရယ်။ တကယ်ပဲလား"

"တကယ် ဟုတ်မဟုတ်တော့ မသိဘူး။ အစဉ်အဆက်ပြော လာကြတာပဲ။ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာလောက်ကတဲ့။ အဲဒီအိမ်ကြီးမှာ ဘီလူးလေးတစ်ကောင် မွေးတယ်တဲ့"

"ဟင် . . . တကယ်ပဲလား။ ဘယ်သူက မွေးတာလဲ"

"သြော် . . . ပြောပြတာပါလို့ဆိုနေမှပဲ နှင်းရယ်။ မွေးတာက တော့ သံလွင်သတို့သမီးတစ်ယောက်ကပဲပေါ့။ သူတို့လည်း ရှက်တာနဲ့ အသေကာလေးမွေးတယ်ဆိုပြီး မောင်းကျည်ပွေ့တစ်ခုကို ကလေးယောင် ဆောင်ထုတ်ပိုးပြီး သင်္ဂြိုဟ်လိုက်ကြတယ်။ ဒါပေမဲ့ အဲဒီဘီလူးကလေး ကိုတော့ ဘယ်သူမှ သတ်မပစ်ဝံ့တာနဲ့ အခန်းတစ်ခုထဲမှာ သော့ခတ်ပြီး ထားရတယ်တဲ့။ ခွန်အားဗလနဲ့ ပြည့်စုံတဲ့ လူတစ်ယောက် တံခါးစောင့် အဖြစ် ထားတယ်တဲ့။ တစ်နေ့တော့ သံလွင်အိမ်ကြီးက သတို့သားတစ် ယောက်ဟာ အခြားမြို့က သတို့သမီးတစ်ယောက်နဲ့ လက်ထပ်တယ်တဲ့။ သတို့သမီးဟာ သံလွင်အိမ်ကြီးကို ရောက်တဲ့မင်္ဂလာဦးညမှာ ပြတင်း ပေါက် ကိုးဆယ့်ကိုးပေါက်ကို ကိုယ်တိုင်လိုက်ပိတ်တယ်တဲ့။ အဲဒီအချိန် မှာ ဘီလူးကလေးကိုစောင့်တဲ့ တံခါးမှူးဟာ အခန်းတံခါးကို သော့တန်း လန်းနဲ့ ထားခဲ့ပြီး အောက်ကိုခဏသွားနေတာတဲ့။ သတို့သမီးဟာ အဲဒီ အခန်းထဲက ပြတင်းပေါက်ကို ပိတ်ရအောင် အထဲကိုဝင်တဲ့အခါမှာ ဘီလူးလေးကိုတွေ့ပြီး တစ်ခါတည်း ရူးသွားတယ်တဲ့။ အဲဒီနောက်မှာ ဘီလူးလေးကိုလည်း သတ်ပစ်လိုက်ကြတယ်လေ။ ဘီလူးလေးက ကျိန် ခဲ့တယ်ဆိုလား။ သတို့သမီးက ကျိန်ခဲ့တယ်ဆိုလားပဲ။ သံလွင်အိမ်ကြီး





က အမျိုးသမီးတွေဟာ ရူးသွပ်တဲ့ဝေဒနာတစ်မျိုးကို ခံစားနေကြရ တယ်"

"ဘယ်လိုဝေဒနာမျိုးလဲဟင် . . . မြတ်နိုး"

"လပြည့်လကွယ်နေ့တိုင်း အိမ်ရှေ့မြက်ခင်းပြင်မှာထွက်ပြီး ကခုန်ကြတယ်"

"အို . . . စိတ်မကောင်းစရာပါလား မြတ်နိုးရယ်"

"မြတ်နိုးလည်း လပြည့်နေ့တစ်နေ့လောက်မှာ သွားပြီးချောင်း ကြည့်မယ်လို့ အောက်မေ့တာ။ အဖော်ကောင်းရင်ပေါ့။ ခုထက်ထိတော့ ကြည့်ဖြစ်သေးဘူး နှင်း"

"ဒါဆို တစ်ခါလောက် သွားကြည့်ကြရအောင်။ နှင်းလည်း [illegible]ယ်"

"သွားကြတာပေါ့"

ထိုအချိန်တွင် သူတို့သည် သံလွင်အိမ်ကြီးကို ဖြတ်ကျော်လျှောက် [illegible] အမှတ်မထင်ဆိုသလို မိနှင်းပွင့်သည် ပြတင်းပေါက်တစ်ခုတွင် ရပ် [illegible]မောလှပသည့် မိန်းမပျိုတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။ [illegible]အားလျှော့ချထား၏။

"အဲဒါ သံလွင်မိသားစုရဲ့ တစ်ဦးတည်းသော အမွေခံသမီး မြ[illegible]ယ်တဲ့"

"နာမည်ကလေးက လှလိုက်တာ"

"သူ့အဖေနဲ့ အမေကော ရှိသေးသလား"

"ရှိတယ်။ ဦးနန်းတင်၊ ဒေါ်မိမိနွယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မြနန်းနွယ်တို့ဟာ လပြည့်လကွယ်သန်းခေါင်ယံအချိန်တိုင်း ... ကကြသတဲ့လား"

"မပြောတတ်ဘူးလေ။ ဒါကြောင့်မို့ တစ်ခါလောက် ချောင်းကြည့်ချင်တယ်လို့ ပြောတာပေါ့"

"ဒုံရှိုးအချိန်မှာတော့ သူတို့ဟာ လူကောင်းတွေပဲလား"

"လူကောင်းတွေပဲလို့ ပြောတာပဲ"

"မြတ်နိုး သူတို့နဲ့ မသိဘူးလား"

မိမြတ်နိုးကြင် ခေါင်းခါ၏။

"ဘာပဲဖြစ်ဖြစ် မြနန်းနွယ်ဟာ နာမည်ရော၊ လူရော လှတာတော့ အမှန်ပဲ။ နောက်ပြီး လူတွေ ပြောနေကြတာလဲ ဟုတ်ချင်မှဟုတ်မှာပါ မြတ်နိုးရယ်"

"ဟင်း . . . ပြောရမှာတော့ ခက်သားပဲ။ အရင်ရေးလူကြီးတွေကတော့ မြင်ဖူးကြတယ်လို့ ဆိုတာပဲ။ မြတ်နိုးလည်း မဟုတ်ပါစေနဲ့လို့ ဆုတောင်းရမှာပါပဲ"

သံလွင်ရိပ်သာကို လွန်သောအခါ သူတို့နောက်ပြန်လှည့်ကြ၏။ စက်ဘီးကိုစီးပြီး ပြန်ခဲ့ကြ၏။

များပြားသော ပြတင်းပေါက်များကို မိနှင်းပွင့် ကြည့်၏။ ဆံထုံးဖားလျားချထားသော မြနန်းနွယ်ကို မမြင်ရတော့ပါ။

× × ×



## အခန်း ( ၇ )

မိမြတ်နိုးကြင်တို့အိမ်သည် မြို့စားမင်းအိမ်တော်မှနှင့် အလှမ်းဝေးကွာလှသည် မဟုတ်သော်လည်း မိမြတ်နိုးကြင်သည် မြို့စားမင်းအိမ်တော်သို့ အကူးအလူး အဆက်အဆံမများပါချေ။ မိနှင်းပွင့်ရောက်မှ မြို့စားမင်းအိမ်တော်သို့ မိမြတ်နိုးကြင် တစ်ခေါက်သာသွား၏။ ဦးနိုင်တင်နှင့် ... တာရေးစာအ... နှိုင်းသဖြင့် သွားပို့ရခြင်း ဖြစ်၏။ မိနှင်းပွင့်လည်း အနေ ... လိုက်သွားရ...။

မိနှင်းပွင့်အဖို့ မြို့စားမင်းအိမ်တော်ရှေ့ဧည့်ခန်းဆောင်သို့ ပထမအကြိမ် ရောက်ဖူးခြင်းပင် ဖြစ်ပါသည်။ အိမ်ဖော်အမျိုးသမီးကလေး ... သူတို့ကို ဧည့်ခန်းတွင် နေရာချထားပြီးနောက် အပေါ်ထပ်သို့ ... သွား၏။ အပြောက်အမွှမ်းတို့ဖြင့်ပြီးသော ရာမည်ခေတ်ရွှေ ... မှအိမ်ထောင်ပရိဘောဂများကို မိနှင်းပွင့် တအံ့တသြ တငေး ... ဖြစ်နေ၏။ ရတနာမျိုးစုံစီ၍ ရွှေချထားသော မိကျောင်းစောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုကြည့်ပြီး သာယာညင်းနေသော တူရိယာသံတို့ကို မည်သူများ တီးခတ်ရေးမည်နည်းဟု မိနှင်းပွင့် စဉ်းစားနေမိ၏။ တင်းမာခက်ထန်သော မျက်နှာများ၊ ကျယ်လောင်သော သေနတ်သံများနှင့် ရဟနာကျောက်မျက်များစီ၍ ရွှေချထားသော မိကျောင်းစောင်းကို မိနှင်းပွင့် မည်သို့မျှ မဆက်စပ်မိဘဲ ရှိနေ၏။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါမှပင် ရုပ်လုံးဖော်ထားသော ကျွန်းလှေကားကြီးမှ ဒေါ်ထိပ်တင်မကြီး တစ်ထစ်ချင်း ဖြည်းညင်းစွာ ဆင်းလာ၏။ ထို့နောက် နှစ်ယောက်စလုံး ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ကြ၏။

"ထိုင်ကြပါ . . . ထိုင်ကြ"

ဒေါ်ထိပ်တင်မကြီးက သူတို့ကို အခွင့်ပေးသလို အမိန့်ပေးသလို ပြောလိုက်၏။ သူတို့ထိုင်ကြ၏။ မိမြတ်နိုးကြင်က . . .

"ဖေဖေက တအုပ်အပို့နိုင်းလိုက်လို့ပါ"

"အေး . . . အေး"

"ဘာမှာလိုက်ဦးမလဲ"

"မမှာတော့ပါဘူး"

"ကျွန်မတို့ ပြန်တော့မယ်"

မိမြတ်နိုးကြင် ထိုင်ရာမှထ၏။ မိနှင်းပွင့်လည်း တစ်ပါတည်း ထရပ်၏။

"နေကြပါဦး"

မိန်းကလေးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။





"သူက ဘယ်သူလဲ"

မိနှင်းပွင့်ကိုကြည့်ပြီး ဒေါ်ထိပ်တင်မကြီးက မေး၏။

"မိနှင်းပွင့်ပါ . . . ဆင်ကျုံးရွာက ဒေါ်မိအိမ်စည်ရဲ့မြေးပါ"

မိမြတ်နိုးကြင်က ဖြေလိုက်၏။

"သြော် . . . မိမြတ်လေးငုံရဲ့သမီးကိုး"

ဒေါ်ထိပ်တင်မကြီး၏လေသံကို မကြိုက်သဖြင့် မိနှင်းပွင့် စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သွား၏။ သို့သော် ဒေါသကို အပြင်သို့ မထုတ်ဘဲ ရင်ထဲတွင် မျိုသိပ်ထားလိုက်၏။

"ကဲ . . . ကဲ . . . သွားကြ၊ သွားကြတော့"

မိန်းကလေးနှစ်ယောက် မြို့စားမင်းအိမ်တော်ကြီးမှ တိတ်ဆိတ်စွာ ထွက်ခဲ့ကြ၏။ လမ်းတစ်ဝက်လောက်ရောက်မှ မိနှင်းပွင့်က . .

"အဲဒီမိန်းမကြီးက တော်တော်မာနကြီးတာလဲ"

"မြို့စားအဆက်အနွယ်တွေဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ နှင်းရယ်"

"မြတ်နိုးကော မြို့စားမင်းအိမ်တော်မှာ မနေချင်ဘူးလား"

မိမြတ်နိုးကြင်က မိနှင်းပွင့်ကို အံ့သြသောမျက်နှာဖြင့် ကြည့်လိုက်ပြီး . . .

"ဘာလို့မေးတာလဲ . . . နှင်း"

"အို . . . ဘာမှမဖြစ်ပါဘူး။ အိမ်ကြီးကကြီးလို့ မနေချင်ဘူးလားလို့ မေးတာပါ"

"အိမ်ကြီးတာ ငယ်တာ အကြောင်းမဟုတ်ပါဘူး နှင်းရေ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းချမ်းသာသာ နေရဖို့ကသာအကြောင်းပါ"

မိနှင်းပွင့် စကားမဆက်တော့ပါ။ စေတုတ္တအမျိုးစင် စကားစခဲ့ရသည်ဆိုသောနေရာသို့ သွားရောက်ကြည့်သဉ်က မိမြတ်နိုးကြင်ကို မြို့စားမင်း အဆက်အနွယ်များနှင့်အတူ တွေ့ရှိရသဖြင့် မမြတ်နိုးကြင်သည် မြို့စားမင်းအိမ်တော်သို့ အဝင်အထွက် အဆက်အသွယ်များချေသည်ဟု မိနှင်းပွင့် ထင်ခဲ့သော်လည်း လက်တွေ့တွင်မူ အသွား အလာနည်းကြောင်း တွေ့ရပြီဖြစ်၏။

သို့သော် လူကြီးချင်းကား အဆက်အသွယ် မနည်းပြီ[illegible] တစ်နေ့တွင် ဦးမင်းညီဂေါင်သည် ပန်းခြံဘွင်း၌ အရေးကာင်ရန် ပန်းခူးနေသော မိနှင်းပွင့်ကို တွေ့မြင်သွားသည် . . .

"ကိုနိုင်တင်ချိုရေ . . . သူက မြင်[illegible] မိုး[illegible] ပေါ့လား"

"ဟုတ်တာပေါ့"

"မြတ်လေးငုံ ငယ်ငယ်တုန်းကအတိုင်းပဲ"

"ဟုတ်တယ်"

"ခင်ဗျား သူ့ကို မွေးစားထားတယ်ဆို၊ တော်ပါတယ် . . . ကောင်းပါတယ်"

ထိုသို့ပြောပြီး ဦးမင်းညီဂေါင် ထွက်သွား၏။ မိနှင်းပွင့် မျက်မှောင်ကြုတ်ပြီး ကျန်ရစ်၏။

ထို့ပြင် တစ်ပတ်လျှင် တစ်ခါလောက်ဆိုသလို ဒေါ်ထဝ်တင် မကြီးက ဦးနိုင်တင်ချို စားသောက်ရန်အတွက် ဟင်းရံတစ်ခုခုသော်





လည်းကောင်း အပို့ခိုင်းလေ့ရှိ၏။

ထိုအခါ မိနှင်းပွင့် တစ်ခုစဉ်းစားမိ၏။ ဤအိမ်နှစ်အိမ်သည် လူကြီးချင်း အဆက်အသွယ်ရှိလျှင်လည်း လူငယ်ချင်းလည်း အဆက်အသွယ် ရှိရမည်ဟူသည့် အချက်ပင်ဖြစ်၏။ ယခုရက်များတွင် မြို့စားမင်းအိမ်တော်သို့ အဝင်အထွက်နည်းသည်ဖြစ်သော်လည်း ကျောင်းစိတ်ရက် လူငယ်တွေရှိနေသည့်အချိန်တွင်ကား ချောင်းပေါက်အောင် ဝင်ထွက်ကောင်း ဝင်ထွက်ပေလိမ့်မည်။

ထိုမှတစ်ဆင့်တက်ပြီး မိနှင်းပွင့် စဉ်းစားကြည့်၏။ မြို့စားမင်းအိမ်တော်မိသားစုတွင် လူရွယ်သုံးဦး ရှိနေ၏။ မိမြတ်နိုးကြင်သည် ညီသူနှင့် ခင်မင်တွယ်တာသဖြင့် ဝင်ထွက်သွားလာနေသနည်း။ သုံးယောက်စလုံးနှင့် မောင်နှမအရင်းချာလို ခင်မင်ရင်းနှီးနေ၍လော။ သို့မဟုတ် တစ်စုံတစ်ယောက်နှင့် အထူးတလည် သံယောဇဉ်ငြိတွယ်နေ၍လေလော။

လူရွယ်သုံးဦးရှိသည့်အနက် မြို့စားမင်းအိမ်တော် မိသားစုသားငယ်ဖြစ်သော နိုင်မောင်စိုးနှင့် ရင်းနှီးခင်မင်၍ကား မဖြစ်နိုင်ပါချေ။ မိမြတ်နိုးကြင်နှင့် မေးထူးခေါ်ပြောလောက်သာ ဖြစ်ပါ၏။ သူမှာ အဆက်မြို့၏ နဝမတန်းမှ မြကြာဖြူနှင့် သူအဆက်ဖြစ်နေ၏။

မြကြာဖြူ လုပ်ပုံက တစ်မျိုးဖြစ်၏။ ကွကြွရွရွကလေးလှခြင်းဖြစ်၏။ သူ့အလှက ပေါ်လွင်၏။ ထင်လင်း၏။ မျက်နှာကလည်း အမူအရာများ၏။ သူစကားပြောလျှင် ခေါင်းကလေး တယမ်းခါခါနှင့်ဖြစ်၏။ နှုတ်ခမ်းပင့်ကာ ချကာနှင့်ဖြစ်၏။ သူမ၏ ရင်နှင့်တင်သည် အရွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မလိုက်အောင် ဖွံ့ဖြိုး၏၊ အထက်တန်းကျောင်းသူတစ်ယောက်နှင့်မတူ။ တက္ကသိုလ်ကျောင်းသူလား၊ သရုပ်ဆောင်အဆိုတော်လား ထင်မှတ်ရ၏။

မြကြာဖြူတို့၏မျိုးရိုးသည် ထင်ရှားကျော်ကြားသော ဗိသုကာပညာရှင်များ ဖြစ်ကြ၏။ မြို့စားမင်းအိမ်တော်ကို ဆောက်လုပ်ခဲ့သော ဗိသုကာပညာရှင်ကြီးပင်လျှင် သူတို့၏ဘေးတော်သူဟု ဆို၏။ အုတ်နံရံအတွင်း၌ စတေးခံခဲ့ရသည်ဆိုသော စတုတ္ထအပျိုစင်မှာလည်း သူတို့၏ အဆက်အနွယ်ပင် ဖြစ်နေတော့သည်။

အုတ်နံရံပြိုကျစဉ်က စတုတ္ထအပျိုစင်ကို တွေ့မြင်လိုက်ရသည်ဟု ဆိုသောပန်းရံဆရာနန္ဒဆိုသူမှာလည်း အခြားမဟုတ်ပါချေ။ မြကြာဖြူ၏အစ်ကိုပင် ဖြစ်၏။

သို့ဆိုလျှင် မိမြတ်နိုးကြင်သည် မြို့စားမင်းအိမ်တော်လူရှယ် သုံးဦးအနက်မှ အငယ်ဆုံးဖြစ်သော နိုင်မောင်စိုးကို စိတ်ပါဝင်စားခြင်း မရှိလျှင် အခြားမည်သူဖြစ်နိုင်ဘိသနည်း။

နိုင်မောင်တိုးလား . . . ။

လွင်အောင်ဟိန်းလား . . . ။

တစ်ခုခက်သည်က မိမြတ်နိုးကြင်သည် စကားကိုအလွန် အကျုံ့မပြောတတ်၊ အစ်၍အောက်၍ မေးမရ၊ အတွင်းစိတ်ကို သိုဝှက် တတ်သူပါတည်း။

မိနှင်းပွင့်သည် မကြာခဏဆိုသလို ရန်ကုန်တက္ကသိုလ်တွင် ရောက်နေသော နိုင်မောင်တိုးနှင့်လွင်အောင်ဟိန်းတို့အကြောင်း စကား စ၏။ မိမြတ်နိုးကြင်က ခင်းထားသောလမ်းကြောင်းကို မလိုက်ပါ။





တစ်ခွန်းစ၊ နှစ်ခွန်းစမျှသာပြောပြီး စကားလွှဲသွားတတ်၏။

နိုင်မောင်တိုးသည် မိမြတ်နိုးကြင်ကို ကလေးကလေးတစ်ယောက် သို့ သဘောထားသည်ကိုတော့ မိနှင်းပွင့် သိထား၏။

နောက်ဆုံးတွင် မိနှင်းပွင့်သည် လွင်အောင်ဟိန်းကို ပစ်ကွင်း အလယ်တွင် မြင်တွေ့လာ၏။ မိမြတ်နိုးကြင်နှင့်လွင်အောင်ဟိန်းတို့ အဆက်အသွယ် ရှိ၏။ တစ်ဦးနှင့်တစ်ဦးထံ စာမှန်မှန်ရေးလေ့ရှိ၏။ နိုင် မောင်တိုးထံမှ ပေးစာခါမျှ စာလာခြင်း မရှိပေ။ မိမြတ်နိုးကြင်ကလည်း ရေး သည် မတွေ့ရ။

လွင်အောင်ဟိန်းထံမှ စာကိုရလျှင် မိမြတ်နိုးကြင်၏မျက်နှာ လေး ဝင်းထိန်သွားတတ်၏။ အစတွင် စာကို သူတစ်ယောက်တည်း ဖတ်၏။ ပြီးမှ မိနှင်းပွင့်ကို ဖတ်ပြ၏။ ထို့နောက် သူတစ်ယောက်တည်း ထပ်ထပ်ပြန်ဖတ်၏။ ထိုသောအခါ မိနှင်းပွင့်မှာ မနာလိုဖြစ်ချင်လာ သလိုလို လွင်အောင်ဟိန်း၏ လက်ရေးကလေးတွေက လှ၏။ ဝိုင်းဝိုင်း စက်စက်ကလေးတွေ ဖြစ်၏။ စာအရေးအသားကလည်း အဖွဲ့နှင့် အနွဲ့ နှင့် သိုင်းကာဝိုင်းကာနှင့်။

စာတိုင်းမှာတော့ မိနှင်းပွင့်အကြောင်း အနည်းနှင့်အများဆို သလို ပါတတ်သဖြင့် မိနှင်းပွင့် ကြည်နူးရ၏။ သူ့စာကို မိနှင်းပွင့်ကလည်း ခေါက်ခေါက်အခါခါ ဖတ်ချင်ပါ၏။ ကိုယ်ပိုင်ရချင်ပါ၏။ ယခုတော့ မိမိ အကြောင်းတစ်ခွန်းတစ်ပါဒ ပါရှိသော်လည်း မိမိစာ မဟုတ်ပါ။ မြတ်နိုး ၏စာပင်။

မည်သို့ပင်ဆိုစေကာမူ မိနှင်းပွင့်၏ဘဝတွင် မိတ်ဆွေမှန်ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



မိမြတ်နိုးကြင်နှင့် လွင်အောင်ဟိန်းတို့နှစ်ယောက်သာ ရှိပါ၏။

သို့သော် . . . မိနင်းပွင့်၏ ရင်ထဲတွင်ကား . . .

သို့နှင့်ပင် သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် တက္ကသိုလ်ကျောင်းသားကြီးနှစ်ယောက် မိန်းမတောသို့ ပြန်လာကြ၏။ ပိတ်ရိပ်များ လျှံနေ၏။ ရယ်မောသံများ လွှမ်းနေ၏။ သူတို့ရောက်ပြီး နောက်တစ်နေ့တွင် မိနင်းပွင့် ဆင်ကျုံးရွာရှိ မောင်လေးမင်းသန်းမောင်ထံ ခဏသွား၏။ ဆင်ကျုံးရွာမှ မိနင်းပွင့် ပြန်လာသောအခါ အိမ်တွင် မိမြတ်နိုးကြင် မ[ရှိ]ပါ။ ဒေါ်ကြီးကို မေးကြည့်တော့မှ . . .

"ဟိုသူငယ်တွေများ ရှိလို့ကတော့ မြတ်နိုး ဘယ်တော့မှ[အိမ်]မှာ နေရိုးမရှိဘူး"

"မြတ်နိုး အခု မြို့စားမင်းအိမ်တော်ကို သွားတယ် . . . ဟုတ်[လား]"

မိနင်းပွင့်က နွမ်းလျှော့လျှော့ မေးလိုက်၏။

"အခု မဟုတ်ဘူး။ အစောကြီးကထဲက သွားတာ"

ဒေါ်ကြီးက အားပါးတရပြော၏။

မိနင်းပွင့် ငေးနေ၏။

"သူက နင်းလာရင် ပြောလိုက်ပါတဲ့"

မိနင်းပွင့် မော့ကြည့်၏။

"မြို့စားမင်းအိမ်တော်ကို လိုက်ခဲ့ပါတဲ့"

မိနင်းပွင့် လန်းသွား၏။

"ဟင် . . . ဟုတ်လား . . . ဒေါ်ကြီး"





"အေး . . . ဟုတ်တယ်"

မိနင်းပွင့် ချက်ချင်းပင် လိုက်သွား၏။ သူမ၏ရင်သည် လှိုင်းထရုန်းကြွလျှက်။

မိနင်းပွင့်သည် လူရှိသည့်နေရာတွင် ခပ်မှန်မှန်လျှောက်ပြီး လူပြတ်သည့်နေရာတွင် ခပ်မြန်မြန်ပြေး၏။ မြို့စားမင်းအိမ်တော်ရှေ့ဝင်းတံခါးမကြီးသို့ ရောက်သောအခါတွင် မောနေ၏။ ကြီးမားထည်ဝါသော ကျွန်းတံခါးတိုင်ကြီးကိုမှီပြီး မျက်နှာစာဆောင်ကို ငေးကြည့်နေမိ၏။

မည်သည့်ဧည့်ခန်းဆောင်တွင် သူတို့ ရှိနေကြမည်နည်း။ မိနင်းပွင့်သည် နံဆင်ဝင်သို့ ဦးတည်ပြီးလျှောက်သွား၏။

"ဟိတ်"

"အောင်မယ်လေး"

သူမ၏ နောက်ဘက်မှ "ဟိတ်" ဟု ဆိုလိုက်သံ ရုတ်တရက်ကြားလိုက်ရသဖြင့် မိနင်းပွင့် လန့်ပြီးအော်လိုက်၏။

မိနင်းပွင့် လှည့်ကြည့်လိုက်သောအခါ သူမ၏အဖြစ်ကိုကြည့်ပြီး အားရပါးရ ရယ်မောနေသော လွင်အောင်ဟိန်းကို တွေ့ရ၏။

"ဟာ . . . အစ်ကိုလွင် မကောင်းဘူး။ နင်းဖြင့် လန့်သွားတာပဲ။ ရင်တွေ ပန်းတွေ တုန်သွားတာပဲ"

မိနင်းပွင့်က ကိုယ်ကလေးကို လှုပ်ခါပြီး ပြောလိုက်၏။ လက်တစ်ဖက်က တစ်ဆတ်ဆတ်ခုန်နေသော ရင်ညွန့်ကို ဖိထားလိုက်၏။ ထိုအခါ လွင်အောင်ဟိန်း၏မျက်လုံးစုံသည် မိနင်းပွင့် လက်ဖြင့်ဖိထားသော ရင်ညွန့်ဆီသို့ ရောက်သွား၏။ မိနင်းပွင့်က ကျန်ရှိနေသော လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ဖြင့် ရင်ညွှန့်ကို ထပ်ဖိထားလိုက်ပြန်၏။ သို့သော် သွယ်လျသော လက်ဆယ်ချောင်းသည် လုံးဝန်းမို့အိသော ရင်သားစုံကို လုံအောင် မဖုံးကွယ်နိုင်ပါချေ။

မိနင်းပွင့်၏ ပါးမို့မို့နှစ်ဖက်သည် နီလည်းနီလာ၏။ ပူလည်းပူလာ၏။

လွင်အောင်ဟိန်းက ခေတ္တမျှ ငေးနေပြီးမှ သတိဝင်လာဟန်ဖြင့် သူ့မျက်လုံးများကို သူမ၏ရင်ဝန်းမို့မှ ခွာလိုက်၏။

"ညီမလေး ခြံထဲဝင်လာတာကို အစ်ကို မြင်တယ်။ ညီမလေးကလည်း အစ်ကို့ကို မြင်လိမ့်မယ်လို့ထင်တာ။ ညီမလေးက မမြင်ဘဲ ဝင်သွားလို့ အသံပေးလိုက်တာ"

"မသိဘူး ... နင်းက အိမ်ကြီးကိုကြည့်ပြီး ဝင်တာ"

"အစ်ကို့အသံ ဒီလောက်ကြောက်စရာကောင်းမှန်း အခုမှ သိရတယ်"

"အို ... အစ်ကိုရယ်။ ဖြုန်းခနဲဆိုတော့ လန့်တာပေါ့။ အစ်ကို့အသံမှန်းသိရင်တော့ ဘယ်လန့်ပါ့မလဲ"

"ညီမလေး ဘယ်သွားမလို့လဲ။ မောင်လေးကို လာရှာတာလဲလား"

"ဒီတစ်ခါတော့ မောင်လေးကို လာရှာတာ မဟုတ်ပါဘူး။ မြတ်နိုးကို လာရှာတာပါ။ မြတ်နိုးက သူ့ မြို့စားမင်းအိမ်တော်ကို သွားတယ်။ လိုက်ခဲ့ပါဆိုလို့ နင်း လိုက်လာတာပါ။ မြတ်နိုးကို အစ်ကို မတွေ့ဘူးလား"





လွင်အောင်ဟိန်း ရုတ်တရက် စကားမပြန်ဘဲ ရှိ၏။

"မြတ်နိုး ဒီကိုမလာဘူးလား"

မိနင်းပွင့်က ထပ်ပြီးမေး၏။

"လာပါတယ်"

"မလိုက်တော့ဘူးလား"

"တွေ့ပါတယ်"

လွင်အောင်ဟိန်း စကားပြောပုံက အေးစက်စက် မိနင်းပွင့်အားမရဖြစ်နေ၏။

"သူ အခု ... ဘယ်မှာလဲ။ မြတ်နိုး ... ဘယ်မှာလဲ"

လွင်အောင်ဟိန်းက နှုတ်မှအဖြေမပေးဘဲ တစ်နေရာသို့ကြည့်လိုက်၏။ မိနင်းပွင့်လည်း သူ ကြည့်ရာသို့လိုက်ကြည့်၏။

ရွှန်းပန်းရုံများအကြားရှိ ခုံတန်းဖြူဖြူကလေးတွင် လူနှစ်ယောက်ထိုင်ပြီး စကားပြောနေကြ၏။ နိုင်မောင်တိုးနှင့် မိမြတ်နိုးကြင်။

မိမြတ်နိုးကြင်က ကိုယ်ဟန်လက်ဟန်ဖြင့် အားပါးတရပြော၏။ နိုင်မောင်တိုးက သဘောကျဟန်ဖြင့် အားရပါးရ ရယ်မောနေ၏။ မြတ်နိုးကြင်က နိုင်မောင်တိုး၏လက်မောင်းကို လက်သီးဆုပ်ဖြင့် ထုနေ၏။

"သူတို့ ဘာလုပ်နေကြတာလဲဟင်"

မိနင်းပွင့်က မျက်မှောင်ကုပ်ပြီး မေးလိုက်၏။

"ဘုရားရေ ... သူတို့စကားပြောနေတာ ညီမလေး မမြင်ဘူးလား"

"သူတို့ ဘာစကားတွေ ပြောနေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ အစ်ကို ဘယ်လိုလုပ်ပြီး သိမလဲ"

"သူတို့ သမီးရည်းစားစကား ပြောနေကြတာလား"

"ဘုရား . . . ဘုရား . . . ညီမလေး ဘယ်လိုပြောလိုက်တာလဲ"

"မသိဘူးလေ . . . မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် စကားပြောနေကြတော့ သမီးရည်းစား စကားပြောနေကြတာလားလို့ပေါ့"

"ဒီလိုဆို ခက်ကုန်မှာပေါ့။ အခု အစ်ကိုနဲ့ ညီမလေးလည်း စကားပြောနေကြတာပဲ မဟုတ်လား"

"အို . . . ဒါက . . ."

"ကဲပါလေ . . . ဒါတွေထားလိုက်ပါတော့။ စကားပြောတာဟာ စကားပြောတာပဲပေါ့။ ညီမလေးက အစ်ကိုနဲ့ စကားမပြောချင်ဘူးလား"

"အို . . . မဟုတ်ပါဘူး။ ပြောချင်ပါတယ်"

"ဒါဖြင့်လည်း ပြီးရောပေါ့။ အစ်ကို့ကိုလည်း စကားပြောကြတာပေါ့"

"အင်း"

"စောစောက အစ်ကိုနဲ့ နိုင်မောင်တိုးတို့ ဒီနားမှာရပ်နေကြတာ၊ ဖြုန်းခနဲ မြတ်နိုး ရောက်လာပြီး နိုင်မောင်တိုးနဲ့ စကားပြောစရာရှိတယ်ဆိုပြီး သွားစကားပြောနေကြတာ"

"ဩော်"

"အစ်ကိုလည်း တစ်ယောက်တည်း ဘယ်သူနဲ့စကားပြောရ





နိုး မသိဘူးဖြစ်နေတာပေါ့။ ညီအစ်မသုံးဖော်ကျောက်ရုပ်တွေနဲ့သွားပြီး စကားပြောရမလားလို့ တွေးနေမိတယ်"

"သွားပြောရောပေါ့"

"အောင်မယ် . . . ညီမလေး မသိလို့။ ကျောက်ရုပ်တွေနဲ့ စကားပြောရတာ ကောင်းတယ်"

"အစ်ကိုကလည်း ပြောရော့မယ်။ သူတို့က အသက်မှမရှိဘဲ။ ဘယ်လိုစကားပြောလို့ ရမလဲ"

"အသက်မရှိတော့ စကားပြောလို့ ပိုကောင်းတာပေါ့။ ကိုယ်ပြောချင်တာ ပြောလို့ရတယ်။ သူတို့က စိတ်လည်းမဆိုးဘူး။ ဘာမှလဲ မပြောဘူး။ ပြောသမျှ နားထောင်တယ်"

"ဒါဖြင့်ရင် နှင်းလည်း အစ်ကိုစကားပြောရင် ကျောက်ရုပ်ကလေးလို ငြိမ်ပြီးနားထောင်နေရမယ်လား။ ဘာမှပြန်မပြောရဘူးတဲ့လား။ စိတ်ဆိုးရဘူးတဲ့လား"

မိနှင်းပွင့်က မချိတရိုလေး ပြန်ပြော၏။ လွင်အောင်ဟိန်းက သွယ်လောင်စွာ ရယ်မောနေ၏။

သူရယ်သံကို မိမြတ်နိုးကြင်တို့ ကြားသွားဟန်ရှိ၏။ မိမြတ်နိုးကြင်က မိနှင်းပွင့်ကို လှမ်းခေါ်၏။ ဇွန်ပန်းရုံများဆီသို့ လွင်အောင်ဟိန်းတို့ လျှောက်သွားကြ၏။ ထို့နောက် သူတို့စကားတွေ ပြောကြ၏။ မိမြတ်နိုးကြင်နှင့်မိနှင်းပွင့်သည် ကျောက်ရုပ်မင်းသမီးလေးများ မဟုတ်ကြပါ။

စကြ၊ နောက်ကြ၊ စိတ်ဆိုးကြ၊ ချော့လိုက်ကြနှင့် ပြီးတော့ . . .။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

သူတို့လေးယောက် လမ်းလျှောက်ကြ၏။ စက်ဘီးစီးကြ၏။ ကျွန်းရဲတောအတွင်းလည်း လှည့်လည်ကြ၏။ ကျိုက္ကမီပင်လယ်ကမ်းခြေကိုလည်း သွားကြ၏။ ရေလယ်ဘုရား ဖူးကြ၏။ အပြန်တွင် စက်စေ့သဲသောင်ပြင်တွင် ပြေးလွှားကြ၊ လှိုင်းစီးကြ၏။

မိနှင်းပွင့် သိပ်သိပ်ပီတိ ဖြစ်နေရသည်မှာ မိမြတ်နိုးကြင်၏ အတွင်းနှလုံးသားကို တွေ့မြင်သိရှိလာရသောကြောင့် ဖြစ်၏။ မိမြတ်နိုးကြင်၏ အချစ္စသဏ္ဍာန်တွင် ကြေးမုံရိပ်ထင်နေသူမှာ လွင်အောင်ဟိန်း မဟုတ်ဘဲ နိုင်အောင်ဟိန်း ဖြစ်နေ၏။ သို့ဖြင့် လွင်အောင်ဟိန်းသည် သူမအတွက် ဖြစ်နေ၏။ မိမြတ်နိုးကြင်နှင့် နိုင်မောင်တိုးတို့ စကား





ပြောနေချိန်တွင် သူမနှင့်လွင်အောင်ဟိန်း စကားပြောရ၏။ သူတို့ပြုံးလျှင် မိမိတို့လည်း ပြုံးရ၏။

နိုင်မောင်စိုး သူတို့ကို အနှောင့်အယှက်မပေးပါ။ သူတို့နှင့် မပူးပေါင်းပါ။ သူက သီးခြားဖြစ်၏။ သူနှင့်မြကြာဖြူက သီးခြားကမ္ဘာလေးတစ်ခု။

ကျောင်းပိတ်ရက် ကုန်လွန်သောအခါ နိုင်အောင်တိုးတို့ ရန်ကုန်ပြန်သွားကြ၏။ လူချင်းခွဲခွာကြရ၏။ သို့သော် စိတ်ချင်းကား မကွဲကွာကြချေ။

မိနှင်းပွင့်၏စိတ်အစဉ်တွင် လွင်အောင်ဟိန်းသည် အစဉ်ကိန်းအောင်း စိုးမိုးလျက်ရှိ၏။ မိမြတ်နိုးကြင်လည်း ထို့အတူပင် ဖြစ်ပါချိမ့်မည်။ နိုင်မောင်တိုးသည် သူမ၏ အသည်းထဲက အရိပ်ပဲ ဖြစ်ပါ၏။

ယခုအခါတွင်မူ ရန်ကုန်က စာလာသည်ဆိုလျှင် လွင်အောင်ဟိန်းထံမှချည်း မဟုတ်ပါ။ နိုင်မောင်တိုးကလည်း ရေး၏။ သည်ဘက်ကလည်း မိမြတ်နိုးကြင်တစ်ယောက်ကသာ ရေးသည်မဟုတ်။ သူမကလည်း ရေးပါ၏။

ဤသို့ဖြင့် သူတို့မျှော်လင့်တောင့်တလျက်ရှိသော နွေရာသီကျောင်းပိတ်ရက်သို့ ရောက်လာတော့၏။

သူတို့ စာကိုကြိုးစားပြီး ဖြေကြ၏။ မိမြတ်နိုးကြင်လည်း ဖြေနိုင်၏။ မိနှင်းပွင့်လည်း ဖြေနိုင်၏။ ရန်ကုန်က အစ်ကိုနှစ်ယောက်လည်း ဖြေနိုင်ကြလိမ့်မည်ဟု သူတို့ မျှော်လင့်ယုံကြည်ထားကြ၏။ သို့သော် စာမေးပွဲပြီးချိန်တွင် သူတို့ထံမှ ဘာသတင်းမျှ မကြားကြရပါ။ စာလည်း



www.burmeseclassic.com

www.burmeseclassic.com



မလာပါ။ လူလည်း ပြန်မလာကြပါ။

မြို့စားမင်းအိမ်တော်တွင် စုံစမ်းသောအခါ သူတို့ထံသို့လည်း အဆက်အသွယ်မပြုဟု သိရ၏။ မိနှင်းပွင့်တို့ စိတ်နှလုံးပူလောင်ကြရ၏။ သို့လော . . . သို့လော တွေးတောကြရ၏။ သံသယစိတ်တို့ဖြင့် စိုးနောင့် ပျာပွေခြင်း ဖြစ်ရ၏။

နောက်ဆုံးတွင် ရန်ကုန်သို့ လူလွှတ်ပြီး စုံစမ်း၏။ ကျောင်းတော်သားကြီးနှစ်ယောက် သူငယ်ချင်းများနှင့် ပုဂံဘုရားဖူးလိုက်သွားသည်ဟု သိရ၏။

မြို့စားမင်းအိမ်တော်မှ လူများမျက်နှာမသာကြပါ။ ဦးညီမင်းဂေါင် ဒေါပွလွန်ကဲနေ၏။

ဤအတွင်း သတင်းဆိုးတစ်ခုကို မိနှင်းပွင့်တို့ ကြားသိရ၏။

ဦးညီမင်းဂေါင်၏သတင်းဖြစ်၏။ သတင်းကို သယ်ဆောင်လာသူမှာ ဒေါ်ကြီး။ သူက ဈေးထဲမှ ကြားလာခြင်းဖြစ်၏။

ဦးညီမင်းဂေါင်သည် ယမန်နေ့ညက သူ၏တကြည့်ခန်းထဲတွင် ရုတ်တရက် အရုပ်ကြိုးပြတ် လဲကျသွားခြင်းဖြစ်၏။ လေသင်တုန်းဖြတ်ခြင်းဟု ဆို၏။ သွေးတွင် နှလုံးရောဂါ ရှိသည်ဟုလည်း ပြောကြ၏။

"လေသင်တုန်းဖြတ်တယ်ဆိုတော့ သေရောလား"

မိနှင်းပွင့်က မေးလိုက်၏။

"သေတော့ မသေသေးဘူး။ ဒါပေမဲ့ သေမှာပဲလို့ ပြောကြတယ်"

"သတိမရဘူးလား"





မိမြတ်နိုးကြင်က မေး၏။

"သတိမရတစ်ချက်၊ ရတစ်ချက်လို့ ပြောတယ်။ အဲဒီလူကြီးက သိပ်ဒေါသကြီးတဲ့လူကြီး။ နေမကောင်းတာတောင် ကယောင်ကတမ်းတွေ လျှောက်အော်နေတယ်တဲ့"

ညဘက်တွင် မြို့စားမင်းအိမ်တော်သို့ ဦးနိုင်တင်ရှိ လူမမာမေးသွား၏။ မိမြတ်နိုးကြင်တို့ကို မခေါ်ပါ။ ဦးနိုင်တင်ရှိ ပြန်လာသောအခါ ဒေါ်ကြီးက သတင်းမေးသဖြင့် လူမမာအခြေအနေ မကောင်းကြောင်း ပြော၏။ သို့သော် ဘယ်မျှမကောင်းသနည်းကိုမူကား မပြောချေ။

နောက်သုံးရက်ခန့်အကြာတွင် နိုင်အောင်တိုး ပြန်ရောက်လာသည့်သတင်းကို ကြားရ၏။ သူတစ်ယောက်တည်း ဖြစ်၏။ လွင်အောင်နိုင်း မပါပါ။ ထိုညက နိုင်မောင်တိုးပေါ်လာမလားဟု မိနှင်းပွင့်တို့ မျှော်ကြ၏။ သို့သော် မလာပါ။

နောက်တစ်နေ့နံနက်တွင် မိမြတ်နိုးကြင်သည် တစ်နေရာသို့သွားမည်းဟန်ဖြင့် ဝတ်ဆင်ပြီးမှ ဘယ်မှမသွားဘဲ ခုတင်ပေါ်တွင် တစ်ယောက်တည်း လဲလျောင်းနေ၏။

မိနှင်းပွင့်က . . .

"မြတ်နိုး . . . ဘယ်သွားမလို့လဲ"

"ဘယ်မှ မသွားပါဘူး"

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"အစ်ကိုတိုးလည်း မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ မအားလို့နေမှာပေါ့"

"ဦးမင်းညီဂေါင် အခြေအနေ အတော်ဆိုးနေတာနဲ့တူတယ်"

"မပြောတတ်ဘူး"

"အစ်ကိုလွင်လည်း ဘာဖြစ်လို့ ပြန်မလာလဲ မသိဘူး"

"အကြောင်းရှိလို့ နေမှာပေါ့"

မိနှင်းပွင့် ဘာမျှမပြောတော့။

ထိုနေ့မနက် နံနက်စာစားကြသောအခါ မိမြတ်နိုးကြင် ထမင်း မစားနိုင်ပါ။ တို့ကာပင့်ကာမျှသာ ဖြစ်၏။ မိနှင်းပွင့်လည်း မစားနိုင်ပါ။ ပြီး တော့ ကိုယ့်အခန်းကို ပြန်ခဲ့ကြ၏။ နှစ်ယောက်စလုံး အခန်းအောင်းနေ ခဲ့ကြ၏။

မိနှင်းပွင့်သည် တစ်ယောက်တည်း အတွေးဝဲသြယတွင် ရှာရှာလည်ရင်း မေ့ခနဲ အိပ်ပျော်သွား၏။

အိပ်ရာကနိုးသောအခါ ရေချိုးအဝတ်အစားလဲလှယ် ဝတ်ဆင် ပြီး ဒေါ်ကြီးရှိရာ မီးဖိုခန်းသို့လာခဲ့၏။

သည်တွင် မြို့စားမင်းအိမ်တော်နှင့် စပ်လျဉ်းသော သတင်းထူး တစ်ခုကို ဒေါ်ကြီးထံမှ ကြားသိရ၏။

"မြို့စားမင်းအိမ်တော်က သတင်းဆိုးကြားပြီးပလား"

"ဟင့်အင်း။ မကြားသေးဘူး။ ဘာလဲ . . . ဒေါ်ကြီး။ ဦးမင်း ညီဂေါင် ဆုံးပြီလား"

"အို . . . ဒီကောင်မလေးကလည်း မဦးမချွတ် ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ။ အခုဟာက အမင်္ဂလာသတင်းမဟုတ်ပါဘူး။ မင်္ဂလာသတင်း





ပါကွယ့်"

"ဘာမင်္ဂလာသတင်းလဲ . . . ဒေါ်ကြီး"

"မြို့စားမင်းအိမ်တော်က သတို့သားတစ်ယောက် မကြာခင် ခံလာဆောင်လိမ့်မယ်၊ ကနေ့မနက်ပဲ စေ့စပ်ကြောင်းလမ်းကြတယ်"

"ဘယ်သူလဲ . . . ဒေါ်ကြီး၊ အစ်ကိုစိုးလား"

"ဘယ်ကလာ နိုင်မောင်စိုးရမှာလဲ။ နိုင်မောင်တိုးကွယ့် . . . နိုင်မောင်တိုး"

"ဟင် . . . အစ်ကိုတိုး လက်ထပ်တော့မယ် ဟုတ်လား။ ဘယ်သူနဲ့လဲ"

မိနှင်းပွင့်စိတ်လှုပ်ရှားစွာ မေးလိုက်၏။

"သံလွင်ရိပ်သာက မြနန်းနွယ်နဲ့"

"ဟင် . . . ဟုတ်လား"

မိနှင်းပွင့် ထိတ်လန့်အံ့သြခြင်း ဖြစ်ရ၏။

"ဟုတ်တယ်"

"သံလွင်ရိပ်သာက အမျိုးသမီးတွေဟာ လပြည့်လကွယ်နေ့ တိုင်း ကကြတယ်ဆို"

"ညည်းကို ဘယ်သူပြောသလဲ"

မိနှင်းပွင့်က ပထမတွင် မိမြတ်နိုးကြင်ဟု ပြောလိုက်မည်ပြုပြီး မှ . . .

"ဒီလိုပဲ ပြောကြတာပဲ"

"လူတွေဟာ ဒီလိုပဲ ပြောတတ်ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် မဟုတ်ဘူးပေါ့"

"မိန်းကလေးရဲ့အသွားကိုရော လူတွေက ဘယ်လိုပြော[illegible]
သလဲ"

မိနှင်းပွင့် သဘောပေါက်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်
ညိတ်လိုက်၏။

"ဒါပေမဲ့ သံလွင်က မိန်းကလေးတွေဟာ ကံကြမ္မာဆိုးကြ[illegible]
တော့ အမှန်ပါပဲ။ တစ်ယောက်ဟာဆိုရင် သူချစ်သူစောင်းသမားလေး[illegible]
အခွဲခံရပြီး စိတ်နောက်သွားရရှာတယ်"

"သူတို့က ပိုက်ဆံတော့ ရှိတယ်နော်"

"အမှန်တော့ သူတို့ရဲ့ကြွယ်ဝချမ်းသာမှုဟာ သူတို့ရဲ့ကံ[illegible]
ဆိုးပဲကွယ့်"

"မြနန်းနွယ်ဟာ လှတယ်နော်"

"သံလွင်က မိန်းကလေးတွေ အားလုံးဟာ လှပါတယ်"

"သူတို့ချင်းကြိုက်လို့ ယူတာလား။ လူကြီးတွေက ပေး[illegible]
လား"

"ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေကို ဘာပြုလို့ ဒါလောက်စပ်စု[illegible]
တာလဲ မိန်းကလေး"

မိနှင်းပွင့် ထိုမှထွက်ခဲ့၏။ မိမြတ်နိုးကြင်ကို အောက်ထပ်[illegible]
ရှာမတွေ့သောအခါ သူမ၏အခန်းသို့ လိုက်သွား၏။

မိမြတ်နိုးကြင် မှန်တင်ခုံရှေ့တွင် ထိုင်နေ၏။ မှန်ထဲတွင် [illegible]
မြင်နေသော သူမ၏ ရုပ်သွင်ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသူ[illegible]





ငေးစိုက်ကြည့်နေ၏။

"မြတ်နိုး"

မိနှင်းပွင့်က မိမြတ်နိုးကြင်၏ပခုံးပေါ်တွင် လက်တင်လိုက်ပြီး
ခပ်တိုးတိုးလေး ခေါ်လိုက်၏။ မိမြတ်နိုးကြင် ခေါင်းကို ညိတ်ရုံကလေး
ညိတ်ပြီး ထူး၏။

"မြတ်နိုး . . . ကြားပြီးပလား"

မိမြတ်နိုးကြင် ခေါင်းကို ဖြည်းညင်းစွာ ညိတ်၏။

"မြတ်နိုး . . . ဘယ်လိုသဘောရလဲ"

"ဘာကိုလဲကွယ်"

"သူတို့နှစ်ယောက်ကို လူကြီးတွေက အတင်းပေးစားကြတာ
မဟုတ်လား"

"ကိုယ် ဘယ်သိမလဲကွယ်"

"အစ်ကိုတိုးတို့က စီးပွားရေးကျနေတယ်။ ဒါပေမဲ့ မြို့စားမင်း
အဆက်အနွယ်ဆိုတဲ့ ဂုဏ်ရှိတယ်။ ပညာရှိတယ်။ မြနန်းနွယ်တို့က
ပိုက်ဆံရှိတယ်"

"မပြောပါနဲ့လား . . . နှင်းရယ်"

မိမြတ်နိုးကြင်က နွမ်းယှဲ့ယှဲ့ ဆို၏။ သူမ မျက်လုံးစုံကို မှိတ်
ထားလိုက်၏။ မိနှင်းပွင့်က မိမြတ်နိုးကြင်၏ဘေးတွင်ကပ်ပြီး ထိုင်လိုက်
[illegible] ပြီးတော့ တင်းတင်းကြပ်ကြပ်ကလေး ဖက်ထားလိုက်၏။

မိမြတ်နိုးကြင် တသိမ့်သိမ့်၊ တငြိမ့်ငြိမ့် တုန်နေ၏။ တမ်းတ
[illegible]တ်ပျံ့ဖွယ်ရာ ဥဩငှက်သံ ဝေးသဲ့သဲ့ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်မောင်တိုးနှင့် မြနန်းနွယ်တို့၏ မင်္ဂလာကိစ္စကိုဆောလျင်စွာ စီစဉ်ဆောင်ရွက်ကြ၏။ စေ့စပ်ကြောင်းလမ်းပြီး တစ်လအတွင်းမှာပင် လက်ထပ်မင်္ဂလာပွဲကို ဆင်ယင်ကျင်းပသည်။

မင်္ဂလာရက်မတိုင်မီ တစ်ပတ်အလိုတွင် လွင်အောင်ဟိန်း ပြန်ရောက်လာ၏။ အညာဘုရားဖူးသွားရာမှ ဦးညီမင်းခေါင် နေမကောင်းသဖြင့် နိုင်မောင်တိုး အရေးတကြီးပြန်ရသောအခါ သူက ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု အရေးတကြီး ပေါ်လာသဖြင့် ရန်ကုန်တွင် သူကျန်ခဲ့၏။ သူ့ကိစ္စတွေ အားလုံးပြီးစီးမှပင် မိန်းမတောသို့ သူ ပြန်လာနိုင်၏။

ယခုအခါ စာမေးပွဲအောင်စာရင်းများ ထွက်ပြီဖြစ်၏။ မိနှင်းပွင့် အောင်၏။ မိမြတ်နိုးကြင်လည်း အောင်၏။ နိုင်မောင်စိုး ကျ၏။ မြကြာဖြူ ကျ၏။ နိုင်မောင်တိုးနှင့် လွင်အောင်ဟိန်းတို့လည်း အောင်ကြ၏။ ဘွဲ့ရကြပြီ ဖြစ်၏။ ကျောင်းမှထွက်ကြရပြီ ဖြစ်၏။ များမကြာမီအတွင်း နိုင်မောင်တိုးက မိန်းမရတော့မည်။ လွင်အောင်ဟိန်းက အလုပ်ဝင်တော့မည်ဖြစ်၏။

လွင်အောင်ဟိန်းသည် မိန်းမတောသို့ရောက်လျှင်ရောက်ချင်း မိနှင်းပွင့်တို့ကို လာတွေ့၏။ လက်ဆောင်ပစ္စည်းတွေ ပါလာ၏။ အညာခရီးအကြောင်းများကို စိတ်ဝင်စားဖွယ်ရာ၊ ရယ်မောဖွယ်ရာဖြစ်အောင် ပြောပြ၏။

သည်အခါ တစ်လနီးပါးမျှ တွေဝေငေးမှိုင်၍နေခဲ့သော မိမြတ်နိုးကြင်၏ မျက်နှာကလေး လန်းလာ၏။ ကြည်လာသည်ကို မိနှင်းပွင့် သတိပြုမိ၏။





နောက်ရက်များတွင်လည်း လွင်အောင်ဟိန်း ရောက်လာ၏။ ...ို့သုံးဦး စကားပြောကြ၏။ လမ်းလျှောက်ကြ၏။ စက်ဘီးစီးကြ၏။ ...ာင်တိုးအကြောင်းကိုလည်း သူတို့ မပြောကြ။

ငေးငေးငိုင်ငိုင် ဖြစ်နေသော မိမြတ်နိုးကြင်တစ်ယောက် ခေါင်း...လို ပြန်လည်မြူးကြွလာသဖြင့် မိနှင်းပွင့် ဝမ်းသာမိသည်မှာ အမှန်...သော်လည်း မိမြတ်နိုးကြင်နှင့်လွင်အောင်ဟိန်း တစ်ယောက်ကို...ယောက် ပြုံးချိုသောမျက်နှာ၊ ရွှန်းစိုသောမျက်လုံးများနှင့် အပြန်... ငေးကြည့်နေသည်ကို မြင်ရသောအခါကျတော့လည်း ရင်ထဲမှာ ...ချပြန်၏။

မိနှင်းပွင့် သက်ပြင်းခါခါ ချမိရပါ၏။ ပင့်သက်ဖြာဖြာဝေမိခဲ့ရ၏။ ...ည် အပြုံးပန်းအောက်တွင်လား။ အမုန်းပင်အောက်တွင်လား ဟု ...ထွေပြားကာ မိနှင်းပွင့် မခွဲခြားနိုင်ပါ။ မရှာမချွန်း ရှာချွန်းချွန်းနှင့် ...ပါလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၈ )

ထိမ်းမြားလက်ထပ်သည့်နေ့တွင်မှ မြနန်းနွယ်ကို မိနှင်း
အနီးကပ်မြင်တွေ့ဖူး၏။ မြနန်းနွယ်သည် ချောမောလှပသော အမျိုးသ
ပင် ဖြစ်ပါ၏။

လွင်အောင်ဟိန်းနှင့် နိုင်မောင်စိုးတို့က နိုင်မောင်တိုး၏လူပျို
များဖြစ်ပြီး မိမြတ်နိုးကြင်နှင့် မိနှင်းပွင့်တို့က မြနန်းနွယ်၏အပျိုရံမ
အဖြစ် ဆောင်ရွက်ကြရ၏။

ထိုနေ့က မိန်းမတောတွင် မိန်းမလှကလေးသုံးယောက် အ
ချင်းပြိုင်ကြသည်ဟု ပြောစမှတ်ပြုကြ၏။ သို့သော် မိနှင်းပွင့်က သူ
ကိုယ်ကို ထည့်မတွက်ဘဲ မြနန်းနွယ်နှင့်မိမြတ်နိုးကြင်ကို နှိုင်းယှဉ်ကြ





နေမိ၏။

မြနန်းနွယ်သည် အသက်နှစ်ဆယ်ပြည့်တော့မည်ဖြစ်သဖြင့် အစွမ်းကုန်ဖူးပွင့်နေသောပန်းတစ်ပွင့် ဖြစ်၏။ မိမြတ်နိုးကြင်က ၁၆ နှစ် ကျော်ကျော်၊ ၁၇ နှစ်တွင်းသို့ ငွားငွားစွင့်စွင့် ဖူးငုံပွင့်ကလေး ဖြစ်၏။

မိမြတ်နိုးကြင်၏မျက်နှာသည် တည်ငြိမ်ပြီး ကျက်သရေ အပြည့်ရှိ၏။ မြနန်းနွယ်၏မျက်နှာမှာမူ တစ်ခုခု ချို့တဲ့နေသလိုလို သနား ဖွယ်လေး ဖြစ်နေ၏။

"သူ့ကို ကြည့်ရတာ အိပ်မက်ထဲက လူတစ်ယောက်လိုပဲ"

မိနှင်းပွင့်က သူမ၏ ထင်မြင်ချက်ကို လွင်အောင်ဟိန်းအား ထုတ်ပြောလိုက်မိ၏။

"ညီမလေး ပြောတာမှန်တယ်။ သူက အပြင်လောကနဲ့ အထိ အတွေ့နည်းတဲ့သံလွင်ရိပ်အောက်က ရှက်ပုန်းပွင့်တစ်ပွင့်ပဲလေ"

မိမြတ်နိုးကြင်က သူတစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်း မပြု ပေ။ မကြားသလို၊ မဆိုင်သလို မသိသလိုနေ၏။ လက်ထပ်ပွဲပြီးသော အခါ ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း နိုင်မောင်တိုးနှင့် မြနန်းနွယ် များရည်ဆမ်းခရီး ထွက်ကြ၏။

မိနှင်းပွင့်နှင့် မိမြတ်နိုးကြင်က မြနန်းနွယ်ကို ကားပေါ်သို့ အရောက် တွဲပို့ကြ၏။ မြနန်းနွယ်သည် နိုင်မောင်တိုး၏နံဘေးတွင် ထိုင် မိသောအခါ မိနှင်းပွင့်တို့ကို အပြုံးမဲ့မဲ့ကလေးဖြင့် တိုးညင်းစွာဆို၏။

"မြတ်နိုးနဲ့နှင်းတို့ကို ကျေးဇူးအများကြီးတင်ပါတယ်ကွယ်"

စက်စဲမှ သူတို့ပြန်လာသောအခါ နိုင်မောင်တိုးသည် ဖြို့ဖား



www.burmeseclassic.com

www.burmeseclassic.com



မင်း အိမ်တော်သို့ ဇနီးချောတစ်ယောက်နှင့် ထိုအမျိုးသမီး ရပိုင်ခွင့်ရှိသော အမွေများကို သယ်ဆောင်လာသည်ဟု တီးတိုးစကားဆိုကြ၏။

ကျိန်စာသင့်နေသော မြို့စားမင်းအိမ်တော်နှင့် ကျိန်စာသင့်နေသော သံလွင်ရိပ်သာတို့ ပေါင်းဖက်ခြင်းသည် ပိုမိုဆိုးဝါးသောကျိန်စာသစ်တစ်ခုကို ဖိတ်ခေါ်ခြင်းသာ ဖြစ်သည်ဟုလည်း သတင်းစကားများ ဖြစ်ပေါ်နေ၏။

ထို့ကြောင့်ကပင် ဒေါ်ထိပ်တင်မကြီးက သားနှင့်ချွေးမတို့ များရည်ဆမ်းခရီးမှ ရောက်လာသောအခါ မြို့စားမင်းအိမ်တော်တွင် နံနက်အရုဏ်တက်၌ ဘုရားအနေကစာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူခြင်း၊ အန္တရာယ်ကင်းပရိတ်ရွက်ဖတ်ခြင်းများပြုပြီး ယတြာချေခြင်း၊ ညောင်ထောက်ခြင်း၊ တံတားခင်းခြင်း၊ နစ်ဖက်ရိုးရာနတ်များနှင့် ကိုးမြို့ရှင်နတ်ကွန်းသို့ သွားရောက်ပြီး ရေစင်ပို့ဆက်ခြင်းများ ပြုလုပ်၏။ ညပိုင်းတွင်မူ အထူးဖိတ်ကြားထားသော ဧည့်ပရိသတ်တို့အား ဥယျာဉ်ပွဲဖြင့် တည်ခင်းဧည့်ခံ၏။

ဦးမင်းညီဂေါင်မှာ ကိုယ်တစ်ခြမ်းသေပြီး မသွားနိုင်မလာနိုင် မလှုပ်ရှားနိုင် ဖြစ်နေသဖြင့် ဤပွဲတို့ကို ဒေါ်ထိပ်တင်မကြီး စိတ်တိုင်းကျ စီစဉ်ခွင့်ရခြင်း ဖြစ်၏။

ဒေါ်ထိပ်တင်မကြီးသည် မိန်းမတောနယ်သူနယ်သားများက မြို့စားမင်းအဆက်အနွယ်များပေါ်တွင် အထင်မှား အမြင်မှားရှိနေခြင်း အာဃာတထားနေခြင်း၊ အထင်သေးနေခြင်း စသည်တို့ကို ဖယ်ရှားလိုသဖြင့် မိန်းမတောသာမက အနီးအနားရွာများမှ စိမ်းသောကျက်သော





မရွေးအားလုံးကို ဖိတ်ကြား၏။ ထို့နောက် သူကိုယ်တိုင် ပြုံးရွှင်သောမျက်နှာ၊ ချိုသောလောကွတ်စကားတို့ဖြင့် လိုက်လံ့ပွဲစွာ ခရီးဦးကြိုဆိုခြင်း ပြု၏။

လွင်အောင်ဟိန်း၏ စီစဉ်မှုအရ မိမြတ်နိုးကြင်နှင့် မိနှင်းပွင့်တို့သည်လည်း မြို့စားမင်းအိမ်တော်မင်္ဂလာဥယျာဉ်ပွဲတွင် ဧည့်ခံနေရာချထားပေးရ၏။ ပဋိသန္ထာရစကား ပြောဆိုပေးရ၏။ ပြန်တော့မည့်ဧည့်သည်များကို ဥယျာဉ်ဝအထိ လိုက်ပို့ရခြင်းတို့ဖြင့် ဒလက်လည်နေသဖြင့် မြတ်နိုးကြင်နှင့် မိနှင်းပွင့်သည် ပူးတုံခွာတုံ ရှိနေ၏။

မြက်ခင်းပြင်သုံးခုအတွင်း လှည့်လည်ကူးပြောင်းရင်း မကြာခဏဆိုသလို မိနှင်းပွင့်သည် နိုင်အောင်တိုးနှင့်တွေ့ဆုံသလို မြနန်းနွယ်နှင့်လည်း တွေ့ဆုံရ၏။ သို့သော် တစ်ကြိမ်တည်းသာ ပက်ပင်းတွေ့ဆုံရပြီး အကြိမ်များတွင်ကား တစ်ပွဲခြား နှစ်ပွဲခြားတွင် ဖြစ်၏။

ပက်ပင်းဆုံကြတော့လည်း သူတို့နှစ်ယောက်တည်း ဖြစ်၏။ နှင်းပန်းရုံကလေးတစ်ခုဘေးတွင် မျက်နှာချင်းဆိုင် တိုးမိကြခြင်း ဖြစ်၏။

"ဩော် . . . မမနွယ်"

မိနှင်းပွင့်က ရွတ်ဆိုလိုက်၏။ မြနန်းနွယ်က မိနှင်းပွင့်ကို အတန်ကြာ မျက်တောင်မခတ်ဘဲနှင့် စိုက်ကြည့်နေပြီးနောက် . . .

"ညီမလေးနင်းက သိပ်လှတာပဲကွယ်"

"မမနွယ်က ပိုပြီးလှပါတယ် . . . မမနွယ်ရယ်"

မိနှင်းပွင့်က မြနန်းနွယ်၏ နားတွင် တဖျတ်ဖျတ်တွေ့လက်နေသော စိန်ပွင့်ကိုကြည့်ရင်း ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းရဲ့သူငယ်ချင်း မြတ်နိုးကော"

"ရှိပါလိမ့်မယ် . . . မမနွယ်"

"မြတ်နိုးလည်း ကနေ့ည သိပ်လှတာပဲကွယ်။ ဘယ်လိုလှမှန်း မသိဘူး။ ကနေ့ည ဒီကိုလာတဲ့ယောကျ်ားတိုင်းက သူ့ကို ငေးကြည့်ရတယ်။ အင်း . . . သူ့ကုသိုလ်ပဲပေါ့ကွယ်"

မြနန်းနွယ်က ညည်းညည်းကလေးပြောပြီး ထိုနေရာမှ လေးလံစွာ ထွက်သွား၏။ မိနှင်းပွင့်၏ အတွေးစိတ်များ ယိမ်းလှုပ်ပြီး ကျန်ရစ်ခဲ့၏။

ကောင်းကင်ပြာသည် နဝရတ်ကိုးပါးတို့ဖြင့် အဆန်းတကြယ် စီခြယ်ထားသည်။ ပုလဲလုံးကလေးများ ဖြန့်ခင်းထားသော နဂါးငွေ့လမ်းတွင် လဝန်းဝါဝါ တရိပ်ရိပ် ရွေ့လျားနေ၏။

မိနှင်းပွင့်သည် ညှော်သည်တစ်စုကို လိုက်လံပို့ဆောင်ပြီးနောက် ဥယျာဉ်တွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့၏။

လွင်အောင်ဟိန်းက စားပွဲတစ်ခုမှ လှမ်းခေါ်၏။

"ခဏနေဦး . . . အစ်ကိုလွင်။ မြတ်နိုးကို လိုက်ရှာဦးမယ်။ ပြီးတော့ ပြန်လာပါ့မယ်"

မိမြတ်နိုးကြင်နှင့် လူချင်းကွဲသွားသည်မှာ အတော်ကလေး ကြာသွားပြီးဖြစ်၏။ မိနှင်းပွင့်က ရှာဖွေသောအကြည့်ဖြင့် စားပွဲတစ်ခုပြီး တစ်ခု ကြည့်၏။ မိမြတ်နိုးကြင်ကို မတွေ့ရပါ။

တတိယမြက်ခင်းပြင်၏ အစွန်အဖျားတစ်နေရာရှိ မှောင်ရိပ်ကျသော စားပွဲတစ်လုံးတွင် မိမြတ်နိုးကြင်ကို တွေ့ရ၏။ သူမတစ်ယောက်





ည်းလည်း မဟုတ်ပါ။ လူတွေအများကြီးနှင့်လည်း မဟုတ်။ နိုင်အောင်တိုးနှင့်နှစ်ယောက်တည်း ဖြစ်ပါ၏။

ကြည့်ရသည်မှာ နိုင်မောင်တိုးက တစ်စုံတစ်ခုကို အလေးနက် ပြောဆိုလျက်ရှိ၏။ မိမြတ်နိုးကြင်က တွေတွေကလေး နားထောင်နေ၏။ ဆိတ်ကွယ်ရာတွင် လွတ်လပ်စွာရှိနေသည်ကို မိနှင်းပွင့် မနှောင့်ယှက်လိုပါ။ မိနှင်းပွင့် အနားသို့မသွားတော့ဘဲ ပြန်လှည့်ခဲ့၏။

မိနှင်းပွင့် စိတ်ရောကိုယ်ပါ နွမ်းဟိုက်ပန်းနယ်ခြင်း ဖြစ်လာ၏။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် လန်းလန်းဆန်းဆန်း နေလိုစိတ်ပေါ်လာ၏။

သို့ဖြင့် မိနှင်းပွင့်သည် ဥယျာဉ်အတွင်းမှ ထွက်ခဲ့၏။ လျှပ်စစ်မီးပွင့်များ မရှိသော သဘာဝမြက်ခင်းပြင်တွင် တစ်ယောက်တည်း အေးဆေးစွာလျှောက်လာ၏။ မြို့စားမင်းအိမ်တော်ခြံဝင်း၏ တိတ်ဆိတ်ငြိမ်သက်သောအပိုင်းသို့ ရောက်လာ၏။ သစ်ပင်ရိပ်များ ထိုးကျနေသော မြက်ခင်းပြင်က မှိုင်းစိမ်းစိမ်း၊ လရောင် ရွှန်းရွှန်းပက်ဖျန်းထားသော မြက်ခင်းပြင်က ဝါစိမ်းစိမ်း။

မိနှင်းပွင့်သည် ခေါင်းကိုငုံ့ပြီး တိတ်ဆိတ်ငြိမ်သက်စွာ လျှောက်လာရာမှ အမှတ်မထင် ရှေ့သို့ကြည့်လိုက်သောအခါ တုံ့ခနဲ ဖြစ်သွား၏။ သူမနှင့် မလှမ်းမကမ်းတွင် ဝတ်ရုံဖြူများ ခြုံထားသော လူသုံးယောက် ပိုင်းရံပိတ်ဆို့လျက် ရှိသောကြောင့် ဖြစ်၏။ သို့သော် တစ်ခဏချင်းမှာပင် အဖြစ်မှန်ကို သဘောပေါက်သွားပြီး သက်ပြင်းချနိုင်၏။ တစ်ယောက်တည်း လရောင်လွှဲလွှဲတွင် ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငှါနယ်ဟယ် . . . ကြောက်စရာမရှိ ကြောက်ရန်ကော"

သူမ၏ရှေ့တွင် ဝန်းရံပိတ်ဆို့နေသောဖြူဖြူဖွေးဖွေးများသ ဝတ်ရုံဖြူနှင့်လူများ မဟုတ်ပေ။ လူစင်စစ်က ကျောက်ရုပ်ဖြစ်သွား သည်ဆိုသော မွန်မင်းသမီး ညီအစ်မသုံးဖော်၏ ကျောက်ဝတ်တိုင် သာ ဖြစ်၏။ လရောင်ဖွေးဖွေးတွင် ရေသူမများပမာ အဖွေးသား အထ သား ရှိနေကြ၏။

မနေ့ညတွင်မှ မိမြတ်နီးကြင်၏စိတ်ကူးအရ သူတို့နှစ်ယောင် သည် အဝါရောင်သမ်းလဲ့လဲ့ အင်္ကျီလက်ရှည်အဖြူ အချိတ်ထဘီအ တို့ကို ဝတ်ဆင်ထားကြ၏။ သို့ဖြင့် မိမိသည်လည်း ကျောက်ရုပ်ပင် ဖြ သည်ဟု မိနှင်းပွင့် ခံစားနေမိ၏။ မိမိကိုပါ ထည့်တွက်လျှင် အား လေးယောက်ဖြစ်၏။ မိနှင်းပွင့် ရေတွက်ကြည့်၏။ တစ်၊ နှစ်၊ သုံး၊ လေ ငါး။

"ဘုရား . . . ဘုရား . . . ဘယ်လိုကြောင့် ငါးယောက်ဖြ နေရတာလဲ"

မိနှင်းပွင့် ထိတ်လန့်သွား၏။ ထပ်မံပြီး ရေတွက်၏။ သုံး၊ လေ ငါး။

ထိုစဉ်တွင် တညင်းပင်ရိပ်များ ထိုးကျနေသောကျောက်ရု တစ်ရုပ် လှုပ်ရှားလာသည်ဟု မိနှင်းပွင့် ထင်လိုက်၏။ ခေါင်းနပန်းကြီ သွား၏။ မိမိ၏စိတ်က ထင်တာပါဆိုပြီး ထပ်ကြည့်၏။ တကယ်ပင ထိုကျောက်ရုပ်သည် ရှေ့နောက်ဝဲယာ ယိမ်းထိုးလျက် ရှိ၏။

မိနှင်းပွင့် မျက်လုံးတွေ ပြာလာ၏။ တစ်ကိုယ်လုံး သွေးများရှ





သွား၏။ ယခုမှပင် မိမိသည် တကယ်ပင် ကျောက်ရုပ်ဖြစ်သွားသည်ဟု ထိတ်လန့်မိ၏။ ကြည့်နေစဉ်မှာပင် ယိမ်းထိုးနေသော ကျောက်ရုပ်သည် ရှေ့သို့ တဖြည်းဖြည်းချင်း တိုးလာ၏။ လမ်းလျှောက်လာသည်လား၊ ရွေ့ လာသည်လား မသိ။ ရှေ့သို့ တိုးလာခြင်းကား အမှန်ပင်။

မိနှင်းပွင့် ထိုနေရာမှ ထွက်ပြေးရန် နောက်သို့လှည့်လိုက်၏။

"ဟော့ . . . ဘယ်သွားမလိုလဲ၊ မပြေးနဲ့လေ"

မိနှင်းပွင့် ပြေးနိုင်စွမ်းမရှိပါ။ ခြေထောက်နှစ်ဖက်သည် ကျောက် သားများပမာ တောင့်ခဲနေ၏။ ထိုနေရာမှ ဆွဲနုတ်လှုပ်ရှား၍ မရဘဲ ဖြစ်နေ၏။

"ဟား . . . ဟား . . . ဟား . . . ဘယ်သူလဲမှတ်တယ်။ လက်စသတ်တော့ စတုဋ္ဌအပျိုစင်ပါလား"

မိနှင်းပွင့် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။ ရွေ့လျားလာသော ကျောက်ရုပ်ကြီးမှာ နိုင်မောင်စိုး ဖြစ်နေ၏။

သူက အင်္ကျီလက်ရှည်အဖြူ၊ ဘောင်းဘီရှည်အဖြူ၊ ရှူးဖိနပ် အဖြူနှင့် ဖြစ်၏။ အမှောင်ရိပ်တွင် ငြိမ်သက်စွာရပ်နေသဖြင့် ကျောက်ရုပ် များနှင့် ရောနေခြင်း ဖြစ်၏။

"ဪ . . . အစ်ကိုစိုးပါလား"

မိနှင်းပွင့်က ရောနှောသလိုလေသံဖြင့် ပြောလိုက်၏။ သူ့ကို ဤသို့အလိုက်သင့်ပြောပြီးနောက် ဧည့်ခံပွဲကျင်းပရာသို့ အမြန်ပြန်ပြေး သွားရန် စိတ်ကူးမိ၏။

"ဟုတ်ပါတယ်တဲ့ဗျာ . . . အစ်ကိုစိုးမှ . . . အစ်ကိုစိုးအစစ်ပ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ် မဟုတ်ပါဘူး"

သူ့ပါးစပ်မှ စကားလုံးများနှင့်အတူ အရက်နံ့ တထောင်းထောင်း ထွက်လာ၏။

"ဖြန်းခနဲ ကျောက်ရုပ်ကြီးက လှုပ်လာတော့ အသည်းတွေကို တုန်သွားတာပဲ။ သွားတော့မယ်နော်"

မိနင်းပွင့်က အလိုက်သင့်ပြောပြီး ထိုင်နေရာမှ ထွက်ခွာနိုင်ရန် လမ်းခင်းလိုက်၏။ သို့သော် နိုင်မောင်စိုးက ခွင့်မပြုပါချေ။

"နေဦးလေ . . . ဘယ်ဒီလိုလုပ်လို့ ရမလဲ"

သူက ပြောပြောဆိုဆို မိနင်းပွင့်၏လက်ကို ဖမ်းဆွဲလိုက်၏။

"အမေ့"

မိနင်းပွင့်၏နှုတ်မှ အာမေဋိတ်သံ လွှတ်ခနဲ ထွက်သွား၏။

"ကျုပ်က ကျောက်ရုပ်မဟုတ်ဘဲ လူဖြစ်ပေမယ့် အမိကို ဘာမှမလုပ်ပါဘူး။ ကြောက်မနေပါနဲ့"

"အို . . . ကြောက်လို့ မဟုတ်ပါဘူး။ ဟိုမှာ လူတွေကို ဧည့်ခံစရာ ရှိသေးတယ်"

"အောင်မယ်လေး . . . ကျုပ်လည်း လူပါပဲ။ ကျုပ်ကိုလည်း ဧည့်ခံစရာနိုင်ပါတယ်"

နိုင်မောင်စိုးကို ကြည့်ရသည်မှာ အကဲမလှတော့သဖြင့် မိနင်းပွင့်သည် ထွက်ပြေးရန် သူ့လက်မှ ဆောင့်ရုန်းလိုက်၏။ သို့သော် လွတ်မထွက်ဘဲ သူတစ်ကိုယ်လုံး သူမ၏ကိုယ်ပေါ်သို့ ရောက်လာ၏။ သူတို့နှစ်ယောက် နှစ်လှမ်း၊ သုံးလှမ်းမျှ ယိမ်းယိုင်သွား၏။ လဲကျလုနီးနီး ဖြစ်





သဖြင့် မိနင်းပွင့်က ကိုယ်ဟန်မနည်းထိန်းထားရ၏။ နိုင်မောင်စိုးတစ္ သူမ၏ ကိုယ်ကို တအားသိုင်းပြီး ဖက်ထားလိုက်၏။

"အို . . . အို . . . ဘယ်လိုလုပ်တာလဲ။ လွှတ်ပါ"

"ဟား . . . ဟား . . . ဟား . . . ဘာလို့လွှတ်ရမှာလဲ အချစ်ရယ်"

"ကျွန်မ နင်းပွင့်ပါ။ မြကြာဖြူ မဟုတ်ဘူး"

မိနင်းပွင့်က နိုင်မောင်စိုး လူမှားနေဟန်ဖြင့် ပြော၏။

"မိနင်းပွင့်မို့လို့ ကျုပ် ချစ်တာပေါ့။ မြကြာဖြူဆိုရင် ကျုပ် ဘယ်ချစ်ပါ့မလဲ"

နိုင်မောင်စိုးက ရုတ်တရက် မိနင်းပွင့်၏ပါးကို နမ်းရန် ကြိုးစား၏။ မိနင်းပွင့် ခေါင်းကိုရမ်းခါပြီး ရှောင်ရ၏။ ထို့နောက် ဆောင့်ရုန်းလိုက်ရာ နှစ်ယောက်စလုံး မြက်ခင်းပေါ်သို့ လဲသွား၏။ အောက်ဘက်သို့ နှစ်ပတ်သုံးပတ် လိမ့်သွား၏။ ရေမြောင်းတစ်ခုအတွင်းသို့ နိုင်မောင်စိုး ဘုန်းခနဲ ကျသွား၏။ မိနင်းပွင့် မြောင်းနှုတ်ခမ်းတွင် တင်နေ၏။

မိနင်းပွင့်အတွက် အခွင့်အရေးပင် ဖြစ်၏။ မိနင်းပွင့် ကမန်းကတန်း လူးလဲထပြီး ခြေဦးတည့်ရာစွတ်ပြေး၏။ ဧည့်ခံပွဲမြက်ခင်းပြင်ဘက်သို့ မဟုတ်ဘဲ မြို့စားမင်းအိမ်တော်၏ ဒုတိယခေါင်းရင်းဆောင်ဘက်သို့ ပြေးမိရက်သား ဖြစ်နေ၏။ မထူးပြီမို့ မလှမ်းမကမ်း ပေါက်ဆီသို့ ပြေးသွားပြီး ကျားရဲတောအတွင်း ခိုအောင်းရန်စိတ်ကူး၏။ ထိုစိတ်ကူးသည် ရ်ပျက်ရ၏။ သူမ၏နောက်မှ နိုင်မောင်စိုး လိုက်လာခဲ့လျှင် လွတ်အောင် ပြေးနိုင်မည် မဟုတ်ဘဲ ကျားရဲတောအတွင်း၌ သူ့မျက်ဘဝကို သူ့လက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝတ္တတ်အပ်လိုက်ဖို့သာ ရှိ၏။

ဒုတိယဆောင်ခေါင်းရင်းထိပ်တွင် အုတ်လှေကားတစ်ခု ရှိ၏။ မိနင်းပွင့် အုတ်လှေကားအတိုင်း ပြေးဆင်းသွားပြီး တံခါးကို တွန်းလိုက်၏။ အလိုက်သင့်ပင် ပွင့်သွား၏။ အထဲတွင် [illegible]နေ၏။ သို့သော် မိနင်းပွင့် စဉ်းစားမနေနိုင်တော့ဘဲ အမှော[illegible] တံခါးကိုပြန်ပိတ်ပြီး ကျောဖြင့် မှီကပ်ရပ်နေ၏။ သူမ၏နောက်သို့ နိုင်မောင်စိုး လိုက်လာမလား နားစွင့်နေ၏။

နိုင်မောင်စိုး၏အသံကို ကြားရ၏။ မိနင်းပွင့်အသက် မရှူဝံ့။ နိုင်မောင်စိုး၏ကျိန်ဆဲသံကို ကြားရ၏။ သူမကို တကြော်ကြော်အော်ခေါ်ရင်း မလှယ်ပေါက်ဆီသို့ လျှောက်သွား၏။ ထို့နောက် သူ့အသံပျောက်သွား၏။

သို့သော် မိနင်းပွင့် အပြင်သို့ ပြန်မထွက်ရဲတော့ပါ။ နိုင်မောင်စိုးနှင့် ပြန်တွေ့မည်ကို ကြောက်ရွံ့နေမိ၏။ သို့ဖြင့် တံခါးကို အတွင်းမှမင်းတုံးချလိုက်ပြီး အိမ်တွင်းသို့ ခြေဖွဖွနင်းပြီး ဝင်ခဲ့၏။

မိနင်းပွင့် ရောက်နေသည့်အခန်းမှာ ရှည်လျားသောစင်္ကြံတစ်ခုသာ ဖြစ်၏။ တစ်ခုတည်းသော နီကျင်ကျင်မီးပွင့်လေးသည် ယင်းစင်္ကြံအဆုံးတွင် ရှိနေ၏။ မိနင်းပွင့် ခြေဖွဖွနင်းပြီး စင်္ကြံလမ်းအတိုင်း လျှောက်သွား၏။ လူသံ၊ သူသံ မကြားရ။ လူရိပ်လူခြေ မတွေ့ရ။ မြို့စားမင်းအိမ်တော်၏ လူမနေသောအဆောင်များ ဖြစ်ဟန်ရှိ၏။

စင်္ကြံဆုံးသောအခါ ကန့်လန့်ဖြတ်စင်္ကြံကို တွေ့ရပြန်၏။ မိနင်းပွင့် စင်္ကြံအဆုံးတွင်ရပ်ပြီး ဘယ်ဘက်သို့သွားရမည်ကို အကဲခတ်၏။





[illegible]ဝဲဘက်တွင် မီးမရှိ၊ အမှောင်ကဲ၏။ ကြောင်လိမ်လှေကားတစ်ခု တွေ့မြင်ရ၏။ သူမအနေနှင့် အပေါ်ထပ်သို့တက်ရန် အကြောင်းမရှိ။ ဤအိမ်ကြီးထဲမှ အမြန်ဆုံးပြန်ထွက်နိုင်ဖို့ပင် ဖြစ်၏။ အရေးကြီးသည်မှာ [illegible]ည်သူတစ်စုံတစ်ယောက်နှင့်မျှ [illegible]ဘဲ ဤအိမ်ကြီးထဲမှ ပြန်ထွက်[illegible]နိုင်ဖို့ရန်နှင့် မိနင်းပွင့်အိမ်ထဲမှ ထွက်လျှင်ထွက်ချင်း မည်သူတစ်ဦး တစ်ယောက်မျှ [illegible]မပြုမိဘဲ ဧည့်ခံပွဲအတွင်းသို့ ပြန်ရောက်ရန်ပင် ဖြစ်၏။

မိနင်းပွင့် လက်ယာဘက်သို့ လျှောက်ခဲ့၏။ ဤအိမ်ကြီးအတွင်းရှိ စင်္ကြံလမ်းသည် ဝင်္ကပါလမ်းကဲ့သို့ ရှုပ်ထွေးကွေ့ကောက်သည်ဟု ကြားထား၏။ မိမြတ်နိုးကြင် ငယ်ငယ်တုန်းက ဤအိမ်ကြီးအတွင်း နေ့[illegible]ကြာအောင် တစ်ယောက်တည်း မျက်စိလည်နေခဲ့ဖူးသည် ဟု ဆို၏။

စင်္ကြံဆုံးသောအခါ ခန်းမကျယ်ကြီးအတွင်းသို့ မိနင်းပွင့် ရောက်သွား၏။ အခန်း၏အနေအထားကို အကဲခတ်၏။ အိပ်ခန်းလည်း မဟုတ် ဧည့်ခန်းလည်း မဟုတ်။ စင်္ကြံလေးခုဆုံသော ပေါင်းကူးခန်း ဖြစ်၏။ ယခုမှ မိနင်းပွင့် အခက်တွေ့ရ၏။ မည်သည့်စင်္ကြံသို့ လိုက်ရမည်[illegible]။ နောက်ဆုံးတွင် မြောက်ဘက်စင်္ကြံသို့ လိုက်ခဲ့၏။

ဘေးနှစ်ဖက်တွင် အခန်းများ ရှိ၏။ မျက်နှာကြက်[illegible] [illegible]ကပ်မီးပန်းများ ရှိ၏။ အိမ်သူအိမ်သားများ အသုံးပြုနေ[illegible] အပိုင်းသို့ ဝင်လာပြီဖြစ်သဖြင့် မိနင်းပွင့် အထူးသတိ[illegible]၏။ အခန်းတံခါးဝများတွင် ဟီလူးရုပ်များ၊ နတ်ရုပ်များ၊ [illegible]ရုပ်များ၊ ဆင်ရုပ်များ စသည်တို့ ရှိ၏။ အစောင့်များ [illegible]

စင်္ကြံအဆုံးတွင် နောက်စင်္ကြံတစ်[illegible] သည်



www.burmeseclassic.com

www.burmeseclassic.com



ကြေ်ာတွင် ကော်ဇောနီကြီးခင်းထား၏။ အခန်းနံရံများတွင် အပြောက်အကွက်များ၊ ပန်းချီကားများ တွေ့ရ၏။ ရုတ်တရက် ကြည့်လိုက်သွား၏ အခြားကြော်တစ်ခုလည်း မတွေ့ရ၊ မိနှင်းပွင့်သည် အခန်းတံခါးတစ်ခု၏ ရှေ့တွင် ရပ်နေမိရက်သားရှိ၏။ ထိုတံခါးမှာ ကုံးတံခါးဖြစ်၏။ ခြူးပန်းခြူ နွယ်များ ရှိ၏။ တံခါး၏ တစ်ဖက်တစ်ချက်တွင် နဂါးကောင်များ ရှိ၏။ နဂါးမျက်လုံးတို့မှာ ရဲရဲနီနေ၏။ မီးလုံးငယ်ကလေးများ မြှုပ်သွင်းထားခြင်း ဖြစ်၏။

မိနှင်းပွင့်က တံခါးကို အသာအယာ တွန်းဖွင့်လိုက်၏။ ထို့နောက် အခြားသူများမမြင်တွေ့စေရန် အခန်းတွင်းသို့ လျင်မြန်စွာဝင်လိုက်၏။

မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် မိနှင်းပွင့် ကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်သွား၏။ ကြော်ပေါင်းကူးခန်း မဟုတ်ပါ။ အိပ်ခန်းကျယ်ကြီးတစ်ခု ရှိ၏။ အခန်းထောင့်တစ်နေရာတွင် ကြေးခုတင်ကြီး တစ်လုံးရှိ၏။ ခုတင်ပေါ်တွင် လူသေအလောင်းကြီးတစ်လောင်း ရှိနေ၏။

မိနှင်းပွင့် တုန်လှုပ်ချောက်ချားနေမိ၏။

ကြေးခုတင်ပေါ်မှ အလောင်းကြီးသည် ပက်လက်ကြီးဖြစ်၏။ ဖြူဖတ်ဖြူရော်ကြီး ဖြစ်၏။ မျက်တွင်းဟောက်ပက်ကြီး ဖြစ်၏။

မိနှင်းပွင့် သတိထားပြီး ကြည့်လိုက်သောအခါ အလောင်းကောင်ကြီး၏ ရင်အုံသည် တစ်ချီတစ်ချီ မြင့်တက်လာ၏။ ထို့နောက် ထူးဆန်းသောအသံကိုလည်း ကြားရ၏။

မိနှင်းပွင့် အခန်းတွင်းမှ လျင်မြန်စွာ ပြန်ထွက်လိုက်၏။ တံခါးကို ပိတ်လိုက်ပြီး တံခါးရွက်ကို ကျောနင့်မှီထားလိုက်၏။





သူမ မြင်တွေ့ခဲ့ရသည်မှာ အလောင်းကောင်ကြီး မဟုတ်ပါ။ တစ္ဆေခြောက်သည်လည်း မဟုတ်ပါ။ အိပ်မောကျနေသော ဦးမင်းညို ဝေါင်သာလျှင် ဖြစ်ပါ၏။ ထောင်ထောင်မောင်းမောင်း၊ လုံးလုံးထည်ထည် လူကြီးတစ်ယောက် ရက်ပိုင်းလပိုင်းအတွင်း ကမ္ဘာ့နာမ်းရုပ် ဖြစ်သွားသည်မှာ အံ့ဩစရာပင်။ သူ၏စိတ်ရောဂါ ပြင်းထန်သော ရောဂါဝေဒနာဖိစီးခံရ၍ ဖြစ်၏။ မြို့စားမင်းအိမ်တော်၏ ထောင်လွှားမောက်မာသော အရှင်သခင်ကြီးသည် ယခုတော့ လူသေကောင်ကြီးလို ခုတင်ပေါ်တွင် တုံးလုံးပက်လက်ကြီး ဖြစ်နေတော့၏။

အပြင်ဘက်မြက်ခင်းပြင်တွင်ကား သားနှင့်ချွေးမတို့၏ မင်္ဂလာ ဧည့်ခံပွဲကို ဒေါ်ထိပ်တင်မကြီးက ဦးစီးကျင်းပလျက်ရှိ၏။

မိနှင်းပွင့်သည် ကော်ဇောနီခင်းထားသော ကြော်လမ်းအတိုင်း နောက်ကြောင်းပြန်ခဲ့၏။ ထောင့်ဆုံးတစ်ခုသို့ရောက်သောအခါ အခြား ကြော်တစ်ခုသို့ ကူးခဲ့၏။ ထိုစဉ် နံရံအကွယ်တစ်ဖက်ကြော်မှ ခြေသံများ စကားပြောသံများ ရုတ်တရက် ကြားလိုက်ရ၏။ မိနှင်းပွင့် မျက်လုံးပြူး သွား၏။ ရှေ့နားရှိအခန်းတစ်ခုအတွင်းသို့ ဖျတ်ခနဲ ဝင်လိုက်၏။

အိပ်ခန်းတစ်ခုပင် ဖြစ်၏။ တံခါးကို ပြန်ပိတ်လိုက်သောအခါ မှောင်သွား၏။ ခြေသံများ နီးလာ၏။ မိနှင်းပွင့် ပုန်းအောင်းနေသောအခန်း ရှေ့တွင် ရပ်သွား၏။ မိနှင်းပွင့် မလှုပ်ရဲပါ။ အသက်ပြင်းပြင်း မရှူရဲပါ။

"နွယ် . . . ပြောစရာရှိတယ်ဆိုတာ ဘာလဲ။ ပြောလေ"

နိုင်မောင်တိုး၏အသံ ဖြစ်၏။ သူ့အသံ နွမ်းနယ်နေ၏။

"ပြောတာပေါ့ . . . အစ်ကိုရယ်၊ အခန်းထဲကို ဝင်ပါဦး၊ အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး ပြောကြတာပေါ့။ နွယ့်ကို ဒါလောက်ကလေးမှ အချိန်မပေးနိုင်တော့ဘူးလား"

"မဟုတ်ပါဘူး . . . နွယ်ရယ်"

တံခါးပွင့်လာ၏။ အခန်းတွင်းသို့ အလင်းရောင် ဝင်လာ၏။ တံခါးရွက်၏နောက်တွင် မိနှင်းပွင့်ကွယ်လိုက်ရ၏။ သူမ ရောက်ရှိနေသည်မှာ နိုင်မောင်တိုးနှင့် မြနန်းနွယ်တို့၏အခန်း ဖြစ်၏။ နှစ်ယောက်အိပ်ခုတင်ကြီးကို မြင်ရ၏။ မှန်တင်ခုံနှင့် အဝတ်ဗီရိုကြီး ရှိ၏။

အခန်းတွင်းသို့ သူတို့ဝင်လာကြ၏။ နိုင်မောင်တိုးကရှေ့မှ ဖြစ်၏။ မြနန်းနွယ်က တံခါးကိုပြန်ပိတ်လိုက်၏။ မှောင်သွား၏။ တစ်ချိန်တည်းမှာပင် အဝတ်ဗီရို၏နောက်ဘက်သို့ မိနှင်းပွင့် ဖျတ်ခနဲ ကူးလိုက်၏။ သူမကို သူတို့မမြင်တွေ့ပါ။ သူမ၏လှုပ်ရှားသံမှာလည်း သူတို့အသံများနှင့်ရောနေသဖြင့် မကွဲပြားပါ။

အခန်းထဲတွင် မီးလင်းလာ၏။ စားပွဲပေါ်မှ စလောင်းအုပ်မီးတိုင်ကလေး လင်းလာခြင်းဖြစ်၏။

ပြာလဲ့လဲ့ မှိုင်းဖျော့ဖျော့ . . .

မြနန်းနွယ်က ခုတင်ပေါ်တွင် လျော့ရဲရဲ လှဲချလိုက်၏။ အိုက်စပ်ဟန်ဖြင့် အပေါ်အင်္ကျီကြယ်သီးနှစ်လုံးကို ဖြုတ်၏။ ဖွံ့ဖွံ့ ဝန်းဝန်း ဝင်းဝင်း။

နိုင်မောင်တိုးက ခုတင်အနီးရှိ ပက်လက်ကုလားထိုင်တွင် ထိုင်၏။ စီးကရက် မီးညှိ၏။ ထို့နောက် မြနန်းနွယ်ကို မကြည့်ဘဲ . . .

"ပြောလေ . . . နွယ်"

"အစ်ကို ဘယ်ရောက်နေသလဲဆိုပြီး နွယ် ခဏခဏ လိုက်ရှာ





ရတယ်"

"ဒီလိုပဲပေါ့ . . . နွယ်ရယ်။ ရည့်သည်တွေကများတော့ ဟိုဝိုင်းကူး၊ သည်ဝိုင်းကူးရနဲ့ပေါ့"

"စောစောကတော့ စားပွဲတစ်လုံးမှာ အစ်ကိုတို့နှစ်ယောက်တည်း စကားပြောနေကြတာပါ"

"ဘာပြောတယ် . . . နွယ်"

"အစ်ကိုနဲ့ ဟိုကောင်မလေးလေ၊ ကျောင်းဆရာကြီးသမီး"

"ဪ . . . အဲဒါ . . . ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ တစ်မျိုးပဲ အစ်ကို၊ နွယ့်စိတ်ထဲမှာ တစ်မျိုးပဲ၊ အင်းလေ . . . ကောင်မလေးက လှလည်းလှတယ်၊ ငယ်လည်းငယ်တယ် မဟုတ်လား"

"နွယ်ပြောမယ်ဆိုတာ ဒါပဲလား"

မြနန်းနွယ် ဘာမှပြန်မပြော။ နိုင်မောင်တိုးက သက်ပြင်းချလိုက်ပြီး . . .

"မြတ်နိုးဟာ အစ်ကို့ရဲ့ညီမလေးပါ . . . နွယ်၊ ပြီးတော့ အစ်ကိုရဲ့လက်ပေါ်မှာ ကြီးပြင်းလာတဲ့ မိန်းကလေးတစ်ယောက်ပါ။ မြတ်နိုးနဲ့ ပတ်သက်ပြီး နွယ်တစ်မျိုးတစ်မည် မထင်ပါနဲ့ကွယ်"

"အစ်ကို . . . တကယ်ပြောတာလားဟင်"

"ခက်ပါလား . . . နွယ်ရယ်၊ နွယ်ဟာ အစ်ကို့ရဲ့ဇနီး။ တနေ့ညအခါ ညည့်ခံပွဲဟာ အစ်ကိုနဲ့နွယ်ရဲ့ မင်္ဂလာညည့်ခံပွဲပါ။ ဒီပွဲမှာ စိတ်ချမ်းချမ်းသာသာနေပါ နွယ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွယ် စိတ်ချမ်းသာချင်ပါတယ် အစ်ကိုရယ်။ နွယ့်စိတ်ထဲမှာ မရှိတင်ကဲကြီးဖြစ်နေလို့သာ အစ်ကို့ကို ထုတ်ပြောရတာပါ။ နွယ် ဘယ် သူ့ကိုမှ မမုန်းချင်ပါဘူး။ အစ်ကိုက မဟုတ်ဘူးဆိုရင် ပြီးတာပါပဲ"

"မြတ်နိုးဟာ နွယ်ရဲ့ညီမလေးပါကွယ်"

မြနန်းနွယ် ခပ်မဆိတ် ရှိနေ၏။ နိုင်မောင်စိုး ဆေးလိပ်ကို ထိုးချေပြီး ထိုင်ရာမှထ၏။

"ကဲ . . . သွားကြစို့ နွယ်။ ဧည့်သည်တွေကို နှုတ်ဆက်ကြ အောင်"

မြနန်းနွယ်က လက်နှစ်ဖက်ဆန့်တန်း၏။ နိုင်မောင်စိုးက ဆွဲ ထူ၏။ မြနန်းနွယ်က မျက်နှာကလေး မော့ပေး၏။ နိုင်မောင်စိုးက နမ်း၏။

ခဏကြာသောအခါ မြနန်းနွယ် အင်္ကျီကြယ်သီးများ ပြန်တပ် ၏။ မှန်တင်ခုံတွင်ထိုင်ပြီး မျက်နှာကို ပြန်လည်မွမ်းမံ၏။ ထို့နောက် မီး ပိတ်ပြီး သူတို့နှစ်ယောက် အခန်းထဲမှ ထွက်သွားကြ၏။

ထိုအခါမှပင် မိနှင်းပွင့် သက်ပြင်းချနိုင်၏။ နိုင်မောင်စိုးတို့၏ ခြေသံများ ပျောက်သွားသည်အထိ နားစွင့်ပြီး အခန်းထဲထွက်ခဲ့၏။

နိုင်မောင်စိုးတို့ သွားသည့်ဘက်သို့လိုက်၏။ များမကြာမီ တွင် ဧည့်ခန်းဆောင်သို့ရောက်သွား၏။ ဧည့်ခန်းဆောင်မှ ထွက်ခဲ့သော အခါ မီးထိန်ထိန်ပြီးနေသော ဧည့်ခံပွဲမြက်ခင်းပြင် . . .

ထိုညက မိနှင်းပွင့်အိပ်မရပါ။ ညီအစ်မသုံးဖော်ကြားတွင် နိုင် မောင်စိုးနှင့် လုံးထွေးခဲ့ရပုံ၊ ဦးမင်းညီဂေါင်၏ ကမ္မဋ္ဌာန်းရုပ်ကြီးကို မြင် ရပုံ၊ နိုင်မောင်စိုးနှင့် မြနန်းနွယ်တို့၏ အခန်းထဲတွင် ပုန်းအောင်းခဲ့ရ





များကို စိတ်ထဲတွင် အမှတ်ရနေ၏။ မျက်စိထဲတွင် မြင်နေ၏။ နားထဲ တွင် ကြားနေ၏။

အိပ်ပျော်သွားတော့လည်း အိပ်မက်၏။ နိုင်မောင်စိုးက သူမ ကို စတုတ္ထအပျိုစင်အဖြစ် နံရံတွင် ဂူသွင်းကာ အရှင်လတ်လတ်စတေး ၏။ မိမြတ်နိုးကြင်က အုတ်ခဲများကို လက်နှစ်ဖက်ဖြင့် ကုတ်ခြစ်ဖယ်ရှား ၏။ သူမ၏လက်တွင် သွေးတွေ ပေကျံနေ၏။

မိနှင်းပွင့် အသံကုန်ဟစ်အော်၏။ ဟစ်အော်ရင်း နိုးလာ၏။ သူမ၏ခုတင်အနီးတွင် မိမြတ်နိုးကြင် ရပ်နေ၏။ သူမဆံပင်များ မိနှင်းပွင့် ၏ ရင်ညွန့်ပေါ်တွင် ဝဲပျံနေ၏။

"နှင်းရေ . . . နှင်းရေ . . . နှင်း . . . နိုးပြီလား။ အိပ်မက်မက် နေတာလားဟင်"

မိမြတ်နိုးကြင်က မိနှင်းပွင့်၏ဘေးတွင် ဝင်ထိုင်ရင်းပြော၏။ မိနှင်းပွင့်လည်း အိပ်နေရာမှ ကမန်းကတန်း ထထိုင်၏။ မိမြတ်နိုးကြင်၏ လက်များကို သူမ စေ့စိုက်ပြီးကြည့်၏။ မိမြတ်နိုးကြင်က ထိတ်ထိတ်ပျာ ပျာဖြင့် . . .

"နှင်း . . . နှင်း . . . ဘာဖြစ်လို့လဲ"

"မြတ်နိုးလက်တွေ ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ပါဘူး။ ဘာမှ မဖြစ်ပါဘူး"

"သွေးတွေ မရှိဘူးနော်။ မြတ်နိုး ရေဆေးပစ်လိုက်တာမဟုတ် ဘူးနော်"

"မဟုတ်ပါဘူး။ ကိုယ့်လက်မှာ ဘာမှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒါဖြင့် ကိုယ်အိပ်မက်မက်တာပဲ၊ တော်ပါသေး
မြတ်နိုးရယ်။ တကယ်မဟုတ်တာ တော်ပါသေးတယ်"

မိနှင်းပွင့်က အနည်းငယ် စိတ်သက်သာရာရဟန်ဖြင့် ပြောလိုက်၏

"နှင်း . . . ဘာတွေမက်လို့လဲ"

"ကိုယ့်ကို သူက စေတ္တာအပျိုစင်ဆိုပြီး အုတ်နံရံထဲမှာ အရှ
လတ်လတ် စေတာတယ်"

"ဘယ်သူကလဲ"

"အစ်ကိုနိုး . . . နိုင်မောင်နိုး"

"ဘုရား . . . ဘုရား"

"မြတ်နိုးက ကိုယ့်ကို ကယ်တယ်။ မြတ်နိုး လက်မှာသွေးတေ
ထွက်ကုန်တယ်"

"နှင်းအိပ်မက်က ကြောက်စရာကြီးပါလားကွယ်။ ဘယ်လို
ပြီး အိပ်မက်ဆိုးတွေ မက်ရတာလဲ"

"ကိုယ် ဘာလို့မက်တယ်ဆိုတာ ကိုယ်သိတယ်"

မိနှင်းပွင့်က မြို့စားမင်းအိမ်တော်တွင် တွေ့ကြုံဖြစ်ပျက်ခဲ့သ
များကို မိမြတ်နိုးကြင်အား ပြောပြလိုက်၏။

"ဟုတ်တယ် . . . အစ်ကိုနိုးဟာ မကောင်းဘူး။ နှင်း . . သူ
ဆက်ဆံရင် သတိထားပြီး ဆက်ဆံ။ တော်ပါသေးရဲ့ကွယ် နှင်း ဘာ
မဖြစ်ပေလို့"

"ကိုယ် ဘာမှမဖြစ်ပါဘူး။ ကိုယ်စိတ်မကောင်းတာက မြတ်နိုး
အတွက်ပါ"





မိမြတ်နိုးကြင် မျက်နှာညှိုးသွား၏။ အတန်ကြာအောင် နှုတ်
ဆိတ်နေ၏။ ပြီးမှ မပွင့်တစ်ပွင့်ပြော၏။

"မမနှယ် . . . [illegible]ယ်ပဲ ကိုယ်နဲ့အစ်ကိုတိုးကို တစ်မျိုး ထင်
ယပဲ့လား"

"ကိုယ်ကြားခဲ့ရတာပဲ မြတ်နိုး"

"အင်း . . . ကိုယ် ဘာပြောရမလဲ နှင်းရယ်၊ အစ်ကိုတိုး ပြော
သလိုပဲ ကိုယ်ဟာ သူ့ညီမပါ။ သူက ကိုယ့်ရဲ့အစ်ကိုကြီးတစ်ယောက်ပါ။
အင်း . . . ဒါပါပဲကွယ်"

ညသည် မိန်းမငယ်တစ်ယောက်တို့ [illegible]
[illegible]

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

မိဘဆရာ နှစ်ပတ်လည်အစည်းအဝေးတွင် စကားပြောနေ ရင်း ဆရာကြီး ဦးနိုင်တင်ချို မူးလဲသွားသဖြင့် ကျောင်းမှ ဆရာ ဆရာ များနှင့် လူကြီးများက အိမ်သို့ပြန်ပို့ကြရ၏။

ဒေါက်တာမင်းဦးက ဆေးနှစ်လုံး ထိုးပေး၏၊ စားဆေး သောက်ဆေးတွေ ပေး၏။ သံမာတ်ပါသော အစာများကျွေးရန် ညွှန် ကြား၏။

ဦးနိုင်တင်ချို၏ ရောဂါသည် စနစ်တကျ အနားယူလိုက်ပြီး အားပြန်ပြည့်သွားလျှင် နဂိုအခြေအနေသို့ ပြန်ရောက်မည်ဖြစ်သဖြင့် မိမြတ်နိုးကြင်နှင့် မိနှင်းပွင့်တို့သည် လူမမာအနီးတွင် တစ်ယောက်တစ်





ခြေဆုပ်လက်နယ် ပြုစုလျက်ရှိကြ၏။ ဒေါက်တာ မင်းဦးကလည်း ဆေး မှန်မှန် ထိုးပေး၏။ ပထမပိုင်းတွင် ဦးနိုင်တင်ချို၏ အခြေအနေမှာ ကောင်းလာသလိုလိုနှင့် ဆယ့်ငါးရက်ခန့်အကြာတွင် ဆုံးသွား၏။

ဤသို့ဖြင့် . . .

မြို့စားမင်းအိမ်တော် ဧည့်ခံပွဲညတွင် စိတ်ချောက်ချားခဲ့ကြရ သော မိမြတ်နိုးကြင်နှင့် မိနှင်းပွင့်တို့သည် အားကိုးမှီတွယ်ရာ မဲ့လိုက် ကြ၏ ပြိုလဲသွားသည့်အတွက် ပရိဒေဝမီး ဟုန်းဟုန်း တောက်ကြရတော့ ၏။

ဦးနိုင်တင်ချို၏ ရုပ်ဝနာကို ဒေါက်တာမင်းဦး၊ မြို့စားမင်း အိမ် တော်မှ ဒေါ်ထိပ်တင်မကြီးတို့က ဆောင်ရွက်ကြ၏။ အသုဘ ရက် အတွင်းတွင် နိုင်မောင်စိုးလည်း နေ့ရောညပါ လာရောက်ကူညီ၏။ နိုင် မောင်စိုးနှင့် မြနန်းနွယ်တို့မှာ တစ်ကြိမ်နှစ်ကြိမ်သာ လာရောက်ကြ၏။

အသုဘရက်အတွင်းမှာပင် မိမြတ်နိုးကြင်နှင့် မိနှင်းပွင့်တို့၏ နေရေးကို လူကြီးများ ဆွေးနွေးကြ၏။

ဒေါ်ကြီးက ဆင်ကျုံးရွာရှိ တူမဝမ်းကွဲနှင့် သွားနေမည်ဖြစ်၏။ သို့သော် မိန်းကလေးနှစ်ယောက်သည် ဒေါ်ကြီးနှင့်အတူ လိုက်ပါ နေထိုင်ရန် မဖြစ်နိုင်ပေ။

ဦးနိုင်တင်ချို ကွယ်လွန်ခါနီးတွင် မိမိ၏သမီးကလေးကို ကြည့်ရှုစောင့်ရှောက်ပါရန် ဒေါ်ထပ်တင်မကြီးကို မှာကြားခဲ့သဖြင့် မိမြတ်နိုးကြင်ကို မြို့စားမင်းအိမ်တော်က မွေးစားမည်ဖြစ်၏။

အထူးသဖြင့် မိန်းမငယ်ကလေးနှစ်ယောက် တစ်နှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



အတူတကွ တအူတုံဆင်း ညီအစ်အရင်းပမာ နေထိုင်ခဲ့ကြပြီးနောက် မျက်ရည်များကြားတွင် ခွဲခွာကြရမည့်အဖြစ်ကို မခံစားနိုင်ရှိနေကြ၏။

ရက်လည်ဆွမ်းမသွတ်မီ တစ်နေ့တွင် သူ့ ဧည့်ခန်းတွင်း၌ ဒေါက်တာ မင်းဦး၊ ဗိန္ဒောဆေးဆရာကြီး၊ ဒေါ်ထိပ်တင်မကြီး၊ နိုင်မောင်တိုး၊ ဒေါ်ကြီးနှင့် မိမြတ်နိုးကြင်တို့ စကားပြောနေကြ၏။ မိနှင်းပွင့်သည် စကားဝိုင်းသို့ မဝင်လိုသဖြင့် ပန်းခြံတွင်းသို့ တစ်ယောက်တည်း ထွက်ခဲ့ပြီး တိတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေ၏။

"နှင်း"

ကျောဘက်တွင် ကပ်ပြီး သူမအေးအသည်ခေါ်သံ ရုတ်တရက် ထွက်ပေါ်လာသဖြင့် မိနှင်းပွင့် လန့်သွား၏။ သို့သော် မြတ်နိုး၏ အသံမှန်း ချက်ချင်း မှတ်မိလိုက်၏။

"နှင်း တစ်ယောက်တည်း ဒီမှာ လာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူးရှင်"

"ကိုယ်တို့နှစ်ယောက် ခွဲရတော့မယ်ဆိုပြီး နှင်း စိတ်ညစ်နေတာ မဟုတ်လား။ နှင်း စိတ်မညစ်နဲ့တော့။ ကိုယ်တို့နှစ်ယောက် ဘယ်တော့မှ မခွဲကြရတော့ဘူး"

"မြတ်နိုးပြောတာ ကိုယ် နားမလည်ပါဘူး"

"ကိုယ်တို့နှစ်ယောက်စလုံး မြို့စားမင်းအိမ်တော်မှာ နေကြရမယ်"

"ဘာ"

"နှင်း အံ့ဩသွားသလား။ မအံ့ဩနဲ့။ တကယ်ပဲ။ ဒီကိစ္စကို





ကိုယ်တို့ အခုပဲ ပြောလို့ပြီးသွားကြတယ်။ လူကြီးတွေ အားလုံးက ဒီအစီအစဉ်ကို သဘောတူကြတယ်။ နှင်း ဝမ်းမသာဘူးလား"

"မြတ်နိုးနဲ့ အတူနေရမှာကို ကိုယ် ဝမ်းသာပါတယ်။ ဒါပေမဲ့ ကိုယ့်ကို မြို့စားမင်းအိမ်တော်မှာနေဖို့ ဘယ်သူက ပြောတာလဲ"

"ကိုယ်တို့နှစ်ယောက် မခွဲနိုင်ဖြစ်နေကြတာကို လူကြီးတွေ အားလုံးက သိတယ်။ အခု ကြီးကြီးတင် ကိုယ်တိုင်က နှင်းကို ကိုယ်နဲ့ အတူခေါ်ဖို့ ပြောတာပဲ"

"ကိုယ်က မြို့စားမင်း အိမ်တော်မှာ ဘယ်လိုနေရမှာလဲ"

"ကိုယ်တို့နှစ်ယောက်စလုံးကို အတူတူမွေးစားတာပဲ။ ကိုယ်တို့ အတူတူနေရမှာပေါ့။ မြို့စားမင်းအိမ်တော် အဆက်အနွယ်ရဲ့ မွေးစားသမီးတွေပေါ့။ ပြီးတော့ ကိုယ်တို့နှစ်ယောက်စလုံး ကျောင်းနေရမယ်"

"ကိုယ်တို့ကို ကျောင်းထားပေးမယ် ဟုတ်လား"

မမျှော်လင့်သောစကားဖြစ်သဖြင့် မိနှင်းပွင့် မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်"

မိနှင်းပွင့် သက်ပြင်းရှည်ကြီး ချလိုက်၏။

"ဘာဖြစ်လို့လဲ နှင်း"

"မြို့စားမင်းအိမ်တော်မှာ လိုက်နေရမှာ ကြောက်တယ်"

"ဘာကိုကြောက်ရမှာလဲ"

"နိုင်မောင်တိုး"

"နှင်းဟာ သူ့အမေရဲ့ မွေးစားသမီးတစ်ယောက် ဖြစ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ သူ မနောင့်ယှက်ရဲပါဘူး။ ကိုယ်လည်း ရှိနေသားပဲ"

"ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ မနေချင်ဘူးလည်း မဟုတ်၊ နေချင်တယ်လည်း မဟုတ်။ ဘယ်လိုပြောရမှန်း မသိဘူး။ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်လို့ပဲ ပြောတတ်တယ်"

"အိုကွယ် နင်းကလည်း ဘာတွေပြောနေတာလဲ။ နင်းနဲ့ ကိုယ်နဲ့က ဘဝတူပါ။ မနေ့ကပဲ ပြောကြသေးတယ် မဟုတ်လား။ ကိုယ်တို့နှစ်ယောက်ဟာ အတူတွဲပြီးသာ ရင်ဆိုင်ရရင် ဘာကိုပဲဖြစ်ဖြစ် ရင်ဆိုင်မယ်လို့။ မြို့စားမင်းအိမ်တော်မှာ နင်း လိုက်မနေဘူးဆိုရင် ကိုယ် တစ်ယောက်တည်း ဖြစ်နေမှာပေါ့။ မြို့စားမင်းအိမ်တော်မှာ ကိုယ့်ရဲ့ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ နင်းလည်း မသိဘဲ။ နင်းမှာ အစ်ကိုစိုး ပြဿနာရှိသလို ကိုယ့်မှာလည်း မမနွယ်နဲ့ အစ်ကိုတိုး ပြဿနာ ရှိနေတယ် မဟုတ်လား။ ဘာပဲဖြစ်ဖြစ်ပေါ့ကွယ် ကိုယ်တို့နှစ်ယောက် အတူ လက်တွဲပြီး ရင်ဆိုင်ကြတာပေါ့။ ဟုတ်လား နင်း . . ဟင် . . . ဟုတ်လား"

မိမြတ်နိုးကြင်က သူ၏ပခုံးနှစ်ဖက်ကို လှုပ်ခါကာ မျှော်လင့်တကြီးဖြင့် မေးနေသောအခါ မိနှင်းပွင့် ခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်ပါ၏။

ဤသို့ဖြင့် မိနှင်းပွင့်၏ဘဝသည် မြို့စားမင်းအိမ်တော်၏ အဆက်အနွယ်များနှင့် ရောထွေးယှက်တင် လာရပါတော့၏။

ယခုမူ ကြွင်းကျေ နဝင်းကျေ ဆောက်လုပ်ထားသော အဆောင်ကိုးဆောင်ရှိသော အိမ်ကြီးတွင် အိမ်သားတစ်ယောက် ဖြစ်နေရချေသည်။





မြို့စားမင်းအိမ်တော်သို့ ရောက်ရှိသွားသောအခါ သူတို့နှစ်ယောက် တစ်ခန်းစီနေကြရပြီး တစ်ခန်းနှင့်တစ်ခန်း အတန်ငယ် လှမ်းနေသည်မှာ အကြောင်းမဟုတ်သော်လည်း မိမြတ်နိုးကြင်ကို ဒေါ်ထိပ်တင်မကြီးက ချောဆွဲထားခြင်းက အကြောင်းဖြစ်နေပါ၏။ ဒေါ်ထိပ်တင်မကြီးသည် အကြောင်းကိစ္စထူးမရှိလျှင် သူ့အခန်းထဲမှာပင် အနေများ၏။ သူမ တွေ့လိုသူများကို အခန်းထဲသို့ ခေါ်တွေ့၏။ သူ ခွင့်မပြုဘဲ အခန်းသို့ မည်သူမျှမလာရ။ ဤအခန်းမှပင် မြို့စားမင်းအိမ်တော်ကို ကွပ်ကဲအုပ်ချုပ်၏။

ဒေါ်ထိပ်တင်မကြီးသည် မိမြတ်နိုးကြင်ကို သူ့အခန်းသို့ ခေါ်ထားလေ့ရှိ၏။ မိမြတ်နိုးကြင်သည် အဘွားကြီးပြောသည်များကို စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ နားထောင်ရ၏။ ဖတ်နိုင်သော ဘုရားစာအုပ်များကို ဖတ်ပြရ၏။ သို့နှင့်ပင် တစ်အိမ်တည်းတွင် နေထိုင်လျက်ရှိကြသော်လည်း သူတို့နှစ်ယောက် တသီးတခြားစီဖြစ်နေကြရ၏။

မိနှင်းပွင့်တွင် အခြားအလုပ်ကိစ္စမရှိသဖြင့် အခါအခွင့်သင့်တိုင်း မြို့စားမင်းအိမ်တော်၏ လူမနေသောအဆောင်များ အခန်းများကို လှည့်လည်ကြည့်ရှုလျက်ရှိ၏။ အချို့အခန်းများတွင် ရှေးဟောင်းပစ္စည်းများ၊ ရှေးခေတ် မင်းညီမင်းသား မြို့စားမင်း အသုံးအဆောင်များ၊ ပေထုပ်များ၊ ပုရပိုက်များ တွေ့ရ၏။

ထိုနေ့က အပေါ်ထပ်အခန်းတွင် မိန်းမတော်မြို့သမိုင်းဟူသော ပေစာထုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေစဉ် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ မြနန်းနွယ် ဖြစ်နေ သည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ခြည် . . . မမနွယ်ပါလား"

"ညီမလေး . . . ဘာတွေဖတ်နေတာလဲ"

"နင်း . . . ပျင်းတာနဲ့ အိမ်ကြီးထဲ လျှောက်ကြည့်ရင်း မိန်းမ တော မြို့သမိုင်းဆိုတာကို ဖတ်ကြည့်နေတာ"

"မနေ့ကလည်း ညီမလေး တစ်အိမ်လုံး လျှောက်သွားနေတာ ပဲ မဟုတ်လား"

"ဟုတ်တယ် မမနွယ်။ ဘာအလုပ်မှမရှိတာ။ ကျောင်းက လည်း မဖွင့်သေးဘူး။ ကျောင်းဖွင့်ရင်တော့ ကျောင်းတက်ရတာနဲ့ စာကျက်ရတာနဲ့ဆိုရင် ဒီလို လျှောက်သွားလို့ရတော့မှာ မဟုတ်တော့ ဘူး။ ခုတော့ မြတ်နိုးကလည်း ကြီးကြီးတင်နဲ့သွားနေတော့ နင်း တစ်ယောက်တည်း ဖြစ်နေတာပေါ့"

မြနန်းနွယ်က ခေတ္တမျှငေးငိုင်နေပြီးမှ . . .

"မတူးပါဘူးကွယ်။ မမလည်း ဒီအိမ်ကြီးထဲမှာ တစ်ယောက် တည်းပါပဲ"

"အစ်ကိုတိုး . . . ဘယ်သွားနေလို့လဲ"

"သူ့အဖေ နေမကောင်းနေတော့ မော်လမြိုင်က လုပ်ငန်း တွေကို သူပဲ ကြီးကြပ်အုပ်ချုပ်နေရတယ် မဟုတ်လား"

"အစ်ကိုတိုးက မော်လမြိုင်ကို နေ့တိုင်းသွားရသလား။ ဟိုမှာ မန်နေဂျာတွေ စာရေးတွေ မရှိဘူးလား"

"ရှိတော့ရှိတာပေါ့။ အခုတော့ အလုပ်မှာ အရေးကြီးတယ် ဆိုပြီး နေ့တိုင်းသွားနေတာပဲ"





မြနန်းနွယ်စကားကို ထိန်းပြီးပြောနေကြောင်း မိနှင်းပွင့် ရိပ်စား မိ၏။

"ဒီတော့ မမနွယ်လည်း မြို့စားမင်းအိမ်တော်မှာ တစ်ခန်းဝင် တစ်ခန်းထွက် လှည့်နေတဲ့ ခရီးသည်ကြီး ဖြစ်နေတာပေါ့နော်"

"ဒါပဲပေါ့ကွယ်"

ထို့နောက် မြနန်းနွယ် အခန်းထဲမှ ထွက်သွား၏။ သို့သော် အခန်းဝအရောက်တွင် ရုတ်တရက် ရပ်တန့်ပြီး . . .

"နောက်နေ့တွေကျရင် ညီမလေးတစ်ယောက်တည်း ပျင်းနေ ရင် မမနွယ်အခန်းကို လာခဲ့ပေါ့"

BURMESE CLASSIC

"ဟုတ်ကဲ့"

နောက်တစ်နေ့တွင် မြနန်းနွယ်အခန်းသို့ မိနှင်းပွင့် ရောက် သွား၏။ မြနန်းနွယ် ဝမ်းသာအားရ လက်ခံ၏။ သူတို့နှစ်ယောက် တွေ့ရာလေးပါးပြောကြ၏။ မွန်မင်းသမီး ညီအစ်မသုံးဖော်အကြောင်း၊ စေတုတ္ထ အပျိုစင်အကြောင်း။ သို့သော် သံလွင်မှ လူဘီလူးကြီး အကြောင်း၊ လပြည့်လကွယ်နေ့များတွင် ကရုန်သည့် အကြောင်းများကိုကား မပြောဆိုကြပါ။ မိနှင်းပွင့်ကလည်း မမေး။ မြနန်း နွယ်ကလည်း ဖြေမည်မဟုတ်ပါ။

နောက်နေ့များတွင်လည်း မိနှင်းပွင့် သံလွင်ရိပ်သာအကြောင်း စပ်စုခြင်း မပြုသလို မြနန်းနွယ်ကလည်း မိမြတ်နိုးကြင်အကြောင်း တစ်ခွန်းတစ်ပါဒမျှ မေးမြန်းစုံစမ်းခြင်း မပြုပါချေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

မြို့စားမင်းအိမ်တော်တွင် နိုင်အောင်တိုး၊ မြနန်းနွယ်နှင့် မိမြတ်နိုးကြင်တို့ အနေကြံ့ပြီး သတိထားနေထိုင်ကြသလို ဆွေမျိုးနီးစပ်များ၊ တပည့်တပန်းများ၊ အနိုင်းအစေများလည်း ဆင်ဆင်ခြင်ခြင် နေထိုင်ကြသည်ကို မိနှင်းပွင့် တွေ့ရှိရ၏။ သူတို့ လမ်းလျှောက်လျှင် ခြေသံမကြားရ၊ သူတို့စကားပြောလျှင် လေသံမျှသာဖြစ်၏။

ဒေါ်ထိပ်တင်မကြီးနှင့် ဦးညီမင်းဖေါင်တို့မှာလည်း သူတို့အခန်းများထဲတွင်သာ အောင်းလျက်ရှိ၏။ သူတို့အလိုရှိမှ သူတို့ကို တွေ့နိုင်၏။ သူတို့ အလိုမရှိပါက ဧည့်သည်များပင်လျှင် ပြန်သွားကြရ၏။

မြို့စားမင်း အိမ်တော်သည် တိတ်ဆိတ်ခြောက်ကပ်သော သုသာန်တစပြင်နှင့် တူပါ၏။ အိမ်တော်တွင် နေထိုင်သူများသည် ကိုယ်ပိုင်ဝိညာဉ်ရှိသူများနှင့် မတူဘဲ ဖုတ်သွင်းထားသော အလောင်းကောင်များနှင့်သာ တူပါ၏။

မြို့စားမင်းအိမ်တော်တွင် နေထိုင်ရမည်ဆိုသောအခါ မိနှင်း





ပွင့်သည် နိုင်မောင်စိုးနှင့် မည်သို့ရင်ဆိုင်ရမည်နည်း ကြောင့်ကြပူပန်ခဲ့၏။ မဂ်လာဧည့်ခံပွဲ ညကအဖြစ်ကို တွေးမိပြီး ရင်ဖိုရ၏။ သို့သော် သူတို့ မြို့စားမင်းအိမ်တော်သို့ ရောက်သောအခါ နိုင်မောင်စိုးကို မမြင်တွေ့ရတော့ပါ။ သူတို့မရောက်မီ တစ်နေ့မှာပင် ရန်ကုန်သို့ ထွက်သွားပြီဖြစ်၏။ စာမေးပွဲ အကြိမ်ကြိမ်ကျသဖြင့် သူ့ကို ရန်ကုန်သို့ ပြောင်းရွှေ့ကျောင်းထားခြင်း ဖြစ်၏။

နိုင်မောင်စိုးကို မတွေ့ရှိရရုံသာမက သူ၏အဆွေ မြကြာဖြူကိုလည်း ကျောင်းတွင် မတွေ့ရတော့ပေ။ သူ့အိမ်က ကျောင်းနုတ်လိုက်ခြင်းဖြစ်၏။ သို့သော် ဈေးထဲတွင်ကား ရံဖန်ရံခါ မြကြာဖြူကို တွေ့ရ၏။ မြကြာဖြူတစ်ယောက်တည်းကား မဟုတ်ချေ။ ဘီလူးမတောင်မိုင်းမှ ကြီးကြပ်ရေးမှူး မောင်မောင်ဦးနှင့် ဖြစ်၏။

မောင်မောင်ဦးမှာ မြကြာဖြူနှင့် အရွယ်တူ မဟုတ်ပေ။ အသက် ၁၀ နှစ်ကျော်ကြီး၏။ လူပျိုကြီးဖြစ်၏။ လူကြီးမိဘတွေမှ တစ်ဆင့် မြကြာဖြူကို စေ့စပ်ကြောင်းလမ်း၏။ မြကြာဖြူ လက်မခံ။ သို့သော် ငြင်းပယ်ခြင်းလည်း မပြု။ မောင်မောင်ဦးလာလျှင် ကောင်းမွန်စွာ လက်ခံ၏။ မြို့တွင်းသို့ခေါ်လျှင် လိုက်၏။ ကျွေးလျှင် စား၏။ ပေးလျှင်လည်း ယူ၏။ ချစ်ရေးဆိုသောအခါ စဉ်းစားပါရစေဦးဟု ဆို၏။ လူတွေကမူ မြကြာဖြူသည် နိုင်မောင်စိုးကို စောင့်မျှော်လျက်ရှိသည်ဟု ဆို၏။ မောင်မောင်ဦးကို ကြိုးရှည်ရှည်နှင့် လှန်ထားခြင်းဟု ပြောကြ၏။

မိနှင်းပွင့်သည် မြကြာဖြူအကြောင်း၊ နိုင်မောင်စိုးအကြောင်း သူများထွေပြောလာလျှင် နားထောင်၏။ မိမိ ထင်မြင်ချက်ကိုကား



www.burmeseclassic.com

www.burmeseclassic.com



မပေးချေ။ စိတ်ဝင်စားမှုမရှိသောကြောင့် ဖြစ်၏။

နိုင်မောင်စိုးသည် သီတင်းကျွတ် ကျောင်းပိတ်ရက်တွင်မှ မြို့စားမင်းအိမ်တော်သို့ ပြန်လာမည်ဆိုသော်လည်း သီတင်းမကျွတ်မီ ပထမနှစ်ဝက် စာသင်ရက်များအတွင်းမှာပင် အရေးတကြီး ပြန်ရောက်လာ၏။ အကြောင်းမှာ သူ၏ဖခင် ဦးညီမင်းဂေါင် ရုတ်တရက် ကွယ်လွန်သွားသောကြောင့် ဖြစ်၏။

မြို့စားမင်းအိမ်တော် အရှင်သခင်ကြီး ကွယ်လွန်ပုံမှာ နည်းနည်းတော့ ဆန်းသည်ဟု ဆိုရပါမည်။ သူက မြနန်းနွယ်နှင့် စကားပြောချင်သည်ဆိုသဖြင့် အိမ်တော်ထိန်းသည် မြနန်းနွယ်၏အခန်းသို့ သွားရောက်အကြောင်းကြား၏။ မြနန်းနွယ်လည်း ချက်ချင်းပင် ဦးညီမင်းဂေါင်၏ အခန်းသို့သွား၏။ မိနစ်ပိုင်းအတွင်းမှာပင် ထိတ်လန့်ကြောက်ရွံ့ဖွယ် အော်ဟစ်သံကို တစ်အိမ်လုံး ကြားကြရတော့၏။

မြနန်းနွယ်၏ ငယ်သံပါအော်ဟစ်သံကြောင့် ဦးညီမင်းဂေါင်၏ အခန်းသို့ ပြေးသွားကြ၏။ ပထမဆုံး ရောက်ရှိသွားသူမှာ ဒရိုင်ဘာ ဦးရာတိတ် ဖြစ်၏။ ဦးရာတိတ် ရောက်ရှိသွားသောအခါ မြနန်းနွယ် ကြမ်းပြင်ပေါ်တွင် လဲကျနေပြီး ဦးညီမင်းဂေါင်က ခုတင်ပေါ်တွင် ဟန်လန့်ဖြတ် လဲကျနေ၏။ အခြေအနေကို စစ်ဆေးကြည့်ရှုသောအခါ မြနန်းနွယ်မှာ သတိမေ့မျောနေခြင်းဖြစ်ပြီး ဦးညီမင်းဂေါင်မှာမူ ဤလောကကြီးမှ အပြီးအပိုင် ထွက်ခွာသွားခြင်းဖြစ်၏။

မြနန်းနွယ် သတိပြန်လည်ရရှိသောအခါ သူမ၏ ထူးဆန်းသော အတွေ့အကြုံကို ရင်တမမဖြင့် ပြန်လည်ပြောပြ၏။



ဦးညီမင်းဂေါင် အိပ်နေရာမှ ဆတ်ခနဲ ထထိုင်၏။ သူ့မျက်လုံး ပြူးနေ၏။ ချက်ချင်းပင် သူ့အိပ်ရာပေါ် ပြန်လဲကျသွား၏။ မြနန်းနွယ်က အဘိုးကြီး၏ အခြေအနေကို စူးစမ်း၏။ အဘိုးကြီး အသက်မရှူတော့ကြောင်း သိရသည်နှင့် တစ်ပြိုင်နက် စူးစူးဝါးဝါး အော်ဟစ်မိခြင်းဖြစ်၏။

ဦးညီမင်းဂေါင်၏ အခန်းမှ အိမ်တော်ထိန်းကြီး ထွက်လာသည့် အချိန်နှင့် မြနန်းနွယ် ရောက်သွားသည့်အချိန်သည် ငါးမိနစ်ခန့်သာ ကွာခြား၏။ ဦးညီမင်းဂေါင် အိမ်တော်ထိန်းနှင့် စကားပြောနေသည့် အချိန်က အကောင်းကြီး ရှိနေသေး၏။ သတိလက်လွတ်ခြင်း၊ လျှာလေးအာလေးခြင်း အလျဉ်းမရှိ။ အမောဖောက်ခြင်းလည်း မရှိပါ။ သည့်အရင်ကလည်း အကောင်းပင်ဖြစ်၏။ မနက်က ဆရာဝန် လာသွားသည်။ အချိန်ကလည်း စိုးရိမ်ဖွယ်ရာ အခြေအနေ ရှိမနေပါ။

ဤငါးမိနစ်အတွင်း ဘယ်လိုရောဂါဖောက်ပြန်သွားပြီး မြနန်းနွယ် ရောက်သွားမှ ဝေါက်ခနဲ သေဆုံးသွားရသည် မသိ။ နောက်ဆယ့်ငါးမိနစ်ခန့်အကြာတွင် အိမ်တော်ဆရာဝန် ရောက်ရှိလာပြီး စစ်ဆေးကြည့်သောအခါ နှလုံးရောဂါဖြင့် သေဆုံးကြောင်း မှတ်ချက်ချ၏။

ဤသို့ဖြင့် ဦးညီမင်းဂေါင် ကွယ်လွန်ခြင်းသည် သူတို့အားလုံး၏ မျက်လုံးပြူးပြသည်နှင့် တူနေတော့၏။

လွင်အောင်ဟိန်းထံမှ ဝမ်းနည်းကြောင်း အမြန်ကြေးနန်းစာ ရောက်လာ၏။ သူကိုယ်တိုင် မလာနိုင်သည်ကို တောင်းပန်ထား၏။ ရက်လည် ပြည့်ပြီးနောက် တစ်နေ့တွင် နိုင်မောင်စိုး ရန်ကုန်သို့ ပြန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဤရက်များအတွင်း မိနှင်းပွင့်နှင့် နိုင်မောင်စိုး ခဏတစ်ဖြုတ် တွေ့ ခြင်းများရှိသော်လည်း အသုဘ ကိစ္စကြီးနှင့်ဖြစ်သဖြင့် ပြဿ အထူးအထွေ မတက်ချေ။

ဦးညီမင်းဂေါင် မရှိသည့်နောက်ပိုင်းတွင် ဒေါ်ထိပ်တင်မြ သည် ယခင်ကထက် ပို၍ အခန်းအောင်း၏။ လူတွေနှင့်လည်း အ အဆုံနည်း၏။ မိမြတ်နိုးကြင်ကိုပင် သူမထံသို့ မခေါ်တော့။ အခန်း တွင် တစ်ယောက်တည်း ငေးငိုင်နေတတ်၏။ အိမ်တော်ထိန်းက ဆိုမှ စား၏။ အိပ်တော့ဆိုမှ အိပ်၏။

မိမြတ်နိုးကြင်လည်း အခန်းအောင်းနေ၏။ မိနှင်းပွင့် ရောက်သည်ကိုပင် စကားများများ မပြောချေ။ တွေးနေ ငေးနေတတ်

နိုင်မောင်တိုးမှာလည်း မော်လမြိုင်သို့ အသွား များရှိသော မော်လမြိုင်မှာပင် အနေများတော့၏။

မြနန်းနွယ်၏ အခြေအနေက အဆိုးဝါးဆုံးဖြစ်၏။ ဦးညီ ဂေါင် ကွယ်လွန်သည့်နေ့မှာပင် သူ ဖျား၏။ ကယောင်ကတမ်း ပြော၏။ ညဘက်တွင် ထထပြီး အော်၏။ ဒေါက်တာမင်းဦးက မတ်၍ ကုသပေးရ၏။ အဖျားပျောက်သွားသည့်တိုင် ငေးကြောင် ကြောက်ရွံ့ထိတ်လန့်ခြင်းများ ကျန်ရစ်၏။

ဦးညီမင်းဂေါင် ရက်လည်ပြီး နောက်တစ်နေ့သည် လပြည့် ဖြစ်၏။ အသုဘကိစ္စများလည်း ပြီးသွားပြီ။ နိုင်မောင်စိုးလည်း ရန် ပြန်သွားပြီဖြစ်သဖြင့် မိနှင်းပွင့် အသက်ဝဝရှူနိုင်၏။ ပြတင်းပေါက် ရပ်ပြီး လရောင်ဆမ်းသောညကို ကြည့်နေ၏။ မွှန်မင်းသပိုးသုံး





ကျောက်ရုပ်များသည် ငြိမ်သက်စွာ ရှိနေကြ၏။ မိနှင်းပွင့်သည် ကျောက်ရုပ်များ ရေတွက်မိ၏။

"ဘုရား . . . ဘုရား . . . တစ်ရုပ် ပိုနေပြန်ပြီ"

ဖြည့်စုံပွဲညကလည်း ကျောက်ရုပ်တစ်ရုပ်ပိုနေခဲ့၏။ ပိုနေသော ကျောက်ရုပ်သည် နိုင်မောင်စိုးဖြစ်ပြီး သူမကို ခြောက်လှန့်ဖမ်းစားခဲ့၏။ ယခုလည်း နိုင်မောင်စိုးသည် ရန်ကုန်မပြန်ဘဲ ကျောက်ရုပ်များနှင့်အတူ ရှိနေပြန်ပြီလော။

မိနှင်းပွင့် ဇောချွေးများပြန်လာ၏။ မိမြတ်နိုးကြင်ထံ အမြန်ပြေး သွားရမည်လားဟု စိတ်ကူးမိ၏။ သို့သော် သူမ ပြတင်းပေါက်မှ မခွာ နိုင်ပါ။ ပိုနေသောကျောက်ရုပ်ကို ရှာဖွေ၏။ ရုတ်တရက် မတွေ့ပါ။ ကျောက်ရုပ်များ ငြိမ်နေသည့်ကြားမှ ကျောက်ရုပ်တစ်ရုပ်၏ ထူးခြားမှုကို တွေ့ရ၏။ ဖားလျားချထားသော ဆံပင်နက်များ . . .။

ပိုနေသောကျောက်ရုပ်သည် နိုင်မောင်စိုး မဟုတ်ပါ။ မြနန်း နွယ် ဖြစ်ပါ၏။

ထိုအခါ . . . မိနှင်းပွင့် တစ်မျိုးထိတ်လန့်ရပြန်၏။ မြနန်းနွယ် သည် သံလွင်ရိပ်သာ၏ ကျိန်စာသင့်နေသူ တစ်ဦးပီပီ လပြည့်ညတွင် ကခုန်ချေတော့မည်လား။

မိနှင်းပွင့် သေချာကြည့်၏။ မြနန်းနွယ်သည် ကခုန်ခြင်း မရှိပါ။ လရောင်တွင် ငြိမ်သက်စွာ ရပ်နေ၏။ သူ့ကိုယ်တွင် ပိုးအဖြူ ဝတ် အင်္ကျီ ဝတ်ထား၏။ မိနှင်းပွင့် အိမ်ပေါ်မှ တမန်းကတန်း ဆင်းသွား၏။ မြနန်းနွယ်ရှိရာသို့ သွား၏။ မြနန်းနွယ်က မိနှင်းပွင့်ကို မြင်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြီး နှုတ်ဆက်၏။

"မမနွယ် ဘာလုပ်နေတာလဲဟင်"

"မမနွယ်လည်း ကျောက်ရုပ်ဖြစ်သွားရင် ကောင်းမှာပဲကွယ်"

"အို . . . မမနွယ်ကလည်း မဟုတ်တာတွေ မပြောပါနဲ့။ ဘာလို့ ကျောက်ရုပ်ဖြစ်ရမှာလဲ"

"လူ့ဘဝဆိုတာ ဘာမှ အဓိပ္ပာယ်မရှိဘူး"

"ကဲပါ . . . မမနွယ်ရယ် ဒါတွေပြောမနေပါနဲ့။ အိမ်ပေါ် တက်ကြစို့။ အပြင်မှာ အေးလာပြီ။ မမနွယ်လည်း နေကောင်းသေးတာ မဟုတ်ဘူး"

"ဟိုနေ့က ဘဘကြီးမသေဘဲ မမနွယ် သေသွားရင် သိပ် ကောင်းမှာပဲ။ အစလောက်ဆိုရင် ဝမ်းသာတဲ့လူတွေ ဝမ်းသာနေကြ တော့မယ်"

ထိုအခိုက်တွင် သူတို့ဆီသို့ လူတစ်ယောက် လျှောက်လာနေ၏။ နိုင်ဖမောင်တိုးဖြစ်၏။ သူက ဘာမျှမပြောဘဲ မြနန်းနွယ်ကို တွဲ ခေါ်သွား၏။ မြနန်းနွယ်က ငြင်းဆန်ခြင်းမပြုဘဲ ငြိမ်သက်စွာ လိုက်ပါ သွား၏။

မိနှင်းပွင့် မော့ကြည့်လိုက်သောအခါ မိမြတ်နိုးကြင်သည် သူမ၏ အခန်းပြတင်းပေါက်တွင်ရပ်ပြီး သူတို့ကို ကြည့်နေ၏။

သည်ဇာတ်၏ အဆုံးနိဂုံး မည်သို့ရှိရှေမည်နည်းဟု မိနှင်းပွင့် စဉ်းစား၏။ အံ့သြနေမိ၏။

မွန်မင်းသမီး ညီအစ်မသုံးဖော်သည် ငြိမ်သက်လျက် . . .။



## အခန်း ( ၁၁ )

• တော်သလင်းမကုန်မီကပင် သီတင်းကျွတ် မီးထွန်းပွဲတော် အတွက် လှုပ်လှုပ်ရွရွရှိနေကြ၏။

လွင်အောင်ဟိန်း သီတင်းကျွတ်လျှင် လာမည်ဆိုခြင်းကို မိမြတ်နိုးကြင်နှင့် မိနှင်းပွင့်တို့သည် သူ့ထံမှ စာတစ်စောင်ရရှိသဖြင့် သိထားကြ၏။ သို့သော် သူမ စောင့်မျှော်နေသော လွင်အောင်ဟိန်းမှာ သီတင်းကျွတ်ခဲ့သည့်တိုင် ရောက်မလာပါ။ သူမ စိုးရိမ်ထိတ်လန့်နေ သော နိုင်ဖမောင်စိုးသာလျှင် ကျောင်းပိတ်သဖြင့် ရန်ကုန်မှ ပြန်လည် ရောက်ရှိလာ၏။

မိနှင်းပွင့် သူနှင့် လူချင်းမဆုံတွေ့အောင် တမင်ရှောင်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ နိုင်မောင်စိုးကလည်း ရောက်သည့်နေ့ကစပြီး အပြင်သို့ ထွက်နေသည့်အချိန်က များ၏။ မြကြာဖြူထံ သွားနေခြင်းပင် ဖြစ်ပုံရ၏။

နိုင်မောင်စိုး ပြန်ရောက်ပြီး ခုနစ်ရက်မြောက်သည့်ညတွင် မိနှင်းပွင့်သည် အခန်းပြတင်းပေါက်တွင်ရပ်ပြီး မွန်မင်းသမီး ညီအစ်မသုံးဖော် ကျောက်ရုပ်များကို ကြည့်နေမိ၏။ လပြည့်နေ့ မဟုတ်သော်လည်း ကောင်းကင်တွင် လရောင်ရှိနေ၏။ နေ့လယ်က မြနန်းနွယ် သူမ၏အခန်းသို့လာပြီး ကယောက်ကယက် စကားတွေ ပြောသွားသဖြင့် သည်ည စိတ်ဖောက်ပြီး လသာထဲတွင် ရပ်နေရှေမည်လားဟု စိုးရိမ်သောကြောင့်ဖြစ်၏။

သို့သော် မွန်မင်းသမီး ညီအစ်မသုံးဖော်များကြားတွင် မြနန်းနွယ်ကို မတွေ့ရပါ။ နိုင်မောင်စိုးကိုလည်း မတွေ့ရပါ။ ကျောက်ဖြစ်သွားသော မွန်မင်းသမီးများသည်လည်းကောင်း၊ သစ္စာတွင်းဖောင်းကြီးသည်လည်းကောင်း ပျင်းရိဖွယ်ရာ ငိုက်မြည်းလျက်ရှိ၏။ အဝေးတွင် မြင်တွေ့နေရသော ဘီလူးမတောင်တန်းကြီးသည် ပျပျဆိုင်းဆိုင်းရှိ၏။ ကျားရဲတောသည်ပင် လရောင်ကြဲ့ကြဲ့ကုပ်ကုပ်ကလေး ရှိနေ၏။

လေပြေအေးနှင့်အတူ သနပ်ခါးပန်းရနံ့ ပျံ့ပျံ့ကြိုင်လှိုင်နေ၏။ လရောင်ဝင်းပသလို ကြယ်စုံသောညလည်း ဖြစ်ပါ၏။ အရှေ့မြောက်ကောင်းကင်တွင် ဦးခေါင်းနှင့်တူသော အလဝနီကြယ်စုကို ထင်ထင်လင်းလင်း တွေ့မြင်နေရ၏။

မိနှင်းပွင့်သည် မြို့စားမင်းအိမ်တော်သို့ ရောက်ပြီးသည့်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ်နှင့် ပတ်ဝန်းကျင်အလှ ညအလှ





ှင် နစ်မွန်းနေမိ၏။

ထိုစဉ်ခိုက်မှာပင် သစ္စာတွင်းဖောင်းဆီမှ မည်း မည်း ဆိုပ်သဏ္ဌာန်တစ်ခု တရွေ့ရွေ့လာနေသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရ၏။

မြနန်းနွယ်များ ဖြစ်မည်လားဟု မိနှင်းပွင့် ထင်လိုက်၏။ မိနှင်း မျက်လုံးကို အားစိုက်ပြီးကြည့်၏။ အမျိုးသမီးတစ်ယောက် မဟုတ် အမျိုးသားတစ်ယောက် ဖြစ်၏။ စိမ်ပြေနပြေ စိတ်ပျက်လက်ပျက် လျှောက်လာနေပုံမျိုးဖြစ်၏။ လူရိပ်သဏ္ဌာန်သည် တဖြည်းဖြည်းနှင့် မင်းသမီး ညီအစ်မသုံးဖော် ကျောက်ရုပ်များအစပ်သို့ ရောက်ရှိလာ၏ သူက ကျောက်ရုပ်တစ်ရုပ်ကို ကျောမှီပြီး ရပ်လိုက်၏။ ထို့နောက် ားမင်းအိမ်တော် အဆောက်အဦကြီးကို မော့ကြည့်၏။ မိနှင်းပွင့်နှင့် က်နှာချင်းဆိုင်မိသွား၏။

"နိုင်မောင်စိုး"

မိနှင်းပွင့်၏ နှုတ်မှ ခပ်တိုးတိုးလေး ရွတ်ဆိုလိုက်မိ၏။ ဟုတ်ပါ၏ နိုင်မောင်စိုးဖြစ်၏။ ကျောက်ရုပ်ကိုမှီပြီး ငြိမ်သက်စွာရပ်နေ၏။ တော့ မိနှင်းပွင့်ကို မျက်နှာမလွှဲဘဲ စူးစိုက်ကြည့်နေ၏။

မိနှင်းပွင့် ရုတ်တရက် ပြတင်းပေါက်မှ ဆုတ်လိုက်၏။ ပြတင်း ပေါက်ခန်းဆီးကို ချလိုက်ပြီး ခုတင်ပေါ်တွင် သွားလှဲနေလိုက်၏။

ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ မိနှင်းပွင့် ခုတင်ပေါ်မှဆင်းပြီး ပြတင်းပေါက်သို့ သွား၏။ ခန်းဆီးကို ဖယ်ရှားကာ ပေါင်ပေါ်တွင် တက်ထောက်ကာ အပြင်သို့ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

နိုင်မောင်စိုးသည် ကျောက်ရုပ်ကို မှီလျက်ပင်ရှိ၏။ သူမ၏ အခန်းကို ကြည့်လျက်ပင် ရှိ၏။ သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်မိ၏။

မိနှင်းပွင့် ပြတင်းပေါက်မှ ခွာလိုက်ရပြန်၏။ သူမ၏စိတ်များ ရှုပ်ထွေးလာ၏။ သူ ဘာလုပ်နေတာလဲ။ သူ ဘာဖြစ်လို့ ငါ့အခန်းကို ကြည့်နေတာလဲ။

မိနှင်းပွင့် မှန်တင်ခုံတွင်ထိုင်၏။ ခုတင်ပေါ်တွင် လှဲ၏။ အခန်းထဲတွင် လျှောက်၏။ မှန်တင်ခုံတွင် ပြန်ထိုင်၏။ ပြတင်းပေါက်သို့ သွားကြည့်လို၏။ မကြည့်ဖြစ်အောင် စိတ်ကို ထိန်းချုပ်၏။

နာရီဝက်ခန့် ကြာသောအခါ သူ ရှိတော့မှာ မဟုတ်ဆိုပြီး မိနှင်းပွင့် ပြတင်းပေါက်အနီးသို့ ချဉ်းကပ်သွားပြန်၏။ ဤတစ်ကြိမ်တွင်မူ မရဲတရဲနှင့် ခြေဖွဖွနင်းပြီး သွား၏။ ခန်းဆီးကို အသာကလေး လက်တစ်ဖက်ဖြင့် လှစ်ပြီးကြည့်၏။ နိုင်မောင်စိုး မရှိတော့ပါ။ စောစောက မှီခဲ့သော ကျောက်ရုပ်သည် လရောင်တွင် ထီးထီးကြီးရှိနေ၏။ မိနှင်းပွင့် ခန်းဆီးကို ပြန်တင်လိုက်ပြီး ပြတင်းပေါက်တွင် ရပ်၏။ ကျောက်ရုပ်များကြားနှင့် တည င်းပင်များအတွင်း လှုပ်ရှားနေသော အရာဝတ္ထုတစ်ခုကို တွေ့မြင်ရသဖြင့် မိနှင်းပွင့် တုန်သွား၏။

နိုင်မောင်စိုးပင် ဖြစ်၏။ သူက ခေါင်းငိုက်စိုက်ချပြီး လူးလားခေါက်တုန့် လမ်းလျှောက်နေခြင်း ဖြစ်၏။ ခဏအကြာတွင် သူသည် စောစောက ကျောက်ရုပ်တွင်ပြန်မှီ၍ ရပ်လိုက်ပြီး အပေါ်သို့ မော့ကြည့်၏။





တတိယအကြိမ်အဖြစ် သူတို့မျက်နှာချင်း ဆိုင်မိကြပြန်၏။ ဤတစ်ကြိမ်တွင်မူ မိနှင်းပွင့်သည် ပြတင်းပေါက်တံခါးကိုဆွဲပြီး ချိုင်းခနဲ ပိတ်လိုက်၏။ မင်းတုန်း ထိုးလိုက်၏။ ပြီးတော့ ခုတင်ပေါ်တွင် မောပန်းစွာ လှဲချလိုက်၏။ နိုင်မောင်စိုး သူမကို အဘယ်ကြောင့် စောင့်ကြည့်နေခြင်းဖြစ်၏။ အဘယ်အကြောင်းကြောင့်ဟု မိနှင်းပွင့် စဉ်းစား၍ အဖြေမထွက်ပါ။ မစဉ်းစားတော့ဟု အောက်မေ့သည်၊ မရပါ။ ထပ်တလဲလဲ စဉ်းစားနေမိ၏။ နောက်ဆုံးတွင် မိနှင်းပွင့် မောပန်းနွမ်းနယ်ပြီး အိပ်ပျော်သွား၏။

နောက်တစ်နေ့ညတွင် မိနှင်းပွင့်သည် ပြတင်းပေါက်အနီးသို့ မရဲတရဲ ချဉ်းကပ်သွားမိပြန်၏။ နိုင်မောင်စိုး ရှိနေမည်လားဟု စိုးရိမ်စိတ်ဖြင့် မွန်မင်းသမီး ညီအစ်မသုံးဖော်ကို ကြည့်၏။ သူတို့ကို နောင့်ယှက်မည့် ယောကျ်ားသားတစ်ယောက် ကျူးကျော်ရောက်ရှိနေခြင်း မရှိပါ။

ယမန်နေ့ညက အချိန်တိုင်အောင် မိနှင်းပွင့် စောင့်ကြည့်နေမိ၏။ နိုင်မောင်စိုး ပေါ်မလာပါ။ အတန်ငယ် ညဉ့်နက်သည်ထိလည်း သက်ရှိတစ်စုံတစ်ယောက် မတွေ့ရပါ။ ပြင်ပလောကသည် ပကတိငြိမ်သက်လျက်ရှိ၏။

ညသည် အိုက်စပ်လျက်ရှိသည်၊ မိနှင်းပွင့် အိပ်ရာဝင်ရန် အဝတ်လဲ၏။ ပါးပါးအေးအေးရှိသည့် လည်ဟိုက်လက်တို အင်္ကျီ၊ ပျော့ပျော့အိအိ လုံချည်၊ ဆံပင်ကို ဖားလျားဖြန့်ချ၏။ အတွင်းခံဘော်လီ အင်္ကျီ အပေါ်ချိတ်နှစ်ဆစ် ဖြုတ်ထားလိုက်၏။ ထို့နောက် ခုတင်ပေါ်တွင်

www.burmeseclassic.com



ကန့်လန့်ဖြတ် လှဲချလိုက်၏။

နေထိုင်ရသည်မှာ သက်သောင့် သက်သာရှိ၏။ လွတ်လွတ်လပ်လပ်ရှိ၏။ သို့သော် အခန်းတံခါးကိုလည်း မင်းတုံး မထိုးရသေးသဖြင့် စိတ်မဖြောင့်ပါ။ မလုံမလဲ ရှိန်းရှဲရှဲဖြစ် နေ၏။ အခန်းတံခါးမင်းတုန်းထိုးရန် မိနှင်းပွင့် ခုတင်ပေါ်မှ ဆင်းလိုက်စဉ်မှာပင် အခန်းတံခါး ရုတ်တရက် ပွင့်လာ၏။

မိနှင်းပွင့် မှင်တက် မိနေစဉ်မှာပင် အခန်းတွင်းသို့ တစ္ဆေတစ်ကောင် ဝင်လာ၏။ သူ့မျက်နှာကို လျှပ်တစ်ပြက် မြင်လိုက်ရသည်တွင် ဦးညီမင်းဂေါင်ဟု ထင်လိုက်၏။ တစ်ညက မိနှင်းပွင့် ထိတ်လန့်စွာ မြင်တွေ့လိုက်ရသော ဦးညီမင်းဂေါင်၏ မျက်တွင်းဟောက်ပက် မျက်နှာကြီး ဖြစ်၏။ ဦးညီမင်းဂေါင် သူမတို့ လာ၍ ခြောက်လှန့်ခြင်းပင် ဖြစ်မည်ဟု ထင်၏။

သို့သော် ဘွားခနဲပေါ်လာသော တစ္ဆေကောင်၏ ဖြုပ်ထည်ကို တွေ့မြင်လိုက်ရမှ ဦးညီမင်းဂေါင် မဟုတ်မှန်း သိလိုက်ရ၏။

မကြာမီက ကွယ်လွန်သွားခဲ့သော မြို့စားမင်းအိမ်တော်၏ အရှင်သခင်ကြီး ဦးညီမင်းဂေါင် မဟုတ်သလို တစ္ဆေတစ်ကောင်လည်း မဟုတ်ပါ။

သကောင့်သား ဘသားချော နိုင်မောင်စိုးသာ ဖြစ်ပါ၏။ မိနှင်းပွင့် ခြေဖျား လက်ဖျားတွေအေးပြီး တစ်ကိုယ်လုံး မာကြောတောင့်တင်းသွား၏။ ဦးညီမင်းဂေါင် ကိုယ်ထင်ပြပြီး တစ္ဆေခြောက်ခြင်း မဟုတ်ဘဲ နိုင်မောင်စိုး သက်ရှိထင်ရှား ဖြစ်နေမှန်းသိတော့မှပင် မိနှင်း





ပွင့် ပို၍ ထိတ်လန့်ခြင်းဖြစ်ရ၏။

နိုင်မောင်စိုးက အခန်းတံခါးကို မင်းတုံး ထိုးလိုက်၏။

"ဘုရား ဘုရား"

မိနှင်းပွင့် မျက်လုံးတွေ ပြာနေ၏။ ဝေနေ၏။ သို့သော် နိုင်မောင်စိုး၏ လက်ထဲတွင် ခြောက်လုံးပြူးသေနတ်တစ်လက် ပါရှိသည်ကို သူ ကောင်းစွာမြင်တွေ့ပါ၏။

နိုင်မောင်စိုးသည် သေနတ်ပြောင်းကို အပေါ်ထောင်၍ ကိုင်ပြီး မိနှင်းပွင့်ထံသို့ တစ်လှမ်းချင်း တိုးလာ၏။ သူ့မျက်နှာသည် တည်ငြိမ်မှုမရှိ၊ လှုပ်ရှားနေ၏။ မိနှင်းပွင့်သည် ပြတင်းပေါက်ဆီသို့ တစ်လှမ်းချင်း နောက်ပြန်ဆုတ်နေ၏။ နိုင်မောင်စိုး ရှေ့သို့ တစ်လှမ်းတိုးချိန်တွင် သူမက နောက်သို့ တစ်လှမ်းဆုတ်၏။ နောက်ဆုံးတွင် မိနှင်းပွင့်သည် ပြတင်းပေါင်ကို ကပ်မိသွား၏။ နောက်ထပ် ဆုတ်၍မရတော့ပါ။

နိုင်မောင်စိုးက သူမနှင့် တစ်လှမ်းကွာတွင် ခြေစုံရပ်လိုက်၏။ ပြီးတော့ မိနှင်းပွင့်ကို ငေးစိုက်ကြည့်နေ၏။ မိနှင်းပွင့်ကလည်း ထိတ်လန့်တုန်လှုပ်စွာ ပြန်ကြည့်နေမိ၏။

နိုင်မောင်စိုးသည် မိနှင်းပွင့်၏ မျက်နှာကို ကြည့်နေရာမှ သူ့မျက်လုံးများသည် မိန်းမငယ်၏ ရင်ညွှန့်ဆီသို့ ရောက်သွား၏။ အကြည်လည်ဟိုက်သည် ကျယ်ပွခြင်းလည်း ရှိ၏။ နိမ့်လျှောခြင်းလည်း ရှိ၏။ ကွာဟခြင်းလည်း ရှိ၏။ အတွင်းမှ လုံးဝန်းအိမ့်သော အသားများသည် ဝါဝါရွှေရွှေ ရှန်းရှန်းကြွကြွ။

မိနှင်းပွင့်က သူမ၏ လက်နှစ်ဖက်ကို ရင်ညွှန့်ပေါ်တွင် ကြက်



www.burmeseclassic.com

www.burmeseclassic.com



ခြေခတ်လိုက်၏။ မလုံ့လဲလဲ လုံ့လဲလဲ။

နိုင်မောင်စိုးက လည်ချောင်းထဲတွင် တစ်နေသော တံတွေးကို မျိုချလိုက်ပြီး သေနတ်ကိုင်သောလက်ကို လှုပ်ရှားလိုက်၏။

မိနှင်းပွင့် မျက်လုံးမှိတ်ထားလိုက်၏။ မိမိဘဝ၏ နောက်ဆုံးစက္ကန့်များသို့ ရောက်ချေပြီဟု မှတ်ယူလိုက်၏။ သို့သော် မိနစ် အတန်ကြာသည်အထိ သေနတ်သံမကြားရ၊ ယင်းမိနစ်များသည် သူမအဖို့ လေးသချိုင်နှင့် ကမ္ဘာတစ်သိန်းပင် ဖြစ်ပါလေ၏။

မိနှင်းပွင့် မျက်လုံးဖွင့်ကြည့်လိုက်၏။ နိုင်မောင်စိုး၏ သေနတ်ကိုင်ထားသော လက်သည် သူမထံသို့ ဆန့်တန်းထား၏။ သို့သော် သေနတ်ပြောင်းသည် သူမဘက်သို့ မလှည့်ဘဲ သူ့ဘက်သို့ လှည့်ထား၏။ သူက သေနတ်ပြောင်းမှ ကိုင်ထားခြင်း ဖြစ်၏။ မိနှင်းပွင့်ကို သေနတ်ဒင် ကမ်းပေးခြင်းဖြစ်၏။

သူ့အခြေအနေကို မိနှင်းပွင့် နားမလည်ပါ။ သဘော မပေါက်ပါ။ သို့သော် အတွေအထူး စဉ်းစားမနေဘဲ ညာဘက်လက်ဖြင့် သေနတ်ဒင်ကို ဆွဲယူလိုက်၏။ မောင်းခလုတ်ပေါ်သို့ လက်ညှိုးကို ကွေးညွတ်ပြီး တင်လိုက်၏။ ထို့နောက် သေနတ်ပြောင်းဝကို သူ၏ ရင်ညွန့်တည့်တည့်သို့ ထိုးချိန်လိုက်၏။ မိနှင်းပွင့်၏ လက်လှုပ်နေသော်လည်း သေနတ်ပြောင်းဝသည် သူ၏ရင်ညွန့်ကျယ်ကြီးပေါ်တွင် ရှိနေ၏။

သူ့မျက်နှာ ဖြူဖျော့ဖြူရော်ဖြစ်သွား၏။ သူနောက်သို့ တစ်လှမ်းဆုတ်၏။ မိနှင်းပွင့် ရှေ့တစ်လှမ်း တိုးလိုက်၏။ သူ နောက်တစ်လှမ်း ထပ်ဆုတ်၏။ မိနှင်းပွင့် ရှေ့တိုးတိုင်း သူ နောက်ဆုတ်၏။ နောက်ဆုံး





တွင် သူ၏ကျောပြင်သည် တံခါးနှင့် ကပ်မိသွား၏။

နိုင်မောင်စိုး၏ နှုတ်ခမ်းများ လှုပ်လှုပ်ရှုရှုဖြစ်လာ၏။ သူ စကားပြောရန် ကြိုးစားနေကြောင်း မိနှင်းပွင့် သတိပြုမိ၏။ အတန်ကြာမှပင် သူ့နှုတ်မှ အသံထွက်လာ၏။

"နှင်း"

သည်တော့မှ မိနှင်းပွင့်လည်း လှုပ်ရှား၏။ စောစောကအတိုင်းပင် လက်နှစ်ဖက်ကို ရင်ညွန့်ပေါ်တွင် ကြက်ခြေလတ်ထားလိုက်ပြီး . . .

"သူသူ . . . ဘာကိစ္စ သူများအခန်းထဲကို လာတာလဲ"

"နှင်း"

"အို . . . ဘာကိစ္စပဲဖြစ်ဖြစ် ထွက်သွား။ ထွက်သွားစမ်း"

"ကိုယ် . . . နှင်းကို တောင်းပန်မလို့ပါ"

"တောင်းပန်မယ့်လူက သေနတ်ကြီးနဲ့ပါလား"

"ဒါကြောင့်မို့လို့ နှင်းကို သေနတ်ပေးတာပေါ့"

"သေနတ်က ဘာလုပ်ရမှာလဲ"

"ကိုယ် တောင်းပန်တာကို မကျေနပ်ရင် တစ်ခါတည်း ပစ်သတ်လိုက်ပါ"

မိနှင်းပွင့်က သူ့ကို ထူးဆန်းစွာကြည့်၏။

"မနေ့ညက ဘာဖြစ်လို့ သူများအခန်းကို ကြည့်နေရတာလဲ"

"တောင်းပန်မလို့ပါ"

"ဘာ တောင်းပန်မှာလဲ"

"ညေ့ခံပွဲညက ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



မိနှင်းပွင့် မျက်နှာရဲသွား၏။

"သိပ်စော်ကားတယ်"

"ကိုယ် စိတ်ညစ်ပြီး အရက်တွေ မူးနေလို့ပါ"

"အဲဒီညက ကံကောင်းလို့ပေါ့"

"ကိုယ် တောင်းပန်ပါတယ်"

"အခုမှတော့ တောင်းပန်မနေပါနဲ့တော့။ နောက်ကိုသာ မနှောင့်ယှက်ပါနဲ့"

"နှင်း စိတ်မဆိုးဘူးပေါ့"

"စိတ်ဆိုးတာ မဆိုးတာက အကြောင်းမဟုတ်ပါဘူး။ နောက်ကိုသာ မနှောင့်ယှက်ပါနဲ့"

"မနှောင့်ယှက်ပါဘူး"

"ဒါဖြင့် ပြီးရောပေါ့။ ကဲ . . . သွားတော့"

"နှင်း"

"မိန်းကလေးတစ်ယောက်ရဲ့ အခန်းကို အချိန်မတော် အလွတ်တော် ဝင်လာတာဟာ နှောင့်ယှက်တာပဲ"

"တောင်းပန်စရာရှိလို့ပါ"

"အခု ပြီးပြီမဟုတ်လား။ သွားပါတော့"

"နှင်းကို တစ်ခုပြောစရာ ရှိပါသေးတယ်"

"ဘာလဲ"

"ညက ကိုယ် တစ်ညလုံး အိပ်လို့မရဘူး"

"သူများနဲ့ ဘာဆိုင်သလဲ"





"ကိုယ် တစ်ခုဆုံးဖြတ်လိုက်တယ်"

"ဘာလဲ"

"နှင်းနဲ့ ကိုယ်နဲ့ လက်ထပ်ကြမယ်"

"ဘာ"

"နှင်း ကိုယ့်ကို လက်ထပ်ပါ"

မိနှင်းပွင့်က မထိတရီရယ်မောလိုက်ပြီး . . .

"ဒီမယ် အစ်ကိုစိုး နှင်းကို အတင်းအဓမ္မ စော်ကားဖို့လည်း မကြိုးစားနဲ့။ ကျော့ရရုံကြံဖို့လည်း စိတ်မကူးမိစေနဲ့"

"ကိုယ် တကယ်လက်ထပ်မှာပါ"

"မဖြစ်နိုင်တာတွေကို မပြောပါနဲ့။ နှင်းမှာ စဉ်းစားတတ်တဲ့ အသိဉာဏ် ရှိပါသေးတယ်။ အစ်ကိုစိုး နှင်းကို လက်မထပ်ပါဘူး။ အချိန်ဆွဲ အချိုသတ်ပြီး နှင်းရဲ့ဝတ်ရည်ကို စုတ်ယူမှာပါ။ နောက် တစ်ချက်က ဘယ်နည်းနဲ့မှ လူကြီးတွေက သဘောမတူဘူး"

"ဒီမယ် နှင်း . . . နှင်းကသာ လက်ထပ်မယ်ဆိုရင် မနက်ဖြန် လက်ထပ်မယ်။ လူကြီးတွေ ပြဿနာက ကိုယ်တို့နဲ့ မဆိုင်ပါဘူး။ ကိုယ်လည်း အရွယ်ရောက်ပြီ။ နှင်းလည်း အရွယ်ရောက်ပြီ။ အရေးကြီးတာက ကိုယ်တို့ပါ။ နှင်း သဘောတူတယ်ဆိုရင် ကနေ့ညပဲ ရန်ကုန်ကို သွားကြမယ်။ မနက်ဖြန် ရုံးမှာ လက်ထပ်ကြမယ်။ ဘယ့်နယ်လဲ နှင်း"

မိနှင်းပွင့် ငိုင်နေ၏။ သူက ဆတ်ခနဲ မိနှင်းပွင့်ကို ဖက်လိုက်၏။ နမ်း၏။ မိနှင်းပွင့်၏ လက်မှ သေနတ်လွတ်ကျသွား၏။ သူက နောက်တစ်ကြိမ် ဆက်ပြီး နမ်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

ထိုညမှာပင် သူတို့နှစ်ယောက် မြို့စားမင်းအိမ်တော်မှ ထွက်ပြေးခဲ့ကြ၏။ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မိနှင်းပွင့်ဖို့ကား ကြီးမားသော စွန့်စားခန်းတစ်ခုဖြစ်ပါ၏။ အသည်းတလှပ်လှပ် ရင်တထိတ်ထိတ် ဖြစ်ခဲ့ရ၏။ တစ်သက်တွင် မမေ့နိုင်သော အဖြစ်အပျက်တစ်ခုပင်ဖြစ်၏။

သူတို့နှစ်ယောက် ကုန်ကားကြီးတစ်စင်းဖြင့် ရန်ကုန်သို့ လိုက်ပါခဲ့သည်အထိ မိနှင်းပွင့်သည် မိမိ၏အဖြစ်ကို မိမိ မယုံနိုင်ရှိခဲ့ရ၏။ နိုင်မောင်စိုးကလည်း သူပျောက်သွားမည်ကို စိုးရိမ်၍ပဲလား၊ ချစ်ခင်မြတ်နိုး၍ပဲလား မသိ၊ တင်းတင်းကြပ်ကြပ်ကလေး ပိုက်ထွေးခဲ့၏။





သည်တော့ မိနှင်းပွင့်ကလည်း သူ့ကို အလိုက်သင့်ပြန်၍ ဖက်ထားလိုက်မိ၏။

ဆန်းကြယ်သော အိပ်မက်ခရီး၏တစ်ခုပင် ဖြစ်ပါ၏။ သူ၊ ၄င်းနှစ်ယောက် ရန်ကုန်ရောက်သည်နှင့်တစ်ပြိုင်နက် တရားရုံးတွင် လက်မှတ်ရေးထိုးကြ၏။ ထို့နောက် နိုင်မောင်စိုး၏ သူငယ်ချင်းတစ်ယောက် အိမ်တွင် နေထိုင်ကြ၏။

ဤသို့ဖြင့် သူတို့နှစ်ဦး အကြင်လင်မယား ဖြစ်ခဲ့ကြရ၏။

မိမိကိုယ်ကိုမိမိ မိနှင်းပွင့် အပြန်ပြန်အလှန်လှန် ဆန်းစစ်၏။ နိုင်မောင်စိုးကို သူမ တကယ် ချစ်. မချစ် မသိပါ။ နိုင်မောင်စိုးကို သူမ တကယ်မုန်း.မမုန်း မသိပါ။ သူမသိတာတစ်ခုပဲ ရှိ၏။ ယခင်က သူမ နိုင်မောင်စိုးကို ကြောက်ခဲ့၏။ ယခု မကြောက်တော့ပါ။ နိုင်မောင်စိုးသည် သူမအတွက် ကြောက်စရာသတ္တဝါတစ်ခု မဟုတ်တော့ပါ။

ရန်ကုန်တွင် နေထိုင်စဉ်အတွင်း မိနှင်းပွင့်တစ်ယောက်တည်း အေးငိုင်ပြီး နေခဲ့သည့်အချိန်များလည်း ရှိပါ၏။ သူနှင့် ရယ်မောခဲ့သည့်အချိန်များလည်း ရှိပါ၏။

သူ၏ အပွေ့အဖက် အနမ်းအရှုပ်တို့သည် ကြမ်းတမ်းပါ၏။ အငြိမ်းမရနိုင်ပါ၏။ မိနှင်းပွင့် အမောကြီးမောခဲ့ရပါ၏။ ထူးဆန်းအံ့သြဖွယ်ရာသော စွန့်စားခန်းများဖြစ်ပါ၏။

သူတို့ ရန်ကုန်ရောက်ပြီး တစ်လအကြာတွင် နိုင်မောင်စိုး ပျောက်လာ၏။ သူ ရောက်လာသည့်အချိန်တွင် နိုင်မောင်စိုး မရှိ၊ အပြင်သွားနေ၏။ အိမ်တွင် မိနှင်းပွင့်တစ်ယောက်တည်း ရှိနေ၏။ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းတွင် သတင်းစာ ဖတ်နေ၏။ နိုင်မောင်တိုးက အိမ်ထဲသို့ တစ်ခါ တည်း ဝင်မလာဘဲ တံခါးပေါက်ဝတွင် ရပ်ပြီး မိနှင်းပွင့်ကို ကြည့်နေ၏။ မိနှင်းပွင့်က ထိုင်ရာမှ မထဘဲ သူ့ကို တည်ငြိမ်စွာ ပြန်ကြည့်နေ၏။ မိနှင်းပွင့်က သည်အဖြစ်မျိုး ကြုံတွေ့ရန် မျှော်လင့်ထားပြီးဖြစ်၏။ မြို့စား မင်းအိမ်တော်မှ အကြီးအကဲနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်၏။

"ဟိုကောင် မရှိဘူးလား"

နိုင်မောင်တိုး၏အသံက အနည်းငယ် မာ၏။ ပြတ်၏။

"မရှိဘူး"

"ဘယ်သွားသလဲ"

"မသိဘူး"

"ဘယ်တော့ပြန်လာမလဲ"

"မပြောတတ်ဘူး"

"သူ ပြန်လာရင် ပြောလိုက် မင်းတို့နှစ်ယောက်စလုံး အဆင် သင့် လုပ်ထား။ မနက်ဖြန်နံနက် မိန်းမတောကို ပြန်ရမယ်။ ခုနစ်နာရီ လောက် ကားနဲ့လာခေါ်မယ်"

မိနှင်းပွင့်ထံမှ အဖြေကို မစောင့်ဘဲ နိုင်မောင်တိုး ပြန်ထွက် သွား၏။ မိနှင်းပွင့် မျက်မှောင်ကြုတ်ပြီး ကျန်ရစ်၏။

မြို့စားမင်းအိမ်တော် ဆင်ဝင်၏ရှေ့တွင် သူတို့ကား ဆိုက် ရောက်သောအခါ ဒေါ်ထိပ်တင်မကြီး၊ မြနန်းနွယ်နှင့် မိမြတ်နိုးကြင်တို့ သုံးယောက်မှအပ အိမ်တော်တွင် နေထိုင်သူအားလုံး စုရုံးရောက်ရှိ လျက်ရှိ၏။ သူတို့မျက်နှာတွင် ထိတ်လန့်အံ့ဩသည့် အမူအရာများ





ပေါ်လွင်နေကြ၏။

မိနှင်းပွင့်က သူတို့ကို တည်ကြည်သောအပြုံးဖြင့် ဖြတ်သန်း နှုတ်ဆက်ပြီး အိမ်ထဲသို့ တောက်လျှောက်ဝင်သွား၏။ သူမ၏အခန်းသို့ တန်းတန်းမတ်မတ် သွားမည်ပြု၏။ နိုင်မောင်စိုးက ဟိုသွားရမလို သည်သွားရမလို ယောင်ချာချာ ဖြစ်နေ၏။

"ဘယ်သွားကြမလို့လဲ။ မေမေ့ဆီကို သွားရမယ်"

နိုင်မောင်တိုးက ပြောလိုက်၏။

သည်တော့ ဒေါ်ထိပ်တင်မကြီး၏ အခန်းသို့ သူတို့သွားကြရ ၏။ အခန်းတွင်းသို့ သူတို့ ဝင်ရောက်သွားကြသောအခါ ဒေါ်ထိပ်တင်မ ကြီးကို သူထိုင်နေကျ ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်တွင် တွေ့ရ ၏။ အခန်းတံခါးပေါက်ကို ကျောပေးပြီး ထိုင်နေခြင်းဖြစ်၏။

သူက သူတို့ဝင်လာသည်ကို သိသော်လည်း လှည့်မကြည့်။ ရှေ့တူရူ ပြတင်းပေါက်ကို ကြည့်နေ၏။ ကောင်းကင်တွင် ငှက်တွေ ပျံနေ၏။

နိုင်မောင်စိုးက သူ့ အစ်ကိုကိုကြည့်၏။ နိုင်မောင်တိုးက သူတို့ နှစ်ယောက်ကို အဘွားကြီး၏ လက်ဝဲဘက်သို့သွားရန် အချက်ပြ၏။ သူက လက်ျာဘက်သို့ သွား၏။

သူတို့သုံးယောက် ဒေါ်ထိပ်တင်မကြီး၏ တစ်ဖက်တစ်ချက်တွင် ငြိမ်သက်စွာ ရပ်နေကြ၏။ မည်သူကမျှ စကားမစပါ။ အဘွားကြီး က စကားမစဘဲ သားနှစ် ယောက်က စကားစရဲဟန် မတူပါ။

မိနှင်းပွင့်က ရှေ့သို့ အနည်းငယ် တိုးလိုက်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးတင် နေကောင်းလား"

ဒေါ်ထိပ်တင်မကြီးက သူမကို ဖျတ်ခနဲလှမ်းကြည့်၏။ မိနှင်းပွင့် တုန်မသွားရန် သူမ၏ကိုယ်ကို သတိမပြတ် ထိန်းချုပ်ထားရ၏။ ညီအစ်ကိုနှစ်ယောက်ကလည်း သူမကို အံ့ဩသော မျက်လုံးများဖြင့် ကြည့်ကြ၏။

"မောင်စိုး"

ဒေါ်ထိပ်တင်မကြီးက မိနှင်းပွင့်ကို ဘာမျှပြန်မပြောဘဲ သူ့သားအငယ်ကို ခေါ်လိုက်၏။

"ဟုတ်ကဲ့ မေမေ"

"မင်းဟာ မင်းအဖေလိုပဲ။ လုပ်ချင်ရာလုပ်တာပဲ မဟုတ်လား"

"မဟုတ်ပါဘူး မေမေ"

"ဘာ . . . မဟုတ်ရမှာလဲ"

"ကျွန်တော် ရှင်းပြပါရစေ မေမေ"

"မလိုဘူး။ ဘာမှရှင်းမနေနဲ့။ ရှင်းရင် ရှုပ်ရုံပဲရှိမယ်"

"ဟုတ်ကဲ့"

"ဟို . . . မိမြလေးငုံရဲ့ သမီး"

"ကျွန်မနာမည် မိနှင်းပွင့်ပါ"

ဒေါ်ထိပ်တင်မကြီး အသံပြတ်နှင့် ရယ်လိုက်ပြီး . . .

"အင်းလေ . . . မင်းက အခု မြို့စားမင်းအိမ်တော် သခင်မကြီးရဲ့ သားအငယ်နဲ့ ရနေပြီကိုး"

"ကျွန်မတို့ ရုံးမှာ လက်ထပ်ပါတယ်"





"ဟုတ်တယ်။ မင်းတို့ရုံးမှာ လက်ထပ်တာပဲ။ မင်းတို့ကို ငါ ပေးစားတာ မဟုတ်ဘူး"

"ဒီလိုပါ မေမေ။ ကျွန်တော်တို့ . . ."

နိုင်မောင်စိုး ဝင်ပြော၏။ သို့သော် သူ့စကားမဆုံးမီ အဘွားကြီးက ကြားဖြတ်ပြီး ပြော၏။

"ဘာပဲဖြစ်ဖြစ်လေ မင်းတို့ဟာ လင်မယားဟာ လင်မယားပဲ မဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

"မင်းတို့နှစ်ယောက်ဟာ ငါ့သားနှစ်ယောက်ဆိုတော့ ချွေးမ နှစ်ယောက် ရတာပဲပေါ့။ ဘာမှ မဆန်းပါဘူး"

သူတို့ ဘာမျှပြန်မပြော။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြ၏။

"ကောင်းပြီလေ။ မင်းတို့လင်မယား သွားကြတော့။ မောင်တိုး နေရစ်ခဲ့"

နိုင်မောင်တိုးက သူတို့နှစ်ယောက်ကို အဘွားကြီးအား ကန်တော့ရန် အချောင်ပြ၏။ သူတို့ပုဆစ်တုတ်ပြီး လက်အုပ်ချီ ကန်တော့ကြ၏။ အဘွားကြီး ဆုမပေးပါ။ ချီးသည် ခါးသည် မပြောပါ။ ပြတင်းပေါက်မှ ကောင်းကင်ကို ကြည့်နေ၏။ သူတို့နှစ်ယောက် အခန်းထဲမှ ထွက်ခဲ့ကြ၏။

"နှင်း မေမေ့ကို မကြောက်ဘူးလား"

"ဘာလို့ကြောက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်းဟာ သိပ်ပြီး အံ့ဩစရာကောင်းတယ်။ ကိုယ်ထင်တာ ထက် ပြတ်သားတယ်။ ရဲရင့်တယ်။ ကိုယ်တောင် နင်းကို ကြောက်ချင် သလိုလို ဖြစ်လာပြီ"

မိနှင်းပွင့် ပြုံးနေ၏။

မိနှင်းပွင့် သူမအခန်းသို့ သွား၏။ အခန်းထဲတွင် ခေတ္တမျှ နေပြီးနောက် မိမြတ်နိုးကြင်၏ အခန်းသို့သွား၏။ လမ်းတွင် တွေ့၏။ အမျိုးသမီးနှစ်ယောက်။ တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်ထားကြ၏။ နှစ်ယောက်စလုံး မျက်ရည်တွေတွေ စီးကျ၏။

"ကိုယ်တော့ နင်းနဲ့ ဒီတစ်သက် ခွဲရ ပြီလို့ထင်တာ။ ကိုယ်တို့ မခွဲကြရသေးဘူးနော်"

"မခွဲရပါဘူး။ ဘယ်တော့မှ မခွဲရပါဘူး။ ကိုယ် အခုပြန်လာ ပြီပဲ"

"ကိုယ် ဝမ်းသာလိုက်တာ နင်းရယ်။ နင်း နည်းနည်းပိန်သွား တာကလွဲလို့ ပိုပြီးတောင် လှတာသေးတယ်"

"မြတ်နိုးလည်း ပိန်သွားတယ်။ ကိုယ် မရှိတုန်း ဒီမှာ ဘာထွေ ထူးထူးခြားခြား ဖြစ်သေးသလဲ"

"ဖြစ်တာပေါ့။ အများကြီးဖြစ်တာပေါ့"

"ဘာတွေလဲ"

"မင်းတို့ ထွက်ပြေးကြပြီဆိုတာလည်း သိရော မြို့စားမင်း အိမ်တော်တစ်ခုလုံး မီးလောင်တာပဲ"

"ဟင် . . . ဘယ်လို မီးလောင်တာလဲ"





"ဘယ်လို ရမလဲ။ ကြီးကြီးတင်က တစ်အိမ်လုံးက လူတွေကို နေစရာမရှိအောင် ကြိမ်းတော့ မောင်းတော့တာပဲပေါ့"

"မြတ်နိုးကော အကြိမ်းခံရသေးသလား"

"ဘယ်နေမလဲ။ အများဆုံး ကြိမ်းတာပေါ့။ နင်းဟာ မြတ်နိုး ခေါ်လာတဲ့လူတဲ့။ ဒီကိစ္စ မြတ်နိုးသိရမယ်တဲ့။ ကိုယ် မသိဘူးဆိုတာကို ... ဘယ်လိုမှ မယုံဘူး။ တကယ်တော့ ကိုယ် ဘယ်လိုမှ မသိခဲ့တာ ...မှန်ပါပဲ။ ထင်လည်း မထင်ခဲ့ဘူး။ နင်းကလည်း ကိုယ့်ကို ဘာမှမပြော ...ဘူး မဟုတ်လား"

"ဘာမှ မပြောခဲ့တာကတော့ ကိုယ်လည်း ဘာမှကြိုပြီး မသိ ...ပဲ မြတ်နိုးရယ်"

မိမြတ်နိုးကြင်က မိနှင်းပွင့်ကို ငေးပြီး ကြည့်နေ၏။ မိမိစကား ...မြတ်နိုးကြင် ယုံ.မယုံကို မိနှင်းပွင့် အကဲခတ်၍ မရဘဲရှိနေ၏။

ထို့နောက် မိမြတ်နိုးကို နှုတ်ဆက်ခဲ့ပြီး မြနန်းနွယ်အခန်းသို့ ...ရောက်တွေ့ဆုံ၏။ မိနှင်းပွင့်ကိုတွေ့သောအခါ မြနန်းနွယ်က . . .

"ငါ့ညီမကို ချီးကျူးပါတယ်"

မမျှော်လင့်သော စကားကြောင့် မိနှင်းပွင့် ကြောင်သွား၏။

"ဘာပြုလို့လဲ မမနွယ်"

"မြို့စားမင်းအိမ်တော်က ယောကျ်ားတွေကို နိုင်တာ ငါ့ညီမ ...ယောက်ပဲ ရှိသေးတယ်"

"နင်းက ဘာနိုင်လို့လဲ"

"ညီမလေးကို သူ ယူခဲ့ရတာဟာ ညီမလေး နိုင်တာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမနွယ်ကိုလည်း အစ်ကိုတိုး ယူခဲ့တာပဲ မဟုတ်လား"

"ဒါက တခြားစီပဲ ညီမလေး။ မမနွယ်ကို သူယူခဲ့တာက လူကြီးတွေက ပေးစားလို့ ယူခဲ့တာပဲ။ သံလွင်ရိပ်သာရဲ့ ပစ္စည်းတွေကို မြို့စားမင်းအိမ်တော်က ယူခဲ့တာပဲ"

မြနန်းနွယ်၏ ပွင့်လင်းသောစကားများအတွက် မိနှင်းပွင့်က မည်သို့မျှ မတုံ့ပြန်တတ်ပဲ ရှိနေ၏။

"ညီမလေးကို နိုင်မောင်စိုး ယူခဲ့တာကမှ တကယ့်မိန်းမ တစ်ယောက်လို ယူခဲ့တာပဲ။ သူတို့အမျိုးမှာ ဒီလိုထုံးစံမျိုး မရှိခဲ့ဖူးဘူး ဘာပဲဖြစ်ဖြစ် ညီမလေးအတွက် မမနွယ် ဝမ်းသာပါတယ်။ ဂုဏ်ယူပါ တယ်"

"ကျေးဇူးတင်ပါတယ် မမနွယ်"

"ဒါတောင် မိန်းကလေးတစ်ယောက်ဟာ မြို့စားမင်းအိမ်တော် ရဲ့ နောက်ဆုံးသားကောင် ဖြစ်ခဲ့ရသေးတယ်"

"ဘယ်သူ့ကို ပြောတာလဲ မမနွယ်"

မိမြတ်နိုးကြင်အကြောင်း ပြောမည်ထင်မှတ်သဖြင့် မိနှင်းပွင့် က မေးလိုက်၏။

"မြကြာဖြူ။ ညီမလေး သိတယ် မဟုတ်လား။ ညီမလေးတို့နဲ့ တစ်ကျောင်းတည်းပဲ။ ကိုနန္ဒရဲ့ညီမ"

"မြကြာဖြူကို ညီမ သိပါတယ်။ သူ ဘာဖြစ်လို့လဲ"

"သူလည်း ညီမလေးတို့နဲ့ တစ်နေ့တည်းပဲ မိန်းမတော ပျောက်သွားတာပဲ"





"ဟင် . . . သူ ဘယ်သူနဲ့ လိုက်ပြေးလို့လဲ"

"သူ ဘယ်သူနဲ့မှ လိုက်ပြေးတာ မဟုတ်ပါဘူး။ တစ်ယောက် တည်း ထွက်ပြေးတာပါ။ သူမက တစ်ချိန်က နိုင်မောင်စိုးရဲ့အတွဲဆိုတာ ညီမလေး သိတယ်နော်"

မိနှင်းပွင့် ခေါင်းညိတ်၏။

"နိုင်မောင်စိုးက ညီမလေးကို ခိုးပြေးတော့ သူလည်း စိတ်ညစ် ညစ်နဲ့ တစ်ရပ်တစ်ကျေးကို ထွက်သွားတာနေမှာပေါ့"

"သူ ပြန်မလာသေးဘူးလား"

မြနန်းနွယ် ခေါင်းခါ၏။

"သူ အခု ဘယ်မှာလဲ"

"ဘုရားမှ သိတော့မပေါ့"

"ဒီအကြောင်း ညီမလေး မသိဘူး။ အခု မမနွယ်ပြောမှပဲ သိ တယ်။ အစ်ကိုစိုးလည်း သိဦးမှာမဟုတ်ဘူးထင်တယ်"

"ကဲပါလေ . . . ဒါတွေ ထားလိုက်ပါတော့။ အခု ညီမလေးနဲ့ မောင်စိုးဟာ လက်ထပ်ပြီးကြပြီ မဟုတ်လား။ အဘွားကြီးကလည်း အိမ်မှာ လက်ခံထားပြီ မဟုတ်လား။ ညီမလေးရဲ့ဘဝဟာ ရေမှာ ပန်းမျိုး စုံခင်းတဲ့ ပန်းမွေ့ရာပေါ်ကဘဝပဲ ဖြစ်ရတော့မှာပေါ့။ ဖြစ်ပါစေလို့လဲ မမနွယ် ဆုတောင်းပါတယ်"

မြနန်းနွယ်က မိနှင်းပွင့်ကို မကြည့်ဘဲ အဝေးတစ်နေရာသို့ ငေးကာ လေးလေးတွဲတွဲ ပြောလိုက်၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

မြို့စားမင်းအိမ်တော်သို့ ပြန်လည်ရောက်ရှိပြီး သုံးလအကြာတွင် မိမိတွင် ကိုယ်လေးလက်ဝန် ရှိနေပြီဖြစ်ကြောင်း မိနှင်းပွင့် အခိုင်အမာ သိရှိ၏။ ထိုသတင်းကို ပထမဦးဆုံး ဒေါ်ထိပ်တင်မကြီးကို ပြောကြားရန် မိနှင်းပွင့် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ဒေါ်ထိပ်တင်မကြီး၏ အခန်းသို့ မိနှင်းပွင့် သွားရောက်၏။ ဒေါ်ထိပ်တင်မကြီးသည် သူ့အခန်းထဲသို့ သူ မခေါ်ဘဲနှင့် လူတစ်ယောက် ရောက်လာသည်ကို မည်သည့်အခါကမျှ သဘောကျခြင်း မရှိပေ။

"ဘာကိစ္စရှိလို့လဲ"





ဒေါ်ထိပ်တင်မကြီးက ခပ်ပြတ်ပြတ် မေး၏။

"ပြောစရာတစ်ခု ရှိလို့ပါ"

ဘာလဲဟု အဘွားကြီးက မမေး။ စိတ်မဝင်စားသလို ဝင်စားသလိုနှင့်။

"ဒီသတင်းကို ကြီးကြီးတင်ကို အရင်ဆုံး ပြောသင့်တယ်ထင်လို့ပါ"

သည်တော့မှပင် . . .

"ဘာသတင်းလဲ"

မိနှင်းပွင့်က မပြောသေးဘဲ ဒေါ်ထိပ်တင်မကြီးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်၏။ အဘွားကြီးက မျက်နှာမှုန်ပြီး ကြည့်နေ၏။

"ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ"

ဒေါ်ထိပ်တင်မကြီးက ဘာမျှပြန်မပြောဘဲ သူ့မျက်လုံးများကို မှိတ်ထားလိုက်၏။ နဖူးပေါ်တွင် လက်တင်ထားလိုက်၏။ ယင်းကြောင့် သူ့မျက်လုံးတွင် ပြောင်းလဲလှုပ်ရှားမှုရှိ,မရှိကို မိနှင်းပွင့် အကဲခတ်၍ မရပါ။

မိနှင်းပွင့် နှုတ်မဆက်ဘဲ ဒေါ်ထိပ်တင်မကြီးအခန်းမှ ပြန်ခဲ့၏။ သူမ၏အခန်းသို့ ပြန်ရောက်သောအခါ ယောကျ်ားမဖြစ်သူ၏ တိုက်ပုံဘာဝေ နေနိုင်မှုကို မကျေမချမ်းသောအားဖြင့် တံခါးကို ဆောင့်ပိတ်လိုက်၏။ ခဏအကြာတွင် တံခါးခေါက်သံ ကြားရ၏။

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပါ မစုလေး"

ဒေါ်ထိပ်တင်မကြီး လက်တိုလက်တောင်းခိုင်းနေသော အေးမိ စံ၏ အသံဖြစ်၏။

"ဘာလုပ်မလို့လဲ"

"သခင်မကြီးက မမလေးကို အခေါ်ခိုင်းလို့ပါ"

"အေးအေး"

"အခုလာခဲ့ပါတဲ့"

"အေးအေး"

အေးမိစံ ပြန်ထွက်သွား၏။ မိနှင်းပွင့် တစ်ယောက်တည်း ပြုံးလိုက်၏။ ထို့နောက် အခန်းထဲမှ ထွက်ခဲ့၏။ ဒေါ်ထိပ်တင်မကြီး၏ အခန်းထဲသို့ ဝင်သွားသောအခါ အဘွားကြီးက လမ်းလျှောက်နေသည် ကို တွေ့ရ၏။ မိနှင်းပွင့် အခန်းဝတွင် ရပ်နေ၏။

"မိန်းကလေး လာလေ"

"ဟုတ်ကဲ့"

သူမကို ပထမဆုံးအကြိမ်အဖြစ် ယောက္ခမက မိန်းကလေးဟု ခေါ်ခြင်းဖြစ်၏။

မိနှင်းပွင့် အခန်းတွင်းသို့ ဝင်သွားပြီး အဘွားကြီးနှင့် မျက်နှာ ချင်းဆိုင်၍ ရပ်၏။

"ထိုင်လေ"

ဒေါ်ထိပ်တင်မကြီးက သူကိုယ်တိုင် ပက်လက်ကုလားထိုင် တွင် ထိုင်ရင်း မိနှင်းပွင့်ကိုလည်း စောစောက သူမထိုင်သွားသော





ကုလားထိုင်တွင် ထိုင်ရန်ပြော၏။

မိနှင်းပွင့် ဖြည်းညင်းစွာ ထိုင်၏။

"မိန်းကလေး ပြောတာ အမှန်ပဲလား"

"ဟုတ်ကဲ့"

"ဘယ်သူ့ကိုပြောပြီးပြီလဲ"

"ဘယ်သူ့ကိုမှ မပြောရသေးပါဘူး"

"ငါ မြေးယောက်ျားလေး လိုချင်တယ်"

"ဟုတ်ကဲ့"

"ကျန်းမာရေးကို ဂရုစိုက်ပါ"

"ဟုတ်ကဲ့"

"ဒေါက်တာမင်းဦးနဲ့ ဆရာမကို ခေါ်ထားတယ်"

"ဟုတ်ကဲ့"

"အရေးကြီးတာက မိခင်ရော ကလေးရော ကျန်းမာသန်စွမ်း ဖို့ပဲ။ မိန်းကလေး ယောက်ျားလေးမွေးမှ မိန်းကလေးရဲ့သားဟာ မြို့စား ...င်း အဆက်အနွယ် မျိုးရိုးအမွေကို ဆက်ခံနိုင်မယ်။ မြို့စားကြီးရဲ့မျိုးရိုး ...ထိန်းကောမယ်"

"ဟုတ်ကဲ့"

မကြာမီမှာပင် ဒေါက်တာမင်းဦးနှင့် ဆရာမ ရောက်လာ၏။ ...နှင်းပွင့်တွင် ကိုယ်ဝန်ရှိနေကြောင်း သူတို့က အတည်ပြု၏။

ဒေါ်ထိပ်တင်မကြီး၏ မျက်နှာ ဝင်းနေ၏။

ထိုသည့်နောက်ပိုင်းတွင်မှ မိနှင်းပွင့်သည် မြို့စားမင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်တွင် အရေးပါ အရာရောက်ဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာ၏။ ဒေါ်ထိပ်တင်မကြီးက မိနှင်းပွင့်နေဖို့ သွားဖို့ အထူးစီစဉ်ပေး၏။ မိနှင်းပွင့် နည်းနည်းလေးမှ မျက်နှာမညိုစေရပါ။

မိနှင်းပွင့်၏ ကိုယ်ဝန်သည် တစ်နေ့တခြား ရင့်မာလာ၏။ ဒေါက်တာမင်းဦးနှင့် ဆရာမ မှန်မှန် လာကြည့်ကြ၏။ အေးမိစံကို မိနှင်းပွင့် လိုရာခိုင်းရန် ပေးထား၏။

မိနှင်းပွင့် အထူးအခွင့်ကောင်းများ ရရှိလာသည့်နည်းတူ နိုင်မောင်စိုး၏ အခြေအနေလည်း မြင့်တက်လာ၏။ ဒေါ်ထိပ်တင်မကြီးသည် သားငယ်ကို အထူးဂရုပြုလာ၏။ သားငယ်ကို အားကိုးအားထားပြုလာ၏။ တိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ် သတ်မှတ်ကြ၏။ ထိုအခါ သားအကြီးဖြစ်သူ နိုင်မောင်တိုး၏ အနေအထားသည် ဘေးသို့ တဖြည်းဖြည်း ရောက်သွား၏။ သူ၏တန်ဖိုးအာဏာများ မှေးမှိန်သွားသည်ဟု ထင်ရ၏။ မြနန်းနွယ်ကိုမူ မြို့စားမင်း အိမ်တော်တွင်ရှိသည်ဟုပင် မထင်ကြတော့။ မြနန်းနွယ်ကလည်း မည်သူနှင့်မျှ မတွေ့ဘဲ အခန်းထဲတွင် တစ်ယောက်တည်း နေ့ရောညပါ အောင်းနေ၏။

လေမိုးကျနေ၏။ ကောင်းကင်တွင် လျှပ်စီးတွေ လက်နေ၏။ မိုးကြိုးတွေ ပစ်နေ၏။ မြို့စားမင်းအိမ်တော်တစ်ခုလုံး သိမ့်သိမ့်ခါနေ၏။

ထိုကာလတွင် မိနှင်းပွင့် မျက်နှာမြင်၏။ ကလေးငယ်၏ ငိုသံသည် မိုးသက်မုန်တိုင်းကို ထိုးဖောက်ပြီး ထွက်လာ၏။ ယောကျ်ားကလေးဖြစ်၏။ မြို့စားမင်းအဆက်အနွယ်၏ အရှင်သခင်သစ်ကလေး ဖြစ်၏။ သူ့အဘွားက သူ့ကို ဗညားရံဟု အမည်ပေး၏။





လက်ပေါ်က မချနိုင်ဘဲ ရှိ၏။ မိနှင်းပွင့် ပီတိဖြာနေ၏။

ဗညားရံကို မျက်နှာမြင်သည့်နေ့မှာပင် မိမိသည်လည်း အသစ်တစ်ဖန် ပြန်လည်မွေးဖွားသည်ဟု မိနှင်းပွင့် ထင်မိ၏။ ယခင် မိနှင်းပွင့်နှင့် လုံးဝမတူခြားနားသော အမျိုးသမီးတစ်ယောက်အဖြစ် တစ်စစ ပေါ်လွင်ပီသလာတော့၏။

မိနှင်းပွင့် ပထမဆုံး သတိပြုမိသည့်အချက်မှာ သူမ၏ တစ်သက်တာတွင် မိမိကိုယ်မှတစ်ပါး အခြားသူတစ်ဦး ချစ်စရာရှိသေးကြောင်း နားလည်လာခြင်းပင်ဖြစ်၏။

တကယ်တော့လည်း ရင်သွေးဟူသည်မှာ အခြားတစ်နေရာမှ ရောက်ရှိလာသော သူစိမ်းတစ်ဦးမဟုတ်ဘဲ မိမိ၏ ရင်တွင်းဝယ် တဖြည်းဖြည်းချင်း ရှင်သန်ကြီးထွားလာသော အမြုတေကိုယ်ပွား တစ်ခုသာ ဖြစ်ပါ၏။

ဗညားရံသည် အဖေကဲ့သို့ သန်မာထွားကျိုင်းခြင်းရှိပြီး အမေကဲ့သို့ လှပနုညက်ခြင်း ရှိပါ၏။

သားတို့ရုပ်ရည် သီတာမည်သား ဆိုသကဲ့သို့ မိနှင်းပွင့်သည် ရင်သွေးငယ်ကို တစိမ့်စိမ့်ကြည့်ပြီး ပီတိဖြစ်နေပါ၏။ ရင်သွေးငယ်နှင့် ဝတ်သက်ပြီး စိတ်အစဉ်သည် ခုနစ်စင် အမျှင်တန်းလျက် ရှိပါ၏။ သားငယ် ဗညားရံ၏ အနာဂါတ်သည် သူမ၏ အနာဂတ်ပင် ဖြစ်ပါတော့၏။

မြို့စားမင်း အဆက်အနွယ်အဖြစ် ဗညားရံ ရောက်ရှိလာပြီးနောက် မြနန်းနွယ်၏ အခြေအနေသည် ပိုမိုဆိုးဝါးခြင်း ရှိလာ၏။ တစ်အိမ်လုံးသည် ဗညားရံအလိုကျ ဝိုင်းပြီး ဖူးဖူးမှုတ်နေကြသဖြင့် မြနန်း



www.burmeseclassic.com

www.burmeseclassic.com



နွယ်ကို မေ့လျော့လျက်ရှိကြ၏။ သူမ၏ဘဝသည် ယခင်ကထက်ပိုပြီး ခြောက်သွေ့လာတော့၏။ အထီးကျန် ဖြစ်လာတော့၏။ သူမတွင် ထွက်ပေါက်တစ်ခုတည်းသာ ရှိတော့၏။ ယင်းမှာ အရက်ကို မူးအောင် သောက်ခြင်းပင် ဖြစ်၏။

မြနန်းနွယ် မိန်းမအရက်သမား ဖြစ်နေပြီဆိုသည့်အကြောင်းကို ဒေါ်ထိပ်တင်မကြီးနှင့် နိုင်မောင်တိုးမှတစ်ပါး တစ်အိမ်လုံး သိနေကြပြီဖြစ်၏။ နောက်ဆုံးတွင် နိုင်မောင်တိုးပင် သိသွားပြီး မြနန်းနွယ်ကို အရက်လုံးလုံး မသောက်ရန် ပိတ်ပင်တားမြစ်၏။ မြနန်းနွယ်ကို မည်သူမျှ အရက်ဝယ်မပေးရဟု အမိန့်ထုတ်၏။ သည်လိုတော့လည်း နိုင်မောင်တိုးသည် မြနန်းနွယ်ကို ဂရုစိုက်ပေသားပဲဟု မိနှင်းပွင့် ယူဆမိ၏။

မိနှင်းပွင့် မီးတွင်းတွင်ရှိစဉ်က မြနန်းနွယ် တစ်ခေါက်လာကြည့်၏။ မိနှင်းပွင့်၏ ကျန်းမာရေး အခြေအနေကို တစ်ခွန်းနှစ်ခွန်း မေးပြီး မွေးကင်းစ ကလေးလေးကို အတန်ကြာအောင် စိုက်ကြည့်နေ၏။ သူမ၏မျက်လုံးအိမ်မှ မျက်ရည်ပေါက်တစ်ပေါက် ကလေးပေါ်သို့ ဖောက်ခနဲ ကျ၏။ ထို့နောက် မြနန်းနွယ် မီးနေခန်းအတွင်းမှ ထွက်ပြေးသွား၏။

သည့်နောက်တွင်ကား မိနှင်းပွင့်ထံသို့ မြနန်းနွယ် မလာတော့။ ကလေးကို လည်း မကြည့်တော့။ သို့သော် မြနန်းနွယ်၏အခန်းသို့ မိနှင်းပွင့် နှစ်ခေါက် သုံးခေါက် သွား၏။ တစ်ခေါက်မျှ မတွေ့ရ။ အတွင်းတံခါး မင်းတုံး ပိတ်ထား၏။ ခေါ်၍ အော်၍လည်း မရ။ မိနှင်းပွင့် ပြန်ခဲ့ရ၏။





နိုင်မောင်တိုး ပိတ်ပင်တားမြစ်ထားသည့်ကြားကပင် မြနန်းနွယ်သည် အရက်ကို သောက်မြဲသောက်လျက်ရှိကြောင်း မိနှင်းပွင့် ကြားသိရ၏။ နောက်ပိုင်းတွင် နိုင်မောင်တိုးလည်း မပြောတော့ဘဲ လက်ချွတ်ထားလိုက်တော့ဟန် ရှိ၏။

ဒေါ်ထိပ်တင်မကြီးကလည်း နိုင်မောင်တိုးနှင့် မြနန်းနွယ်၏ အိမ်တွင် တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်း မရှိပေ။ မသိကျိုးကျွံပြုလျက်ရှိ၏။ သံလွင်ရိပ်သာမှလည်း သူတို့သမီးကို လာရောက်ကြည့်ခြင်း မရှိပေ။ မြနန်းနွယ်ကလည်း သံလွင်ရိပ်သာသို့ သွားခြင်း၊ ဆက်သွယ်ခြင်း မရှိပေ။ သူမ၏ဘဝကို တစ်ယောက်တည်း ကြိတ်မှိတ်ပြီး နေဟန်ရှိ၏။

တစ်ပတ်ခန့်အကြာတွင် မြနန်းနွယ်၏ အခန်းသို့ မိနှင်းပွင့် သွားရောက်၏။ တံခါးကို အတွင်းမှ ပိတ်မထားပါ။ စေ့ရုံသာ စေ့ထား၏။ မိနှင်းပွင့် တွန်းဖွင့်ပြီး ဝင်သွား၏။

မြနန်းနွယ် စာရေးစားပွဲတွင် ထိုင်ပြီး စာတစ်စောင်ရေးရင်း တန်းလန်းငိုနေ၏။ သံလွင်ရိပ်သာရှိ မိဘများထံ စာရေးသားတိုင်ကြားသည်ဟု မိနှင်းပွင့် ထင်မိ၏။

"မမနွယ် စာရေးနေတာလား"

"ဟုတ်တယ် . . . သူ့ဆီကို စာရေးနေတာ"

မြနန်းနွယ်က မျက်ရည်စသိမ်းရင်း ပြော၏။

"ဘယ်သူ့ဆီကိုလဲ"

"သူ့ဆီကိုပေါ့။ ညီလေးတို့ရဲ့ အစ်ကိုတိုးဆီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိနှင်းပွင့် သက်ပြင်းချလိုက်ပြီး . . .

"မမနွယ်ကလည်း မဟုတ်တာတွေ လုပ်ရှောမယ်။ တစ်ခန်းတည်းနေကြတဲ့ လင်မယားချင်းပဲ ပြောစရာရှိရင် ပါးစပ်က ပြောပေါ့။ စာရေးနေစရာ လိုသေးသလား"

မြနန်းနွယ် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး . . .

"တစ်ခန်းတည်းနေကြတာ မဟုတ်ဘူး။ တစ်ယောက် တစ်ခန်းစီ နေကြတာ။ ကိုယ်တို့ ခွဲအိပ်ကြတာ ညီမလေးမသိဘူးလား"

မိနှင်းပွင့်မသိပါ။

"လင်မယားချင်းပဲဆိုတာလည်း စဉ်းစားစရာပဲ။ ကိုယ်တို့ လက်ထပ်ခဲ့ကြတာတော့ အမှန်ပဲ။ ဒါပေမဲ့ လင်မယား ဟုတ်, မဟုတ်တော့ ကိုယ် မသိဘူး။ အေးလေ . . . ကိုယ်ကလည်း ညီမလေးလို ကလေးမှ မမွေးနိုင်ဘဲကိုး"

"အို . . . မမနွယ် ဘာတွေလျှောက်ပြောနေတာလဲ။ သူများတွေကြားကုန်ရင် ရှက်စရာကြီး"

"ရှက်စရာကြီး ဟုတ်လား။ ဟဲ . . . ဟဲ . . . ရှက်တော့ ကောင်းသလား။ စိတ်ညစ်တာက ကောင်းသလား"

"မဟုတ်သေးပါဘူး မမနွယ်ရယ်။ ဘာပဲဖြစ်ဖြစ် အစ်ကိုတိုးနဲ့ အေးအေးလူလူ ပြောပါ"

"သူနဲ့ အေးအေးဆေးဆေး စကားပြောရအောင် သူနဲ့ကိုယ်နဲ့ တစ်နေ့ ဘယ်နှစ်ခါတွေ့သလဲ။ တစ်ပတ် ဘယ်နှစ်ခါတွေ့သလဲ။ တစ်လ ဘယ်နှစ်ခါ တွေ့သလဲ။ တစ်ခါမှ မတွေ့ဘူး။ ဘယ်တွေ့မလဲ သူက သူ့





ကောင်မဆီ သွားနေတာကိုး။ ဒီနေ့လည်း သွားပြန်ပြီ။ မော်လမြိုင်ကို အလုပ်ကိစ္စတဲ့။ သူ့ကောင်မက မော်လမြိုင်မှာ ကျောင်းတက်နေတာ။ သိပ်ဟုတ်နေကြတယ်"

မြနန်းနွယ်သည် ယခင်က သည်လို ဒေါနှင့်မောနှင့် မပြောတတ်။ ရင့်ရင့်သီးသီး မပြောတတ်။ ယခုတော့ ရန်တွေ့သလို မဲ့ကာ ရွဲ့ကာ ပြောနေ၏။

မိနှင်းပွင့် စိတ်မကောင်းပါ။

"မမနွယ် ထင်တာတွေ မဟုတ်ပါဘူး။ အစ်ကိုတိုးက အရင်ကတည်းက မော်လမြိုင်ကို အလုပ်ကိစ္စနဲ့ သွားနေတာပါ။ မြတ်နိုးကလည်း တကယ် ကျောင်းသွားတက်နေရတာပဲ"

မြနန်းနွယ်က ဆတ်ခနဲ မိနှင်းပွင့်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး . . .

"သူတို့နှစ်ယောက် မော်လမြိုင်မှာ မတွေ့ကြဘူးလို့ ဘယ်သူ ပြောနိုင်သလဲ။ မိနှင်းပွင့် ပြောနိုင်သလား"

မြနန်းနွယ်၏ အမေးကြောင့် မိနှင်းပွင့် လန့်သွား၏။ မြနန်းနွယ် ရုတ်တရက် စိတ်ဖောက်ပြန်သွားပြီလားဟု ထင်လိုက်၏။ သူမကို မည်သည့်အခါကမျှ နာမည်ကို မခေါ်ခဲ့ဘူးပေ။

သေသေချာချာ စဉ်းစားကြည့်လိုက်တော့လည်း မြနန်းနွယ် အမေးက မေးသင့်သော အမေးဖြစ်၏။ သူတို့နှစ်ယောက် မော်လမြိုင်မှာ မတွေ့ကြပါဟု မိနှင်းပွင့် ဝန်မခံနိုင်ပါ။ မည်သူကမျှလည်း ဝန်ခံနိုင်မည်မဟုတ်ပါ။ မိနှင်းပွင့်၏ ရင်ထဲတွင်လည်း သံသယအတွေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာ၏။

မိနင်းပွင့် စိတ်ထွေပြားစွာဖြင့် မြနန်းနွယ်၏ အခန်းမှ ပြန်ခဲ့၏။ သူမ၏မျက်စိထဲတွင် မော်လမြိုင် ကမ်းနားလမ်းတွင် လက်ချင်းတွဲပြီး လမ်းလျှောက်နေကြသော မိမြတ်နိုးကြင်နှင့် နိုင်မောင်တိုးတို့ကို မြင်ယောင်လျက်ရှိပါ၏။

မြို့စားမင်းအိမ်တော်တွင် ဒေါ်ထိပ်တင်မကြီး၊ မိနင်းပွင့်နှင့် ဗညားရဲတို့သုံးဦးသာ ရှိသည်ဟု ထင်ရ၏။ နိုင်မောင်တိုးသည် မော်လမြိုင်တွင် ပြောင်းရွှေ့နေထိုင်သလောက်ပင် ဖြစ်၏။ ပြန်ချင်သည့်အခါမှ ပြန်လာ၏။ ပြန်လာလျှင်လည်း သူ့မိခင်နှင့် အလုပ်ကိစ္စအကြောင်း အနည်းငယ် ပြောဆိုပြီးနောက် အခြားမည်သူနှင့်မျှ ရောနှောခြင်း မရှိပေ။

မြနန်းနွယ်ကား တစ်နေ့တခြား စိတ်ထောင်း ကိုယ်ကြေလျက်ရှိ၏။

တစ်ညနေ မှောင်ရီပျိုးစတွင် မိနင်းပွင့်သည် ကော်ဇောနီစင်္ကြံလမ်းအတိုင်း လျှောက်သွားစဉ် ကွယ်လွန်သူ ဦးညီမင်းဂေါင်၏ အခန်းအနီးတွင် ကမ္ဗဋ္ဌာန်းရုပ်ကြီးတစ်ရုပ်ကို တွေ့မြင်ရ၏။ တစ္ဆေခြောက်သည်ဟု ထင်မှတ်လိုက်၏။ နောက်မှ ဒယီးဒယိုင်ဖြင့် လျှောက်လာသော မြနန်းနွယ်မှန်း သိရ၏။ မိနင်းပွင့်က မြနန်းနွယ်ကို ပြေးတွဲရင်း . . .

"မမနွယ် ဘယ်သွားမလို့လဲ"

"မော်လမြိုင်"





"လာလာ . . . ညီမလေး လိုက်ပို့မယ်"

"ဘယ်က ညီမလေးလဲ"

မြနန်းနွယ် အတော်ကြီးမူးနေ၏။ လျှာလေးနေ၏။ ဇက်ကျိုးနေ၏။

"နင်းလေ . . . မမနွယ် မသိဘူးလား"

"နင်း နင်း . . . မိမြတ်နိုးကြင်ရဲ့ သူငယ်ချင်း . . . နင်း။ မမနွယ်ရဲ့ ညီမလေး နင်းပါ"

"မဟုတ်ဘူး . . . မဟုတ်ဘူး။ ငါ့မှာ ဘယ်က ညီမလေးမှလည်း မရှိဘူး။ ဘယ်က မိတ်ဆွေမှလည်း မရှိဘူး။ ဖယ်ဖယ် . . . ငါ့ဟာ တစ်ယောက်တည်း မော်လမြိုင် သွားမယ်"

မိနင်းပွင့်၏ လက်ထဲမှ မြနန်းနွယ် ရုန်းထွက်၏။ ကော်ဇောနီစင်္ကြံပေါ်တွင် ပုံလျက်သား လဲကျသွား၏။

မိနင်းပွင့်သည် အေးမိစံနှင့် အိမ်တော်ထိန်းတို့၏ အကူအညီဖြင့် မြနန်းနွယ်ကို သူမ၏အခန်းသို့ ပြန်ပို့ပေးရ၏။ သူမ၏ ခုတင်ပေါ်သို့ ရောက်သောအခါ မြနန်းနွယ် ရှိုက်ကြီးတငင် ငိုနေ၏။ ထို့နောက် အိပ်ပျော်သွား၏။

မိနင်းပွင့် ချက်ချင်းပင် ဒေါ်ထိပ်တင်မကြီး၏ အခန်းသို့သွားပြီး မြနန်းနွယ်အကြောင်း ပြောပြ၏။ မိနင်းပွင့်၏ စကားဆုံးသောအခါ ဒေါ်ထိပ်တင်မကြီးက နှာခေါင်းရှုံ့လိုက်ပြီး . . .

"တို့မျိုးနွယ်ထဲမှာ မိန်းမအရက်သောက်တာ တစ်ယောက်မှ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမနွယ်လည်း သောက်ချင်လို့ သောက်ရရှာတာ မဟုတ်ပါဘူး"

"သူ့ကို ဘယ်သူက တိုက်လို့လဲ"

"သူ နေမကောင်းတုန်းက ဒေါက်တာမင်းဦး တိုက်တာပဲ"

"ဒါက ဆေးဖြစ်ဝါးဖြစ် နည်းနည်းလေးတိုက်တာပဲ။ အခုလို အရက်သမားလို သောက်နိုင်းတာမှ မဟုတ်ဘဲ"

"သူ့မှာ အကြောင်းရှိလို့ နေမှာပေါ့"

"ဟော"

"သမီး သိရသလောက်တော့ သူ စိတ်ညစ်နေတယ် မေမေ"

သမီးဟူသော အသုံးအနှုန်း၊ မေမေဟူသော အသုံးအနှုန်းများကို ဒေါ်ထိပ်တင်မကြီးက စတင်သုံးစွဲသဖြင့် မိနှင်းပွင့် လိုက်ပြီး သုံးစွဲရခြင်းဖြစ်၏။

"မမနွယ်ဟာ သနားစရာပါ မေမေ"

"မောင်တိုး စိတ်ညစ်နေတာကော သမီး မသိဘူးလား"

"ဒါကတော့ မေမေရယ်"

"မောင်တိုးကိုကော သနားစရာကောင်းတယ်လို့ သမီး မထင်ဘူးလား။ သူတို့ကိစ္စကို မေမေ ဘာမှမတတ်နိုင်ပါဘူး"

"မေမေ့အနေနဲ့ တစ်ခုခုလုပ်ဖို့ ကောင်းတယ်"

"တို့ကကော ဘာတတ်နိုင်မှာလဲ သမီးရယ်"

"သူတို့နှစ်ယောက်ကို မေမေတို့ ပေးစားခဲ့ကြတာ မဟုတ်ဘူးလား"





ဒေါ်ထိပ်တင်မကြီးက မိနှင်းပွင့်ကို ထူးဆန်းစွာ ကြည့်လိုက်ပြီး . . .

"ဟုတ်တယ် . . . နှစ်ဖက်လူကြီးတွေ စီစဉ်ခဲ့ကြတာပဲ။ တို့က သံလွင်ရဲ့ ဉစ္စာရှနတွေကို လိုချင်တယ်။ သူတို့က မြို့စားမင်းအဆက်အနွယ်ဆိုတဲ့ ဂုဏ်တွေကို လိုချင်တယ်။ ဒါပေမဲ့ မေမေတို့ မျှော်လင့်တဲ့အတိုင်း မဖြစ်ခဲ့ဘူး။ မြို့စားမင်းအိမ်တော်နဲ့ သံလွင်ရိပ်သာ ပေါင်းလိုက်ရင် လျှမ်းလျှမ်းတောက်သွားမယ်လို့ ထင်ခဲ့တာတွေဟာ အခုတော့ သဲထဲ ရေသွန်ပဲ"

ဒေါ်ထိပ်တင်မကြီးထံမှ ပွင့်လင်းသော ဝန်ခံချက်များ မမျှော်လင့်ဘဲ ကြားလိုက်ရသည့်အတွက် မိနှင်းပွင့် ဘာပြန်ပြောရမှန်းမသိနိုင်။ ပြီးမှ အဘွားကြီး၏စကားစကိုနင်းကာ . . .

"မေမေတို့က လူငယ်တွေရဲ့ ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားကို မကြည့်ဘဲ ရွှေငွေဉစ္စာနဲ့ ဂုဏ်သကာသနကို ကြည့်ခဲ့တဲ့အတွက် အခုတော့ လူငယ်နှစ်ယောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေကြရပြီ မဟုတ်လား"

"လူကြီးတွေကကော စိတ်ချမ်းသာနေကြလို့လား"

"ဟင်"

"ကိုတိုးတို့အဖေဟာ သူ့အမှားအတွက် ဦးနှောက်ခြောက်ပြီး သေခဲ့ရပြီ။ တို့လည်း အခန်းထဲမှာ ကိုယ့်ကိုယ်ကိုယ် အောင်းနေခဲ့ရပြီး သံလွင်ကလူတွေလည်း သူတို့အပြစ်ဒဏ်ကို သူတို့ခံနေကြရပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ဟာ အခုလို ကိုယ်လုပ်တာ ကိုယ်မှားမှန်းသိရင် တစ်ခုခုတော့ ပြုပြင်သင့်တာပေါ့"

"မေမေ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ခဲ့လို့ သမီးနဲ့ မောင်စိုး မြို့စားမင်းအိမ်တော်မှာ လက်ခံခဲ့တာပေါ့။ မေမေတို့ဟာ မောင်စိုး မော်လမြိုင်က သူဌေးသမီးနဲ့ ပေးစားဖို့ရှိတယ်။ ဒါပေမဲ့ မောင်စိုးက သမီး ကို ယူခဲ့တဲ့အခါမှာ မေမေဖျက်ခဲ့သလား။ ခွဲခဲ့သလား။ သမီးကို မြို့စား မင်းအိမ်တော်မှာ လက်ခံခဲ့တယ် မဟုတ်လား"

မိနှင်းပွင့် ခေါင်းညိတ်၏။ ထို့နောက် . . .

"အစ်ကိုတိုးနဲ့ မမနွယ်ကိစ္စလည်း မေမေတို့ ဒီအတိုင်း ... ထားဖို့ မကောင်းဘူး။ တစ်ခုခုတော့ လုပ်ပေးဖို့ ကောင်းတယ်"

မိနှင်းပွင့်က စောဒကတက်လိုက်ပြန်၏။

"တစ်ခုခု လုပ်ပေးရအောင်ဆိုတာကလည်း အခုအချိန်ကျ တော့ မလွယ်ဘူး။ အကယ်၍ မြနန်းနွယ်သာ ကလေးတစ်ယောက် ယောက် မွေးနိုင်ခဲ့ရင် အခြေအနေတွေဟာ အခုလိုမဟုတ်ဘဲ တစ်မျိုး တစ်မည် ပြောင်းလဲနိုင်ပါတယ် သမီး။ နှစ်ဖက် အဘိုးအဘွားတွေရော အဖေနဲ့ အမေရောဟာ ကလေးသံယောဇဉ်ကြောင့် စည်းရုံးလာနိုင် ချေရှိတယ်။ ခုတော့ သံလွင်အနေနဲ့ ပြောရရင် မျိုးဆက်ပြတ်တာပဲ။ မြနန်းနွယ်ဟာ သူတို့မျိုးဆက်မှာ နောက်ဆုံးပဲ။ သူသေရင် နောက်မှာ သံလွင်ဆိုတာ မရှိနိုင်တော့ဘူး"

"အို"

"မြို့စားမင်း အဆက်အနွယ်ကလည်း ကံကောင်းလို့ မပြတ်





တယ်။ သမီးကသာ ဗညားရဲ့ကို မမွေးခဲ့ရင် မြို့စားမင်း အဆက်အနွယ် ဟာ တိမ်ကောဖို့ တစ်စက်လောက်သာရှိသွားပြီ။ တစ်ခုတော့ ရှိတယ် ပေါ့လေ။ မောင်တိုးဟာ နောက်ထပ် မိန်းကလေးတစ်ယောက်နဲ့ ယူခဲ့ ရင်တော့ မပြောတတ်ဘူးပေါ့"

မိနှင်းပွင့် မျက်လုံးပြူးသွား၏။

"ဒါကြောင့် သမီးကိုယ်ဝန်ရှိတော့ မေမေတို့ဟာ သမီးရဲ့ကိုယ် ဝန်ကို ပိုးမွေးသလို မွေးခဲ့ကြတာပေါ့။ သမီးမျက်နှာမြင်တော့ မေမေတို့ ဟာ အသည်းတလှပ်လှပ် ရင်တထိတ်ထိတ်ဖြစ်ခဲ့ကြတယ်။ မွေးလာတဲ့ ကလေးဟာ အသက်မှ ပါပါ့မလား၊ ကိုယ်လက်အင်္ဂါမှ စုံပါ့မလား၊ ဦးနှောက်သွေးသားမှ ကောင်းပါ့မလားပေါ့။ ဗညားရဲ့က တလုံးတခဲကြီး တွေ့လိုက်ရတော့မှ မေမေတို့ ရင်ထဲက အပူလုံးကြီး ကျသွားတယ်။ မေမေတို့ရဲ့ဆန္ဒကတော့ နောက်ထပ် အနည်းဆုံး မြေးနှစ်ယောက် လောက် လိုချင်ပါသေးတယ် သမီးရယ်။ ဒီဆန္ဒကို ဖြည့်စွမ်းနိုင်မှာ သမီးပဲရှိပါတယ်။ မြနန်းနွယ်လည်း မဖြည့်စွမ်းနိုင်ဘူး။ မောင်တိုးလည်း မဖြည့်စွမ်းနိုင်ဘူး"

မိနှင်းပွင့် ရှက်သွေးဖြန်းသွား၏။

ထိုညက မိနှင်းပွင့် အိပ်မပျော်ပါ။ ဒေါ်ထိပ်တင်မကြီး ပြော လိုက်သော စကားများကို အနလုံ ပဋိလုံ စဉ်းစားနေမိ၏။

ဒေါ်ထိပ်တင်မကြီးတို့ လိုချင်သည်မှာ မြို့စားမင်း အဆက် အနွယ်၏ အမွေအနှစ်ကို ဆက်ခံနိုင်မည့်အနွယ်ပင် ဖြစ်၏။ သူမ၏ ရင်သွေး ဗညားရဲ့သည် မြို့စားမင်း အမည်နာမနှင့် အမွေအနှစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခံမည့်သူဖြစ်၏။ မိနှင်းပွင့် နောက်ထပ် မွေးဖွားဦးမည်ဆိုလျှင် သူတို့သည် ဇာတ်ရုံနှင့်တွဲဖက်ပြီး မြို့စားမင်း အရိုက်အရာကို ဆက်ခံကြပေမည်။ သို့သော် သူတို့အားလုံးသည် မိနှင်းပွင့်၏ ရင်သွေးများသာ ဖြစ်ရေမည် မဟုတ်ပါလား။ မိနှင်းပွင့်အဖို့ ဝမ်းသာကြည်နူးစရာများသာ ဖြစ်ပါ၏။

အကယ်၍ မြနန်းနွယ်တွင် မျိုးဆက်ဖြစ်ထွန်းခဲ့လျှင် ယင်းမျိုးဆက်များသည် ဝါဇဉ်အရ ဇာတ်ရုံတို့၏အထက်တွင် ရှိ နေပေလိမ့်မည်။ သို့သော် မြနန်းနွယ်သည် ကျိန်စာသင့်သည်ဖြစ်စေ မသင့်သည်ဖြစ်စေ ကလေးမမွေးတော့သည်ကား သေချာ၏။ အမြဲဖြစ်နိုင်ချေရှိ၏။ အပြိုင်များပေါ်လာမည့်အသွင် မည်သို့မျှ စိုးရိမ်စရာမရှိချေ။

သို့သော် နိုင်မောင်တိုးသည် အခြားအမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ခဲ့လျှင် အခြေအနေများသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်၏။ နောင်အနာဂတ်တွင် မြို့စားမင်းအိမ်တော်၏ ပင်မလုပ်ငန်းအားလုံးကို ဦးစီးဦးကိုင်လုပ်ရမည့်သူသည် မိမိ၏ ရင်သွေးမဟုတ်ဘဲ နိုင်မောင်တိုး၏ရင်သွေးသာ ဖြစ်လိမ့်မည်ကို မိနှင်းပွင့် တွက်ချက်မိပါ၏။

တစ်ဆက်တည်း မိနှင်းပွင့် တွက်ဆလာမိသည်မှာ မြနန်းနွယ်၏ ကျန်းမာရေးအခြေအနေ မကောင်းခြင်းပင်ဖြစ်၏။ ဤအတိုင်းသာ အစားအမှန် အအိပ်မမှန် စိတ်နှလုံး မကြည်မသာနှင့် အရက်ကိုသာ အလွန်အကျွံ ဆက်သောက်သွားမည်ဆိုလျှင် မြနန်းနွယ်သည် များမကြာမီ ကာလအတွင်း ဤလူ့လောကကြီးအတွင်းမှ အပြီးအပိုင် ထွက်ခွာသွားနိုင်၏။





ထိုအခါ နိုင်မောင်တိုးသည် နောက်အိမ်ထောင်ပြုပေလိမ့်မည်။ မိမြတ်နိုးကြင်နှင့် လူသိရှင်ကြား လက်ထပ်ပေလိမ့်မည်။ မိမြတ်နိုးကြင်က မြို့စားမင်းအဆက်အနွယ်များကို မွေးထုတ်ပေးလိမ့်မည်။ မိမြတ်နိုးကြင်၏ ရင်သွေးများသည် ဝါဇဉ်အရ ဇာတ်ရုံ၏ အထက်တွင် ရှိနေကြပါလိမ့်မည်။

မိနှင်းပွင့် ခေါင်းမူးလာ၏။ မျက်လုံးတွေ ပြာလာ၏။ နှုတ်ခမ်းတွေ ခြောက်လာ၏။

နောက်တစ်နေ့တွင် မိနှင်းပွင့်သည် လူအများ တုန်လှုပ်အံ့သြရမည့် လုပ်ငန်းတစ်ခုကို လုပ်လိုက်၏။ မြို့စားမင်းအိမ်တော်မှ အလုပ်သမားတစ်ဦးကို အလုပ်ထုတ်ပစ်ခဲ့ခြင်း ဖြစ်ပါ၏။

အဖြစ်က မြ[illegible]နန်းနွယ် အရက် အဆက်မပြတ် သောက်နေခြင်းသည် သူမကို တစ်စုံတစ်ယောက်က တိတ်တဆိတ် အရက်ဝယ်ပေးနေသောကြောင့် ဖြစ်ရမည်ဟုဆိုကာ မိနှင်းပွင့်သည် မြို့စားမင်းအိမ်တော်တွင် နေထိုင်သူများအားလုံးကို ခေါ်ယူစစ်ဆေး၏။ ချော့မော့မေးမြန်း၏။ ခြောက်လှန့်မေးမြန်း၏။ အစ်အောက်၏။ နောက်ဆုံးတွင် မြနန်းနွယ်ကို အရက် ဝယ်ပေးနေသူမှာကား ဒရိုင်ဘာကြီး ဦးချာတိတ်ဖြစ်ကြောင်း သိရှိရ၏။ ဦးချာတိတ်မှာလည်း ခွက်ပုန်းကြီးဖြစ်၏။ မြနန်းနွယ်ကို အရက် ဝယ်ပေးသည့်အတွက် ဓဝစုရရှိ၏။

မိနှင်းပွင့်သည် မြနန်းနွယ်၏ အကျိုးအတွက်ဟုဆိုကာ ဒေါ်ထိပ်တင်မကြီးနှင့်သော်လည်းကောင်း၊ ခဲအို နိုင်မောင်တိုးနှင့်သော်လည်းကောင်း၊ ခင်ပွန်းသည် နိုင်မောင်စိုးနှင့်သော်လည်းကောင်း တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ခြင်း အလျဉ်းမရှိဘဲ ဦးချာတိတ်ကို အလုပ်မှ ထုတ်ပစ်လိုက်၏။

သူမ၏အပြုအမူအတွက် အားလုံးကပင် တုန်လှုပ်အံ့သြခြင်း ဖြစ်ရသော်လည်း မည်သူကမျှ သူမကို ကန့်ကွက်ပြောဆိုခြင်း မပြုချေ။

ဦးချာတိတ်ကို သူမအနေနှင့် အလုပ်မှ ထုတ်ပစ်ခဲ့ခြင်းသည် မြနန်းနွယ်၏ ကောင်းကျိုးအတွက်ဟု စိတ်တွင် စွဲမှတ်ယူ၏။

မြနန်းနွယ် ကွယ်လွန်လျှင် နိုင်မောင်တိုးနှင့် မိမြတ်နိုးကြင်တို့မှ ရရှိလာမည့်သားသမီးများ ထွန်းကားလာမည့် အန္တရာယ်ကြောင့်ဟူသော အတွေးကိုကား စိတ်ထဲသို့ အဝင်မခံရဲအောင်ရှိနေ၏။

ကောင်းမွန်မြင့်မြတ်သော စိတ်ထားစေတနာများ မွေးမြူရန် မိနင်းပွင့် အားထုတ်ကြိုးပမ်း၏။

မည်သို့ပင်ဆိုစေကာမူ ယင်းကိစ္စအတွက် မိနင်းပွင့် ခုနစ်ရက်ခန့် အိပ်ပျက် စားမဝင် ဖြစ်ခဲ့သည်ကား အမှန်ပင်ဖြစ်ပါ၏။

× × ×



## အခန်း ( ၁၄ )

မိနင်းပွင့်၏ တစ်ချက်လွှတ်အာဏာကုန် ကွပ်ညှပ်မှုကြောင့် မြနန်းနွယ်၏ အခြေအနေ အနည်းငယ် ကောင်းမွန်လာသလိုရှိ၏။ သူမကို မည်သူကမျှ အရက်ဝယ်မပေးဝံ့ရှိ၏။ ဒေါက်တာမင်းဦးပင်လျှင် အရက်အစား အခြားသွေးအားတိုးဆေးများကို အစားထိုးပေး၏။

မြနန်းနွယ် အအိပ်အစား မှန်လာသဖြင့် အသားအရည်များ ပြည့်ဖြိုးစိုပြေလာ၏။ နှုတ်ခမ်း၊ ပါးပြင်နှင့် လက်ဖဝါးတို့တွင် သွေးများ လျှံလာ၏။ မျက်လုံးများလည်း မှုံမြောက်မနေတော့ဘဲ ရွှန်းလဲ့လာ၏။

မိနင်းပွင့်သည် မြနန်းနွယ်၏ အခန်းသို့ မှန်မှန်သွားပြီး ဆေးသောက်ဖို့ ညွှန်ကြား၏။ အာဟာရရှိသော အစားအစာများ မှန်မှန်



www.burmeseclassic.com

www.burmeseclassic.com



တားသောက်ဖို့ ချော့မော့ပြောဆို၏။ ရေမိုးချိုးပြီး ဖီးလိမ်းဆင်ယင်ဖို့ သွေးဆောင်၏။ မိနှင်းပွင့်ကိုယ်တိုင် သူမကို ဆံထုံးထုံးပေး၏။ အဝတ်အဆင်များ ရွေးပေး၏။ ထို့နောက် အခန်းထဲတွင် အောင်းမနေရန် ပြော၏။ ပန်းခြံထဲတွင် လမ်းလျှောက်ကြ၏။ စျေးဝယ်ထွက်ကြ၏။

မိနှင်းပွင့်၏ အပြုအမူများအတွက် အားလုံးက အံ့သြကြ၏။ နောက်ဆုံးတွင် မိနှင်းပွင့်ကို အင်မတန်စိတ်သဘောထားပြည့်ဝသူဟု ချီးကျူးကြ၏။ နိုင်မောင်တိုးပင်လျှင် ပြောင်းလဲလာသော သူ့ဇနီးအတွက် မယုံကြည်နိုင်ဖြစ်နေဟန်ရှိ၏။ မြနန်းနွယ်နှင့် မိနှင်းပွင့် ပန်းခြံထဲတွင် လမ်းလျှောက်နေလျှင် အပေါ်ထပ် ပြတင်းပေါက်တစ်ခုမှ ကြည့်နေတတ်၏။

သို့သော် နွေရာသီကျောင်းပိတ်ရက်တွင် မြို့စားမင်းအိမ်တော်သို့ တက္ကသိုလ်ကျောင်းသူကြီး မိမြတ်နိုးကြင် ပြန်လည်ရောက်ရှိလာသောအခါ မြနန်းနွယ်၏အခြေအနေသည် ချက်ချင်းပင် ပြန်လည်ပြောင်းလဲသွား၏။

မိနှင်းပွင့်ကလည်း သူမ၏အချိန်ကို ယခင်ကလို မြနန်းနွယ်တစ်ယောက်တည်းကို ပေးမလာနိုင်တော့ပေ။ မိမြတ်နိုးကြင်ကို ခွဲဝေပေးရ၏။ မိမြတ်နိုးကြင်နှင့် ဗညားရံတို့ ကလူကျီစယ်ကြသည်တွင် အသိသက်သေအဖြစ် ပါဝင်ရ၏။ မိမြတ်နိုးကြင်နှင့်အတူ လမ်းလျှောက်ရ၏။

တစ်နေ့တွင် မိနှင်းပွင့် အခန်းသို့ မြနန်းနွယ် ဝင်လာ၏။

မိနှင်းပွင့်နှင့် မိမြတ်နိုးကြင် ဟက်ဟက်ပက်ပက် ရယ်မော ပြောဆိုနေကြသည်ကို တွေ့သွား၏။ မြနန်းနွယ် ဘာမျှမပြောဘဲ ချာခနဲလှည့်ထွက်သွား၏။ မိနှင်းပွင့် လှမ်းခေါ်သည်။ မရ။

သည့်နောက်တွင်ကား မြနန်းနွယ်သည် အခန်းအောင်း သတ္တဝါတစ်ဦး ပြန်ဖြစ်သွား၏။

ဒေါက်တာမင်းဦးနှင့် ဆေးထိုး ဆေးတိုက်ရအောင် လာသော ဆရာမကိုပင် တံခါးဖွင့်မပေးဘဲ ရှိတတ်၏။ ကော်ဖီနှင့် မုန့် သွားပို့သူများကို အော်လွှတ်၏။ သူမ၏အခန်းထဲသို့ ပို့ထားသော ထမင်းပွဲသည် နည်းနည်းလေးမှ အရာမယွင်းဘဲ ပြန်ထွက် လာတတ်၏။

မိနှင်းပွင့် စိတ်မောရ၏။ တစ်နေ့တွင် နိုင်မောင်တိုး၏အခန်းသို့ မိနှင်းပွင့် သွားရောက်၏။

"သြော် . . . ညီမလေးပါလား။ ဘာကိစ္စရှိလို့လဲ"

"အစ်ကိုတိုးကို ပြောစရာတစ်ခုရှိလို့"

"ပြောလေ။ ထိုင်ပါဦး"

နိုင်မောင်တိုးက ကုလားထိုင်ပေး၏။ မိနှင်းပွင့် ထိုင်၏။

"မမနွယ်ကို အစ်ကို ဒီလိုပဲ ပစ်ထားတော့မှာလား"

နိုင်မောင်တိုး၏ မျက်နှာ ရုတ်တရက် တင်းမာသွား၏။ ပြီးမှ အသားအရေနှင့် အကြောများ ပြန်လျော့သွားကာ . . .

"ကိုယ် ဘာလုပ်ရမှာလဲ"

"မမနွယ် စိတ်ချမ်းသာအောင် လုပ်ပေးဖို့ပဲပေါ့"

"သူစိတ်ချမ်းသာအောင် အစ်ကိုတိုး ဘာလုပ်ရမလဲ"

"အစ်ကိုတိုး အခုလို သူ့ကို ပစ်ထားတာတော့ ကောင်းပါဘူး။ အစ်ကိုတိုး သူ့ကို ဘာမှလဲမပြောဘူး။ နောက်ပြီး သူ့အခန်းကို






www.burmeseclassic.com

www.burmeseclassic.com



တောင် မသွားဘူး"

"သူ့အခန်းကို အမြဲပိတ်ထားတာပဲ"

"အစ်ကိုဇိုးဆိုရင် သူ ဖွင့်ပေးမှာပေါ့"

နိုင်မောင်တိုး ငေးနေ၏။

"အစ်ကိုတိုး သူ့ဆီကို သွားပါ။ အစ်ကိုတိုး ပြောစရာရှိတာတွေကို သူ့ကို ပွင့်ပွင့်လင်းလင်း ပြောပြပါ။ သူ့ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာကိုလည်း သေသေချာချာ မေးကြည့်ပါ"

နိုင်မောင်တိုး ငြိမ်နေ၏။

"အစ်ကိုတိုးဟာ ယောကျ်ားတစ်ယောက်ပါ။ ကိုယ်ယူထားတဲ့ မိန်းမတစ်ယောက်အပေါ်မှာ ဘာမဆို ပွင့်လင်းသင့်ပါတယ်"

"ဟုတ်ပြီလေ။ ကိုယ် ကနေ့ပဲ သူ့အခန်းကို သွားလိုက်ပါ့မယ်။ ကိုယ်လည်း သူ့ကို မေးချင် ပြောချင်တာလေးတွေ ရှိပါတယ်"

မိနှင်းပွင့် ပြန်ခဲ့၏။ နေ့ခင်းဘက်တွင် မြနန်းနွယ်၏အခန်းသို့ နိုင်မောင်တိုးသွားကြောင်း သတင်းကြားရ၏။ ဘာတွေပြောကြ ဆိုကြသည်ကိုတော့ မသိပါ။

နောက်နှစ်ရက်အကြာတွင် မြနန်းနွယ်၏အခန်းသို့ မိနှင်းပွင့် သွား၏။ အခန်းထဲတွင် လူတစ်ယောက်ရှိနေကြောင်း သိရ၏။ စကားပြောသံ သဲ့သဲ့ကြားရ၏။ နိုင်မောင်တိုးဖြစ်မည်ဟု ထင်သဖြင့် လှည့်ပြန်မည် စိတ်ကူး၏။ သို့သော် အေးမိစ်ဖြစ်နေနိုင်သဖြင့် တံခါးကို မဟာတဟာလေး တွန်းဖွင့်ပြီး အထဲသို့ ချောင်းကြည့်၏။

မြနန်းနွယ်၏ အခန်းတွင်းသို့ ရောက်နေသူမှာ သူမ ထင်ထား





သူ မဟုတ်ဘဲ မိမြတ်နိုးကြွင် ဖြစ်နေကြောင်း အံ့ဩစွာ တွေ့ရ၏။

မိမြတ်နိုးကြွင်သည် မိနှင်းပွင့်ကို တွေ့မြင်လိုက်ရသောအခါ ဆတ်ခနဲ တုန်သွား၏။ မျက်နှာပျက်သွား၏။

"မြတ်နိုး ဘာလုပ်နေတာလဲ"

မိနှင်းပွင့်က အခန်းတွင်းသို့ဝင်သွားရင်း မေး၏။ မိမြတ်နိုးကြွင် ခုတင်ဘေးတွင် ရပ်လျက်ရှိ၏။ မြနန်းနွယ်မှာ ခုတင်ပေါ်တွင် လှဲလိုမှဲ့လျက်ရှိ၏။ ပါးစပ်မှလည်း မသဲမကွဲ မပီမသသော စကားလုံးများကို မြည်တမ်းရေရွတ်လျက်ရှိ၏။

"ကိုယ် သူ့အခန်းရှေ့က ဖြတ်လျှောက်သွားတုန်း အခန်းထဲက လဲသံ တိုက်သံတွေကြားရလို့ ဝင်ကြည့်တော့ သူ့ကို ဒီအတိုင်း တွေ့ရတာပဲ"

အခန်းကို ကြည့်လိုက်သောအခါ ကုလားထိုင်တစ်လုံး လဲနေ၏၊ ဖန်ခွက်တစ်လုံး ကျကွဲနေ၏၊ ကော်ဇောပေါ်တွင် အရည်များ စိုရွှဲနေ၏။ မှန်တင်ခုံပေါ်တွင် ပုပုဝိုင်းဝိုင်း ပုလင်းတစ်လုံး တွေ့ရ၏။ အရက်ပုလင်းဖြစ်ကြောင်း မိနှင်းပွင့် ချက်ချင်းသိလိုက်၏။ မြနန်းနွယ်ကို တုန်းငုံ့၍ နမ်းလိုက်၏။ အရက်နံ့ ထောင်းထောင်းထနေ၏။ မြနန်းနွယ်သည် လူမှန်းသူမှန်း မသိလောက်အောင်ပင် မူးနေ၏။ မျက်နှာပေါ်တွင် ဆံပင်တွေ အုပ်ဖုံးနေ၏။ ရင်တွင်း၌ မီးတောက်နေဟန်တူ၏။ လက်တစ်ဖက်က အင်္ကျီစကို ဆွဲဆုတ်ပစ်ထား၏။ အတွင်းခံအင်္ကျီနှင့် အပေါ်ပိုင်း ရင်သားများ ထင်းထင်းပေါ်နေ၏။ ထဘီလည်း ခါးမှ ပြေလျှောကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ အရက်တွေမူးနေတာပဲ။ ဒီအရက်ပုလင်းကို သူ ဘယ်
ရသလဲ မသိဘူး"

မိနှင်းပွင့်က မိမြတ်နိုးကြင်ကို ကြည့်ပြီး မေးသလို ပြော
လိုက်၏။ မိမြတ်နိုးကြင် ကြောင်စီစီရှိနေ၏။ မျက်နှာ ဖြူဖပ်ဖြူ
ရှိနေ၏။ ထိတ်လန့်ကြောက်ရွံ့နေပုံလည်း ရ၏။

မိနှင်းပွင့်က ထဘီကို ခါးတွင် စည်းပေးလိုက်၏။ မြန်နန်းနွ
တစ်ဖက်သို့ လှိမ့်လိုက်ရာ ခုတင်အောက်သို့ ကိုယ်တစ်ပိုင်း ကျသွာ
သူတို့နှစ်ယောက် မ.တင်ရ၏။

"သူ . . . သူ . . . သေတော့မှာလား"

မိမြတ်နိုးကြင်က ထစ်ထစ်ငေါ့ငေါ့ မေး၏။

"မပြောတတ်ဘူး။ အရက်မူးတာလဲ သေတတ်တယ်
ပြောတာပဲ။ သူ သိမ့်းနေတာတော့ အမှန်ပဲ"

"ဘုရား . . . ဘုရား . . . လုပ်ပါဦး နင်းရယ်။ သူ သေတော့
မှာပဲ။ သူ့ကိုကြည့်ရတာ သိပ်မူးနေပုံပဲ။ အရက်မူးရင် ရေလောင်းပေး
တယ်လို့ ပြောတယ်။ ကိုယ် ရေ သွားခပ်လိုက်မယ်"

မိမြတ်နိုးကြင် အခန်းထဲမှ ပြေးထွက်သွားမည်ပြု၏။ မိနှင်း
ပွင့်က ဆွဲထားလိုက်၏။ ပြီးမှ . . .

"ရေမခပ်နဲ့။ တွေ့တဲ့လူ တစ်ယောက်ယောက်ကို ခေါ်
တွေ့တဲ့လူတွေ အားလုံးကို ခေါ်။ ဒေါက်တာမင်းဦးဆီကို တစ်ယော
ယောက်ကို မြန်မြန်လွှတ်လိုက်"

မိမြတ်နိုးကြင် ပြေးထွက်သွား၏။ မြန်နန်းနွယ် အနံ့ပြီးရင်း အ





နေ၏။ ထို့နောက် အသက်မရှူနိုင်ဘဲ မောနေ၏။

အရက်မူးသည့်ဒဏ်ကို မြန်နန်းနွယ် အလူးအလဲခံရ၏။ အချိန်မီ
မတွေ့ရှိခဲ့ကြလျှင် တစ်ယောက်တည်း အံဖတ်ဆို့ပြီး အမောဆို့ပြီး
သေဆုံးနိုင်သည်ဟု ဒေါက်တာမင်းဦးက ပြော၏။ မြန်နန်းနွယ်အား
အရက်မသောက်ရန် ဒေါက်တာမင်းဦးက တင်းတင်းကြပ်ကြပ် တား
မြစ်၏။

ဤတွင် ပြဿနာတစ်ခု တက်လာ၏။ မြန်နန်းနွယ် အရက်
ဘယ်က ရသနည်း။ မည်သူဝယ်ပေးသနည်း။ မြန်နန်းနွယ်ကို မိနှင်းပွင့်
မေး၏။ မပြောပါ။

သို့နှင့်ပင် မြို့စားမင်းအိမ်တော်တွင် မှီတင်းနေထိုင်သူများကို
မိနှင်းပွင့် စစ်မေးရပြန်၏။ မပေါ်ပါ။ သူတို့အထဲက တစ်ယောက်ယောက်
ဖြစ်နိုင်စရာအကြောင်း မရှိပါ။ ယင်းသို့ ဆိုလျှင် ဤအရက်ပုလင်းကို
မြန်နန်းနွယ် ဘယ်ကရသနည်း။ သူကိုယ်တိုင် သွားဝယ်ခြင်းလည်း
မဖြစ်နိုင်ပါ။ သူ ဘယ်ကိုမှ မသွားပါ။ သူ့မိဘအိမ်ကိုပင် မသွားပါ။
မြန်နန်းနွယ်သည် သူမ ကြုံတွေ့နေရသော အခက်အခဲများ၊ စိတ်မချမ်း
မြေ့ရမှုများကို သူမ၏ မိဘများ မသိစေလိုပါ။ မသိအောင်လည်း
တတ်နိုင်သမျှ ဖုံးဖိထား၏။

သံလွင်ရိပ်သာနှင့် မြို့စားမင်းအိမ်တော်သည် ခမည်းခမက်
တော်စပ်ကြသော်လည်း အနေစိမ်းပါ၏။ အဆက်အဆံ နည်းပါး၏။
အတ္တမာနများ လွန်ကဲနေကြခြင်းပင် ဖြစ်ပါလိမ့်မည်။ ထို့ပြင်မက သူတို့
နှစ်အိမ်သည် မြို့နှင့်လည်း အဆက်အစပ် နည်းသဖြင့် ဤအိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်အိမ်အတွင်း တော်ရှုံတန်ရှုံဖြစ်ပျက်နေသည်များကို အပြင်က မသိနိုင်ပါ။

မိနှင်းပွင့် စစ်ဆေးစရာဆို၍ လူလေးယောက်သာ ကျန်တော့၏။ နိုင်မောင်တိုး၊ နိုင်မောင်စိုး၊ ဒေါ်ထိပ်တင်မကြီးနှင့် မိမြတ်နိုးကြင် ဖြစ်၏။

မိနှင်းပွင့် ပထမဆုံး သူမ၏ ခင်ပွန်းသည် နိုင်မောင်စိုးကို မေး၏။

"မမနွယ်ကို အရက်ဝယ်ပေးတာ အစ်ကိုစိုးလား"

"ဘာဆိုင်လို့လဲ။ ကျုပ်က သူ့ကို သေစေချင်တဲ့မှ မဟုတ်ဘဲ"

"သူ့ကို ဘယ်သူက သေစေချင်နေလို့လဲ"

"ဒါတော့ ဘယ်သိမလဲ"

နိုင်မောင်စိုး စကားစဖြတ်ပြီး တခြားသို့ ထွက်သွား၏။ သူ့စကားအတွက် မိနှင်းပွင့် စိတ်မောရ၏။ တုန်လှုပ်ရ၏။ မြနန်းနွယ်ကို အရက်ပေးသူသည် သူမကို သေစေချင်နေသူပေလား။ တမင်တကာ ပေးခြင်းပေလော။ သို့ဆိုလျှင် မည်သူဖြစ်ရှိမည်နည်း။ သူမ၏ မျက်စိထဲတွင် နိုင်မောင်တိုး၊ မိမြတ်နိုးကြင်နှင့် ဒေါ်ထိပ်တင်မကြီးတို့၏ မျက်နှာများ ပေါ်လာ၏။

သူတို့သုံးယောက်အနက် တစ်ယောက်ယောက် ဖြစ်ချေမည်လား။ မိနှင်းပွင့် မည်သူ့ကို မေးရမည်နည်း။ မည်သူ့ကိုမှလည်း မမေးရဲရှိ၏။ မည်ကဲ့သို့ မေးရမှန်းလည်း မသိရှိပါ။

သို့သော် ရက်များမကြာမီမှာပင် မြနန်းနွယ် အရက် ဘယ်က





ရရှိသည်ကို မိနှင်းပွင့်တို့ သိရှိလာကြ၏။ မြနန်းနွယ် အရက်ရရှိပုံ ရရှိနည်းမှာ သူတို့ မမျှော်လင့်သည့်နေရာမှ ဖြစ်သဖြင့် အံ့ဩဖွယ်ရာ ကောင်းသော်လည်း ယင်းအရက်ပြဿနာနှင့် ဆက်စပ်နေသော အခြားကိစ္စရပ်တစ်ခုက ပိုမိုတုန်လှုပ်အံ့ဩဖွယ်ရာ ဖြစ်နေပါတော့၏။

မြနန်းနွယ်ကို မည်သူကမျှ အရက်ဝယ်ပေးသည် မဟုတ်ပါ။ သို့သော် အရက်ဝယ်ပေးသည့်သူကို မပြောမဖြစ် ပြောပါဆိုလျှင် ကွယ်လွန်သူ ဦးညိုမင်းဂေါင်ဟု ပြောရပါလိမ့်မည်။

တစ်ကြိမ်က ဦးညိုမင်းဂေါင်သည် မြို့စားမင်းအိမ်တော်၏ အရှင်သခင်ကြီးတစ်ယောက် ဖြစ်သည့်အလျောက် အရက်ကို ကြိုက်သလို သောက်သုံးခဲ့သော်လည်း နောက်ပိုင်းတွင် ကျန်းမာရေး အခြေအနေနှင့် မသင့်လျော်သဖြင့် မသောက်ရန် ဒေါက်တာမင်းဦးနှင့် ဒေါ်ထိပ်တင်မကြီးတို့က တားမြစ်ကြပ်မတ်ခဲ့၏။ ထိုအခါ ဦးညိုမင်းဂေါင်သည် အရက်သေတ္တာကို တိတ်တဆိတ်ဝယ်ယူပြီး ဒုတိယခေါင်းရင်းဆောင်အတွင်းရှိ အခန်းတစ်ခန်းထဲတွင် သိုဝှက်ထားခဲ့၏။ မြနန်းနွယ်သည် မြို့စားမင်းအိမ်တော်ကို တစ်ယောက်တည်း လှည့်လည်လည်ပတ်ခဲ့စဉ်ကာလက ယင်းအရက်သေတ္တာကို တွေ့ရှိခဲ့၏။ သို့သော် နောက်ပိုင်းတွင် မေ့လျော့နေခဲ့၏။ သူမကို အရက်မပေးရန် မိနှင်းပွင့်က ကြပ်မတ်ခြင်းကို လုပ်လာသောအခါမှ ယင်းအရက်သေတ္တာကို ပြန်လည်အမှတ်ရလာမိခြင်း ဖြစ်ပါလိမ့်မည်။

ထိုညကလည်း မြနန်းနွယ်သည် လူခြေတိတ်ချိန်ဝယ် အရက်တစ်ပုလင်း ယူဆောင်ရန် ဒုတိယခေါင်းရင်းဆောင်သို့ တိတ်တဆိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်၏။ အခန်းတွင်းသို့ ရောက်သောအခါ အလင်းရောင် နည်းနေသဖြင့် အခန်းပြတင်းတစ်ခုကို ဖွင့်လိုက်၏။

ထိုအခါ ထိတ်လန့်ဖွယ်ရာ အခြင်းအရာတစ်ခုကို အပြင်ဘက် လရောင်အောက်တွင် မြနန်းနွယ် တွေ့မြင်လိုက်ရ၏။ လရောင် ဝါရွှေခြယ်ထားသော မွန်မင်းသမီးသုံးဖော် ကျောက်ရုပ်များအကြားတွင် တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင် တင်းကြပ်စွာ ဖက်ထား ကြသော နိုင်မောင်တိုးနှင့် မိမြတ်နီးကြင်တို့ဖြစ်၏။

မြနန်းနွယ် အံ့သံကုန် ဟစ်အော်လိုက်၏။ အဆက်မပြတ် ကြောက်မက်ဖွယ်ရာ ဟစ်အော်၏။

ဒေါ်ထိပ်တင်မကြီး၊ နိုင်မောင်စိုး၊ မိနှင်းပွင့်အပါအဝင် မြို့စား မင်းအိမ်တော်တွင် နေထိုင်သူအားလုံး မြနန်းနွယ်ရှိရာသို့ ရောက်လာ ကြ၏။ နိုင်မောင်တိုးနှင့် မိမြတ်နီးကြင်တို့လည်း ပါဝင်၏။ သည်တော့မှ မြနန်းနွယ်က နိုင်မောင်တိုးနှင့် မိမြတ်နီးကြင်ကို လက်ညှိုးငေါက်ငေါက် ထိုးကာ . . .

"အခုမှပဲ ကြောင်သူတော်နဲ့ လင်ခိုးမကို လက်ပူးလက်ကြပ် မိတော့တယ်။ ဟင်း . . . ကြောင်တောင်နိုက်နှစ်ယောက် လရောင် အောက်မှာ အကြည်ဆိုက်နေလိုက်တာ။ တစ်ယောက်ကိုတစ်ယောက် ဖက်လို့ ပြုံးလို့ နမ်းလို့"

"နွယ် . . . မင်းပြောတာတွေ မဟုတ်ဘူး။ တစ်ခုမှ မဟုတ် ဘူး။ ကိုယ် ရှင်းပြမယ်"

နိုင်မောင်တိုးက လက်ဝါးကာပြပြီး ပြော၏။





"ဘာမဟုတ်ရမှာလဲ။ လက်ပူးလက်ကြပ် မိနေတာကို ဘာ နှန်လာဦး လုပ်ချင်သေးလို့လဲ။ သက်သေရှိတယ်"

"ဘယ်မှာလဲ သက်သေ"

နိုင်မောင်တိုးက ဒေါသဖြင့် အော်ပြီးမေး၏။

"ဟိုမှာ"

မြနန်းနွယ်က မွန်မင်းသမီးသုံးယောက်ကျောက်ရုပ်များကို လက်ညှိုးထိုးပြလိုက်၏။

"မင်းသမီးသုံးဖော်ဟာ ကျောက်ရုပ်တွေဆိုပြီး သူတို့ရှေ့မှာ မဟုတ်မတရားတာ လုပ်လို့မရဘူး။ သူတို့က သစ္စာရှင်မလေးတွေ။ သစ္စာတရားကို ဖောက်ဖျက်တဲ့လူတွေဟာ အသေဆိုးနဲ့သေရင်သေ၊ မသေရင် စတုတ္ထအပျိုစင်လို အရှင်လတ်လတ် ဂူအသွင်းခံရမယ်"

မြနန်းနွယ်က မိမြတ်နီးကြင်ကို စိမ်းစိမ်းကြည့်ပြီး ပြော၏။ မိမြတ်နီးကြင် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ပြီး ငိုနေရာမှ ပြေးထွက်သွား၏။

နိုင်မောင်တိုးသည် မိမြတ်နီးကြင်နောက်သို့ ပြေးလိုက်သွား သည်ပြုပြီးမှ သတ္တုတွင်းဟောင်းဆီသို့ တစ်ယောက်တည်းထွက်သွား၏။

မြနန်းနွယ်၏ ခြောက်ကပ်သောရယ်မောသံကြီး ကြောက်မက် ဖွယ်ရာ ပေါ်လာ၏။

သုံးပွင့်ဆိုင်အချစ်ပုံပြင်ကလေးတွေကို မိနှင်းပွင့် ကြားဖူးပါ၏။ ဘယက်ရှင် သုံးဦးရှိသည့်အနက် နှစ်ဦးက ကြည်နူးပျော်ရွှင်ပြီး တစ်ဦး က လွမ်းဆွတ်ကြေကွဲရသည့် ဇာတ်လမ်းများကို ဖတ်ခဲ့ဖူးပါ၏။ ယခု



www.burmeseclassic.com

www.burmeseclassic.com



မြို့စားမင်းအိမ်တော်၏ သုံးပွင့်ဆိုင် ဇာတ်လမ်းကလေးတွင်မူ ကာယကံရှင် သုံးဦးစလုံး လွမ်းဆွတ်ကြေကွဲလျက် ရှိကြရပါ၏။

မိမြတ်နိုးကြွင်က သူမ၏ အခန်းထဲတွင် တဖြည်းဖြည်း ရှိုက်ငိုလျက်ရှိသလို မြနန်းနွယ်ကလည်း သူမ၏အခန်းထဲတွင် ချုံးပွဲချပြီး ငိုပွဲဆင်လျက်ရှိ၏။

နိုင်မောင်တိုးမှာလည်း မည်သူနှင့်မျှ အတွေ့မခံဘဲ အခန်းထဲတွင် တစ်ယောက်တည်း တံခါးပိတ်နေ၏။

နိုင်မောင်တိုးနှင့် မတွေ့ရသဖြင့် နိုင်မောင်တိုးတွင် မည်သည့် စိတ်ကူးများရှိကြောင်း မသိရသော်လည်း မိမြတ်နိုးကြွင်နှင့် မြနန်းနွယ်တို့မှာ မြို့စားမင်းအိမ်တော်မှ ထွက်သွားကြမည် တကဲကဲ ရှိနေကြ၏။

မြနန်းနွယ်သည် ယခင်က တခြားသို့သွားမည်ဟု မပြောခဲ့သော်လည်း ယခုတစ်ကြိမ်တွင် သူ့ သစ္စာတရား ခေါင်းပါးသော မြို့စားမင်းအိမ်တော်တွင် မနေချင်တော့ဟုဆို၏။

မိနှင်းပွင့်က ယောက်ယက်ခတ်နေသော မြနန်းနွယ်၏ စိတ်များ ပြန်လည်ငြိမ်သက်သွားစေရန် သံလွင်ရိပ်သာသို့ [illegible] ပြန်ပို့ထားရန် ဒေါက်တာမင်းဦးနှင့် တိုင်ပင်၍ မြနန်းနွယ်အား ပြောပြ၏။ ကာယကံရှင်က ပြင်းထန်စွာငြင်းဆန်၏။

"မသွားဘူး။ မသွားဘူး။ သံလွင်ကို ကိုယ် ဘယ်တော့မှ မသွားဘူး။ သံလွင်ကိုလည်း မုန်းတယ်။ မြို့စားကိုလည်း မုန်းတယ်။ ကိုယ် ဘယ်မှာမှ မနေဘူး။ တခြားမှာ သွားနေမယ်"

ထိုအခါ မိနှင်းပွင့် တစ်မျိုးစိတ်ကူးပြန်၏။ အကယ်၍ မြနန်း





နွယ်သည် ရန်ကုန်ကိုသော် လည်းကောင်း၊ မန္တလေးကိုသော် လည်းကောင်း သွားလိုသည်ဆိုလျှင် စိတ်ပြေလက်ပျောက် ပို့ပေးလို၏။

"မမနွယ် ဘယ်သွားမလဲ။ ရန်ကုန်သွားမလား၊ မန္တလေးဘက် ဘုရားဖူးရင်း သွားမလား"

"အို . . . လူတွေထဲကို ကိုယ်မသွားချင်ပါဘူး။ ကိုယ် တစ်ယောက်တည်း တောထဲသွားနေမယ်။ ပင်လယ်ထဲ သွားနေမယ်"

တစ်နေ့တွင် မြနန်းနွယ် ပျောက်သွားသဖြင့် လိုက်ရှာရာ ကျားရဲတောအတွင်း စိတ်ဝေဒနာသည်တစ်ဦးလို ပါးစပ်မှ တတွတ်တွတ် ရေရွတ်ရင်း လှည့်လည်နေသည်ကို တွေ့ရ၏။

မိမြတ်နိုးကြွင်ကလည်း ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် သွားတော့မည်ဟု ဆိုနေသဖြင့် မိနှင်းပွင့် မျက်လုံးပြူးနေရ၏။ စိတ်မောနေရ၏။ မြနန်းနွယ်နှင့် မိမြတ်နိုးကြွင်တို့ကို စောင့်ကြပ်ကြည့်ရှုရန် လူတစ်ယောက်စီကို တာဝန်ပေးထားရ၏။

တစ်နေ့တွင် မိမြတ်နိုးကြွင်၏အခန်းသို့ မိနှင်းပွင့် ရောက်သွားသောအခါ မိမြတ်နိုးကြွင် စားပွဲတွင်ထိုင်ပြီး စာရေးနေသည်ကို တွေ့ရ၏။

"မြတ်နိုး ဘာတွေရေးနေတာလဲ"

"လျှောက်လွှာ"

"ဘာလျှောက်လွှာလဲ"

"ကိုယ် အမျိုးသမီးဘော်ဒါဆောင် ဆရာမအလုပ်လျှောက်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုလည်း ဘာမှ မတိုင်ပင်တော့ဘူးလား"

"နှင်းက ဖျက်နေမှာစိုးလို့ပါ။ ကိုယ် ဒီမှာမနေချင်တော့ဘူး။ ကိုယ် အလုပ်တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ။ အခုအလုပ်က ကိုယ့်အတွက် အများကြီး အဆင်ပြေတယ်။ အလုပ်လည်း ရတယ်။ နေစရာလည်း ရမယ်၊ စာမေးပွဲဆက်ဖြေလို့လည်း ရမယ်။ အလုပ်ရတဲ့အခါတော့ နှင်းကို အသိပေးပြီးမှ သွားမှာပါ။ ဘာပဲဖြစ်ဖြစ် ကြီးကြီးတစ်ဆီမှာလည်း ခွင့်တောင်းရဦးမှာပဲ"

မိမြတ်နိုးကြင် အလုပ်လျှောက်သည့်ကိစ္စကို မိနှင်းပွင့် မကန့်ကွက်ပါ။ စိတ်လေလွင့်ပြီး ဟိုဟိုသည်သည် ထွက်သွားသည်ထက် အလုပ်တစ်ခု အတည်တကျနှင့် ပြောင်းရွှေ့သွားခြင်းက သူမအတွက်လည်း ကောင်း၏။ အားလုံးအတွက်လည်း ကောင်း၏။ မိမြတ်နိုးကြင် မြို့စားမင်းအိမ်တော်တွင် မရှိလျှင် မြနန်းနွယ်၏ အခြေအနေလည်း ပြန်လည် ကောင်းမွန်လာနိုင်၏။ မြနန်းနွယ်နှင့် နိုင်မောင်တိုးတို့၏ ဆက်ဆံရေးသည်လည်း တစ်နေ့တွင် နားလည်မှုရကြပြီး ပြေလည်လာနိုင်စရာရှိ၏။

မိဘတွေ ပေးစားသဖြင့် ယူရသော်လည်း မြနန်းနွယ်ကိုယ်၌ကလည်း နိုင်မောင်တိုးကို ချစ်မြတ်နိုးလျက်ရှိကြောင်း သိလာ၏။ နိုင်မောင်တိုးသည် တစ်ဖက်သူ၏ ချစ်ခြင်းမေတ္တာကို ကြာရှည်စွာ ဥပေက္ခာပြုထားနိုင်လိမ့်မည် မဟုတ်ပါ။ သူတို့နှစ်ယောက်အကြားတွင် တစ်စုံတစ်ယောက်က လုပ်ပေးဖို့သာ လိုပေ၏။

မိမြတ်နိုးကြင် အလုပ်ရရှိပြောင်းရွှေ့ပြီးသည့်နောက်ပိုင်းတွင်





လင်မယားနှစ်ယောက်ကို ကြားဝင်ဖေ့စပ်ပေးရန် မိနှင်းပွင့် ဆုံးဖြတ်ထား၏။

များမကြာမီမှာပင် မိမြတ်နိုးကြင်ထံသို့ အလုပ်ခန့်စာ ရောက်လာ၏။ ရက်အနည်းငယ်အတွင်းမှာပင် မိမြတ်နိုးကြင် မြို့စားမင်းအိမ်တော်မှ ထွက်ခွာသွားရပေတော့မည်။ မိနှင်းပွင့်ကလည်း ဖောင်တော်ဦးဘုရားပွဲပြီးမှ သွားရန် ပြောထားရ၏။

နှစ်ပေါင်းများစွာ အစဉ်အလာရှိခဲ့သည့်အတိုင်း ဘုရားပွဲနောက်ဆုံးနေ့တွင် မြို့စားမင်းအိမ်တော်ရှိ လူများအားလုံးကို ဒေါ်ထိပ်တင်မကြီးက အလုပ်အားလပ်ခွင့် ပေးလိုက်၏။

အိမ်ရှိ လူကုန်လောက်ပင် ဘုရားပွဲသို့ သွားနေကြသဖြင့် မြို့စားမင်းအိမ်တော်သည် တိတ်ဆိတ်ခြောက်ကပ်လျက်ရှိ၏။ မိသားစုများထဲက ဘုရားပွဲသို့ သေသေချာချာ သွားရောက်သူမှာ နိုင်မောင်စိုးတစ်ယောက်သာလျှင် ဖြစ်၏။ နိုင်မောင်တိုးသည် နေ့လယ်ကတည်းက အိမ်မှ ထွက်သွားသော်လည်း ဘုရားပွဲသို့ သွားချေသလော၊ အခြားတစ်နေရာသို့သွားချေသလောဆိုသည်ကို မည်သူမျှ မပြောနိုင်ပါချေ။

သို့ဖြင့် ကြီးမားကျယ်ဝန်းသော ကိုးဆောင်ပြိုင်အိမ်ကြီးတွင် ဒေါ်ထိပ်တင်မကြီး၊ မြနန်းနွယ်၊ မိမြတ်နိုးကြင်နှင့် မိနှင်းပွင့်တို့ သားအမိသာလျှင် ပျင်းရိဖွယ်ရာ ကျန်ရစ်ခဲ့၏။

ညနေဘက်တွင် မိမြတ်နိုးကြင် တစ်ယောက်တည်း လမ်းလျှောက် ထွက်သွားပြန်၏။ ဒေါ်ထိပ်တင်မကြီးနှင့် မိနှင်းပွင့်တို့သည်း အိမ်ထဲတွင် အိုက်စပ်သဖြင့် ဧည့်ခန်းရှေ့ ကောင်းကောင်းမနေသာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းပြင်တွင် ဆင်းပြီး ကလေးထိန်းကြ၏။ အိမ်ကြီးပေါ်တွင် မြနန်းနွယ်တစ်ယောက်တည်း ရှိနေ၏။

ဗညားရုံသည် ခုနစ်လကျော် ရှစ်လအတွင်းဖြစ်သဖြင့် သွားငုတ်တုတ် လူငုတ်တုတ် ဖြစ်၏။ နံဝိုင်းကလေးအတွင်း ထိုင်စေပြီး မိနှင်းပွင့်နှင့် ဒေါ်ထိပ်တင်မကြီးတို့က ချော့မြူလျက်ရှိ၏။ သူ့အသွားက သူ့ကို အရုပ်တွေအစုံ ဝယ်ပေးထား၏။ ဗညားရုံသည် အရုပ်တစ်ခုကို ခဏမျှကိုင်ပြီး လွှင့်ပစ်တတ်၏။ လူကြီးနှစ်ယောက်က မြက်ခင်းပြင်ပေါ်တွင် ပြန့်ကြဲနေသော အရုပ်များကို တစ်ရုပ်ပြီးတစ်ရုပ် လဲပေးနေကြရ၏။ နောက်ဆုံးတွင် အရုပ်တွေအားလုံးကို ရိုးသွားဟန်ရှိ၏။ တအီအီ တအာအာ လုပ်လာ၏။ လူကြီးနှစ်ယောက် ဘယ်လိုမှ ချော့မရဘဲ ရှိနေ၏။

ဒေါ်ထိပ်တင်မကြီးက မြက်ခင်းပေါ်တွင် ပြန့်ကျဲနေသော အရုပ်များကို ကြည့်ရင်း တစ်စုံတစ်ခုကို သတိရဟန်ဖြင့် . . .

"ဩော် . . . သမီးရယ် လူကလေး ငိုမှာပေါ့။ သူ ကြိုက်တဲ့ အရုပ်မှ မပါဘဲ"

ဗညားရုံ အကြိုက်နှစ်သက်ဆုံးသော အရုပ်မှာ သိုးမွေးပွဖြင့် ချုပ်ထားသော ဝက်ဝံရုပ်ကလေးဖြစ်၏။ ယင်းဝက်ဝံရုပ်ကလေးက မျက်လုံးလည်း လှုပ်၏။ လျှာလည်း ထုတ်၏။ နိုင်မောင်စိုး ရန်ကုန်က ဝယ်လာခြင်းဖြစ်၏။

"ဟုတ်သားပဲ။ သားသား ဝက်ဝံလေးမှ မရှိဘဲကိုး။ ဝက်ဝံကလေးကို မေမေ ယူခဲ့ပါတယ်။ ဩော် . . . သိပြီ အိမ်ပေါ်ကဆင်း





တုန်းက သားသား ကိုင်ခဲ့တာပဲ။ သားသား ဘယ်နေရာမှာ လွှင့်ပစ်သလဲမှ မသိဘဲ။ ဟင် . . . မေမေ့ကို ပြောစမ်း"

ဗညားရုံက မိခင်၏အမေးကို စူးစူးဝါးဝါးငိုပြီး ဖြေလိုက်၏။

"အို . . .လူကလေးကလည်း ငိုလိုက်တာကွယ်။ လူကလေးရဲ့ ဝက်ဝံကလေး ရမှာပေါ့။ ကဲပါ သမီးရယ် လူကလေး စိတ်ဆိုးနေပြီ။ ဝက်ဝံရုပ်လေးကို အိမ်ထဲမှာ သွားရှာလိုက်ပါဦး"

ဒေါ်ထိပ်တင်မကြီးက မြေးကိုချော့ရင်း ချွေးမကို နိုင်းလိုက်၏။

မိနှင်းပွင့်လည်း မဆိုင်းမတွပင် အိမ်ကြီးဆီသို့ သွက်လက်စွာ ပြေးသွား၏။ ဧည့်ခန်းဆောင်တွင်းသို့ ဝင်မိသောအခါ့ သားငယ်၏ ငိုသံနှင့် ယောက္ခမကြီး ကလေးချော့သံတို့ကို မကြားရတော့ပေ။

အိမ်ကြီးသည် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ မိနှင်းပွင့်သည် ဝက်ဝံရုပ်ကို ဧည့်ခန်းတွင်း၌ ရှာ၏။ မတွေ့၊ လက်ဝဲဘက် လှေကားမှနေပြီး အိမ်သို့တက်ခဲ့သည့်လမ်းတွင် ဝက်ဝံမရှိ၊ အခန်းမှာ သွားရှာလည်း မရှိ။

"တော်တော်ခက်တဲ့ လူကလေးပဲ။ အရုပ်ကို ဘယ်မှာ သွားလွှင့်ပစ်ခဲ့သလဲ မသိဘူး။ ရှာလို့လည်း မတွေ့ဘူး"

မိနှင်းပွင့် ညည်းလိုက်၏။ နောက်မှ သတိရ၏။ သူတို့ အိမ်ပေါ်မှ ဆင်းခဲ့ကြစဉ်က သည်လှေကားမှ မဟုတ်။ လက်ျာဘက်လှေကားမှ ဖြစ်၏။ ချက်ချင်းပင် မိနှင်းပွင့် လက်ျာဘက်လှေကားဆီသို့ လျှောက်သွား၏။ လှေကားထိပ်တွင် ဝက်ဝံရုပ်ကလေး လဲနေသည်ကို ခပ်လှမ်းလှမ်းကတည်းကပင် တွေ့မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံရုပ်ကလေးအနီးတွင် ဖြူဖြူဖွေးဖွေး အရာဝတ္ထုတစ်ခု တွေ့မြင်ရ၏။ အရုပ်တစ်ရုပ်တော့ မဟုတ်ချေ။ ရှည်ရှည်လေးဖြစ်၏။ သိလိုဇောဖြင့် မိနင်းပွင့် ခပ်သွက်သွက်လျှောက်လိုက်၏။ အခန်းသို့ ရောက်သောအခါ မိန်းမစီး ဒေါက်ဖိနပ်အဖြူကလေး ဖြစ်နေသည်ကို တွေ့ရ၏။ မြနန်းနွယ်၏ ဖိနပ်ဖြစ်ကြောင်း မိနင်းပွင့် ချက်ချင်းပင် မှတ်မိ လိုက်၏။

မိနင်းပွင့် မှုဆိုးထိုင် ထိုင်လိုက်ပြီး ဝက်ဝံရုပ်ကို ကောက်ယူ လိုက်၏။ ဒေါက်ဖိနပ်အဖြူလေးသည် မကျန်ရစ်ခဲ့ဘဲ ဝက်ဝံရုပ်နှင့် တစ်တွဲတည်း ပါလာ၏။ အခြေအနေကို မိနင်းပွင့် စစ်ဆေးကြည့်သော အခါ ဖိနပ်ဒေါက်သည် ဝက်ဝံရုပ်၏ လည်ပတ်ခွေအတွင်းသို့ ညပ် ဝင်လျက်ရှိ၏။

မိနင်းပွင့် ဟိုဟို သည်သည် ကြည့်လိုက်၏။ မြနန်းနွယ်ကို မမြင်တွေ့ရပါ။ ချက်ချင်းပင် အခြေအနေကို မိနင်းပွင့် သဘောပေါက် သွား၏။ မတ်မတ်ရပ်လိုက်ပြီး လှေကားထိပ်မှ အောက်သို့ ငုံ့ကြည့် လိုက်၏။ အောက်ဘက်လှေကားရင်းတွင် မြနန်းနွယ် လဲကျနေ၏။

မိနင်းပွင့် လှေကားမှ ပြေးဆင်းသွား၏။ မြနန်းနွယ်ကို စစ်ဆေးကြည့်ရှု၏။ အသက်မရှိတော့ပြီကို တွေ့ရ၏။ သူမ၏ ပါးစပ်ကို နမ်းကြည့်သောအခါ အရက်နံ့ရ၏။ မြနန်းနွယ်သည် အရက်မူးမူးဖြင့် လှေကားထိပ်သို့ ဒယီးဒယိုင်လျှောက်လာသည်။ ဗညားရုံလွှင့်ပစ်ခဲ့သော ဝက်ဝံရုပ်ကလေးကို တက်နင်းမိပြီး လှေကားမှ ကျွမ်းထိုးမှောက်ခုံ ကျကာ သေဆုံးသွားခြင်းပင် ဖြစ်ပါ၏။





မြနန်းနွယ် အရက်မူးနေသည်မှာ မှန်သော်လည်း ဝက်ဝံရုပ် ကလေးကို မနင်းမိလျှင် လှေကားမှ ကျချင်မှ ကျပေမည်။ လှေကားမှ မကျလျှင် ယခုကဲ့သို့ သေဆုံးဦးမည်မဟုတ်ပေ။ ယခုအတိုင်းဆိုလျှင် မြနန်းနွယ် သေဆုံးရခြင်းသည် ဝက်ဝံရုပ်ကလေးကြောင့် ဖြစ်နေ၏။ ဝက်ဝံရုပ်ကလေးကို လှေကားထိပ်တွင် ပစ်ချခဲ့သော ဗညားရုံတွင် တာဝန်မကင်းဖြစ်နေ၏။

ဤအချက်ကို သိရှိကြရသည့်တိုင် လသားအရွယ်ကလေး ငယ်ကို မည်သို့မျှ အရေးယူအပြစ်ပေးရန် အကြောင်းမရှိသော်လည်း မြနန်းနွယ် သေဆုံးရခြင်းသည် ဤကလေးကြောင့်ဟုတော့ လူတွေ ပြောကြပေလိမ့်မည်။ တစ်လျှောက်လုံး ပြောသွားကြပေတော့မည်။ ဘာမျှမသိတတ် နားမလည်သေးသော သားငယ်တွင် ပြောစရာ အစွန်း အထင်း အကြောင်းအချက်တစ်ခုမျှ မရှိစေလိုပါ။ သူ၏ အနာဂတ်တွင် မြနန်းနွယ် သေဆုံးရမှုသည် အရိပ်ကြီးတစ်ခုလို လိုက်ပါမသွားစေချင်ပါ။

သို့ဖြင့် မိနင်းပွင့်သည် ဒေါက်မြင့်ဖိနပ်ကို ဝက်ရုံရုပ် လည်ပတ် ကွင်းတွင်းမှ ဆွဲထုတ်၏။ ခဲခဲယဉ်းယဉ်းထုတ်ယူရ၏။ ထို့နောက် ဖိနပ်ကို မြနန်းနွယ်အနီးတွင် ပစ်ထားလိုက်ပြီး ဝက်ဝံရုပ်ကို သူမ၏အခန်းတွင် ပြန်ထားလိုက်၏။ ထို့နောက် မိနင်းပွင့်သည် မြို့စားမင်းအိမ်တော် အတွင်းမှ ထိတ်လန့်တကြား ပြေးထွက်သွားပြီး မြနန်းနွယ် လှေကားမှ လိမ့်ကျသေဆုံးနေကြောင်း ဒေါ်ထိပ်တင်မကြီးကို အကြောင်းကြားလိုက် လေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

မြနန်းနွယ် သေဆုံးမှပင် သံလွင်မှ လူများ မြို့စားမင်းအိမ်တော်သို့ အူယားဖားလား ရောက်လာကြတော့၏။ ချုံးပွဲချပြီး ငိုပွဲဆင်ကြတော့၏။

လူငယ်များကို မိမိသဘောအရ ပေးစားပြီးနောက် လူကြီးချင်းထားရှိသော အတ္တမာနများကြောင့် တစ်အိမ်နှင့် တစ်အိမ် ကူးလူးဆက်ဆံခြင်းမပြုဘဲ နေထိုင်ခဲ့ကြသည့်အတွက် ပြဿနာဆိုးများသည် နက်ရှိုင်းသည့်ထက် နက်ရှိုင်းလာပြီး နောက်ဆုံးတွင် မိမိတို့၏သမီးကလေး အဖြစ်ဒဏ် ခံယူသွားရသည့်အတွက် သံလွင်မှ လူကြီးများသည် နောင်တကြီးစွာ ရရှိကြရ၏။ ရင်ထုမနာ ဖြစ်နေကြ၏။





လူကြီးတွေကို မဆိုထားနှင့် နိုင်မောင်တိုးသည်ပင်လျှင် သူ၏ဇနီး ကွယ်လွန်ကြောင်း သိရှိရသောအခါ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။ အသက် ၁၀ နှစ်ခန့် ရုတ်တရက်ကြီးသွားသည်ဟု မိနှင်းပွင့် ထင်မိ၏။ သို့သော် သူသည် အခိုက်အတန့်အားဖြင့် တုန်လှုပ်ချောက်ချားခြင်း ဖြစ်နိုင်သော်လည်း မကြာမီကာလအတွင်း တည်ငြိမ်မှုမေ့ပျောက်မှုများ ရှိသွားလိမ့်မည်ဟု မိနှင်းပွင့် တွက်ဆမိ၏။

ထိုအခါ သူမသည် မချစ်မနစ်သက်သောသူနှင့် အတူတကွနေထိုင်ရသော ဒုက္ခမှ ကင်းလွတ်ပြီဖြစ်သဖြင့် စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းများ ရရှိလာပေလိမ့်မည်။

နောက်ဆုံးတွင် သူသည် မေတ္တာစစ် မေတ္တာမှန်ဖြင့် ငယ်စဉ်ကတည်းက ချစ်ခင်နေခဲ့သော မိမြတ်နိုးကြင်ကို လက်ထပ်ခွင့် တောင်းဆိုပေလိမ့်မည်။ မိမြတ်နိုးကြင်ကလည်း သူ့အပေါ်တွင် တိမ်းညွတ်နေပြီးဖြစ်သဖြင့် ငြင်းဆန်လိမ့်မည်မဟုတ်ချေ။

သူတို့နှစ်ယောက် တရားဝင် လက်ထပ်ကြပါလိမ့်မည်။ ထို့နောက် မြို့စားမင်းအဆက်အနွယ်များကို ပြန့်ပွားကြပါလိမ့်မည်။ သူတို့မှ ပေါက်ဖွားသော အဆက်အနွယ်များသည် မိမိ၏သား ဗညားရံနှင့် အမွေဆိုင်များ ဖြစ်လာကြပေလိမ့်မည်။

ဗညားရံသည် မြို့စားမင်းအိမ်တော်ကို တစ်ဦးတည်း ပိုင်ဆိုင်ခွင့်ရှိနေသော အခြေအနေမှ သူတို့ကို ခွဲဝေပေးရခြင်းပင် ဖြစ်ပါတော့သည်။

အကယ်၍ နိုင်မောင်တိုးနှင့် မိမြတ်နိုးကြင်တို့ လက်ထပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မကြုံလျှင်မူ . . .

မိနှင်းပွင့်တစ်ယောက်တည်း မောပန်းနွမ်းနယ်ခြင်း ဖြစ်လာရ၏။ မိမြတ်နိုးကြင်သည် သူမ၏ကျေးဇူးရှင် သူငယ်ချင်းဖြစ်ပြီး ဗညားရံက သူမ၏ဝမ်းတွင် ကိုးလလွယ်ပြီး ဆယ်လတွင် မွေးထုတ် လိုက်ရသော ရင်နှစ်သည်းချာဖြစ်ပါ၏။

မိမြတ်နိုးကြင်၏ အခန်း မှောင်နေ၏။ မီးမဖွင့်ပါ။ ပြတင်းပေါက်ကိုသာ ဖွင့်ထား၏။ ကြယ်ရောင် လရောင် ဆည်းဆာရောင်တို့ စိမ့်ဝင်လျက်ရှိ၏။

"မြတ်နိုး"

"ဘာလဲ . . . နှင်း"

"မီးဖွင့်လိုက်ရမလား"

"ဟင့်အင်း"

"မှောင်နေပြီလေ"

"ကိုယ့်ဘဝဟာ အမှောင်တောကြီးပါ"

"မြတ်နိုးတို့ဘဝဟာ လွတ်လပ်သွားပြီ မဟုတ်လား"

"ဘာဖြစ်လို့လဲ"

"သူ မရှိတော့ဘူးလေ။ မြတ်နိုးနဲ့ အစ်ကိုတိုးကြားမှာ မမနွယ် မရှိတော့ဘူး"

"သူ မရှိတော့သလို ကိုယ်တို့ရဲ့ဘဝဆိုတာလည်း မရှိတော့ဘူး နှင်း"

"မြတ်နိုး ဘာကိုဆိုလိုတာလဲ"





"ကိုယ်တို့ရဲ့ အနာဂတ်မျှော်လင့်ချက်ဟာ အခုမှပဲ တစ်ခါတည်း ကုန်ဆုံးတော့တယ်"

"ကိုယ် နားမလည်ဘူး"

"လူတွေပြောနေကြတာ နှင်း မသိဘူးလား"

"အစ်ကိုတိုးက မြတ်နိုးရဲ့အကူအညီနဲ့ မမနွယ်ကို သတ်ပစ်လိုက်တယ်ဆိုတာလား"

"အို . . . ဒီလို မပြောပါနဲ့ နှင်းရယ်"

မိမြတ်နိုးကြင်က နားနှစ်ဖက်ကို ပိတ်ပြီး ပြော၏။

"လူတွေက ပြောနေကြတာကို ပြောပြတာပါ"

"နှင်း မယုံဘူး မဟုတ်လား"

"မယုံပါဘူး"

"ကိုယ်တို့နှစ်ယောက် ယူလိုက်တာနဲ့တစ်ပြိုင်နက် သူတို့ပြောတာ အမှန် ဖြစ်သွားလိမ့်မယ်"

"မဆိုင်ပါဘူးကွယ်"

"ဆိုင်တယ် နှင်း။ ပတ်ဝန်းကျင်ဟာ အင်မတန် ကြောက်စရာကောင်းတယ်"

"နှီးမွှမ်းခုနစ်ရက် ကဲ့ရဲ့ ခုနစ်ရက်ပါ"

"တစ်သက်လုံး အကဲခတ်ပြီး ထင်နေမှာပဲ။ သားသမီးတွေအထိ ဒီအမည်းစက်ကြီးဟာ ကျိန်စာဆိုးကြီးအဖြစ်နဲ့ ပါသွားမယ်"

"ဒါဖြင့် မြတ်နိုးတို့ ဘာလုပ်ကြမလဲ"

"ကိုယ်တို့ လုံးဝအဆက်အသွယ် ဖြတ်ကြရုံပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မြတ်နိုး အလုပ်လုပ်တော့မယ်ပေါ့။ မြို့စားမင်းအိမ်တော်က သွားတော့မယ်ပေါ့"

"ဟင့်အင်း"

"ဟင်"

"အစ်ကိုတိုးနဲ့ ကိုယ် တွေ့ပြီးပြီ။ သူက ကိုယ် ဘယ်ကိုမှ မသွားရဘူးတဲ့။ မြို့စားမင်းအိမ်တော်မှာပဲ နေရမယ်တဲ့"

"ဟင်"

"ကိုယ်ဟာ နင်းနဲ့ ဘယ်တော့မှ မခွဲရဘူးတဲ့။ နင်းက အားရှိတယ်တဲ့။ နင်းကသာ ကိုယ့်ရဲ့ အဆွေခင်ပွန်း အစစ်ဖြစ်တယ်တဲ့။ အရေးအကြောင်းရှိရင် နင်းက ကိုယ့်ကို အကာအကွယ်ပေးလိမ့်မယ်တဲ့"

ထိုအခါ မိနင်းပွင့် စိတ်ထဲမှာ မလုံ။ ဝက်ဝံရုပ်အကြောင်း ဖွင့်ပြောလိုက်ချင်၏။ သို့သော် သား၏မျက်နှာက ရှိနေ၏။

"ဒါဖြင့် မြတ်နိုး မြို့စားမင်းအိမ်တော်မှာပဲ နေမယ်ပေါ့"

"အင်း"

"တစ်နေ့ကျရင်တော့ မြတ်နိုးတို့ လက်ထပ်နိုင်ကြမှာပေါ့။ သူတို့တစ်တွေ မေ့သွားကြတဲ့အချိန်မှာပေါ့"

မိမြတ်နိုးကြင် ခေါင်းခါ၏။

"ကိုယ်တို့ဘယ်တော့မှ လက်မထပ်နိုင်ကြတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"အစ်ကိုတိုး သွားတော့မယ်"





"ဟင် . . . ဘယ်ကိုသွားမှာလဲ"

"မြို့စားမင်းအိမ်တော်နဲ့ ဝေးရာ၊ မိန်းမတောနဲ့ ဝေးရာကိုပေါ့။ အထက်မြန်မာပြည်ကို သွားမယ်ပြောတယ်"

"မြတ်နိုး လိုက်သွားမယ်ပေါ့"

"ကိုယ် နင်းနဲ့အတူ နေခဲ့မယ်လို့ ပြောပြီးပြီကောကွယ်။ ကိုယ့်မှာ အားကိုးစရာဆိုလို့ နင်းပဲရှိပါတယ်"

မိနင်းပွင့် မိမြတ်နိုးကြင်ကို ဖက်ထားလိုက်မိ၏။ ပြီးတော့ သူတို့နှစ်ယောက် ငိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

မိမိ၏ စိတ်အခြေအနေ၊ ရုပ်အခြေအနေများ လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်ကို မိနင်းပွင့် မယုံကြည်နိုင်ဘဲ ရှိနေ၏။ ယခု အခါတွင် မိနှင်းပွင့်သည် မြို့စားမင်းအိမ်တော်၏ အချုပ်အခြာ အာဏာပိုင် အရှင်သခင်မတစ်ဦးပင် ဖြစ်တော့၏။

မြို့စားမင်းအိမ်တော်မှ နိုင်မောင်တိုး ထွက်သွားသည်မှာ နှစ်နှစ်တင်းတင်း ပြည့်သွားပြီဖြစ်၏။ တစ်နေ့တွင် သူ ပြန်လာလိမ့် မည်ဟု အားလုံးကပင် မျှော်လင့်ယုံကြည်နေကြ၏။ သူ ပြန်လည် ရောက်ရှိလာသောအခါ မိမြတ်နိုးကြင်နှင့် လက်ထပ်လိမ့်မည်ဟုလည်း အားလုံးကပင် ထင်နေကြ၏။

သို့သော် သူသည် ထွက်သွားကတည်းက တစ်ခေါက်မှ ပြန်မလာပါ။ နောက်ဆုံး ဒေါ်ထိပ်တင်မကြီး ကွယ်လွန်သောအခါ သူ့ကို





သတင်းစာမှ ကြော်ငြာပြီး ခေါ်ကြ၏။ သူ မလာပါ။ သည်တော့ လူ့ လောကကြီးတွင် သူရှိမှ ရှိသေးရဲ့လားဟု သံသယဝင်ကြရ၏။ တစ်လောကမှ သူ့ထံမှ စာတစ်စောင်ရရှိကြ၏။ သူ ကွယ်လွန်သေဆုံး ခြင်း မရှိသေးသော်လည်း လောကီဘောင်တွင်ကား မရှိတော့ချေ။ လောကုတ္တရာဘက်သို့ ကူးပြောင်းသွားပြီဖြစ်၏။ မြို့စားမင်းအိမ်တော်မှ ထွက်သွားကတည်းကပင် ရဟန်းဘောင်သို့ သူ ဝင်ခဲ့ခြင်းဖြစ်၏။ ဒေါ်ထိပ်တင်မကြီး ကွယ်လွန်သည်ကို သူ သိရှိသော်လည်း သံယောဇဉ်ကြိုး ပြန်လည်ငြိတန်းလာမည်စိုးသဖြင့် ပြန်မလာခဲ့ပါ။ ယခုမူ သူသည် အရာရာကို စွန့်လွှတ်လိုက်ပြီဖြစ်၏။ ရဟန်းဘဝနှင့် အရိုး ထုတ်တော့မည်ဟု ဆို၏။ မြို့စားမင်းအိမ်တော်နှင့် စပ်လျဉ်းသော ပိုင်ဆိုင်ခွင့်များအားလုံးကို ညီဖြစ်သူအား ပေးအပ်လိုက်၏။

နိုင်မောင်တိုး၏သတင်းကို မိမြတ်နိုးကြင် တည်ငြိမ်စွာ လက်ခံ ၏။ သူမဘဝသည် ဤနှစ်နှစ်အတွင်း အံ့သြဖွယ်ရာ ကောင်းလောက် အောင် တည်ငြိမ်ရင့်ကျက်ခြင်း ရှိလာ၏။ နိုင်မောင်တိုး၏ အနှောင်အဖွဲ့မှ လွတ်မြောက်သွားသည့်အတွက် ဝမ်းသာသွားဟန်ပင် ရှိနေပုံရပါ၏။

မိမြတ်နိုးကြင်နှင့် နိုင်မောင်တိုး သံယောဇဉ်ကြိုး လုံးဝပြတ် တောက်သွားပြီဖြစ်သဖြင့် မိနှင်းပွင့်တို့ သားအမိ၏ အနာဂတ်ခရီးလမ်း တွင်လည်း ရှင်းသွားပြီဟု ဆိုရပါသည်။

ဒေါ်ထိပ်တင်မကြီး ကွယ်လွန်ခြင်းမှာလည်း ရုတ်တရက်ဝင် ဖြစ်၏။ သို့သော် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကား မဟုတ်ပါ။ ညင်သာစွာ ဝိညာဉ်ထွက်ခွာသွားခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြနန်းနွယ် ကွယ်လွန်ပြီးသည့်နောက်တွင် ဒေါ်ထိပ်တင်မကြီး သည် ညဘက်တွင် မအိပ်ဘဲ နေ့ဘက်တွင်သာ အိပ်ပါ၏။ ညဘက်တွင် အိပ်မက်ဆိုး မြင်မက်သည်ကို စိုးရွံ့သောကြောင့် ဖြစ်ပါ၏။ သို့သော် တစ်ညတွင် သူအိပ်ပျော်သွား၏။ မိနှင်းပွင့်တို့ သူ့ကို နှိုးသင့် မနှိုးသင့် စဉ်းစားကြ၏။ နောက်ဆုံးတွင် မနှိုးဖို့ ဆုံးဖြတ်ကြ၏။ သူ အိပ်မက် မက်ပြီး ထိတ်လန့်ကြောက်ရွံ့ခြင်းမဖြစ်ရန် သူ့အနီးတွင် စောင့်အိပ်ကြ၏။ သူ အိပ်မက်ဆိုးမက်ပြီး လန့်နိုးလာခြင်းမရှိပါ။ တစ်ညလုံး ငြိမ် သက်ညင်သာစွာ အိပ်ပါ၏။ နံနက်လင်းသောအခါ သူ့အသက်မရှိတော့ ကြောင်း တွေ့ရ၏။ မည်သည့်အချိန်က ကွယ်လွန်သွားမှန်း မသိပါ။ ဒေါက်တာမင်းဦးက သူ ညသန်းခေါင်လောက်တွင် အိပ်ပျော်နေရင်း နှလုံးသွေးရပ်သွားခြင်း ဖြစ်မည်ဟု ဆို၏။

နိုင်မောင်တိုး မရှိတော့သောအခါ နိုင်မောင်စိုးက မြို့စားမင်း အိမ်တော်၏ စီးပွားရေးလုပ်ငန်းများကို ကွပ်ကဲအုပ်ချုပ်ရပါ၏။ ဒေါ်ထိပ် တင်မကြီးနှင့် မြနန်းနွယ် မရှိတော့သောအခါ မြို့စားမင်းအိမ်တော်ကို မိနှင်းပွင့်က စီမံအုပ်ချုပ်ရ၏။

ဤနှစ်နှစ်အတွင်းတွင် မြို့စားမင်းအိမ်တော်၏ စီးပွားရေး အခြေအနေ ကျဆင်းလာ၏။ နိုင်မောင်စိုးသည် လုပ်ငန်းကိစ္စတွင် သူ့အစ်ကိုလောက် မကျွမ်းကျင်သည်မှာ အမှန်ပင်ဖြစ်၏။ ထိုမျှမက လုပ်ငန်းတွင် စိတ်မဝင်စားဟုလည်း ထင်ရ၏။ လုပ်ငန်းမပြီးပြတ် သဖြင့် တိုင်သံတောသံများ ကြားရ၏။ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်မှ လူများ မကြာခဏ မြို့စားမင်းအိမ်တော်သို့ လိုက်လာသည်ကို တွေ့





ရ၏။ သူတို့သည် နိုင်မောင်စိုးနှင့် စာကြည့်ခန်းထဲတွင် ဆွေးနွေးရ၏။ တစ်ခါတစ်ရံ ပြေလည်ဟန်ရှိ၏။ တစ်ခါတစ်ခါ အော်ကြဟစ်ကြ၏။ ဧည့်သည်များ ဒေါနှင့်မောနှင့် ပြန်သွားကြသည်ကို မိနှင်းပွင့်တွေ့ရ၏။

နိုင်မောင်စိုး မော်လမြိုင်သို့ အိမ်ဦးနှင့် ကြမ်းပြင်ပမာ သွားနေ သည့်ကြားက ကိစ္စများမပြီးပြတ်ဘဲ အဘယ်ကြောင့် လူများလိုက်လာ ရသနည်း။ မော်လမြိုင်တွင် နိုင်မောင်စိုး ဘာတွေလုပ်နေသနည်း။ မိမြတ်နိုးကြင်နှင့် တိုင်ပင်၏။ မိမြတ်နိုးကြင်က တာဝန်ယူ စုံစမ်းပေး၏။

နိုင်မောင်စိုး မော်လမြိုင်တွင် ခြေရှုပ်နေသည်မှာ အမှန်ဖြစ်၏။ သို့သော် မိန်းမကိစ္စ မဟုတ်ပါ။ လောင်းကစားမြို့ပေါ်ရှိ လောင်းကစား ဝိုင်းများတွင် လှည့်လည်ပြီး အကြီးအကျယ် လောင်းကစားလျက်ရှိ၏။ တစ်ခါတစ်ရံ မုဒုံ၊ သံဖြူဇရပ်ဘက်ထိ သွားရောက်ကစားလေ့ရှိ၏။

မိနှင်းပွင့်မျက်လုံး ပြူးရ၏။ သူ သည်အတိုင်းလုပ်နေလျှင် မြို့စားမင်းအိမ်တော်သည် သူမ၏သား လက်ထက်ထိ ခံမည်မဟုတ်ချေ။ အိမ်ကြီးကို ရောင်းစားပြီး ဒေဝါလီခံရမည်ဖြစ်၏။

တစ်နေ့တွင် နိုင်မောင်စိုး မရှိခိုက် မုဒုံမှ ရော်ဘာခြံ သူဌေး တစ်ဦးလာ၏။ ဒေါနှင့်မောနှင့် ရာဇသံပေးပြီး ပြန်သွား၏။ ထိုညတွင် နိုင်မောင်စိုးနှင့် စီးပွားရေးကိစ္စများ ဆွေးနွေးရန် မိနှင်းပွင့် ဆုံးဖြတ် လိုက်၏။

နိုင်မောင်စိုး မော်လမြိုင်မှ မိုးကြီးချုပ်မှ ပြန်ရောက်လာ၏။ ပင်ပန်းနွမ်းနယ်နေပုံရ၏။

"အစ်ကိုပြန်တာ နောက်ကျလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အလုပ်တွေ သိပ်များနေသလား"

"အင်း"

"နေ့လယ်က မုဒုံက ဦးအောင်ဒင် လာတယ်"

နိုင်မောင်စိုး အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"အစ်ကို သူနဲ့ မော်လမြိုင်မှာ မတွေ့ဖူးနဲ့တူတယ်"

"ဟုတ်တယ်။ သူလာတာ ဘာကိစ္စလဲ"

"သူ ရစရာရှိတဲ့ ပိုက်ဆံတွေကို ခုနစ်ရက်အတွင်း လိုချင်တယ်တဲ့"

"အောင်မာ . . . ဇော်ကားလိုက်ဟာ"

"ပေးစရာရှိတာတော့ ပေးရမှာပေါ့ အစ်ကိုရယ်"

"ဘယ်သူက မပေးဘူး ပြောလို့လဲ"

"ပေးစရာများလို့လား"

"မများပါဘူး"

"သူများအကြွေး မထားပါနဲ့ အစ်ကိုရယ်"

"အလုပ်အကြောင်း နှင်း နားမလည်ပါဘူး။ စီးပွားရေးလုပ်ငန်း လုပ်တယ်ဆိုတာ ဘယ်တော့မှ အကြွေးနဲ့ မကင်းနိုင်ဘူး။ ကိုယ်က ရစရာလည်းရှိတာပဲ။ ကိုယ်က ပေးစရာလည်း ရှိတာပဲ"

"ရစရာက နည်းပြီး ပေးစရာက များနေရင်တော့ မကောင်းဘူးပေါ့။ အခု နှင်းတို့မှာ ပေးစရာက များသလား။ ရစရာက များသလား"

နိုင်မောင်စိုး မျက်မှောင်ကြုတ်လိုက်ပြီး . . .





. . . လို့မေးတာလဲ"

နှင်း သိချင်လို့ပေါ့။ မသိရဘူးလား"

ဒါတော့ကော နှင်း ဘာတတ်နိုင်မှာလဲ"

"ဒီလိုတော့လည်း . . . မဟုတ်ဘူးလေ အစ်ကိုရယ်။ အကြံပေးနိုင်တာရှိရင် ပေးရတာပေါ့"

"ကိစ္စမရှိပါဘူး။ နှင်းဘာသာ နှင်း . . . အေးအေးဆေးဆေးနေပါ။ ကိုယ် ဘာလုပ်ရမယ်ဆိုတာ ကိုယ် နားလည်တယ်"

"မဟုတ်သေးဘူး အစ်ကို။ နှင်းကို မှန်မှန်ပြောစမ်းပါ။ နှင်းတို့ရဲ့ စီးပွားရေး အခြေအနေဟာ ကျဆင်းနေတယ် မဟုတ်လား"

"အလုပ်အကိုင်တွေက အရင်ကလောက် မကောင်းဘူး"

"ဘိလူးမတောင်မိုင်း ပိတ်တော့မယ်လို့ ကြားတယ်"

"ဟုတ်တယ် . . . ဘာမှမထွက်တော့ဘူး"

"နှင်းတို့ မိန်းမတောမိုင်းကို ပြန်ဖွင့်ဖို့ ကောင်းတယ်လို့ ပြောနေကြတယ်"

"လက်စသတ်တော့ ဘို့မိန်းမက စီးပွားအကြံပေးသရာရှိပဲ"

"မိုင်းပြန်ဖွင့်ရင် နှင်းတို့အခြေ . . . နေ ပြန်ကောင်းမလာနိုင်ဘူးလား"

"ကိုယ် စဉ်းစားပြီးပါပြီ။ မိုင်း ပြန်ဖွင့်လို့ ဘာမှအကျိုးမရှိနိုင်ဘူး"

"အစ်ကို ခုတလော အလောင်းအစားတွေ သိပ်လုပ်နေတယ်လို့ ပြောတယ်"

"ဘယ်လို အလောင်းအစားလဲ"

"လေးကောင်ဂျင် ဝိုင်းတွေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ခြောက်ကပ်စွာ ရယ်မောလိုက်ပြီး . . .

"ဒီမယ် နင်း . . . အလုပ် လုပ်တယ်ဆိုတာလည်း အလောင်းအစားပဲ။ အလောင်းအစားလုပ်တယ်ဆိုတာလည်း အလုပ်လုပ်တာပဲ။ ကဲ . . . အိမ်ပြန်စို့ ကိုယ် အိပ်ချင်လှပြီ"

နိုင်မောင်စိုး စကားဖြတ်ပြီး တစ်ဖက်သို့ လှည့်သွား၏။ တစ်ခဏအတွင်းမှာပင် သူ အိပ်ပျော်သွား၏။ ဟောက်သံကြီး ထွက်ပေါ်လာ၏။

မိနင်းပွင့် ဖော်တော်နှင့် အိပ်မပျော်ပါ။ မိုးလင်းပိုင်းမှသာ မှေးခနဲ ပျော်သွား၏။

ထိုသည့်နောက်ပိုင်းတွင် နိုင်မောင်စိုးသည် လုပ်ငန်းအကြောင်း အပြောမခံတော့ပါ။ မော်လမြိုင်သို့ သွားမြဲသွားနေ၏။

တစ်နေ့တွင် မိနင်းပွင့် အိပ်ပေါ်၌ရှိနေစဉ် အောက်ထပ်ဧည့်ခန်းတွင် ဧည့်သည်များ ရောက်ရှိနေကြောင်း သိရ၏။ ခဏအကြာတွင် သူမထံသို့ အိမ်တော်ထိန်း ဒေါ်ငွေရောင် ရောက်လာ၏။

"ဘယ်က ဧည့်သည်တွေလဲ"

"ဘီလူးမတော်မိုင်းက အလုပ်သမားတွေပါ"

"ဘာကိစ္စတဲ့လဲ"

"မောင်စိုးနဲ့ တွေ့ချင်လို့တဲ့"

"အစ်ကိုမှ ပြန်မလာသေးဘဲ။ သူတို့ပြန်သွားကြပလား"

"မပြန်သေးဘူး။ မောင်စိုး ပြန်အလာကို စောင့်မယ်တဲ့။ ပြောစရာကိစ္စ အရေးကြီးလို့တဲ့"





မိနင်းပွင့် အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းသွား၏။ ဧည့်ခန်းတွင် ဧည့်သည်ငါးယောက်ရှိနေ၏။ တစ်ယောက်ကို မိနင်းပွင့် သိ၏။ ဘီလူးမတောင်မိုင်းမှ ကြီးကြပ်ရေးမှူး မောင်မောင်ဦး သို့မဟုတ် မြကြာဖြူနှင့် တွဲနေသူ။

"အစ်ကို တော်တော်နဲ့ရောက်ဦးမှာ မဟုတ်ဘူး။ သူ ပြန်တာ နောက်ကျတယ်။ ပြောစရာရှိရင် ကျွန်မကို ပြောခဲ့ကြပါလား"

သူတို့ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်သည့် မျက်လုံးဖြင့် ကြည့်ကြ၏။ ထို့နောက် မောင်မောင်စိုးက . . .

"မိန်းမတော မိုင်းကို ပြန်ဖွင့်ရင် ကောင်းမယ်လို့ ထင်ပါတယ်။ နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်တာပေါ့"

"မိန်းမတောမိုင်းဟာ သတ္တုမရှိတော့လို့ ပိတ်ခဲ့တာမဟုတ်လား"

"မဟုတ်ပါဘူး။ သပိတ်မှောက်လို့ပါ"

"သတ္တုရှိတာ သေချာရဲ့လား"

"သေချာပါတယ်"

"ဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ"

"ကျွန်တော်တို့ အဖေတွေ အဘိုးတွေ လုပ်ခဲ့ကြတဲ့ မိုင်းပဲ။ ကျွန်တော်တို့သိတာပေါ့"

"ဟုတ်ပြီလေ။ သူ ပြန်လာရင် ကျွန်မ ပြောလိုက်မယ်"

"ကျွန်တော်တို့ နောက်တစ်ခေါက် လာဦးမယ်လို့ သူ့ကို ပြောပါ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုညမှာဝင် မောင်မောင်ဦးတို့ လာရောက်ပြီး မိုင်းဖွင့်ဖို့ ပြောသည့်အကြောင်း နိုင်မောင်စိုးကို မိနှင်းပွင့် ပြောပြ၏။

နိုင်မောင်စိုး ချက်ချင်းပင် ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး . . .

"ဒီမယ် နှင်း နောက်ကို ဒီမိုင်းအကြောင်း ကျုပ်ကို ဘာမှ မပြောပါနဲ့။ မိုင်းကို ဘယ်တော့မှ မဖွင့်ဘူး။ နောက်တစ်ခါ သူတို့ လာရင်လည်း တစ်ခါတည်း အပြတ်ပြောလိုက်ပါ"

သူ့စကားက တိုတောင်းပြတ်တောင်းလှ၏။ မြို့စားမင်းအဆက် အနွယ်ပီပီ နိုင်မောင်စိုး ထိုမျှခေါင်းမာကြောင်း မိနှင်းပွင့် ယခုမှပင် သိရှိတော့၏။

သူတို့က မိန်းမတောမိုင်းကို ပြန်လည် ဖွင့်လှစ်စေလိုကြ၏။ သတ္တုရှိ မရှိ အငြင်းပွားနေသည့်ကိစ္စကို လက်တွေ့ရှာဖွေစူးစမ်းကြည့် ချင်ကြ၏။ နိုင်မောင်စိုးက ခေါင်းမာမာနှင့် ဘူးတစ်လုံးခံနေသည့်အတွက် မကျေနပ်ကြ။

တစ်နေ့တွင် မော်လမြိုင်မှ ပြန်လာသော နိုင်မောင်စိုးကို သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်း ခံရ၏။ ကံကောင်းသဖြင့် လူကို မထိမှန်ဘဲ ကားရှေ့မှန်ကို ထိမှန်ကွဲရှ၏။ သို့သော် နိုင်မောင်စိုးကမူ သူ့ကိုပစ်ခတ်ခြင်း မဟုတ်၊ တောလိုက်မုဆိုးတို့၏ ကျည်ဆံဟု ဆို၏။

မိတ်ဆွေများက အသွားအလာ အနေအထိုင် ဆင်ခြင်ရန် သတိပေးကြ၏။ မိနှင်းပွင့်လည်း သူ့အတွက် စိုးရိမ်မကင်း ဖြစ်မိ၏။

တစ်ညတွင် သူ ပြန်မလာသေးသဖြင့် မိနှင်းပွင့်သည် မအိပ် နိုင်သေးဘဲ ရှိနေ၏။ လကွယ်ရက်ဖြစ်သဖြင့် ညက မှောင်နေ၏။ သူမ





သည် ပြတင်းပေါက်တွင်ရပ်ပြီး မှန်မင်းသမီးကျောက်ရုပ်များနှင့် အငြင်း ပွားနေသော သတ္တုတွင်းဟောင်းဆီသို့ ကြည့်နေမိ၏။

ရုတ်တရက်ဆိုသလို သတ္တုတွင်းဟောင်းဆီမှ မီးရောင်များ လင်းလက်နေသည်ကို မြင်တွေ့ရ၏။ မီးရောင်များသည် လျင်မြန်စွာ ပြေးလွှားလှုပ်ရှားလျက်ရှိနေ၏။ ပထမတွင် စုန်းတောက်သည်များလား ဟု ထင်မိ၏။ ထို့နောက်တွင်မှ လက်နှိပ်ဓာတ်မီးများ၊ မှန်အိမ်များ လှုပ်ရှားနေကြခြင်းဟု သိရ၏။

မည်သူတွေနည်း။ မည်သည့်အကြောင်းကိစ္စနည်း။

မိနှင်းပွင့် ချက်ချင်းပင် အိမ်ပေါ်မှ ဆင်းခဲ့၏။ သတ္တုတွင်း ဟောင်းဆီသို့ သွား၏။ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မတွေ့ရပါ။ စောစောက မီးရောင်များ မြင်တွေ့ရခြင်းသည် မိမိ စိတ်မှထင်မှတ်သည် လား ဝေဝေဝါးဝါးဖြစ်ရ၏။

ထိုညက နိုင်မောင်စိုး ပြန်မလာပါ။

နောက်ညတွင်လည်း မလာပါ။ ထိုအခါ မိနှင်းပွင့် သတင်း စုံစမ်းရ၏။ ယမန်နေ့ညက ကိုးနာရီလောက်က သူ မော်လမြိုင်မှ ပြန် သွားသည်ဟု သိရ၏။ ထိုနေ့ နေ့ခင်းမှာပင် သူ့ကားလင့်ရှိဘာကို လမ်း ဘေးတောစပ် တစ်နေရာ၌ တွေ့ရှိကြရ၏။ လူကိုကား မတွေ့ရပေ။

သည်တွင် ရှာဖွေခြင်း၊ စုံစမ်းစစ်ဆေးခြင်းများ လုပ်ရတော့၏။ သို့သော် နိုင်မောင်စိုး ဘယ်မှာရှိသည်ကို မည်သူမျှ မပြောနိုင်ပါ။ သူ ဘာဖြစ်သည်ကို မည်သူမျှ မသိနိုင်ပါ။

ခြေရာပျောက် ဖြစ်နေပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

ဤသို့ဖြင့် မိနှင်းပွင့်သည် ယောကျ်ားမရှိသော မိန်းမတစ်ယောက် ဖြစ်နေရတော့၏။ သို့သော် သူမကို မုဆိုးမဟုလည်း မပြောနိုင်ကြပေ။

နိုင်မောင်စိုး ဘယ်ရောက်ပြီး ဘာဖြစ်နေသနည်း ဟူသော အချက်သည် မဖြေရှင်းနိုင်သော ပဟေဠိတစ်ပုဒ်ပင် ဖြစ်နေလေ၏။

ဗညားရဲသည် နှစ်ခါလည်ကျော် သုံးနှစ်အတွင်းဖြစ်သဖြင့် ဒေါင်ဒေါင်ပြေးနေပြီဖြစ်၏။ တီတီတာတာရော တတ်နေပြီလည်း ဖြစ်၏။

နိုင်မောင်စိုးကို နေ့စဉ်ရက်ဆက် ရှာဖွေ၍သော်လည်း မတွေ့ပါ။ သေသည် ရှင်သည် မသိကြရပါ။ ရဲတပ်ဖွဲ့ကမူ သူ့ကို လူပျောက်စာရင်းတွင် ထည့်ထား၏။





နိုင်မောင်စိုး မရှိသည့်နောက် မြို့စားမင်းအိမ်တော်၏ စီးပွားရေးလုပ်ငန်းများကို မိနှင်းပွင့် ကြီးကြပ်လုပ်ဆောင်ရတော့၏။ မိမြတ်နှီးကြင်၏ အကူအညီဖြင့် လုပ်ငန်းများကို စစ်ဆေးကြရ၏။ အံ့သြစရာကောင်းသည်မှာ ကျန်ရက်များအတွင်း နိုင်မောင်စိုးသည် ကြွေးတော်တော်များများကို ခြေပစ်နိုင်ခဲ့၏။ လောင်းကစားမှ အနိုင်ရရှိသည့်အတွက်ပင် ဖြစ်ပါ၏။ သို့သော် လုပ်ငန်းတစ်ခုလုံးကို ခြုံကြည့်လိုက်သောအခါ ကောင်းသည်ဟု မပြောနိုင်ပါ။ အရှုံးဘက်သို့ ပြနေ၏။ တစ်စုံတစ်ခုဖြင့် ကျားထောက်ကျားကန် ပြုပေးရမည်ဟု မိနှင်းပွင့် တွက်ချက်၏။

ထိုအခါ မိန်းမတောမိုင်းကိုပင် မြင်လာ၏။

သို့ဖြင့် မိနှင်းပွင့်သည် မောင်မောင်ဦးကို မေးမြန်းလို၍ ခေါ်ယူသော်လည်း လာရောက်တွေ့ဆုံခြင်း မရှိပါ။ လူလွှတ်၍ မေးမြန်းသော်လည်း

"လုပ်လို့ အကျိုးမများနိုင်"

ဟုသာ ဖြေလွှတ်လိုက်၏။ မိနှင်းပွင့် စိတ်ဝေဝါးတွေပြားရ၏။ တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေမိ၏။

သတ္တုတွင်းကို ပညာရှင်များနှင့် စုံစမ်းစစ်ဆေးကြည့်ရန် ဆုံးဖြတ်လိုက်ပြီး အိပ်ရာပေါ် လှဲချလိုက်၏။

မိမိကို တစ်စုံတစ်ယောက်က ညင်သာစွာ လှုပ်နှိုးနေသဖြင့် မိနှင်းပွင့် မျက်လုံးဖွင့်ကြည့်လိုက်၏။ မိမြတ်နှီးကြင်ဖြစ်၏။ သူမ၏ မျက်နှာတွင် အပြုံးတွေ ဝေနေ၏။ သူမက ဝမ်းသာမွှယ်ရာသတင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ပြောချင်နေဟန် ရှိ၏။

"မြတ်နိုး . . . ဘာလဲ"

"ဧည့်သည်တစ်ယောက် ရောက်နေတယ်"

"ဘယ်က ဧည့်သည်လဲ"

"ခရီးအဝေးကြီးက လာတာ"

"ဘယ်သူလဲ"

"နင်း . . . ဘယ်သူလို့ထင်သလဲ"

"အရေးထဲ မြတ်နိုးက ပဟေဠိဝှက်နေပြန်ပြီ"

"ဘယ်သူဖြစ်မလဲလို့ နင်း စိတ်ကူးကြည့်စမ်း"

မိမြတ်နိုးကြင် မည်မျှ အူမြူးနေသည်ကို တောက်ပြီး နိုင်မောင်တိုး ဖြစ်မည်လားဟု မိနှင်းပွင့် ထင်လိုက်၏။

"အစ်ကိုတိုးလား"

"အို . . . မဟုတ်ပါဘူး"

မိမြတ်နိုးကြင် မျက်နှာ အနည်းငယ် ညိုသွား၏။

"ဒါဖြင့် ဘယ်သူလဲ"

"အစ်ကိုလွင်"

"ဟင် . . . အစ်ကိုလွင် ဟုတ်လား။ သူ အခု ဘယ်မှာလဲ"

မိနှင်းပွင့် ဝုန်းခနဲ ခုန်ချလိုက်၏။ မိမြတ်နိုးကြင်ကို အတင်း လှုပ်ခါပြီး မေး၏။

"ဟုတ်တယ် . . . အစ်ကိုလွင် အောက်ထပ်မှာ နင်းကို မေးနေတယ်"





"မြတ်နိုးနဲ့ တွေ့ပြီးပြီပေါ့။ သူ ဘာတွေပြောသလဲ၊ ဘာလို့ တမထည့်တာတဲ့လဲ"

လွင်မောင်ဟိန်း ရောက်လာသည်ကို မိမိထက် အရင် မိမြတ်နိုးကြင်နှင့် တွေ့သည်ကို မကျေနပ်ဟန်ဖြင့် မိနှင်းပွင့်က မေးလိုက်၏။

"ဘာမှမပြောရသေးပါဘူး။ သူ အခုမှရောက်လာတာ။ သူက ရောက်ရောက်ချင်း နင်းကို မေးနေလို့ လာခေါ်တာ"

လွင်မောင်ဟိန်းက မိမိကို ရောက်ရောက်ချင်း မေးမြန်းသည်ဆိုသည့်အတွက် မိနှင်းပွင့် သဘောကျသွား၏။

ကြောင်မလေးတစ်ကောင်ကဲ့သို့ ခုတင်ပေါ်မှ ပေါ့ပါးသွက်လက်စွာ မိနှင်းပွင့် ခုန်ချလိုက်၏။ မှန်ရှေ့တွင် သူမ၏ကိုယ်ကို ဘယ်ယိမ်းညာနွဲ့ပြီး ကြည့်၏။ ထဘီကို အကြိမ်ကြိမ်ပြင်ဝတ်၏။ အင်္ကျီကို အထပ်ထပ်ဆွဲဆန့်၏။ ဆံထုံးကို ပြုပြင်၏။ မျက်နှာကို မိတ်ကပ်နှင့် ပေါင်းဒါဖို့၏။

ထို့နောက် သူငယ်ချင်းနှစ်ယောက် အောက်ထပ်သို့ လျှင်မြန်စွာ ဆင်းသွားကြ၏။ လွင်မောင်ဟိန်းသည် ဧည့်ခန်းတွင် ဗညားရုံကို ခေါင်းပေါ်တင်ထားပြီး စကားပြောနေ၏။

"အစ်ကိုလွင်တို့များ တကယ်နေနိုင်တယ်၊ သုံးနှစ်သုံးမိုးပြည့်မှ ပေါ်လာတော်မူတော့တယ်"

မိနှင်းပွင့်က ကန့်ကလန့် အပြစ်တင်လိုက်၏။

"အခု မနေနိုင်လို့ လာပြီပဲ ညီမရယ်။ ဘာလဲ အိမ်မှာ ဆက်မခံချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနေမယ့် ညှော်သည်ဆိုရင်တော့ လက်မခံဘူး"

"အကြာကြီးနေမှာပါဗျာ။ သုံးနှစ်တွက် ခွင့်တွေ အခုမှ အကုန်လုံးစုပြီး ယူလာထာပါ"

"အစ်ကိုလွင်က အခု မော်လမြိုင်ကို ပြောင်းလာရပြီ"

မိမြတ်နိုးကြင်က ကြားဖြတ်ပြီး ပြော၏။ မိနှင်းပွင့်က လွင်မောင်ဟိန်းကို ကြည့်ပြီး . . .

"ဟုတ်လား"

လွင်မောင်ဟိန်း ခေါင်းညိတ်၏။

"မော်လမြိုင်ဆိုရင်တော့ ဟန်ကျတာပေါ့ အစ်ကိုလွင်။ နှင်းတို့ကို မတွေ့ချင်လို့ မရတော့ဘူး။ အစ်ကိုလွင် ပုန်းနေလည်း နှင်းတို့က လာတွေ့မှာပဲ"

"ညီမလေးတို့ လာစရာမလိုပါဘူး။ အစ်ကိုက ရုံးပိတ်ရက်ဆိုရင် မိန်းမတောကို ရောက်လာမှာပါ"

"မော်လမြိုင်ဆိုရင် ဒီနေကပြီး ရုံးတက်ရင်တောင် ရသေးတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ရပါတယ်"

လွင်မောင်ဟိန်းက ဝညားရုံကို မိနှင်းပွင့်၏လက်သို့ပေးရင်း . . .

"ကလေးက အမေတူကလေးမို့နဲ့ တူတယ်။ သိပ်လှတာပဲ"

မိနှင်းပွင့် ရှက်ပြုံးပြုံးလိုက်၏။ ထို့နောက် မျက်လွှာပင့်ပြီး လွင်မောင်ဟိန်းကို ကြည့်၏။ ရောမယောက်ျားကြီးတစ်ယောက်ဖြစ်၏ တည်ငြိမ်ရင့်ကျက်၏။ အသားတွေ နေလောင်ပြီး ညိုနေ၏။

"အစ်ကိုလွင့် အသားတွေ မည်းလာလိုက်တာ။ အလုပ်





သိပ်ပင်ပန်းတယ်နဲ့ တူတယ်"

"ဒါပေါ့လေ။ အသားဖြူတဲ့လူတွေက ပြောကြပေါ့။ ကိုယ်တို့ကတော့ ကပွလီပဲ"

"ဘာလဲ ကချင်မလေးတွေ၊ ရဝမ်မလေးတွေ နားကပ်ပြီး ပလီနေတာလား"

မိမြတ်နိုးကြင်က မျက်စောင်းချိတ်ပြီး ဝင်ပြောသဖြင့် သူတို့အားလုံး ရယ်မောရ၏။ လူကြီးတွေရယ်သောအခါ ဝညားရုံ ငိုး၏။

"အေးမိစံရေ သားသား နို့ဆာပြီနဲ့တူတယ်။ နို့တိုက်ပါဦး"

မိနှင်းပွင့်က ကလေးကို အနီးရှိ အေးမိစံ၏လက်သို့ ပေးလိုက်၏။

"နို့ဘူး တိုက်တာလား"

လွင်မောင်ဟိန်းက မေး၏။

"အင်း"

"အမေနို့ကောင်းရက်သားနဲ့ ဘာလို့ အမေနို့ မတိုက်တာလဲ"

လွင်မောင်ဟိန်းက မိနှင်းပွင့်၏ ဖွံ့ဖြိုးမို့မောက်သော ရင်သားများကို မျက်စိကစားရင်း ပြောလိုက်၏။ မိနှင်းပွင့်၏ ပါးပြင်နှစ်ဖက် ရဲသွား၏။

"အို . . . အစ်ကိုလွင်ကလည်း ဘာမှန်းလဲ မသိဘူး"

မိနှင်းပွင့်က နှုတ်ခမ်းစူပြီး ခေါင်းခါခါ ကိုယ်ယမ်းယမ်း ပြောလိုက်၏။ မိမြတ်နိုးကြင် မျက်နှာတစ်ဖက်သို့ လွှဲလိုက်၏။

"အစ်ကိုလွင့် ပစ္စည်းတွေကော"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက အေးမိစ် အပေါ်ယူသွားပြီ"

"အစ်ကို အရင်နေတဲ့အခန်းမှာပဲ နေမှာလား"

မိနှင်းပွင့်က မေး၏။

"အင်း . . . ဩော် . . . အင်း . . . အစ်ကိုက အိမ်ရှင်တို့တောင် မပြောရသေးဘဲနဲ့ အခန်းရွေးနေတာကိုး"

"အစ်ကို အဲဒီလိုတော့ မပြောပါနဲ့"

မိနှင်းပွင့် စပ်ပြုံးပြုံး ပြန်ပြောလိုက်၏။ မိမိ၏သိက္ခာနှင့် ပတ်သက်လာသဖြင့် မိနှင်းပွင့်က ကာကွယ်လိုက်ခြင်း ဖြစ်၏။

သူတို့ စားပွဲဝိုင်းတွင် ထိုင်ကြ၏။

"အစ်ကိုလည်း မော်လမြိုင်ရောက်မှပဲ မောင်စိုးအကြောင်း ကြားတယ်"

လွင်မောင်ဟိန်းက တောင်းပန်သလိုပြော၏။

"ဟုတ်တယ်။ သူ မော်လမြိုင်က ညဘက်ကြီး ပြန်လာတာ အိမ်ပြန်မရောက်ဘဲ လမ်းမှာတင် ပျောက်သွားတယ်။ သူလင့်ရှိတကားကိုတော့ ပြန်တွေ့တယ်"

"ပြောတယ်၊ ပိုက်စိတ်တိုက်ပြီး ရှာနေကြတယ်လို့လည်း ပြောတယ်"

"သူဟာက ဘယ်လိုလုပ်ပြီး ဘယ်လိုပျောက်သွားမှန်း မသိတာက ဆိုးတယ်၊ ဘယ်နေရာမှာ ဘယ်လိုရှာရမှန်း မသိဘူး။ အနံ့တောပျားရှာနေကြရတာပဲ"

မိနှင်းပွင့်က ညည်းလိုက်၏။





"အားမလျှော့ပါနဲ့ ညီမရယ်၊ အစ်ကိုရောက်လာပြီပဲ၊ ရှာကြသေးတာပေါ့။ အစ်ကို တာဝန်ယူပြီး ရှာပေးမယ်"

"နှင်းတို့မှာ အခုလို ဒုက္ခရောက်နေတုန်း အစ်ကို ရောက်လာတာ အများကြီး ဝမ်းသာပါတယ်။ နှင်းတို့မှာ အားကိုးစရာဆိုလို့ အစ်ကိုပဲ ရှိပါတယ်"

"ညီမလေးတို့ အကြောင်းတွေကြားရတာ အစ်ကို စိတ်မကောင်းပါဘူး။ အစ်ကိုဘက်က လူမှုရေးတာဝန်တွေ ပျက်ကွက်ခဲ့တာ အများကြီးပါပဲ။ မြတ်နိုးတို့ ဖေဖေ ဆုံးတုန်းကလည်း လာဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ မလာဖြစ်ခဲ့ဘူး။ မြနန်းနွယ်နဲ့ ကြီးကြီးတင်တို့ ဆုံးတဲ့သတင်းကိုတော့ တော်တော်ကလေး နောက်ကျပြီးမှ သိခဲ့ရတယ်"

"အစ်ကိုလွင်ကလည်း ပြောလို့ပြောတာ မဟုတ်ဘူး။ တကယ်နေနိုင်တယ်"

မိမြတ်နိုးကြင်က အပြစ်တင်လာပြန်၏။ သူက အမျိုးသမီးကို စေ့စေ့မျှမျှကြည့်နေပြီးနောက် . . .

"ဘယ်သူမပြု မိမိမှုပဲပေါ့ မြတ်နိုးရယ်"

မိမြတ်နိုးကြင် မသိမသာမျက်မှောင်ကြုတ်သွား၏။

"ကဲ . . . ဘယ်မှာလဲ နှင်းတို့ဖို့ သစ်ခွပန်းတွေ"

မိနှင်းပွင့်က ထိုင်းမှိုင်းမှုကို ဖြိုခွင်းလိုက်၏။

"ပါပါတယ်ဗျာ။ သစ်ခွပန်းတွေကော ကျောက်စိမ်းကည်ဆွဲတွေလည်း ပါပါတယ်ဗျာ"

မိန်းမငယ်နှစ်ဦး ပြုံးလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

မိန်းမတောမိုင်းဟောင်းတွင် သတ္တု ရှိ-မရှိ စုံစမ်းစစ်ဆေးရန် ဘူမိဗေဒပညာရှင်များ ရောက်လာကြ၏။ လွင်မောင်ဟိန်း စာရေးခေါ်ယူ လိုက်ခြင်းဖြစ်၏။ သူ၏သူငယ်ချင်းများ ဖြစ်၏။ သူ ကတိပြုထားသည့် အတိုင်း လွင်မောင်ဟိန်းသည် မြို့စားမင်းအိမ်တော်နှင့်ပတ်သက်ပြီး မိနှင်းပွင့် ရင်ဆိုင်ရနေရသော ပြဿနာများကို ကူညီဖြေရှင်းပါ၏။

ထူးဆန်းစွာ ပျောက်ဆုံးနေသော နိုင်မောင်စိုး သတင်း အစ အနကို ရရှိရန်အတွက် နည်းအမျိုးမျိုးဖြင့် သဲလွန်စရှာဖွေလျက်ရှိ၏။

မြို့စားမင်းအိမ်တော်၏ လုပ်ငန်းအခြေအနေများနှင့် ငွေရေး ကြေးရေး အခြေအနေတို့ကိုလည်း လွင်မောင်ဟိန်း အသေအချာ





စစ်ဆေး၏။ အရှုံးပေါ်နေသော လုပ်ငန်းတစ်ခုကို ရောင်းပစ်လိုက်၏။

"အကျိုးမရှိတဲ့အလုပ်ကို ဘာပြုလို့ ဆက်လုပ်နေရမှာလဲ။ လောက်ကြီးစီးနေရတာနဲ့ အတူတူပဲပေါ့။ ကြာရင် အကုန်လုံး နစ်သွား လိမ့်မယ်"

သူက သဘောတရားကို ရှင်းပြ၏။

မိန်းမတောက သတ္တုတွင်း ပြန်လည်ဖွင့်လှစ်ရေးကိစ္စကိုလည်း သူကိုယ်တိုင် ဦးစီးလုပ်ဆောင်၏။ မိနှင်းပွင့်အဖို့ လွင်မောင်ဟိန်းသည် အားကိုးရာမြင့်မိုရ်တောင်ကြီးပင် ဖြစ်ပါ၏။

တစ်နေ့ သတ္တုတွင်းဟောင်းကို တူးဖော်စစ်ဆေးနေရာမှ မြို့စားမင်း အိမ်တော်သို့ ခပ်သုတ်သုတ် လျှောက်လာနေသော လွင်မောင်ဟိန်းကို မိနှင်းပွင့် ပြတင်းပေါက်မှ မြင်တွေ့ရ၏။ ထို့ကြောင့် အောက်ထပ်ဧည့်ခန်းသို့ သူမ ခပ်သုတ်သုတ် ဆင်းခဲ့၏။

လွင်မောင်ဟိန်း၏ မျက်နှာတွင် စိတ်လှုပ်ရှားသည့်အသွင် ပေါ်လွင်နေ၏။

"ဘာသတင်းထူးလို့လဲ အစ်ကိုလွင်"

သူက ရုတ်တရက် မဖြေသေးဘဲ မိနှင်းပွင့်၏မျက်နှာကို ကြည့် နေ၏။ ပြီးမှ . . .

"ညီမလေး"

"ဘာလဲ အစ်ကို"

"ညီမလေး စိတ်နိုင်နိုင်ထားပါ"

"ပြောပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"တွင်းထဲကို သူတို့ဆင်းကြည့်ကြတယ်"

"ဘာမှ မတွေ့ဘူးလား။ မတွေ့လည်း ဘယ်ဘက်နိုင်မလဲ အစ်ကို"

"မဟုတ်ဘူး၊ တွေ့တယ်"

"ဟင် . . . တွေ့တယ်ဟုတ်လား"

"ဟုတ်တယ်။ တွေ့တယ်။ ဒါပေမဲ့ သူတို့တွေ့တာ သတ္တု မဟုတ်ဘူး။ တွင်းထဲမှာ မောင်စိုးအလောင်းကို တွေ့ရတယ်"

"ဟင်"

"နောက်ပြီး မိန်းမတစ်ယောက်ရဲ့ အရိုးစုကိုလည်း သူတွေးမှာ တွေ့ရတယ်"

မိနှင်းပွင့် မျက်လုံးများ မှိတ်ထားလိုက်၏။ အနည်းငယ် ယိမ်းယိုင်သွားသဖြင့် သူမ၏ကိုယ်လုံးကလေးကို လွင်မောင်ဟိန်းက အသာအယာ ထိန်းပွေ့ထားလိုက်၏။

ထိုသတင်းသည် ချက်ချင်းပင် ပြန့်သွား၏။

နိုင်မောင်စိုး၏ အလောင်းမှာ ပုံပန်းသဏ္ဌာန် ပေါ်သေးသော်လည်း အမျိုးသမီးအလောင်းမှာ အရိုးစုများသာဖြစ်၏။ မိန်းမပတ်နာရီ နားတပ်၊ လက်စွပ်နှင့် ဆွဲကြိုးတို့ကြောင့် အရင်သေဆုံးသူသည် လွန်ခဲ့သည့် သုံးနှစ်က ပျောက်ဆုံးသွားသော မြကြာဖြူဖြစ်ကြောင်း သိရှိကြရ၏။

တစ်ချိန်က နိုင်မောင်စိုးနှင့် မြကြာဖြူ ချစ်ကြိုက်နေ ကြသည့် သတင်း၊ နိုင်မောင်စိုး ရန်ကုန်ကျောင်းပြောင်းနေစဉ် မြကြာဖြူနှင့် မောင်





မောင်ဦး တွဲနေကြသည့်သတင်း၊ နိုင်မောင်စိုးနှင့် မိနှင်းပွင့်တို့ ရန်ကုန်သို့ ထွက်ပြေးကြသည့်နေ့မှာပင် မြကြာဖြူ ပျောက်သွားသည့် သတင်းများသည် ချက်ချင်းပင် အသစ်ပြန်ဖြစ်လာတော့၏။

မိန်းမတောရဲ့အဖွဲ့က ချက်ချင်းပင် အရေးယူ အမှုဖွင့်၏။ ဆက်နွယ်သူများကို စစ်ဆေးမေးမြန်း၏။ ပြတ်တောက်နေသော ကွင်းဆက်များကို ဆက်စပ်၏။ ထိုအခါ နောက်ကြောင်းမှန် ပေါ်လာတော့၏။

မြကြာဖြူသည် မောင်မောင်ဦးနှင့် ရင်းနှီးပြီး ကိုယ်လေးလက်ဝန် ရှိလာ၏။ သို့သော် အမျိုးသမီးက ထိုကိုယ်ဝန်သည် နိုင်မောင်စိုး၏ ကိုယ်ဝန်ဖြစ်သည်ဆိုပြီး သူမကို လက်ထပ်ရန် နိုင်မောင်စိုးကို အကြပ်ကိုင်၏။ သူတို့နှစ်ယောက် စကားများကြပြီး နိုင်မောင်စိုးက သူ့ကို သတ္တုတွင်းဟောင်းထဲသို့ တွန်းချလိုက်ခြင်းဖြစ်၏။ ယင်းကြောင့်ပင် နိုင်မောင်စိုးသည် သတ္တုတွင်း ပြန်လည်တူးဖော်ရေးကို ခါးသီးစွာ ငြင်းဆန်ခဲ့ခြင်းဖြစ်၏။

နိုင်မောင်စိုးသည် မြကြာဖြူကို သတ်ပြီးနောက် သူ့အပေါ် အယူမပတ်စေရန် မိနှင်းပွင့်ကို ညတွင်းချင်းပင် ခိုးယူထွက်ပြေးခဲ့ခြင်းဖြစ်၏။ ထိုအခါ မြကြာဖြူသည် နိုင်မောင်စိုး မိန်းမယူသွားသဖြင့် အရပ်တစ်ပါးသို့ ထွက်ပြေးသွားသည်ဟု အများက ထင်မြင်ယူဆကြတော့၏။

မောင်မောင်ဦးကလည်း ဤအတိုင်းပင် မှတ်ယူခဲ့၏။ မြကြာဖြူသည် သူ့ကိုချစ်သည်မဟုတ်ဘဲ နိုင်မောင်စိုးကိုသာ ချစ်၏။ နိုင်မောင်စိုး မိန်းမယူသောကြောင့် ထွက်ပြေးသွားသည်ဟု ယူဆပြီး မြကြာဖြူကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာ၏။ မေ့ပျောက်ထားလိုက်၏။

မောင်မောင်ဦးသည် မူလက အမှန်တကယ်ပင် သတ္တုတွင်းဟောင်းကို ပြန်ဖွင့်ရန် ကြိုးစားခဲ့၏။ မြို့စားမင်းအိမ်တော်နှင့် ဆွေးနွေးခဲ့၏။ နိုင်မောင်စိုးက ခေါင်းမာစွာ ငြင်းပယ်လိုက်သောအခါ သတ္တုတွင်းဟောင်းကို ညအခါတွင် တိတ်တဆိတ် စူးစမ်းစစ်ဆေးခဲ့၏။ သူ၏အဖော်များက တွင်းပေါ်မှ စောင့်ဆိုင်းပြီး သူက တွင်းထဲသို့ ဆင်းခဲ့၏။ မြကြာဖြူ၏အလောင်းကို တွေ့ခဲ့၏။ မြကြာဖြူကို နိုင်မောင်စိုး သတ်ခြင်းဖြစ်ကြောင်း သူ တွက်ချက်မိ၏။

မိမိ၏ချစ်သူနှင့် မိမိ၏သန္ဓေသားကို သတ်ဖြတ်သူအား လက်စားချေရန် မောင်မောင်ဦး ဆုံးဖြတ်လိုက်၏။ ပထမတွင် သေနတ်နှင့် ချောင်းပစ်၏။ ထို့နောက် နိုင်မောင်စိုး၏ ကားကို ရပ်တန့်စေပြီး နိုင်မောင်စိုးကို မေ့ဆေးအဝတ်ဖြင့် သတိမေ့လျော့အောင် ပြုလုပ်ကာ သတ္တုတွင်းဟောင်းထဲသို့ ပစ်ချလိုက်ခြင်း ဖြစ်၏။ ပြီးမှ သူ့လူများကိုလည်း တွင်းဟောင်းထဲ၌ သတ္တုကြောမရှိတော့ကြောင်းပြောကြား၏။

သတ္တုတွင်းဟောင်းအတွင်း၌ နိုင်မောင်စိုးနှင့် မြကြာဖြူတို့၏ အလောင်းများကို တွေ့ရှိသွားကြပြီဖြစ်ကြောင်း ကြားသိရသောအခါ မောင်မောင်စိုး ထွက်ပြေး၏။ သို့သော် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းချက်အရ သူ့ကို နောက်တစ်နေ့မှာပင် မြဝတီ၌ ဖမ်းမိ၏။ မောင်မောင်ဦး ဖြောင့်ချက်ပေး၏။

မြို့စားမင်းအိမ်တော်တွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ သပိတ်သွတ် ဆွမ်းကျွေး၏။ ပင့်သံဃာများကို ပရိက္ခရာရှစ်ပါး အပြည့်





အစုံ လှူဒါန်း၏။ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသူများအား ရေစက်ချ အမျှပေးဝေ၏။

"အခုဆိုရင် မြို့စားမင်းအိမ်တော်မှာ ကျရောက်နေတဲ့ ကျိန်စာဆိုးတွေ ကုန်လောက်ပါပြီ။ တစ်နေ့မှာတော့ အနာဂတ်ဟာ သာယာလှပလာရတော့မှာပါ ညီမလေးရယ်။ နင်းရဲ့သားလေး မောင်ဗညားရဲ့ကို လွှဲမှားတဲ့ အတ္တမာန၊ မာန်မာန၊ တစ်ကိုယ်ကောင်းဝါဒတွေက ကင်းလွတ်အောင် ညီမလေးက ဆုံးမသွန်သင်သွားရမှာပေါ့။ ပြီးတော့ အစ်ကိုရော မြတ်နိုးရော ရှိနေမှာပေါ့ ညီမလေးရယ်"

လွင်မောင်ဟိန်းက မိမိ၏ ပခုံးကို ဖက်ပြီး အားပေးစကားပြောကြားသောအခါ မိနှင်းပွင့်သည် ရွှန်းလက်သော မျက်ဝန်းစုံဖြင့် သူ့ကို ငေးစိုက်နေမိ၏။

လွင်မောင်ဟိန်း ပြောသလိုပင် မိမိ၏ အနာဂတ်ဘဝခရီးလမ်းသည် ဆူးညှောင့် ခလုတ်ကန်သင်းများမရှိဘဲ သာယာဖြောင့်ဖြူးလို့သာ ရှိတော့သည်ဟု မိနှင်းပွင့်ကိုယ်၌ကလည်း စွဲမြဲစွာ ယုံကြည်လျက်ရှိ၏။

ယခုအခါ မိမိသည် အနှောင်အဖွဲ့မှ လွတ်ကင်းသော အမျိုးသမီးတစ်ယောက်ဖြစ်၏။ မိမိအား မကောင်းသောကျိန်စာဆိုးများ ကျရောက်စေသူများလည်း ဤလောကတွင် မရှိကြတော့ပြီ။ မိမိ၏ အပါးတွင် ယခုရှိနေသူမှာ မိမိကို ကူညီဖေးမမည့် လွင်မောင်ဟိန်းသာ ဖြစ်ပါ၏။ သူသည် တစ်နေ့တွင် မိမိထံ၌ လက်ထပ်ခွင့်တောင်းလိမ့်မည်ဟု မိနှင်းပွင့် မျှော်လင့်ထား၏။

မိမိသည် နိုင်မောင်စိုးနှင့် အကြောင်းပါပြီး သားလေး ဗညားရဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ရရှိခဲ့သော်လည်း ဤသတ္တလောကကြီးတွင် မိမိ တကယ်ချစ်ခင်စွဲလမ်းမြတ်နိုးသူမှာ လွင်မောင်ဟိန်းသာဖြစ်ကြောင်း မိနှင်းပွင့် ကောင်းစွာ သဘောပေါက်နားလည်နေပြီ ဖြစ်ပါ၏။

လွင်မောင်ဟိန်းနှင့် လက်ထပ်ပြီးနောက်ပိုင်းတွင် မိမိလုပ်ဆောင်ရသည့် လုပ်ငန်းနှစ်ခုသာ ကျန်ရှိတော့၏။ ယင်းမှာ သားလေး ဇညားရဲ့နှင့် နောက်ရလာမည့် ရင်သွေးကလေးများကို ပြုစုပျိုးထောင်ရေးနှင့် မိမိ၏ ကျေးဇူးရှင်လည်းဖြစ်၊ အစ်မလည်း ဖြစ်၊ သူငယ်ချင်းလည်းဖြစ်သော မိမြတ်နိုးကြင်၏ဘဝ အတည်တကျဖြစ်ရေးပင် ဖြစ်ပါ၏။

သားလေး ဇညားရဲ့၏ မျက်နှာကို ငဲ့ကွက် လိုက်သဖြင့် မိမိသည် မြနန်းနွယ် သေဆုံးရခြင်းအကြောင်းမှန်ကို ထိန်ချန်မိခဲ့၏။ ယင်းအတွက် မိမြတ်နိုးကြင်သည် နိုင်မောင်စိုးနှင့် ဝေးခဲ့ရ၏။ သည့်အတွက် မိမိတွင် အပြစ်ရှိနေ၏။ ဤအဖြစ်ကို မိမိ တစ်နေ့တွင် ဖွင့်ဟဝန်ခံမည်ဟု မိနှင်းပွင့် ဆုံးဖြတ်ထားပြီးဖြစ်၏။

မိန်းမတော သတ္တုတွင်းဟောင်းကို စူးစမ်းစစ်ဆေးကြသောအခါ အလောင်းနှစ်လောင်းကိုသာ တွေ့ရှိကြမည် မဟုတ်ပါ။ တန်ဖိုးမြောက်များစွာသော သတ္တုရိုင်းများရှိနေသည်ကိုလည်း တွေ့ရှိကြရပါ၏။

လွင်မောင်ဟိန်းသည် သတ္တုတွင်းကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် အပြင်းအထန် ကြိုးပမ်းလျက်ရှိ၏။ လွင်မောင်ဟိန်းသည် မြို့စားမင်းအိမ်တော်၏ အကျိုးစီးပွားများကို သူ့ အကျိုးစီးပွားကဲ့သို့ သဘောထားကာ လုပ်ဆောင်လျက် ရှိ၏။ မော်လမြိုင်မှ လုပ်ငန်းများ





သည်လည်း သူ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာ၏။ မြို့စားမင်းအိမ်တော်သည် စီးပွားရေးအကြပ်အတည်းမှ လွတ်မြောက်လာနေပြီဖြစ်၏။

တစ်နေ့တွင် မိမိကို ပန်းရံဆရာ ကိုနန္ဒက တွေ့လိုသဖြင့် အောက်ထပ်ဧည့်ခန်းဆောင်တွင် စောင့်ဆိုင်းနေကြောင်း အေးမိစံက ပြောလာသဖြင့် မိနှင်းပွင့် အောက်ထပ်သို့ ဆင်းခဲ့၏။ ကိုနန္ဒနှင့် မိမိ ပုဂ္ဂိုလ်ရေးအရ မည်သည့်ပတ်သက်မှုမျှ မရှိ။ ကိုနန္ဒ လာရောက်ခြင်းသည် မြို့စားမင်းအိမ်တော်နှင့် စပ်လျဉ်းသော လုပ်ငန်းသဘောအရ လာရောက်ခြင်းပင်ဖြစ်ရမည်ဟု မိနှင်းပွင့် ယူဆမိ၏။

မြို့စားမင်းအိမ်တော်၏ လက်ဝဲဘက် အနောက်ဆောင် အုတ်နံရံပုံ ပြိုကျစဉ်က စတုဿအပျိုစင်ကို လျှပ်တစ်ပြက်မျှ မြင်တွေ့လိုက်ရသည်ဆိုသော ကိုနန္ဒမှာ ဤကိုနန္ဒပင်ဖြစ်ပါ၏။

နောက်တစ်ချက်မှာမူ ဤကိုနန္ဒသည် နိုင်မောင်စိုး၏ လက်ချက်ဖြင့် မိန်းမတောသတ္တုတွင်းဟောင်းအတွင်း၌ သေဆုံးခဲ့ရသော မြကြာဖြူ၏ အစ်ကိုရင်းခေါက်ခေါက်ပင် ဖြစ်ပါ၏။

ကိုနန္ဒ လာရောက်ခြင်းသည် စတုဿအပျိုစင်နှင့်သော်လည်းကောင်း၊ မြကြာဖြူ သေဆုံးရခြင်းနှင့်သော်လည်းကောင်း သက်ဆိုင်နေလိမ့်မည်ကိုကား မိနှင်းပွင့် လုံးဝမထင်ခဲ့ပါ။

ကိုနန္ဒသည် အခန်းအလယ်တွင် ရပ်ပြီး မိကျောင်းစေ့ခြင်းကြီးကို ငေးစိုက်ကြည့်နေ၏။ မိနှင်းပွင့်၏ ခြေသံကို ကြားသောအခါမှပင် သူမဘက်သို့ သူ့ ဖျတ်ခနဲ လှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

"စတုတ္ထအပျိုစင်ကို စတေးခံခဲ့တဲ့ နံရံကြီး ပြိုကျတာ မှတ်မိသလား။ အဲဒီအုတ်နံရံ လိုဏ်ဂူပေါက်ကြီးကို ကျွန်တော်ပဲ ပြန်ပိတ်ခဲ့ရသေးတယ်ဆို သိသလား"

"အင်း"

"အဲဒါ လေးနှစ်လောက်ရှိသွားပြီ"

"ဟုတ်မှာပေါ့"

"အဲဒီနံရံပေါက်ကြီး အခု ပြန်ပွင့်နေတယ်"

"ဘာ"

"ကျွန်တော် ခုနက အဲဒီနားက ဖြတ်ခဲ့တော့ အရင်လေးနှစ်လောက်ကအတိုင်း လိုဏ်ဂူကြီး ပွင့်နေတယ်"

"မဖြစ်နိုင်တာပဲ။ ကျွန်မ မနေ့ကပဲ အဲဒီဘက်ကိုသွားရင်း အဲဒီနေရာကို ကြည့်ခဲ့သေးတယ်။ ဘာမှ မဖြစ်ပါဘူး"

"အခု ပွင့်နေတယ်"

"ပြိုကျတာလား။ ပြိုကျတဲ့အသံလည်း မကြားပါဘူး"

"ကျွန်တော့်မှာ ဝတ္တရားရှိလို့ လာပြောတာပါ။ ကျွန်တော် သွားမယ်"

ကိုနန္ဒအခန်းထဲမှ ထွက်သွား၏။ မိနှင်းပွင့် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်၏။

ယမန်နေ့က ထိုနေရာသို့ မိနှင်းပွင့် ရောက်ခဲ့သည်မှာ အမှန်ပင် ဖြစ်၏။ မှတ်မှတ်ရရပင် စတုတ္ထအပျိုစင် စတေးခံရသည့်နေရာကို





ကြည့်ခဲ့၏။ အကောင်း ပကတိပင်။ ယခု ထိုနေရာတွင် အပေါက်ကြီးဖြစ်နေသည်ကို မြင်ခဲ့ရကြောင်း ကိုနန္ဒ သတင်းပေးသွား၏။ စဉ်းစားစရာပင် ဖြစ်၏။ အုတ်နံရံ ပြိုကျသည့်အသံလည်း မကြားရပါ။ ပြိုကျကြောင်းလည်း မည်သူကမျှ သူမကို လာမပြောပါ။ သို့သော် ကိုနန္ဒသည် မိမိကို အကြောင်းမဲ့သက်သက်တော့ မပြောတန်ရာဟု မိနှင်းပွင့် ဆင်ခြင်မိ၏။ ဟုတ်မဟုတ် ကိုယ်တိုင်သွားကြည့်လိုက်လျှင် ဦးနှောက်ရှင်းသွားမည်ဟု ယူဆပြီး မိနှင်းပွင့် အိမ်အပြင်သို့ ထွက်လာခဲ့၏။

မှောင်ရီပျိုးစ မိုင်းပျပျ ဆည်းဆာချိန်ဖြစ်၏။ မိမြတ်နိုးကြင်ကို အဖော်ခေါ်ဦးမည်ဟု မိနှင်းပွင့် စိတ်ကူး၏။ သို့သော် မခေါ်တော့ဘဲ တစ်ယောက်တည်းပင် ထွက်ခဲ့၏။ ခေါင်းရင်းဆောင် နှစ်ဆောင်နှင့် မွန်မင်းသမီးညီအစ်မသုံးဖော် ကျောက်ရုပ်များကြားမှ ဖြတ်လာခဲ့၏။ စတုတ္ထအပျိုစင်ကို စတေးခဲ့သော အုတ်နံရံကို တွေ့မြင်ရ၏။ ကိုနန္ဒပြောသလို လိုဏ်ဂူပေါက်ကြီး မရှိပါ။ အုတ်နံရံသည် ပကတေ့အတိုင်း ညီညီညာညာပင် ရှိနေပါ၏။

သို့ဆိုလျှင် ကိုနန္ဒသည် မိမိကို အဘယ်ကြောင့် လိမ်ညာပြောဆိုရသနည်း။ မိနှင်းပွင့် မစဉ်းစားတတ်အောင် ရှိနေ၏။

မိနှင်းပွင့် စိတ်ရှုပ်ထွေးစွာဖြင့် ထိုနေရာမှ လှည့်ပြန်ရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ်မှာပင် သူမ၏ရှေ့မှ အုတ်နံရံကြီးသည် ရုတ်တရက် အက်ကွဲကြောင်းကြီးများ ပေါ်လာ၏။ မိနှင်းပွင့် ကြည့်နေစဉ်မှာပင် အုတ်နံရံ အစိတ်အပိုင်းတစ်ခုသည် ခြားရဟတ်ကဲ့သို့ လည်ပြီး လိုဏ်ဂူပေါက်ဖြစ်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မိနှင်းပွင့် ကြောက်လန့်တကြား ထွက်ပြေးရန် နောက်သို့ လှည့်လိုက်၏။

"အမေ့"

မိနှင်းပွင့် လွှတ်ခနဲ အော်လိုက်မိ၏။ သူမ၏ နောက်ဘက်တွင် ကိုနန္ဒ ရပ်နေ၏။

"ရှင် . . . ရှင် . . . ဘာလုပ်မလို့လဲ"

"ကျုပ်ပြောတာ ဟုတ်တယ်မဟုတ်လား"

"ဒါ . . . ရှင် လုပ်ထားတာပဲ"

"ကျုပ်လုပ်ထားတယ်လို့တော့ ပြောလို့မရဘူး။ ရှေးရှေးတုန်းကတည်းက လုပ်ထားခဲ့ကြတာပဲ။ လိုဏ်ဂူပေါက်ကို ပြန်ပိတ်မလို့ ကျုပ် အုတ်နံရံကို သေသေချာချာ ကြည့်တဲ့အခါကျမှ လျှို့ဝှက်တံခါးရှိတယ်ဆိုတာ တွေ့ရတယ်။ ပြိုကျတဲ့အုတ်နံရံက လျှို့ဝှက်တံခါးရဲ့ အလယ်သားပဲ။ ဒီအကြောင်းကို သေသွားတဲ့ ဦးညီမင်းဖေါင်ကို ပြောပြတော့ သူက မူလအတိုင်း ပြန်လုပ်ဖို့ ညွှန်ကြားတယ်"

"တစ်ခါတည်း အသေပိတ်ပစ်လိုက်ဖို့ ကောင်းတယ်"

"မြို့စားမင်းအိမ်တော်မှာ ဒီလိုလျှို့ဝှက်တံခါးတွေ အများကြီး ရှိတယ်လို့ ကြားဖူးတယ်။ ကျုပ် သိတာကတော့ ဒီတစ်ခုပဲ"

"ဒါကို ကျွန်မတို့ အသေပြန်ပိတ်လိုက်ကြရအောင်"

"ဟုတ်တယ်။ ကျုပ်လည်း စိတ်ကူးနေတယ်"

"မနက်ဖြန်ကျရင် လုပ်လိုက်ပါလား။ ကျွန်မ သွားမယ်"

"ခဏနေပါဦး"





"ပြောစရာရှိရင် မနက်ဖြန်ကျမှ ပြောကြတာပေါ့"

"ကျုပ်ညီမ မြကြာဖြူအကြောင်း ပြောချင်လို့ပါ"

"သူနဲ့ ကျွန်မနဲ့ ဘယ်လိုမှ မပတ်သက်ဘူး"

"ပတ်သက်တာပေါ့။ ခင်ဗျားကို ယူချင်လို့ ကျုပ်ညီမကို ခင်ဗျားယောကျ်ားသတ်တာပဲ"

"မဟုတ်ဘူး . . . မဟုတ်ဘူး။ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး။ ကျွန်မ သွားပါရစေ"

"နေပါဦး။ ပြောစရာတစ်ခုပဲ ကျန်ပါတော့တယ်"

ကိုနန္ဒက မိနှင်းပွင့်၏ရှေ့မှ ပိတ်ကာထားရင်း ပြော၏။ မိနှင်းပွင့် ဖောချွေးတွေ ပြန်နေ၏။

"အုတ်နံရံ ပြိုကျတုန်းက လိုဏ်ဂူထဲမှာ မတ်တတ်ရပ်နေတဲ့ စတုဌ္ဌာအပျိုစင်ကို ကျုပ် ရိပ်ခနဲ မြင်လိုက်ရတယ်"

"မဖြစ်နိုင်တာပဲ"

"ဟုတ်ပါတယ်။ ကျုပ် သူ့ရုပ်ကို ကောင်းကောင်းမှတ်မိနေတယ်"

"ကျွန်မ သွားတော့မယ်"

"စတုဌ္ဌာအပျိုစင်ဟာ ခင်ဗျားနဲ့ တစ်ထေရာတည်းပဲ"

"မဟုတ်ဘူး . . . မဟုတ်ဘူး"

"အမှန်တော့ ခင်ဗျားဟာ စတုဌ္ဌာအပျိုစင် ဝင်စားတာပဲ"

"မဟုတ်ဘူး"

"စတုဌ္ဌာအပျိုစင်ကို သူနေရာမှာ သူ ပြန်ထားမယ်။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



လူ့လောကကြီးမှာ နောက်ထပ် ဘေးဒုက္ခဆိုးတွေ မကျရောက်မယ်"

မိမိရှေ့တွင် ရပ်နေသူသည် လူကောင်းတစ်ယောက် မဟုတ်ဘဲ စိတ်ဖောက်ပြန်နေသူတစ်ဦးပမာ မျက်လုံးကြီးများ လည်နေ၏။ မိနှင်းပွင့် ခြေဦးတည့်ရာသို့ စွတ်ပြေး၏။ မလွတ်ပါ။ သူ၏သန်မာသော လက်ကြီးများက မြွေရှားနှယ် သူမ၏ကိုယ်ကို ရစ်ပတ်ထားလိုက်၏။ မိနှင်းပွင့် ရုန်းကန်၏။ သူက တင်းကြပ်စွာ ချုပ်ကိုင်ပြီး အုတ်နံ့ရဲ့ လိုက်ဂူပေါက်တွင်းသို့ တွန်းသွင်းလျက်ရှိ၏။

အုတ်နံရံအတွင်းသို့ မိမိ ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် သူက လျှို့ဝှက်တံခါးကို ပိတ်လိုက်ကာ မိမိကို အရှင်လတ်လတ် စတေးမည့်အကြောင်း မိနှင်းပွင့် စဉ်းစားမိသောအခါ ပြင်းထန်စွာ တုန်လှုပ်ချောက်ချားပြီး သူမ၏မြင်ကွင်းသည် အမှောင်ကျသွားတော့၏။

× × ×

"မြတ်နိုးရေ . . . နှင်းကော"

လွင်မောင်ဟိန်းသည် အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားရပ်ရပ်ချင်း မိမြတ်နိုးကြင်ကို လှမ်းမေးလိုက်၏။

"မပြောတတ်ဘူး။ မြတ်နိုး သူ့ကို လိုက်ရှာနေတာပဲ"

"ရှာစမ်းပါဦး။ သူ့ကို ဝမ်းသာစရာသတင်းတစ်ခု ပြောစရာရှိလို့"

"ဘာများလဲ အစ်ကိုလွင်"

"အမှုဖြစ်နေတဲ့ စက်လှေပြန်ရပြီ။ ကနေ့ ရုံးက အမိန့်ချလိုက်





တယ်"

"ဝမ်းသာလိုက်တာ အစ်ကိုလွင်ရယ်၊ တစ်နေ့ကပဲ နှင်းက ပြောနေသေးတယ်၊ အဲဒီစက်လှေကို ပြန်ရရင် သူ့သား နာမည်ပေးမယ်တဲ့"

သူတို့ မိနှင်းပွင့်ကို ရှာဖွေကြ၏။ မတွေ့ပါ။ နောက်ဆုံးတွင် အေးမိစံက ကိုနန္ဒ လာတွေ့သည့်အကြောင်း၊ စတုတ္ထအပျိုစင်အကြောင်း ပြောနေကြသံ ကြားမိကြောင်း ပြော၏။ လွင်မောင်ဟိန်းနှင့် မိမြတ်နိုးကြင်တို့ ချက်ချင်းပင် လက်ဝဲဘက် အနောက်ဆောင်ဘက်သို့ အပြေးအလွှား သွားရောက်ကြ၏။

လက်ဝဲဘက် အနောက်ဆောင်၏ အရှေ့ဘက်အုတ်နံရံအနီးတွင် လှုပ်ရှားရုန်းကန်နေသော အရိပ်သဏ္ဍာန် နှစ်ခုကို သူတို့တွေ့မြင်ကြရ၏။ မှောင်ရီပျိုးစအချိန်ဖြစ်သဖြင့် အလင်းရောင် အားနည်းလျက်ရှိသော်လည်း ကိုနန္ဒက မိနှင်းပွင့်ကို အကြမ်းဖက်ပြုမူနေကြောင်း သူတို့ သိပါ၏။

လွင်မောင်ဟိန်း တစ်ဟုန်ထိုးပြေးသွား၏။ မိမြတ်နိုးကြင်လည်း ထက်ချပ်လိုက်ပါ၏။ ထိုအချိန်မှာပင် ကိုနန္ဒက မိနှင်းပွင့်ကို အုတ်နံရံဆီသို့ တွန်းပစ်လိုက်၏။ သည်တော့မှပင် အုတ်နံရံအတွင်း၌ ဂလိုဏ်ပေါက်ကြီးရှိနေသည်ကို သူတို့ သတိပြုမိ၏။

ကိုနန္ဒသည် လွင်မောင်ဟိန်းတို့ ပြေးလာကြသည်ကို တွေ့မြင်သွား၏။ ထို့ကြောင့် မိနှင်းပွင့်ကို အုတ်နံရံလိုက်ဂူပေါက်အတွင်းသို့ တွန်းသွင်းလိုက်ပြီး သတ္တုတွင်းပေါင်းဆီသို့ ဦးတည်ကာ ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

လွင်မောင်ဟိန်းသည် အနည်းငယ်မျှ တုံ့ဆိုင်းခြင်းမရှိဘဲ ကိုနန္ဒနောက်သို့ ပြေးလိုက်၏။ မိမြတ်နိုးကြွင်သည် အမှောင်တွင်းသို့ ဖယောက်ျားနှစ်ယောက် ပြေးဝင်သွားကြသည်ကို ခေတ္တမျှ ငိုင်ကြည့်နေပြီးနောက် မိနှင်းပွင့်ထံ ပြေးသွား၏။

မိမြတ်နိုးကြွင်သည် သူမ၏ မျက်လုံးများကို မယုံကြည်နိုင်လောက်အောင်ဖြစ်ရသော အခြင်းအရာတစ်ခုကို တွေ့မြင်ရ၏။ အုတ်နံရံ၏အပြင်ဘက်တွင် ကျောက်ပြားကြီး ဒေါင်လိုက်ထောင်ထားသည်နှင့်တူသော အုတ်နံရံအစိတ်အပိုင်းကြီးသည် အတွင်းဘက်သို့ တဖြည်းဖြည်းချင်း ကပ်သွားနေ၏။ ဆုံလည်လျှို့ဝှက်တံခါးဖြစ်ကြောင်း မိမြတ်နိုးကြွင် ခန့်မှန်းလိုက်မိ၏။ မိနှင်းပွင့်သည် အုတ်နံရံအတွင်း လိုက်ဂူထဲ၌ မြုပ်ဝင်လျက်ရှိ၏။ ဆုံလည်တံခါး ပိတ်သွားသည်နှင့် တစ်ပြိုင်နက် မိနှင်းပွင့်သည် ဂူသွင်းပြီးသားဖြစ်လေတော့မည်။

မိမြတ်နိုးကြွင်သည် ချက်ချင်းပင် အုတ်နံရံဆီသို့ ပြေးသွားပြီး တဖြည်းဖြည်းချင်း ပိတ်လျက်ရှိသော အုတ်နံရံ တံခါးချပ်ကြီးကို လက်နှစ်ဖက်ဖြင့် တအားဆွဲထား၏။ သို့သော် သူမ၏အားဖြင့် မဟန့်တားနိုင်ပါ။ လေးလံသော အုတ်နံရံအစိတ်အပိုင်းကြီးသည် ပင်မအုတ်နံရံကြီးနှင့် တသားတည်း ဆက်စပ်တော့မည့်အခြေအနေရှိနေ၏။

"နှင်းရေ . . . နှင်း"

မိမြတ်နိုးကြွင်က ခေါ်လိုက်၏။ မိနှင်းပွင့် မလှုပ်ရှားပါ။ လိုက်ဂူအတွင်း အုတ်နံရံကို ခွေခွေကလေးမှီပြီး ရပ်နေ၏။ သတိ





လစ်နေဟန်ရှိ၏။

"နှင်းရေ ... နှင်း"

မိမြတ်နိုးကြွင်၏ အသံကို မိနှင်းပွင့် မကြားနိုင်တော့ပါ။ အုတ်နံရံကြီးသည် တစ်ပြင်တည်း ဆက်စပ်သွားတော့၏။ အကြားအအက် မျှမြင် မတွေ့မြင်ရပါ။

ကိုနန္ဒနောက်သို့ လိုက်သွားသော လွင်မောင်ဟိန်းကို ကြည့်၏။ မတွေ့မြင်ရပါ။ သတ္တုတွင်း အဆောက်အဦကြီးကိုသာ မှုန်ရေးရေး တွေ့မြင်ရ၏။

ဤဆုံလည်တံခါးကို ဖွင့်ရန် လျှို့ဝှက်ခလုတ်ရှိရပေမည်။ အနီးဝန်းကျင် အုတ်နံရံတွင် မိမြတ်နိုးကြွင် ရှာဖွေသည်။ မတွေ့ပါ။ အုတ်လိုက်ဂူကို အချိန်မီ မဖွင့်နိုင်ခဲ့လျှင် အထဲတွင် သတိမေ့မျောလျက်ရှိသော မိနှင်းပွင့်သည် သေမင်းလက်သို့ အသက်ပါသွားမည်မှာ သေချာလျက်ရှိ၏။ ထိုလျှို့ဝှက်တံခါးကို ဖွင့်နိုင်သူမှာ ကိုနန္ဒသာ ဖြစ်၏။ မိမြတ်နိုးကြွင်သည် ရုတ်ခြည်းပင် သတ္တုတွင်းဟောင်းဆီသို့ ခြေကုန်သုတ်ပြေးသွားပြီး လွင်မောင်ဟိန်းနှင့် ကိုနန္ဒတို့ကို ရှာဖွေကြည့်၏။

မည်သည့်လှုပ်ရှားမှုမျှ မမြင်တွေ့ရ။ မိမြတ်နိုးကြွင် ဘယ်ဘက်သို့ လိုက်ရမည်နည်းဟု စဉ်းစားနေ၏။ ထိုစဉ်မှာပင် သံကို သံချင်းထိသည့်အသံမျိုး ကျယ်လောင်စွာ ကြားလိုက်ရ၏။ ဝင်းခနဲ မီးပွင့်သွားသည်ကိုလည်း မျက်လုံးထောင့်မှ မြင်လိုက်ရ၏။ အသံကြားရာနှင့် မီးပွင့်ရာသို့ ကြည့်လိုက်သောအခါ သတ္တုတွင်းထိပ်တွင် လုံးထွေးသတ်ပုတ်နေကြသူများကို မြင်တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှ လွင်မောင်ဟိန်း ပြန်ပြောပြသဖြင့် မိမြတ်နိုးကြင်တို့ သိရသည်မှာ ကိုနန္ဒက သူ့ကို သံတူရွင်းကြီးဖြင့် တစ်ချက်တည်း အသေရိုက်လိုက်ခြင်းဖြစ်၏၊ အနီးရှိ သံတိုင်ကို သံတူရွင်းနှင့် ရိုက်မိ၍သာ လွင်မောင်ဟိန်း သက်သာသွားခြင်းဖြစ်၏။

ကိုနန္ဒတွင် ဓားမြှောင်တစ်လက်ပါရှိ၏။ လွင်မောင်ဟိန်းက လက်ချည်းသက်သက် တိုက်ခိုက်ရ၏။ သူတို့နှစ်ယောက်မှာ ဗလချင်းလည်း မကွာခြားလှပေ၊ ထို့ပြင် ကိုနန္ဒသည် တက်ရည်ဆုတ်ရည်လည်း မညံ့ပေ။ ကိုယ်ခံပညာ အသင့်အတင့်ရှိပုံရ၏။ လွင်မောင်ဟိန်း လျင်မြန်ဖျတ်လတ်လွန်း၍သာ သူ့ဓားချက်ကို ရှောင်နိုင်ခြင်းဖြစ်၏၊ သူ့ဓားကို သူ့လက်တွင်းမှ လွတ်ထွက်သွားအောင် ပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်၏၊ သို့စဉ်တိုင် လွင်မောင်ဟိန်း၏ လက်မောင်းတွင် ဓားအက်ရာတစ်ချက် ခံလိုက်ရသေး၏။ သိပ်မများသဖြင့် တော်သေး၏။

ကိုနန္ဒသည် ဓားမရှိသည့်နောက်ပိုင်းတွင် လက်နက်အဖြစ် သံတူရွင်းကြီးတစ်လက်ကို ရရှိသွား၏။ သူက သံတူရွင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး လွင်မောင်ဟိန်း၏ ခေါင်းကို တအားလွှဲရိုက်လိုက်၏၊ သံတူရွင်းသည် အရှိန်ပြင်းစွာဖြင့် သံတိုင်ကြီးကို ရိုက်မိသောအခါ သံတူရွင်းကို ကိုင်ထားသော ကိုနန္ဒ၏လက်များ ကျင်ပြီး သံတူရွင်း လွတ်ကျသွား၏။ ထို ရရှိသောအခွင့်အရေးကို လက်လွှတ်မခံဘဲ လွင်မောင်ဟိန်းသည် ကိုနန္ဒကို လှမ်းချင်းဝင်ပူးလိုက်၏။ လက်နှစ်ဖက်ဖြင့် သူ့လည်ပင်းကို ညှစ်လိုက်၏။

သူတို့နှစ်ယောက်အနီးသို့ မိမြတ်နိုးကြင် ရောက်သွားချိန်တွင်





လွင်မောင်ဟိန်းက ကိုနန္ဒကို သတ္တုတွင်းထဲသို့ တွန်းချရန် အားထုတ်လျက်ရှိ၏။

"အစ်ကို သူ့ကို မသတ်နဲ့။ သူ သေသွားရင် နှင်းလည်း သေမယ်။ နှင်းရဲ့အသက် သူ့လက်ထဲမှာရှိနေတယ်"

ထိုအခါမှ လွင်မောင်ဟိန်းသည် ကိုနန္ဒကို သတ္တုတွင်းနှုတ်ခမ်းမှနေ၍ အခြားတစ်ဖက်သို့ ချာခနဲ လှည့်ယူလိုက်၏။ ထို့နောက် တအားကုန် ဆောင့်တွန်းလိုက်၏။ ကိုနန္ဒ မြေကြီးပေါ်သို့ အုန်းခနဲ လဲကျသွား၏။

မိမြတ်နိုးကြင်သည် ချက်ချင်းပင် ကိုနန္ဒအနီးသို့ ပြေးသွား၏။

"ကိုနန္ဒ . . . ကိုနန္ဒ . . . ဒုက္ခပါပဲ။ သူသေများသွားပလား မသိဘူး"

ကိုနန္ဒသည် သစ်တုံးကြီးကဲ့သို့ ငြိမ်သက်နေ၏။

"ဘယ်လိုဖြစ်လို့လဲ"

လွင်မောင်ဟိန်းက မေး၏။

"လျှို့ဝှက်တံခါးကြီး ပိတ်သွားပြီ၊ အုတ်နံရံထဲမှာ နှင်း စတေးခံနေရပြီ။ တံခါးကို ဘယ်လိုမှ ဖွင့်လို့မရဘူး။ သူမှပဲ လျှို့ဝှက်တံခါးကို ဖွင့်တတ်မယ်"

သို့ဖြင့် လွင်မောင်ဟိန်းနှင့် မိမြတ်နိုးကြင်တို့သည် ကိုနန္ဒကို သတိရအောင် လုပ်ကြရ၏။ သူ့ကို အုတ်နံရံဆီသို့ လွင်မောင်ဟိန်း ထမ်းခေါ်ခဲ့ရ၏။ တံခါးကို ဖွင့်နိုင်သောအခါ သူ ငြင်းဆန်၏။ လွင်မောင်ဟိန်းက ဒေါသဖြင့် ထိုးလိုက်သောအခါ သူ သတိပြန်မေ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သတိပြန်ရအောင် လုပ်ရပြန်၏။

ကိုနန္ဒသည် သတိမေ့သွားလိုက်၊ ပြန်ရလိုက် ရှိနေ၏။ အုတ်နံရံကြီးကား မိနှင်းပွင့်ကို အရှင်လတ်လတ် ငုံထားလျက် ပကတိအတိုင်း ရှိနေ၏။

တစ်ကြိမ်တွင် လွင်မောင်ဟိန်းသည် စိတ်မထိန်းနိုင်တော့သဖြင့် ထွက်ပြေးမည်ပြုသော ကိုနန္ဒ၏ ပါးချိတ်ကို ညာလက်သီးဖြင့် အားကုန်ထိုးချလိုက်၏။ ကိုနန္ဒသည် သုံးလေးလှမ်းမျှ နောက်ပြန်ယိမ်းထိုးသွားပြီး အနီးရှိကျောက်ရုပ်တစ်ရုပ်ကို ဖက်ကာ လဲကျသွား၏။

တစ်ချိန်တည်းမှာပင် အုတ်နံရံတံခါးကြီး အက်ကွဲပွင့်ထွက်လာ၏။

လျှို့ဝှက်ခလုတ်သည် မွန်မင်းသမီးညီအစ်မသုံးပါး ကျောက်ရုပ်များအနက် အငွန်ဆုံး အငယ်ဆုံး ကျောက်ရုပ်တွင် တပ်ဆင်ထားခြင်းဖြစ်၏။

အုတ်နံရံလိုက်ဂူအတွင်းမှ အပြင်ဘက်သို့ ပုံလဲကျလာသော မိနှင်းပွင့်ကို လွင်မောင်ဟိန်း ပြေးပွေ့လိုက်၏။ မိန်းမငယ်တွင် အသက်ငွေ့ငွေ့သာ ကျန်ရှိတော့၏။

× × ×



# အခန်း ( ၁၉ )

မိနှင်းပွင့် ရက်ပေါင်းများစွာ အိပ်ရာထဲတွင် လဲနေပါတော့၏။ လွင်မောင်ဟိန်းနှင့် မိမြတ်နိုးကြင်တို့က ဂရုတစိုက် ပြုစုကြ၏။ သူတို့နှစ်ယောက်သည် သူမ၏ ကျေးဇူးရှင်များသာ ဖြစ်သည်မက အသက်သခင်များလည်း ဖြစ်ကြပါ၏။

လွင်မောင်ဟိန်းနှင့် မိမြတ်နိုးကြင်တို့သည် သူမ၏ဘေးတွင် တစ်ယောက်တစ်လှည့်စီ ထိုင်စောင့်နေတတ်ကြ၏။ တစ်ခါတစ်ရံတွင် နှစ်ယောက်လုံး ရှိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် လွင်မောင်ဟိန်း တစ်ယောက်တည်း သူမ၏ အနီးတွင် ရှိနေစဉ် . . .

"အစ်ကိုလွင်ရဲ့ ကျေးဇူးတွေကို နှင်း ဘယ်လိုဆပ်ရမလဲ မသိဘူး"

"ဒါတွေ မစဉ်းစားပါနဲ့ နှင်းရယ်။ နေကောင်းအောင်သာ ကြိုးစားပါ။ နှင်း နေကောင်းမှ နှင်းကို အစ်ကို စကားတစ်ခွန်း ပြောစရာ ရှိတယ်"

မိနှင်းပွင့်၏မျက်နှာတွင် သွေးများ ပြည့်လျှံသွား၏။

"အစ်ကို ဘာပြောမလို့လဲ။ ပြောစရာရှိတာ ပြောပါ"

"နှင်း နေကောင်းမှပဲ ပြောပါ့မယ်။ ဝမ်းသာစရာသတင်းပါ။ ဒါပေမဲ့ ဒေါက်တာမင်းဦးက နှင်းကို သိမ်စိတ်လှုပ်ရှားအောင် မလုပ်ရဘူး ဆိုလို့ နောက်မှပဲ ပြောပါ့မယ်"

"အစ်ကိုလွင် ပြောမယ့်ဝမ်းသာစရာစကားကို နှင်း ကြားချင်လှပါပြီကွယ်"

ဟု မိနှင်းပွင့်စိတ်ထဲမှ တီးတိုးပြောနေမိ၏။

လွင်မောင်ဟိန်း အခန်းထဲမှ ထွက်သွားပြီးနောက် မိနှင်းပွင့်သည် အတွေးပင်လယ်တွင် နစ်မျောနေစဉ် တစ်စုံတစ်ယောက် ထိကိုင်လာသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ မိမြတ်နိုးကြင် ဖြစ်နေ၏။

"နှင်း . . . အိပ်မပျော်ဘူးလား။ နွားနို့ ပူပူလေးနဲ့ အိပ်ဆေး တစ်လုံးလောက် သောက်လိုက်မလား"

မိမြတ်နိုးကြင်က မိနှင်းပွင့်၏ နဖူးကို စမ်းကြည့်ရင်း စိုးရိမ်စွာ





ပြော၏။

"ကိုယ် ဘာမှမသောက်ဘူးကွယ်။ ကိုယ်ပြောစရာရှိတာကိုပဲ ပြောပါရစေ"

"နှင်း အားနည်းနေတယ်။ နောက်မှ ပြောပါလားကွယ်"

"ကိုယ် မပြောလို့ မဖြစ်တော့ဘူး မြတ်နိုး။ ကိုယ့်ရင်ထဲမှာ သိမ်းမထားနိုင်တော့ဘူး။ ကြာရင် ကိုယ့်ရင်တစ်ခုလုံး မီးတောင်ကြီးလို ပေါက်ကွဲသွားလိမ့်မယ်။ ဒီမယ် မြတ်နိုး မမန္တယ် သေရတာဟာ သူ့ အရက်မူးနေလို့ဆိုတာလည်း ဟုတ်တယ်။ အမှန်ကတော့ သားသား လှေကားထိပ်မှာ ပစ်ချထားတဲ့ ဝက်ဝံရုပ်ကလေးကို တက်နင်းမိလို့ ခြေချော်ပြီး လှေကားကနေ လိမ့်ကျရတာပဲ။ သူ့ကို ဘယ်သူကမှလည်း တွန်းချတာ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ်က အဲဒီအကြောင်းကို သားသား အပေါ်မှာ အပြစ်ကျမှာစိုးလို့ ထုတ်မပြောခဲ့တော့ လူတွေက အစ်ကိုတို့နဲ့ မြတ်နိုးကို ယုန်ထင် ကြောင်ထင် ထင်ကြတယ်။ နောက်ပြီးတော့ မြတ်နိုး ကိုယ့်ကို ပေးချင်တဲ့အပြစ်ပေးပါတော့။ ကိုယ် အမှန်အတိုင်း ဝန်ခံပါ့မယ်။ မြတ်နိုးနဲ့ အစ်ကိုတို့ ရသွားမှာကို ကိုယ် စိုးရိမ်တယ်။ မြတ်နိုးတို့က ရလာတဲ့ကလေးတွေက သားသားရဲ့ ရပိုင်ခွင့်တွေကို ခွဲဝေယူမှာ စိုးလို့ပဲ။ ဒါပါပဲ မြတ်နိုး အမှန်တရားကို ကိုယ် ဖုံးကွယ်ခဲ့လို့ မြတ်နိုးနဲ့ အစ်ကိုတို့ ရေစက်မဆုံခဲ့ကြရတာပဲ"

မိနှင်းပွင့်က ရှည်လျားစွာ ပြောလိုက်ပြီးနောက် မောသွားဟန်ဖြင့် အသက်ကို ရှိုက်ငင်ပြီး ရှူနေ၏။

"ဒါတွေကို မေ့လိုက်ပါတော့ နှင်း။ လူတွေဟာ မှားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



များတတ်ကြတာပဲ။ အများကို သိရင် အမှန်ကို ရောက်ဖို့ပဲ အရေးကြီးပါတယ်၊ ကိုယ် နှင်း အရေပါမှာ ဘယ်ဈေးမှ သံသယမထားပါဘူး။ နောက်ပြီးတော့ နှင်းကြောင့် ကိုယ်ဟာ ကိုယ့်ချစ်သူနဲ့ ကွဲခဲ့ရတာမှ မဟုတ်ဘဲ၊ ကိုယ့်ချစ်သူနဲ့ ပေါင်းရတာပါလို့ ပြောရလိမ့်မယ်၊ ကိုယ်ကတောင် နှင်းကို ကျေးဇူးတင်ရပါဦးမယ်"

မိနှင်းပွင့် ခေါင်းထောင်လိုက်၏။ တံတောင်ထောက်ပြီး လဲလျောင်းရင်းက . . .

"မြတ်နိုး ပြောတာကို ကိုယ်နားမလည်ဘူး"

"ပထမ ကိုယ်နဲ့ အစ်ကိုတိုးဟာ မမနွယ်ထင်သလို တစ်ယောက်ကို တစ်ယောက် တိတ်တခိုး ချစ်နေကြတယ်လို့ အောက်မေ့မိကြတယ်။ ဒါပေမဲ့ အစ်ကိုတိုးကလည်း ကိုယ့်ကို မချစ်ခဲ့ပါဘူး။ သူက မမနွယ်ကို မချစ်တာတော့ အမှန်ပဲ။ ဒါပေမဲ့ မမနွယ်ကို မချစ်တာနဲ့ တခြားတစ်ယောက်ကို ချစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကို သူသိလို့လည်း သူ တခြားကို ထွက်သွားတာပဲ။ လူ့ဘောင်လူ့လောကကို စွန့်သွားတာပဲ"

မိမြတ်နိုးကြင် စကားကို ခေတ္တဖြတ်ထား၏။ မိနှင်းပွင့် ဘာမျှ မပြော။ နားစိုက်နေ၏။ မိမြတ်နိုးကြင် ဆက်ပြော၏။

"ကိုယ်ကလည်း အစ်ကိုတိုးကို ဆန်းဆန်းပြားပြား မချစ်ခဲ့ဘူး။ အစ်ကိုတစ်ယောက်လို မောင်ချစ် နှမချစ် ချစ်ခဲ့တာပါ။ ဒါကြောင့်မို့လို့လည်း ကိုယ်တို့ဟာ အခက်အခဲ အကျဉ်းအကြပ်တွေကို မဖောက်ထွင်းကြတာပဲ။ သတ်မှတ်ထားတဲ့ နယ်နိမိတ်ကို စွန့်စားပြီး မကျော်





ဖြတ်ကြတာပဲ။ အတွင်းက လှုံ့ဆော်မှုအားနည်းလို့ပဲပေါ့။ အမှန်တော့ ကိုယ့်ရင်ထဲမှာ ချစ်နေတဲ့သူက တစ်ယောက်ပါ နှင်း"

"ဘယ်သူလဲ"

"အစ်ကိုလွင်"

"ဟင်"

မိနှင်းပွင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"အစ်ကိုလွင်ဟာ စောစောကတည်းက ကိုယ့်ကို ချစ်ခဲ့တယ်။ ဒါပေမဲ့ ကိုယ်နဲ့ အစ်ကိုတိုး စွဲလမ်းငြိတွယ်နေကြတယ်ထင်လို့ တခြားကို ထွက်သွားခဲ့တာပဲ။ တမင်ရှောင် ထွက်သွားတာ၊ သုံးလေးနှစ်အတွင်း တစ်ခေါက်မှ ပြန်မလာတာ အဲဒါကြောင့်ပဲ၊ နောက်ကျမှ ကိုတိုးနဲ့ ကိုယ်နဲ့ ဘယ်လိုမှ ပတ်သက်မှုမရှိဘူးဆိုတာသိလို့ သူ ပြန်လာတာပဲ"

မိနှင်းပွင့် ခေါင်းတဆတ်ဆတ် ညိတ်နေမိ၏။

"တစ်နေ့ကတော့ အစ်ကိုလွင်က သူ့ရဲ့မေတ္တာကို ဖွင့်ပြောတယ်။ ကိုယ်ကလည်း သူ့ရဲ့မေတ္တာကို ငံ့လင့်နေတဲ့လူမို့ လက်ခံလိုက်တယ်။ ကိုယ် ဘွဲ့ရပြီးရင် ကိုယ်တို့နှစ်ယောက် လက်ထပ်ကြမယ်။ ဒီအကြောင်း နှင်းကို မပြောသေးတာကတော့ ဒေါက်တာမင်းဦးက နှင်း စိတ်လှုပ်ရှားမယ့်စကားတွေ မပြောရဘူးဆိုတာနဲ့ နှင်း နေကောင်းအောင် စောင့်နေကြရတာ"

နှင်း နေကောင်းရင် ဝမ်းသာစရာ စကားတစ်ခွန်း ပြောစရာရှိသည်ဆိုသော လွင်မောင်ဟိန်း၏ စကားကို မိနှင်းပွင့် နားလည်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင်း . . . ဝမ်းမသာဘူးလား ဟင်"

မိမြတ်နိုးကြင်က မိနှင်းပွင့်ကို ညင်သာစွာ လှုပ်ခါရင်း မေးလိုက်၏။

"ဝမ်းသာပါတယ် မြတ်နိုးရယ်"

မိနှင်းပွင့် အားယူပြီး ပြောလိုက်၏။ ပြီးတော့ ဖြည်းဖြည်းလေးပြုံးကာ မျက်လုံးများကို မှေးမှေးကလေး မှိတ်ထားလိုက်တော့၏။

**မင်းကြော**

